မည်သော နတ်တို့သည်၎င်း။ ။အနေဇကာစ၊ အနေဇက, မည်သော နတ်တို့သည်၎င်း။ ။သုလေယျ–ရူစိရာစ၊ သုလေယျ, မည်သောနတ်၊ ရူစိရ,မည်သော နတ်တို့သည်၎င်း။အာဂ္ဂ၊ကြည်လင်ဝမ်းမြောက်၊(သဒ္ဒါ) ပေါက်၍၊ လာရောက်ကြကုန်ပြီ။ ။ဝါသဝ-နေသိနော၊ဝါသဝ-နေသီ, မည်သော နတ်တို့သည်၎င်း။ အာဂ္ဂ၊ လာရောက်ကြကုန်ပြီ။

ဧတေ-ဒသ-ကာယာ၊ထိုသို့ ဆိုပြီး၊ ဂိဏ်းသီး, ဂိဏ်းကွဲ ဖြစ်ကုန်သော ဆယ်မျိုးသော နတ်တို့သည်။ ဒသဓာ၊ ဆယ်စု အားဖြင့်။ ဌိတာ၊ လာရောက်တည်နေကြကုန်ပြီ။ ။သဗ္ဗေ၊ ခပ်သိမ်းကုန်သော နတ်တို့သည်။ နာနတ္တ ဝဏ္ဏိနော၊ အညို အရွှေ့၊ ဝင်းဝါပြေ၍၊ ထွေထွေ ဆန်းပြား၊ ထူးခြားသော အဆင်းရှိကြကုန်၏။

(၃၆) ဣဒ္ဓိ မန္တော၊ တန်းခိုး ရှိကြကုန်၏။
ဥတိ မန္တော၊ အရောင် ရှိကြကုန်၏။
ဝဏ္ဏ ဝန္တော၊ အဆင်း ရှိကြကုန်၏။
ယသ သိနော၊ အခြွေအရံ ရှိကြကုန်၏။

တေ-ဒေဝ-ကာယာ၊ ထိုနတ်အပေါင်းတို့သည်။ မောဒ မာနာ၊ဝမ်းမြောက်ကြ ကုန်သည်ဖြစ်၍။ ဘိက္ခူနံ၊ ရဟန္တာ-ပုဂ္ဂိုလ် ငါးရာတို့၏။ သမိတိံ၊ စည်းဝေးရာဖြစ်သော။ ဝနံ၊ (မဟာဝုန်)၊ တောအုပ်ကြီးသို့။ ဘိက္ခူနံ၊ ရဟန္တာ-ပုဂ္ဂိုလ် ငါးရာတို့အား။ဒဿနာယ၊ဖူးမြင်ပါရစြင်းငှါ။ အဘိက္ကာမုံ၊ လာရောက်ကြကုန်ပြီ။

---

(၃၇) "သမာနာ" နတ်ကြီးအစုးသော နတ်-၁၀-မျိုး

(၃၇) သမာနာ၊ သမာန, မည်သောနတ်တို့သည်၎င်း။ ။မဟာသမာနာ၊ မဟာသမာန, မည်သော နတ်တို့သည်၎င်း။ ။မာနုသာ၊ မာနုသာ, မည်သော နတ်တို့သည်၎င်း။ ။မာနုသုတ္တမာ၊မာနုသုတ္တမ, မည်သောနတ်တို့သည်၎င်း။ ။ခိဒ္ဒာ-ပဒေါသိကာ၊ခိဒ္ဒာ-ပဒေါသိကာ,မည်သောနတ်တို့သည်၎င်း။ ။အာဂုံ၊ ကြည်လင်ဝမ်းမြောက်၊(သဒ္ဒါ)ပေါက်၍၊ လာရောက်ကြကုန်ပြီ။ ။မနောပဒေါသိကာ၊ မနောပဒေါသိကာ, မည်သော နတ်တို့သည်။အာဂ္ဂ၊ လာရောက်ကြကုန်ပြီ။

http://www.dhammadownload.com

(၃၈) အထ၊ ထိုမှတပါး။ ဟရယော၊ ဟရိ,မည်ကုန်သော။ ဒေဝါ၊ နတ်တို့သည်။ အာဂ၊ လာရောက်ကြကုန်ပြီ။ ။လောဟိတ--ဝါသိနော၊ လောဟိတ-ဝါသီ,မည်ကုန်သော။ ယေစ၊ အကြင်နတ်တို့သည်၎င်း။ ။ ပါရဂါ၊ ပါရဂ,မည်ကုန်သော နတ်တို့သည်၎င်း။ ။မဟာပါရဂါ၊ မဟာပါရဂ, မည်သော နတ်တို့သည်၎င်း။ ။အာဂ၊ လာရောက်ကြကုန်ပြီ။

ဒေဝါ၊ ဆိုအပ်ခဲ့ပြီး၊ ဂိဏ်းသီး,ဂိဏ်းကွဲဖြစ်သော၊ ဆယ်မျိုးသော နတ်တို့သည်။ ယသ သိနော၊ နောက်ပါ ထွေထွေ၊ ခြွေရွေ–အခြံအရံ ရှိကြကုန်၏။

ဧတေ–ဒသ-ကာယာ၊ထိုသို့ဆိုပြီး၊ ဂိဏ်းသီး,ဂိဏ်းကွဲ ဖြစ်ကုန်သော ဆယ်မျိုးသော နတ်တို့သည်။ ဒသဓာ၊ ဆယ်စုအားဖြင့်။ ဌိတာ၊ လာရောက်တည်နေကြကုန်၏။ ။သဗ္ဗေ၊ ခပ်သိမ်းကုန်သော နတ်တို့သည်။ နာနတ္တ ဝဏ္ဏိနော၊ အညို အရွှေ၊ ဝင်းဝါ ပြေ၍၊ ထွေထွေ ဆန်းပြား၊ ထူးခြားသော အဆင်း ရှိကြကုန်၏။

(၃၉) ဣဒ္ဓိ မန္တော၊ တန်းခိုး ရှိကြကုန်၏။
ဇုတိ မန္တော၊ အရောင် ရှိကြကုန်၏။
ဝဏ္ဏ ဝန္တော၊ အဆင်း ရှိကြကုန်၏။
ယသ သိနော၊ အခြံအရံ ရှိကြကုန်၏။

တေ-ဒေဝ-ကာယာ၊ ထိုနတ်အပေါင်းတို့သည်။ မောဒ မာနာ၊ဝမ်းမြောက်ကြကုန်သည်ဖြစ်၍။ဘိက္ခ။နံ၊ရဟန္တာ-ပုဂ္ဂိုလ် ငါးရာတို့၏။သမိတိ်၊ စည်းဝေးရာ ဖြစ်သော။ဝနံ၊ (မဟာဝုန်)၊ တောအုပ်ကြီးသို့။ ဘိက္ခ။နံ၊ ရဟန္တာ-ပုဂ္ဂိုလ် ငါးရာတို့အား။ ဒဿနာယ၊ ဖူးမြင်ပါရခြင်းငှါ။ အဘိက္ကာမုံ၊ လာရောက်ကြကုန်ပြီ။

---

(၄၀) ''သုက္ကာ''နတ် ကြီး၌းသော နတ်-၁၀-မျိုး

(၄၀) သုက္ကာ၊ သုက္က,မည်သော နတ်တို့သည်၎င်း။ ။ကရမ္ဘာ၊ ကရမ္ဘ,မည်သော နတ်တို့သည်၎င်း။ ။အရုဏာ၊ အရုဏ, မည်သော နတ်တို့သည်၎င်း။ ။အာဂ၊ လာရောက်ကြကုန်ပြီ။ တေဟိ၊ ထိုသုံး

http://www.dhammadownload.com

ဂိုဏ်းသောနတ်တို့နှင့်။ သဟာ၊ အတူတကွ။ ဝေယနသာ၊ဝေယနသ, မည်သော နတ်တို့သည်၎င်း။ ။အာဂ္ဂ၊ လာရောက်ကြကုန်ပြီ။

ပါမောက္ခာ၊ နတ်တို့ ဦးစီး၊ အကြီးအမှူး ဖြစ်ကုန်သော။ ဩဒါတ-ဂယှာ၊ ဩဒါတ ဂယှ, မည်သော နတ်တို့သည်၎င်း။ ။ဝိစက္ခဏာ ဒေဝါ၊ ဝိစက္ခဏာ,မည်သော နတ်တို့သည်၎င်း။

(၄၁) သဒါမတ္တာစ၊ သဒါမတ္တ,မည်သော နတ်တို့သည်၎င်း။ ။ ဟာရဂဇာ၊ ဟာရဂဇ,မည်သော နတ်တို့သည်၎င်း။ ။ယသ သိနေဝ၊ နောက်ပါ ဂဏ္ဍထွေး၊ ခြွေရွေ့ အခြံအရံ ရှိကြကုန်သော။ မိဿကာစ၊ မိဿက,မည်သော နတ်တို့သည်၎င်း။ ။အာဂ္ဂ၊ ကြည်လင် ဝမ်းမြောက်၊ (သဒ္ဓါ)ပေါက်၍၊ လာရောက်ကြကုန်ပြီ။

ယော၊အကြင်နတ်သားသည်။ဒိသာ၊ (ဒိသာသု)၊ရောက်ရာ-ရောက်ရာ၊ အရပ်မျက်နှာတို့၌။ အဘိ ဝဿတိ၊ ရေလျဉ်ဒီးဒီး၊ ဖြိုင်ဖြိုင် စီးလျက်၊ မိုဃ်းကြိုး-သည်းစွာ- ရွာသွန်းလေ၏။ ။သောစ၊ (ပဇ္ဇုန္နော)၊ ထိုမိုဃ်း နတ်သားသည်လည်း။ ထနယံ၊ (ထနယန္တော)၊ ကောင်းကင် အလုံး၊ ပဲ့တင် ချုန်းမျှ၊ အုန်းအုန်း မြိမ့်ညံ၊သိမ့်သိမ့် လှုပ်၍၊ တိမ်ယံ,စက်မျိုး၊ သံ,ကုန်-နှိုးသို့၊ ဂျိုးဂျိုး ဂျိမ်းဂျိမ်း၊ ထစ်ခြိမ်း မြည်ဟီးလျက်။ အာဂ၊ လာရောက်လေပြီ။

ဧတေ-ဒသ-ကာယာ၊ ထိုသို့ ဆိုပြီး၊ ဂိုဏ်းသီး,ဂိုဏ်းကွဲကြစ်ကုန်သော-ဆယ်မျိုးသော နတ်တို့သည်။ ဒသဓာ၊ ဆယ်စုအားဖြင့်။ ဌိတာ၊ လာရောက်တည်ကြနေကုန်ပြီ။ ။သဎ္ဌေ၊ ခပ်သိမ်းကုန်သော နတ်တို့သည်။ နာနတ္တာ ဝဏ္ဏိနော၊ အညို အရွှေ့၊ ထွေထွေ ဆန်းပြား၊ ထူးကြားသော အဆင်း ရှိကြကုန်၏။

(၄၂) ဣဒ္ဓိ မန္တော၊ တန်းခိုး ရှိကြကုန်၏။
ဇုတိ မန္တော၊ အရောင် ရှိကြကုန်၏။
ဝဏ္ဏာ ဝန္တော၊ အဆင်း ရှိကြကုန်၏။
ယသ သိနော၊ အခြွေအရံ ရှိကြကုန်၏။

ဧတေ-ဇဒဝ-ကာယာ၊ ထိုနတ်အပေါင်းတို့သည်။ ဧမာဒ မာနာ၊ ဝမ်းမြောက်ကြ ကုန်သည်ဖြစ်၍။ ဘိက္ခု။နံ၊ရဟန္တာ-ပုဂ္ဂိုလ်ငါးရာတို့၏။

http://www.dhammadownload.com

သမိတိ်၊ စည်းဝေးရာ ဖြစ်သော။ ဝနံ၊ (မဟာဝုန်) တောအုပ်ကြီးသို့။ ဘိက္ခူနံ၊ရဟန္တာ-ပုဂ္ဂိုလ် ငါးရာတို့အား။ ဒဿနာယ၊ဖူးမြင်ပါရခြင်းငှါ။ အဘိက္ကာမုံ၊ လာရောက်ကြကုန်ပြီ။

---

(၄၃) "ခေမိယ"နတ် ကြီးကူးသော နတ်-၁၀-မျိုး

(၄၃) ခေမိယာ၊ ခေမိယ,မည်သော နတ်တို့သည်၎င်း။ ။တုသိတာ၊ တုသိတာ, ဘုံ၌နေကုန်သော နတ်တို့သည်၎င်း။ ။ယာမာ၊ ယာမာ, ဘုံ၌နေကုန်သော နတ်တို့သည်၎င်း။ ။ယသ ဿိနော၊ နောက်ပါထွေထွေ၊ ခြွေရွေ့ အခြံအရံ ရှိကြကုန်သော။ ကထကာစ၊ ကထက, မည်သော နတ်တို့သည်၎င်း။ ။လမ္ဗိတကာ၊ လမ္ဗိတက, မည်သော နတ်တို့သည်၎င်း။ ။လာမသေဋ္ဌာ၊ လာမသေဋ္ဌ, မည်သော နတ်တို့သည်၎င်း။ ။ဇောတိနာမာစ၊ ဇောတိ,မည်သော နတ်တို့သည်၎င်း။ ။အာသာစ၊ အာသာ,မည်သော နတ်တို့သည်၎င်း။ ။

(၄၄) နိမ္မာန-ရတိနော၊ နိမ္မာန-ရတိ, ဘုံ၌နေကုန်သော နတ်တို့သည်၎င်း။ ။အာဂ္ဂ၊ကြည့်လင်ဝမ်းမြောက်၊(သဒ္ဓါ)ပေါက်၍၊လာရောက်ကြကုန်ပြီ။ ။အဏ၊ထိုမှတပါး။ ပရနိမ္မိတာ၊ ပရနိမ္မိတ-ဝသဝတ္တီ,ဘုံ၌နေကုန်သော နတ်တို့သည်၎င်း။အာဂ္ဂ၊ လာရောက်ကြကုန်ပြီ။

ဧတေ-ဒဿ-ကာယာ၊ ထိုသို့ ဆိုပြီး၊ ဂိုဏ်းသီး,ဂိုဏ်းကွဲ ဖြစ်ကုန်သော ဆယ်မျိုးသော နတ်တို့သည်။ ဒဿဓာ၊ ဆယ်စုအားဖြင့်။ ဒိဋ္ဌာ၊ လာရောက်တည်နေကြကုန်ပြီ။ ။သဗ္ဗေ၊ ၁၀သိမ်းကုန်သော နတ်တို့သည်။ နာနတ္တ ဝဏ္ဏိနော၊ အညိုအရှေ့၊ ဝင်းဝါ ပြေ၍၊ ထွေထွေ ဆန်းပြား၊ ထူးခြားသော အဆင်း ရှိကြကုန်၏။

(၄၅) ဣဒ္ဓိ မန္တော၊တန်းခိုး ရှိကြကုန်၏။
ဇုတိ မန္တော၊ အရောင် ရှိကြကုန်၏။
ဝဏ္ဏော ဝန္တော၊ အဆင်း ရှိကြကုန်၏။
ယသ ဿိနော၊ အခြံအရံ ရှိကြကုန်၏။

http://www.dhammadownload.com

တေ-ဒေဝ-ကာယာ၊ ထိုနတ်အပေါင်းတို့သည်။ မောဒ မာနာ၊ ဝမ်းမြောက်ကြကုန်သည်ဖြစ်၍။ ဘိက္ခူနံ၊ ရဟန္တာ-ပုဂ္ဂိုလ် ငါးရာတို့၏။ သမိတိံ၊ စည်းဝေးရာ ဖြစ်သော။ ဝနံ၊ (မဟာဝုန်)တောအုပ် ကြီးသို့။ ဘိက္ခူနံ၊ရဟန္တာ-ပုဂ္ဂိုလ် ငါးရာတို့အား။ဒဿနာယ၊ဖူးမြင်ပါရစေခြင်းငှါ။ အဘိက္ကာမုံ၊လာရောက်ကြကုန်ပြီ။

(၄၆-၄၇) ပြဆိုခဲ့ပြီးသော ခြောက်ကျိပ်သော နတ်မျိုးတို့၊ ရဟန္တာပုဂ္ဂိုလ်တို့အား ရှိခိုးပုံ

(၄၆) သဒ္ဒါ၊ ခြောက်ဆယ် ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဧတေ-ဒေဝ-နိကာယာ၊ ထိုသို့ ဆိုပြီး၊ ဂိဏ်းသီး,ဂိဏ်းကွဲ ဖြစ်ကုန်သော ဆယ်မျိုး-ဆယ်မျိုးကုန်သော နတ်တို့သည်။ နာနတ္တ ဝဏ္ဏိနော၊ အညို အရှေ၊ ဝင်းဝါ ပြေ၍၊ ထွေထွေ ဆန်းပြား၊ထူးခြားသော အဆင်း ရှိကြကုန်သည်ဖြစ်၍။ နာမ-နွယေန၊ (အာပေါ) နတ်၊ (ပထဝီ) နတ် စသော အမည်အသီး အသီးအားဖြင့်။ အာဂစ္ဆုံ၊ ကြည်လင် ဝမ်းမြောက်၊ (သဒ္ဓါ)ပေါက်၍၊ လာရောက်ကြကုန်ပြီ။

အညေစ၊ ထိုသို့ ဆိုပြီး၊ ဂိဏ်းသီး ဂိဏ်းခြား၊ နတ်မျိုး များမှ၊ တပါး လည်း ဖြစ်ကုန်သော။ သဒိသာ၊ အမည်,အဆင်းအားဖြင့် တူကုန်သော။ ယေစ၊ကြွင်းသော စကြာဝဠာ၌ နေကုန်သော အကြင်နတ်တို့သည်လည်း။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုနတ်တို့သည်လည်း။ သဟ၊ နောက်၌ ဆိုအပ်ပြီးသော နတ်မျိုး ခြောက်ဆယ်တို့နှင့် အတူတကွ။ အာဂစ္ဆုံ၊ လာရောက်ကြကုန်ပြီ။

(ဤ **သဒ္ဓေတေ-ဒေဝ-နိကာယာ**-ဟူသော ဂါထာ၏ အဓိပ္ပါယ်အကျဉ်းချုပ်ကား။ ။"အာပေါ" နတ်အစ၊ "ပရ-နိမ္မိတဝသဝတ္တီ" နတ်အဆုံး-ရှိသော ခြောက်ဆယ်သော ဂိုဏ်းသီး, ဂိဏ်းကွဲဖြစ်သော နတ်တို့နှင့် အတူ တကွ၊ တသောင်းသော စကြာဝဠာ၌နေကြကုန်သော နတ်အပေါင်းတို့၏ လာရောက်ခြင်းကို"ဂါထာ" တခုတည်းဖြင့် သာလျှင်၊အပေါင်း အစည်းကဲ့သို့ ဂုဏ်း၊ အထုပ်တထုပ်တည်းကဲ့သို့ဂုဏ်း, ပြု၍ ဟောတော်မူ၏ဟူ၍ (အဋ္ဌကထာ)၌ ဖွင့်ဆို၏။ ။ဤသည်ကား။အမှာစကား။)

http://www.dhammadownload.com

(၄၇) ပဝုတ္ထ ဇာတိ၊ သံသရာဝဋ်၊ ဘဝ ညွတ်မှ၊ ကင်းလွတ်ပြီးသော(ပဋိသန္ဓေ)တည်နေခြင်းရှိထသော။အခါလံ၊ ရာဂ-ဒေါသ၊ မောဟ-ထူးထွေ၊ စူးဝင် နေသည့်၊ ကိလေသာ တည်းဟူသော ငြောင့်တံသင်းကိုလည်း,ပယ်ရှင်းတော်မူပြီးထသော။ သြဃ တိဏ္ဏံ၊ ကာမ-ဘဝ၊ မောဟ-ဒိဋ္ဌိ၊ လွှမ်းဆို-ထွေပြား၊ လေးပါးသော ရေအယဉ်မှလည်း၊ အစဉ် ကူးမြောက်တော် မူပြီးထသော။ အနာသဝံ၊ ကာမာ-သဝ၊စသည် လေးပါး၊ ထိုတရားတို့၊ဖြစ်ပွါး ယိုစီးခြင်းလည်းမရှိထသော။ဘိက္ခုသံဃံ၊အာသဝေါ-ဟူ၊ ကင်းစင် ဖြူ၍၊ မြွှမ္ဘုန် မသန်း၊ ရဟန္တာ-ပုဂ္ဂိုလ် ငါးရာအပေါင်းကို။ ဒက္ခေမ၊ (သဒ္ဓါ) ရိုကြိုး၊ လက်စုံ မိုး၍၊ မြတ်နိုး ကော်ရော်၊ ပူဇော် ဖူးမြင်ကြပါကုန်အံ့။ သြဃတရံ၊ (သြဃ) လေးခွင်၊ ရေအလျဉ်မှ၊အစဉ် ကူးမြောက်တော် မူပြီးထသော။ နာဂံ၊ အကုသိလစု၊ ငြစ်ငြူး မှုကို၊ ပြုတော် မမူထသော။ အ သိတာ-တိဂံ၊ မည်းညစ်ခြင်း အကြောင်း၊ မကောင်းယုတ်မာ၊ ကိလေသာ တို့ကို၊ လွန်မြောက်တော် မူထသော။ စန္ဒိ-ဝ၊ (သော်တာ)ယုန်နန်း၊ တက်၍ ထွန်းသည့်၊ (လ)စန်း သဖွယ်၊ တင့်တယ်တော် မူထသော။ ပုဒ္ဓံ၊ သစ္စာ လေးအင်၊ သိမြင် ထင်ရှား၊ မြတ်စွာဘုရားသျှင်ကို။ ဒက္ခေမ၊ (သဒ္ဓါ)ရိုကြိုး၊ လက်စုံ မိုး၍၊ မြတ်နိုးကော်ရော်၊ ပူဇော် ဖူးမြင်ကြပါကုန်အံ့။

ဇုတိ၊ ဤသို့ ပိုက်ကျုံး၊ သူတော် ထုံးဖြင့်၊ နှလုံးသွင်း အောက်မေ့ကြပါကုန်သည် ဖြစ်၍။ ဧတေ-သဒ္ဓေ၊ ထိုအလုံးစုံသော နတ်တို့သည်။ အာဂစ္ဆုံ၊ လာရောက်ကြကုန်ပြီ။

(ဤ–**ပဝုတ္ထဇာတိ-မဒိလံ**-ဟူသော ဂါထာ၏၊
အဓိပ္ပါယ် အကျဉ်းချုပ်ကား၊–

တသောင်းသော စကြာဝဠာအတွင်း၌၊ နေကြကုန်သော နတ်တို့သည်၊ ရဟန္တာ-ပုဂ္ဂိုလ် ငါးရာနှင့်တကွ၊ မြတ်စွာ ဘုရားအား၊ ဖူးမြင်ခြင်းငှါ လာကြကုန်၏။ ။ထိုကဲ့သို့ လာရောက်ကြသည့် အကြောင်းအရာကို၊ ထင်ရှားစွာ ပြလို၍ ထို ရဟန္တာ-ပုဂ္ဂိုလ် ငါးရာနှင့်တကွ၊ မြတ်စွာ ဘုရား၏ ကျေးဇူးတော်၊ ဂုဏ်တော် အထူးကို၊ ချီးကျူးလျက် ဟောတော်မူအပ်၏။ ။ဤသည်ကား။ အမှာစကား။)

http://www.dhammadownload.com

(၄၈) ဖြဟ္မာ မင်းကြီးတို့ လာရောက်ပုံ

(၄၈) သုဖြဟ္မာ၊ သုဖြဟ္မာ,မည်သော ဖြဟ္မာသည်၎င်း။ ။ပရ-မတ္ထောစ၊ ပရမတ္ထ, မည်သော ဖြဟ္မာသည်၎င်း။ ။ဧတေ၊ထိုဖြဟ္မာ နှစ်ဦးတို့သည်။ ဣဒ္ဓိမတော၊ (အဘိညာဉ်) မျိုး၊ ဝန်းခိုး ကြီးတော်မူသော မြတ်စွာဘုရား၏။ ပုတ္တာ၊ အရိယာ,ဖြစ်၍၊ သားတော်စစ် မည်ကုန်၏။ ဧတေ၊ထိုဖြဟ္မာကြီး နှစ်ဦးတို့သည်။ သဟ၊ အတူတကွ။အာဂတာ၊ ကြည်လင် ဝမ်းမြောက်၊ (သဒ္ဓါ) ပေါက်၍၊ လာရောက်ကြ ကုန်ပြီ။

သနင်္ကုမာရောစ၊ သနင်္ကုမာရ,မည်သော ဖြဟ္မာသည်၎င်း။ ။တိဿောစ၊ တိဿ,မည်သော ဖြဟ္မာသည်၎င်း။ ။သောပိ၊ ထိုဖြဟ္မာနှစ်ဦးသည်လည်း။ ဘိက္ခူနံ၊ ရဟန္တာ-ပုဂ္ဂိုလ် ငါးရာတို့၏။ သမိတိ၊စည်းဝေးရာ ဖြစ်သော။ ဝနံ၊ (မဟာဝုန်)ဟု၊ ခေါ်ပုံ မည်သီး၊ တောအုပ်ကြီးသို့။ အာဂ၊ လာရောက်ပြီ။

(၄၉) ဖြဟ္မ-လောကာနံ၊ဖြဟ္မာ,ပြည်လျှင် တည်နေရာရှိကုန်သော (မဟာဖြဟ္မာ)တို့၏။ သဟသိံ၊ တထောင်သည်။ အာဂတံ၊ လာရောက်ပြီ။

ဥပပန္နော၊ ဖြဟ္မာ,ဘုံ၌၊ ခိုလှုံနေသော။သော မဟာဖြဟ္မာ၊ တထောင်လောက်တွင်၊တယောက် ယောက်သော ထိုဖြဟ္မာကြီးသည်။ပုတိ မန္တော၊ ကိုယ်မှအရောင်၊ ထိန်ထိန် ပြောင်၍၊ တောက်လောင် တွန်းပသော အရောင်ရှိ၏။

ဘိသ္မာ ကာယော၊ အားအင် ပွါးစီး၊ ကြီးမားသော ကိုယ်ရှိ၏။

ယသ သိရီ၊နောက်ပါထွေထွေ၊ ခြွေရွေ အခြံအရံရှိ၏။

အဘိ တိဋ္ဌတိ၊ မိမိ ကိုယ်ရောင်၊ ဝင်းဝင်း ပြောင်၍၊ ရှေ့တောင် အလား၊ မတ်မတ် အားဖြင့်၊ အခြားသော ဖြဟ္မာတို့ကို လွှမ်းမိုးကာ တည်၏။

(၅၀) ဇွော၊ ဇု(တထောင်)မျှလောက် သော (မဟာဖြဟ္မာ) ကြီးတို့တွင်။ ပရေစ္ဆကဝသဝတ္တိနော၊ အသီးအသီး၊မိမိအလိုသို့ လိုက်ပါစေခြင်းငှါ-စွမ်းနိုင်ကြ ကုန်သော။ ဇုဿဥ၊ အာဏာ-စက်ပြင့်၊ တက်

http://www.dhammadownload.com

မြက် လွှမ်းမိုး၊အစိုးရ ကုန်သော။ဒသ၊တကျိပ်ကုန်သော၊(မဟာဗြဟ္မာ) တို့သည်။ အာဂုံ၊ လာရောက်ကြကုန်ပြီ။

တေသဉ္စ၊ ထို (မဟာဗြဟ္မာ) ကြီးတို့၏လည်း။ မဇ္ဈတော၊ အလယ် တည့်တည့်၌။ ဟာ၊ဂုတော၊ (ဟာဂုတ)မည်သောဗြဟ္မာသည်။ ပရိ ဝါရိ-တော၊ ဝန်းရံကာပါ၊ ပတ္တဝေယ္ယ၊ ခဂ္ဂဟ္ထ များစွာ၊ ဗြဟ္မာ တသိန်း အခြံအရံရှိ သည်ကုန်၏။ ဒါဒၢ၊ လာရောက်ချေပြီ။

ဥတ်၊ဤသို့ ပြောကြားအပ်ထားလျှင်၊ စကား အလုံးစုံ တို့ဖြင့်။ ဘဂ ဝါ၊ ဘုန်းဝန်ကြီးပါးရှင်၊ ဗြတ်စွာဘုရားသခင်သည်။ ဘိက္ခု။၊ အာသဝေါ ဟူကောင်းစင်ကြွေပျက်ပြီးမှုန်မသန်း၊ရဟန္တာ-ပုဂ္ဂိုလ်ဝါးရာတို့ကို။အာမန္တယိ၊ သာယာ-ပြောကြား၊ နှုတ်-ဝစီဖြင့်၊ ကျူးသီ-မိန့်ဟတော် မူလေပြီ။

---

(၅၁) မာရ်နတ်သား-လာရောက်၍ နှောက်ယှက်ပုံ

(၁၁) သော့ကုန်၊ သိကြားမင်းနှင့် တကွပြုစုကုန်သော။ သဇ္ဇ၊ အဝိုးပိုကုန်သော။ ဧတ ဧသေ၊ ယိုနတ် အာပေါင်း ဟိုသည်ရှင်း။ ။ သ-ဂြိဟ္ဟေ၊ (ဟာဂုတ) ဂြိဟ္ဟာဝင်းကို တကွ ပြုပ်ကုန်သော။ သဇ္ဇ၊ အပိုးဝိုကုန်သော။ ဧတ ဧသေ၊ ထို ပြဟ္မာမင်းဟိုသည်ရှင်း။ ။ အာဘိဟ္မာဂူ၊ ပြတ်စွာ ဘုရားလပါး ဖျက်ဓမ္မာဏ်၊ ဝန္ဒုတော် အောက်သို့၊ လာရောက် ကုန်သည် ဖြစ်သတ်။ မာဂု သေနာ၊ (မာဂ) နတ်မင်း၏၊ ထံ-ရင်း-ခြေ၊ စေမ်-ပုဓာဏ်သားဝတ္ထိသည်။ အဘိဟ္မာဂမှ၊ အလွန် ကြမ်းတမ်း ဧဒါသ-စွမ်းအင်ကို၊ ပွင့်မိုး နှိပ်စက်ပြင်းပြ၊ ရောက်လာကုန်ပြီ။

ဘိ ဟ္မဧ၊ သံသရာဝန်၊ တလှာဂူဉ္ဇန်ဟို၊ ပွဲနှိပ်ပြောက်လေပြီး၊ သားကြီး စင်စစ်၊ ဖြစ်ကြီးဖြစ်သည့်၊ ငါတို့ချစ်သော၊ ဒို့....ရဟန်းများတို့၊—

ကဏ္ဍသေ၊ပြည့်နှက် မိုက်ပြား၊(မာ၊ဂု)နတ်သား၏။ မန္ဒိယံ၊ စိတ်မာန် အာပိုင်၊ ပဂုန်ဟုန်း တိုက်ဂု၊ မိုက်သည်၏ ဝတ္ထုစ်တို့။ပဿ၊ (ပဿထ)၊ မျက်မှောက် ယင်ယင်းသူ့ အသွင်ကို၊ မြင်ပေးသင့် ကြည့်ကြကုန်လော။ ။

http://www.dhammadownload.com

(၁၂) ဘော၊ (အို) ငါ၏- ထံရင်း၊ခ-ဝပ်-စင်းသည့်၊ အချင်း နတ် "စစ်သည်" အပေါင်းတို့-

တုမ္မေ၊ (စစ်သည်)အများ၊ အသင် နတ်သား တို့သည်။
ထေ၊ လျင်စွာ အသွေ့၊ လာကြကုန်လော့။
ဂဏှထ၊ လက်ရလှမ်း၍၊ ဘမ်းယူကြကုန်လော့။
ဗန္ဓထ၊ မလှုပ်တည့်အောင်၊ တုပ်ဖွဲ့ ချည်နှောင်ကြကုန်လော့။

ဝေါ၊ အသင် နတ်(စစ်သည်) အများ၊ ရဲမက်သား တို့သည်။ ရာဂေန၊စွဲလမ်း နှစ်သက်၊ တပ်မက် နှောင်ပိုး၊ ရာဂ ကြိုးဖြင့်။ ဗန္ဓံ၊ တင်းတင်း ကြပ်ကြပ်၊သံခြေခပ် သို့၊စွဲကပ်တည်အောင်၊ချည်နှောင် တုပ်ဖွဲ့သည်။ အတ္ထု၊ဖြစ်ကြစေကုန်လော။

သမန္တာ၊ ခြေနောက် တခွင်၊ ထက်ဝန်း ကျင်မှ။ ပရိဝါရေထ၊ အညီ-အညာ၊ စီကာ-စီကာ တန်း၍၊ ဝိုင်းဝန်းကြကုန်လော့။

ဝေါ၊ (တုမ္မာကံ)၊ အသင်နတ် (စစ်သည်) အများ၊ ရဲမက်သား တို့တွင်။ ကောစိ၊ တဥ္ဇုးတယောက်သော ရဲမက်သားသည်လည်း။ တေသု၊၌အရပ်သို့၊ ချဉ်းကပ်ရောက်လာ၊ နတ်-ဗြဟ္မာ, အပေါင်းတို့တွင်။ နံ(ကေမို့)၊ တဥ္ဇုးတယောက်သောနတ်-ဗြဟ္မာ, ကိုမျှလည်း။ မာမုဋ္ဌိတ္ထ၊လုံ့လ,ဒျုတ်၍၊ မလွတ်ကြစေကုန်လင့်။

(၁၃) ဇုတိ၊ ၌သို့ ပြောကြား၊ စကား အလုံးစုံတို့ဖြင့်။ တတ္ထ၊ ထို နတ်,ဗြဟ္မာတို့၊ ညီညာ ဆွေးနွေး၊တရားရေးဖြင့်၊ စည်းဝေးရာဖြစ်သော အစည်းအဝေး ပွဲကြီး၌။ မဟာ-သေနာ၊ (စစ်သည်) တပ်သား၊ များသော ရဲမက်ရှိသော။ ကဏ္ဍာ၊ မည်းနက် မိုက်ငြား၊ (မာ၇)နတ်သား သည်။ သေနံ၊ ဒေါသ- မာန်ပြင်း၊ ထံရင်း ခြွေရုံ၊စေခံ ရဲမက်သား အပေါင်းကို။ အပေသယိ၊ ဘမ်းရန် အကြောင်း၊ အချက်ကောင်းဟု၊ ဖြိမ်းမောင်း မိန့်ဆို ခိုင်းစေလေပြီ။

(၁၄) သ-ဝိဇ္ဇု၊ကော၊ ဝိုးဝိုး ဝင်းဝင်း၊ရောင်စုံ ကျင်း၍၊ ထွန်းလင်း ပြက်သန်း၊ လျပ်ပန်း-လျပ်စစ်, နွယ်နှင့် တကွသော။ ပါဝုသကော၊ အ-ဇဉာ-ဗွဲပြင်၊ ရေ အလျဉ်ဖြင့်၊ သွင်သွင်ထစ်ကြိုး၊သွန်းခါဖြိုးသည့်၊ မိုဃ်း

http://www.dhammadownload.com

ဥတု အခါ၌၊ကောင်းစွာဖြစ်ပေါ်လာသော။ မယော၊ကောင်းကင်,လယ်ချက်၊ တခဲ နက်ဖြင့်၊ မဲကွက် ညိုမှောင်၊ ပြာရီ ဆောင်သည့်၊ တိမ်တောင်မိုယ်းသားသည်။ ထနယန္တော-ယထာ၊ ကောင်းကင် အလုံး၊ပဲ့တင် ချုန်းမျှ၊ အုန်းအုန်း မြိမ့်ညံ၊ သိမ့်သိမ့် လှုပ်၍၊ တိမ်ယံ-စက်မျိုး၊ သံ,ကုန်-နှိုးသို့၊ ဂျိုးဂျိုးဂျိမ်းဂျိမ်း၊ ထစ်မြိမ်း မြည်ဟီးသကဲ့သို့။

တဒါ၊ ထိုအခါ၌။ သော၊ ထိုမည်းနက် မိုက်ငြား၌ (မာရ်) နတ်သားသည်။ ပါဏိနာ၊မိမိ လက်ဖြင့်။ တလံ၊မြေအပြင်ကို။ အာဟစ်၊ မကြောက်မဆုတ်၊ ပုတ်ခတ် ထုနှက်၍။ ဘေရဝံ၊ စိတ်မာန် အလျောက်၊ ရဲရဲတောက်၍၊ ကြောက်မက် ဘွယ်ရာသော။ သရဉ္ဇ၊ စိတ်ဓာတ် တင်းမာ၊ ပြင်းစွာမြည်ဟိန်း၊ ကြိမ်းပသော အသံကိုလည်း။ ကတ္တာန၊ ပြုလတ်၍။ အသယံ-ဝသေ၊ မိမိ ခြောက်လည်း၊ မကြောက် မထိတ်၊ ဘုန်းတော် ရိပ်ကြောင့်၊ စိတ်အလိုသို့ မပါသောကြောင့်။ သံကုဒ္ဓေါ၊ စိတ်ဓာတ် တင်းမာ၊ ပြင်းစွာ အမျက်၊ ခြောင်းခြောင်း ထွက်လျက်။ ပစ္စုဒါဝတ္တိ၊ (စစ်) ကို သိမ်းရုပ်၊ တပ်ကို နုတ်၍၊ နောက်ဆုတ် ပြန်ရလေ၏။

(၅၅-၅၆-၅၇) မြတ်စွာဘုရား၊သျှင်သည် ရဟန္တာပုဂ္ဂိုလ်တို့အား မိန့်ခေါ်၍ အမိန့်ပေးတော်မူပုံ

(၅၅) တဉ္စ-သဗ္ဗံ၊ထိုသို့ ဖြစ်ပုံ၊ အလုံးစုံကိုလည်း။ အဘိညာယ၊ မျက်မှောက် ထင်ထင်၊ မြင်သိ တော်မူ၍။ ဝဝတ္ထိတွာန၊ အသီးအသီး၊ ကြိုးငယ်မြင်မူ၊ ရှု ဆင်ခြင်တော်မူ၍။ စက္ခုမာ၊ စက္ခု- ဂါးအင်၊ ကောင်းစွာ ထင်သည့်၊ ဉာဏ်အမြင် ရှိတော်မူသော။ သတ္ထာ၊ လူ-နတ်—ဗြဟ္မာ၊ သတ္တဝါများ၊ သုံးဘုံ သားကို၊ တရား နက်လေး၊ ကောင်းစွာ ပေး၍၊ ယဉ်ကျေး စေတတ်၊ ဘုရားမြတ်သည်။ သာသနေ၊ သုံးလူ့ထွတ်တင်၊ ဘုရားသျှင်၏၊ သုံးအင်သော သာသနာတော်၌။ ရတော၊ ကောင်းစွာ နှစ်ခြိုက်၊ လုံ့လစိုက်၍၊ ပျော်ပိုက် မွေ့လျော်ကုန်သော။သာဝကေ၊ တပည့်ဖြစ်သော ရဟန္တာ-ပုဂ္ဂိုလ် ဂါးရာတို့ကို။ အာမန္တယိ၊ သာယာ—မြွက်ချီ၊ နှုတ်—ဝစီဖြင့်၊ ကျူးသီ—မိန့်ဟတော်မူလေပြီ။

http://www.dhammadownload.com

(၅၆) ကိ-အာမန္တယီ၊ အဘယ်သို့လျှင်၊ မိန့်တော်မူသနည်း။ ။ ဘိက္ခဝေါ၊ သံသရာဝန်၊ တက္ကာ ညွှန်ကို၊ လွန်မြောက် လေပြီး၊ သား ကြီး စင်စစ်၊ဖြစ်ကြီး ဖြစ်သည့်၊ ငါ၏ချစ်သား....ရဟန်းများတို့-

မာရ-သေနာ၊ (မာရ်) နတ်မင်း၏၊ ထံရင်း ခြွေရုံ၊ အဇေဒံ-ရဲမက် သားတို့သည်။ အဘိက္ကန္တာ၊ လွန်စွာ ကြမ်းတမ်း၊ ဒေါသ-စွမ်းဖြင့်၊ လွှမ်းမိုးနှိပ်စက်၊ နှောင့်ယှက် ဖျက်ဆီးရန် ရောက်လာကြလေကုန်ပြီ။

ဟေ၊ (ဟုမ္မေ)၊ ငါ၏ ရင်သွေး၊ မက်ဘွတ် ပေးချေ၊ ယဉ်ကျေး စေအပ်၊ သင် ချစ်သားမြတ်တို့သည်။ ဝိဇာနာထ၊ မိမိကိုယ်တိုင်၊ ကြုံခိုင် တည့်မတ်၊ (ဖလသမာပတ်) ကို၊ မပြတ် ဝင်စား၊ နေခြင်းအား၊ မွတ်သားသတိ၊ သိရှိကြကုန်လော။ ။ဤတို၊ ဤသို ပြောကြား၊ စကားအလုံးစုံတို့ဖြင့်။ အာမန္တယီ၊ သားယောကျ်ားချို၊ နှုတ်-ဝစီ,ဖြင့်၊ ကျေးဇူး- မိန့်ဟတော် မူလေပြီ။

တေစ-ဘိက္ခဝေ၊ ထိုရဟန္တာ-ပုဂ္ဂိုလ် ငါးရာတို့သည်။ ဗုဒ္ဓဿ၊ သစ္စာ လေးချက်၊ တရား နက်ကို၊ ပြက်ပြက် ကုန်စင်၊ သိမြင် တတ်ငြား၊ မြတ်စွာ ဘုရား၏။ သာသနံ၊ ကရဏာ-ဓာတ်၊ စိတ်တော် ညွှတ်၍၊ ဟောရွတ် မိန့် မြွက်၊ အာဏာ စက်ကို။ သုတွာ၊ နာခဲ့ပြီ ပန်ဆင်၊ စီ အစဉ်ဖြင့်၊ ကြည်လင် ပြန့်ပွား၊ ကြားနာ ကြကုန်သည်ရှိသော်။ အာတပ္ပံ၊ မလွှပ် မယိုင်၊တောင် မကျိုင်သို့၊ကြုံခိုင် တည့်မတ်၊(ဖလသမာပတ်)တည်းဟူသော လုံ့လကို။ အကရုံ၊ အစင် မလွဲ၊ ဘဝင် စွဲအောင်၊မြဲစွာ ပြုကြကုန်၏။ ။မာရသေနာ၊ (မာရ်) နတ်မင်း၏။ ထံရင်းခြွေရုံ၊အစေခံ-ဲမက်သားတို့သည်။ ဝိတ-ရာဂေဟိ၊ရဟန္တာ-ပုဂ္ဂိုလ် ငါးရာတို့အထံမှ။ပက္ကာဝုံ၊ ကိုယ်,ကို သိမ်းရုပ်၊ တပ်ကို နုတ်၍၊ နောက်ဆုတ် ဖဲသွားကြလေကုန်၏။ ။မာရသေနာ၊ (မာရ်) နတ်မင်း၏၊ ထံရင်း ခြွေရုံ၊ အစေခံ- ဲမက်သားတို့သည်။ ဧသံ၊ ထိုရဟန္တာ-ပုဂ္ဂိုလ် ငါးရာတို့၏။လောမာ-ပိ၊မပြော ပဘွယ်၊အလွန်-ငယ်သည့်၊ နုနယ် သေးကွေး၊ မွေးညှင်း-တ—မျှင်တို့ကိုမျှလည်း။ နု-ဗုဒ္ဓယုံ၊ တောင်—မြောက်—တိမ်းငဲ့၊ ယိမ်း-နွဲ့ လှုပ်အောင်၊ မလုပ် ဆောင်ကြ လေကုန်။

H.244.10 [ဟံသာဝတီမူ]

http://www.dhammadownload.com

(၅၇) မာရ်နတ်မင်းရွတ်ဆိုသောဂါထာအနက်

(၇၇) သပ္ပေ၊ ခပ်သိမ်းကုန်သော ဤရဟန္တာ-ပုဂ္ဂိုလ် ငါးရာတို့သည်။ ဝိဇိတ-သင်္ဂါမာ၊ ကိလေသာ, (မာရ်)၊ ကိုယ်တွင်း ရန်ကို၊ တွန်းလှန်ဖြိုဖျက်၊ နှိမ်စက် အောင်မြင်အပ်ပြီးသော (စစ်) မြေပြင် ရှိကုန်၏။ ။ဘယာ-တီတာ၊ တုန်လှုပ် ချောက်ချား၊ ကြောက်ခြင်းများကို၊ ဖြစ်ပွားစေတတ်၊ ထိုစိတ်ဓာတ်မှ၊ ကင်းပြတ် လွှန်မြောက်ကြကုန်၏။ ။ယသ သိနော၊ လောကဓာတ်ဖွေ၊ အောင်ရပ်မြေ-တွင်၊ ကျေညာပြန့်သင်း၊ ဂုဏ်သတင်းဖြင့်၊ ထင်လင်းကျော်စောခြင်း ရှိကြကုန်၏။ ။ဇနေ-သုတာ၊ တိုင်းသူ ပြည်သား၊ လူအများ၌၊ ယင်ရှား ကျော်ဇောကုန်သော။ တေ(သာဝကာ)၊ ထိုမြတ်စွာဘုရား၏၊ တပည့်သား အပေါင်းတို့သည်။ ဘူတေဟိ၊ ရဟန္တာ-ပုဂ္ဂိုလ် ငါးရာတို့ဖြင့်။ သဟ၊ (မေတ္တာ) မဟျက်၊ အဆက်ဆက်ဖြင့်၊ စိတ်လက် ညီမှု၊ လွန်ကြည် ဖြူ၍၊ အတူတကွ။ မောဒန္တိ၊ အားတက် ရွှင်မြူး၊ စိတ်ကြည် နူးဂျိ၊ အလူး သိမ်ဖျော့၊ ဝွမ်းပီ တွေ့သို့၊ ချမ်းဂမြဲ သာယာ၊ ပြစ်ရစ်ရှာကြ ကုန်၏။

ဤတို၊ ဤသို့။ ဒေသနာ ပဂ္ဂိုဏယာသာနေ၊ ဤ (ပဟာ သမယ) သုတ်ကို၊ ဖွင့်ထုတ် ဟောကြားတော်မူခြင်းသော အဆိုဖြစ်။ ကောဂိုသတ သဟသ-ဒေဝတာ၊ သင်္ဘာ-တွက်ရော၊ ကုဋေ တသိန်းသော နတ်, ပြဟ္မာတို့သည်။ အရဟတ္တံ၊ အာသဝေါ-ဟူကင်းစင် ဖြူမျှ၊ ပြုန် ပသန်း၊ ရဟန္တာ-ပုဂ္ဂိုလ် အဖြစ်သို့။ ပဉ္စာ၊ ပိုယ်တိုင် မျက်ပေါက်၊ ရောက်ကြကုန်၏။ ။သောတာ-ပန္နာဒီနံ၊ သောဟာပန် ပုဂ္ဂိုလ်၊ သကဒါဂါမိ ပုဂ္ဂိုလ်၊ အနာဂါမိ ပုဂ္ဂိုလ် ဖြစ်ကြကုန်သော နတ်, ပြဟ္မာတို့၏။ ဂဏာနာ၊ ဂဏန်း-ဦးမှု၊ ဂဏန်း ချ၍၊ မှန်းဆရတွက်ခြင်းသည်။နဂျိ၊မရှိချေ။ ။[အသင်္ချေမှု—အကျွတ်တရား ရ၏ဟူလို။]။ ။သဘ္ဘေ၊ သုတ်မဟာဝါ ပါဠိတော်၌၊ ၇-ခု မြောက် ဖြစ်သော။ မဟာသမယသုတ်၌၊ "မဟာသဂဂ" သုတ်သည်။ နိဒ္ဒိတံ၊ ဆိုးခမ်း တိုင်မြောက်၊ အပြီးသို့ရောက်ပြီ။

မဟာသမယသုတ် နိဿယသစ်ပြီး၏။

http://www.dhammadownload.com

မဟာသမယဝတ္ထုတော်ကြီး

အချီးနှိဒါန်းစကား

ဘုန်းခြောက်ပါးရှင်၊မြတ်စွာဘုရားသခင်သည်၊''မဟာဝုန်'' တော၌၊ **''နယုန်''**လပြည့်နေ့ ညဉ့်အခါ၊ ဤ (မဟာသမယ) သုတ္တန်ကို ဟောတော်မူရာ၊ လူတို့နေရာ (မဟာဝုန်)တောမြေအပြင်မှ၊ အောက်ဆုံးဖြစ်သော (ရူပါဝစရ) ပထမဈာန်ဘုံအထိ၊ ယူဇနာပေါင်း ငါးသန်း, ငါးသိန်း, ရှစ်ထောင်၊ကွာခြားသော အလယ်စပ်ကြား၌၊ [အပ်သွား] ဖျား တခုမျှ-ချထားစရာ၊ လစ်လပ်သောနေရာမရှိအောင်၊ တသောင်းသော လောကဓာတ်မှ၊ နတ်,ဗြဟ္မာ အပေါင်းတို့သည်၊ သောင်းသောင်း အုပ်အာ၊ လာရောက်ကြရခြင်း။

ဤ [မဟာသမယ] သုတ္တန်ကို ဟောတော်မူပြီးသည်၏ အဆုံး၌၊ ကုဋေတသိန်း မျှသော နတ်တို့သည်၊ အာသဝေါ–ကုန်ခမ်း၊ ရဟန္တာ ပုဂ္ဂိုလ် အဖြစ်သို့ ရောက်ကြ၍၊ သောတာပန်, ပုဂ္ဂိုလ်၊ သကဒါဂါမ်, ပုဂ္ဂိုလ်၊ အနာဂါမ်,ပုဂ္ဂိုလ်တို့၏ အဖြစ်ကို-ကား၊ မရေတွက်နိုင်အောင်ပင် ဖြစ်ကြရခြင်း။

ထို [မဟာသမယ] သုတ္တန်ကို နတ်,ဗြဟ္မာတို့သည်၊ လွန်စွာကြည်ညို ကြသဖြင့်၊ အဘယ်အခါတိုင်မှ၊ ဤ [မဟာသမယ] သုတ္တန်တရားကို၊ကြားနာရပါအံ့နည်း-ဟု၊ကြီးစွာသော အာသာဆန္ဒဖြင့်၊တောင့်တ၍ နေကြခြင်း။

ဤ [မဟာသမယ] သုတ္တန်ကို၊ပြန်ဆို ရွတ်ဖတ်၊ သရဇ္ဈာယ်သော ပုဂ္ဂိုလ်တို့အား၊ နတ်,ဗြဟ္မာတို့သည်၊ လွန်စွာကြည်ညိုကြခြင်းဖြင့်၊ ဤ [မဟာသမယ] သုတ္တန်ပါဠိတော်ကို၊ မိမိတို့ကိုယ်တိုင်၊ ကိုယ်ပိုင်ဉာဏ်ဖြင့်၊ အာဂုမ်-နှုတ်တက်၊ အရကျက်မှတ်၍၊ နေ့-ညဉ့် မပြတ်၊ ရွတ်ဖတ် သရဇ္ဈာယ်ကြပြီးလျှင်၊ အဓိပ္ပါယ်ကိုလည်း နားလည်, သိမြင်အောင်, အားထုတ်ကြရန်၊ လွန်စွာသင့်လျော်သော သုတ္တန်ထူး,သုတ္တန်မြတ်ဖြစ်၏။

http://www.dhammadownload.com

အချီးနိဒါန်းစကား

ထိုသို့ဖြစ်ရာ၊ဤ[မဟာသမယ]သုတ္တန်ပါဠိတော်၏ အဓိပ္ပါယ်ကို၊ ပါဠိဘာသာမှ၊ အနက် မြန်မာ ပြန်ဆို ရေးသားသော စကားကို၊ ဖတ်ကြားနာယူ၊ ကြည့်ရှုရုံမျှဖြင့်၊ လူသာမန် ပုဂ္ဂိုလ်တို့သည်၊ ထို[မဟာသမယ] သုတ္တန်ကို၊ ဟောတော် မူရခြင်း၏ အကြောင်းရင်းအတ္ထုပ္ပတ္တိကို၊တပ်အပ်ထင်ထင်၊သိမြင် နားလည်နိုင်ရန်၊ လွန်စွာမှ ခဲယဉ်းရကား၊ တမိ,နေမိ,စသော ဇာတ်ကြီးဆယ်ဘွဲ့ကို၊ မြန်မာဘာသာပြန်ဆို ရေးသားသကဲ့သို့ဂုဏ်း။ ။ ငါးရာ့ငါးဆယ်၊ဇာတ်ငယ်အဖွဲ့ကိုလည်း၊ မြန်မာဘာသာပြန်ဆို ရေးသားသကဲ့သို့ဂုဏ်း။ ။ဤ[မဟာသမယ] သုတ္တန်ပါဠိတော်ကိုလည်း၊ မြန်မာဘာသာဖြင့် ပြန်ဆို ရေးသားဦးအံ့။

ထိုသို့ရေးသားရာ၌လည်း၊ ဝတ္ထုကြောင်း ထင်ရှားစေခြင်းငှါ၊ ထို [မဟာသမယ] သုတ္တန်ပါဠိတော်၏၊ အဖွင့် အဋ္ဌကထာစကားကို(မူလ)တည်ထား၍ အချို့နေရာ၌ ချုံးသင့်ရာရာ၊စကားကိုအကျဉ်းချုံး၍။ ။အချို့နေရာ၌မူလည်း၊“သုတမယ”ဉာဏ်၊ ထက်သန်ခိုင်ဖြိုး၊ ပွားစီး ရင့်သန်ကြစေခြင်း အကျိုးငှါ၊ သင့်ရာ-သင့်ရာ၊ ဇာတ်နိပါတ်တော်တို့ကို၊ ထည့်သွင်းရေးသားမည် ဖြစ်ရကား၊ ဤ [မဟာသမယ] ဝတ္ထုအထူးကို၊ ကြည်နူးဝမ်းသာ၊ သဒ္ဓါပဗ္ဗင်္ဂမ၊ ဥက္ကဋ္ဌစိတ်ဓာတ်ဖြင့်၊ ဖတ်ကြားနာသူ၊ သင်ယူကြည့်ရှုတော်မူကြရသော ပညာရှိ သူတော်ကောင်းအပေါင်းတို့သည် မိမိတို့၏ သန္တာန်၌၊ “စိန္တာ-မယ”ဉာဏ်ကို၊ ထက်သန်ပွားတိုးစေလျက်၊အကျိုးကြီးမြင့်အောင်၊ ရွက်ဆောင်အားထုတ်နိုင်ကြပါစေကုန်သတည်း။ ။

အချိုးနိဒါန်းစကားပြီး၏။

http://www.dhammadownload.com

အရှင်မြတ်"**ကဿပ**"ထေရ်ဘုရား–

(**အာနန္ဒာ**)ဟု၊ သညာ ဖွင့်ထုတ်၊ အကျွန်ုပ်သည်၊ ဘုန်းခြောက်ပါးရှင်၊ ဘုရားသခင်၏၊ ထံပါး မျက်မှောက်၊ ရှေတော်အောက်မှ၊ ဤယခုလျှောက်တင်သည့် အတိုင်း၊ ဤ[မဟာသမယ] သုတ်တရားဒေသနာတော်မြတ်ကို၊ နားဖြင့် ဆတ်ဆတ်၊ ကြားနာအပ်ပါ၏ အရှင် မြတ် ဘုရား။

အဒါတပါးဖြစ်သော"**နယုန်**"လပြည့်နေ့ ညဉ့်အခါ၌၊ ဇာသဓိုယ-ဓမ္မ-ယသ၊စသည် ခြောက်မျိုး၊ ဘုန်းတန်းခိုး ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည်၊ တိုင်းကြီး တဆဲ့ခြောက်တိုင်းတို့၌ အပါအဝင်ဖြစ်သော (သက္က)တိုင်းနယ် အတွင်း၌၊ "ကပိလဝတ်"ပြည်၏ အနီးဖြစ်သော (မဟာဝုန်) တောကြီး၌၊ အာသဝေါ- ကုန်ခန်း၊ ရဟန္တာ-ပုဂ္ဂိုလ်ချည်း ဖြစ်ကြကုန်သော ငါးရာမျှ အရေအတွက်ရှိကုန်သော ရဟန်း အပေါင်းတို့ဖြင့်၊ ခ ငြောင်း ဝန်းပတ်၊ခြံရံ အပ်လျက်၊ သီတင်းသုံး စံနေတော်မူ၏။

ဤအရာ၌၊ ရဟန္တာ–ပုဂ္ဂိုလ်ငါးရာတို့ ဟူသည်၊ အဘယ်မြို–ရွာ၊ တိုင်းပြည်က၊ အဘယ်-အမျိုးအနွယ်တို့ ဖြစ်ပါသနည်း။

အဘယ်အခါက၊ ရဟန်းအဖြစ်သို့ ရောက်ကြ၍ အဘယ်အခါ၌၊ ရဟန္တာဖြစ်ကြသော ပုဂ္ဂိုလ်တို့ပါနည်း။ ။ဟူ၍ ရှေးဦးစွာသိသင့်၏။

ထိုသို့တိုင်းပြည်-မြို့ရွာ၊အမျိုးအနွယ်နှင့်တကွ၊ အပြစ် အပျက်အဆက်ဆက်ကို ရှေးဦးစွာ သိရှိနားလည် ပြီးမှသာလျှင်၊ ဤ(မဟာသမယ)သုတ်၊ တရားဒေသနာတော်မြတ်ကို၊ ဟောတော်မူရခြင်း၏ အကြောင်းရင်းကို၊ ထင်လင်း သေချာသိုင်ရာ ရှိမှ်မည်ဖြစ်၍၊ ထို ရဟန္တာ–ပုဂ္ဂိုလ် ငါးရာတို့၏ အပကြောင်းအတ္ထုပ္ပတ္တိကို၊ တပ်အပ် ထင်ထင်၊သိမြင်စိမ့်သောငှါ၊ ရှေးဦးစွာပြဆိုဦးအံ့။

http://www.dhammadownload.com

ဘုန်းခြောက်ပါးရှင်၊ ဘုရားသခင်သည်၊ သက်တော်ထင်ရှား ရှိတော်မူစဉ်အခါ၊(သင်္ကာ)တိုင်းနယ်အတွင်း၌၊(**ကပိလဝတ်**)ပြည်၊(**ကဲဝ-လိယ**)ပြည်-ဟူ၍ထင်ရှားကျော်ဇောသော ပြည်ကြီးနှစ်ပြည်ရှိ၏။ ။ထို နှစ်ပြည်ထောင်တို့၏ အကြား၌(**ရောဟိနီ**)အမည်ရှိသော မြစ်ငယ်တခု သည်လည်း၊ ထင်ရှားပကတိ၊ တည်ရှိလေ၏။ ။ထိုမြစ်ငယ်သည်၊ ငါး ကြင်းမြီးကဲ့သို့၊ အစ၌မြစ်တခုတည်းသာဖြစ်၍ အဆုံး၌မူ၊ လက်ဝဲ,လက်ျာ အားဖြင့်၊မြစ် နှစ်ခွ-ဖြာ၍ခဲ့သွားလေ၏။

ထိုမြစ်နှစ်ခုတို့တွင်၊လက်ဝဲဘက်,မြစ်ကိုပိတ်လျှင်၊ လက်ျာဘက်,မြစ်သို့ ရေဝင်လာ၏။ ။လက်ျာဘက်,မြစ်ကိုပိတ်ပြန်လျှင်လည်း၊ လက်ဝဲဘက်, မြစ်သို့ရေဝင်လာ၏၊ထိုအခါ(**ကပိလဝတ်**)ပြည်သူပြည်သား(**ကောလိယ**)ပြည်သူပြည်သားတို့သည်၊ ထို(**ရောဟိနီ**) မြစ်၏လက်ဝဲဘက်, လက်ျာဘက် တဘက်စီ၌နေ၍၊ လယ်ယာစိုက်ပျိုး လုပ်ကိုင် စားသောက်ကာ နေထိုင်ကြကုန်၏။

ထိုအခါ၊(**နယုန်**)လ၌(ရေ)နည်းပါး၍ ကောက်ပင်တို့သည်၊ ညှိုးနွမ်းခြောက်သွေ့ကြကုန်သည်ရှိသော်၊ထိုနှစ်ပြည်ထောင်သား လယ်လုပ်သမားတို့သည်၊ လယ်၌သွန်းလောင်းရန်၊ (ရေ)နှင့်စပ်လျဉ်း၍ အချင်းချင်း စည်းဝေးပြီးလျှင်၊ ဤသို့ တိုင်ပင်စကား ပြောကြားကြကုန်၏။

"ကောလိယ"ပြည်သား၊လယ်လုပ်သမားတို့သည်၊စကားဤသို့ဆိုကုန်၏။

အချင်း မိတ်ဆွတို့–

ဤအနည်းငယ်မျှသော (ရေ)ကို၊(အသင်တို့,အကျွန်ုပ်တို့)နှစ်ဘက်ကာ၊ခွဲဝေ-ယူကြမည် ဆိုသော်၊ (အသင်)တို့အား၎င်း၊ (အကျွန်ုပ်) တို့အား၎င်း၊မလောက်မငဘဲ၊ရှိကြရာ၏။

ယင်းသို့ဖြစ်ရာ (အကျွန်ုပ်)တို့၏၊ ကောက်ပင်များ၌၊ နောက်ထပ်တကြိမ်(ရေ) ပေးသွင်းရလျှင်၊ အသီးအနှံတို့ပြည့်စုံအောင်မြင်, လုံလောက်ပါလတ္တံ့။ ။ထို့ကြောင့်၊ဤ(ရေ)ကို၊အကျွန်ုပ်တို့အား၎င်းသာလျှင်၊ ပေးကြပါလော–ဟူ၍တောင်းဆိုကြကုန်၏။

http://www.dhammadownload.com

ကဒိလဝတ်ပြည်သား၊ လယ်လုပ်သမားတို့သည်လည်း၊ စကား ဤသို့ ဆိုကြပြန်ကုန်၏။

(အသင်)"**ကောလိယ**"ပြည်သားတို့—

(အသင်တို့၊) ဤ(ရေ)ကို ရသဖြင့်၊ကောက်ပင်များ၌၊အသီးအနှံတို့ ပြည့်စုံအောင်မြင်လုံလောက်၍၊ (အသင်)တို့၏ စပါးကျီကျတို့၌၊ စပါးတို့ဖြင့် အပြည့်အစုံ ရှိကြကုန်သောအခါ (အကျွန်ုပ်)တို့သည်၊ ရွှေ၊ငွေ၊ ပတ္တမြား၊ စိန်၊ အသပြာညိုတို့ကို ယူ၍(အသင်)တို့၏ အိမ်တံခါး-ဝင်္ဃလွှည့်လည်၍၊တောင်း, အိပ်, စသည်တို့ကို လက်ဦစွဲလျက်၊ ဝယ်ယူသုံးစွဲခြင်းကို ပြုကြရကုန်လတ္တံ့၊ ထိုဘိုလည်း မပြုရက် နိုင်ကြကုန်ရာ။ ။ (အကျွန်ုပ်)တို့၏ ကောက်ပင်များ၌လည်း၊ ဤတကြိမ်(ရေ)ပေးသွင်းရလျှင်၊ အသီးအနှံတို့၊ ပြည့်စုံအောင်မြင်လုံလောက်ပါလတ္တံ့။ ။

ထို့ကြောင့်၊ ဤ (ရေ) ကို၊ (အကျွန်ုပ်) တို့အားသာလျှင်၊ ပေးကြပါလော-ဟူ၍ တောင်းဆိုကြပြန်၏။

ထိုအခါ၊ လယ်လုပ်သမား အချင်းချင်းတို့သည်၊ တဦးသည် တဦးအား၊ (ရေ) ကိုမပေးနှိုင်၊ သူနှိုင်--ငါနှိုင်၊ စကားပြိုင်, ငြင်းခုံပြောဆိုကြခြင်းဖြင့်ပင်၊ တယောက်သည်—တယောက်အား၊ ဒေါသ—အမျက်၊ ပြင်းစွာ ထွက်၍၊ ဂိုက်နှက် ပုတ်ခတ် ကြကုန်၏။ ။မင်းသားတို့၏ အကျိုးဇာတ်ကိုလည်း၊ ထိပါးချုပ်ချယ်၍၊ ရုန့်ရင်းကြမ်းတမ်း၊ နှားမသြမ်းသာဖွယ်ဖြစ်သော စကားတို့ကိုလည်း၊ ပြောဆိုကြကုန်၏။

"**ကောလိယ**" ပြည်သား၊ လယ်လုပ်သမားတို့သည်၊ "**ကဒိလဝတ်**"ပြည်သား၊လယ်လုပ်သမားတို့အား၊စကား ဤသို့ပြုကုန်၏။

(အသင်)တို့သည်၊မိမိတို့ကိုယ်ကို၊ (**ကဒိလဝတ်**) ပြည်၊ သာကိယနွယ်ရိုး၊ ကြွန်းစိုးသည်၊ဘေးဘိုးမှ သက်ဆင်း၍ မင်းမျိုး စင်စစ်တို့တည်း-ဟူ၍ အမျိုး,အနွယ်နှင့် စပ်လျဉ်း၍ မာန်တက်ကြသော စကားဖြင့်ကြိမ်းဝါးပြောဆိုကြကုန်၏။ ။စင်စစ်အားဖြင့်မူ။ ။(အသင်) တို့၊ (ကဒိလဝတ်) ပြည် မင်းမျိုးတို့သည်၊ ဒွေး,ဝက်,စသော အဟိတ် တိရစ္ဆာန် သတ္တဝါများတို့ကဲ့သို့၊မိမိတို့၏ နှမရင်းနှင့်၊ရုန့်ရင်း ကြမ်းတမ်းသော [illegible] တာင်

http://www.dhammadownload.com

မှု,ကိုပြုကြကုန်၏။ ။ယင်းသို့ဖြစ်၍၊ (အသင်)တို့ မင်းမျိုးတို့၏၊ ဆင်, မြင်း—ဗိုလ်ခြေ၊ လူနေ-လက်နက် အင်အား တို့ကို၊ ငါတို့သည် အဘယ် အတွက်၊ အဇရေးယူ၍၊အလေးမူရာ အံ့နည်း-ဟူ၍ ပြောဆိုကြကုန်၏။

"ကဝိလဝတ်" ပြည်သား၊ လယ်လုပ် သမားတို့သည်လည်း၊ (**ဇကာလိယ**)ပြည်သား၊ လယ်လုပ် သမားတို့အား၊ စကား ဤသို့ ဆိုကြပြန်၏။

(အသင်) တို့သည်၊ မိမိတို့ ကိုယ်ကို၊ (ဇကာလိယ) ပြည်၊ (**ဇကာလိယ**)နွယ်ရိုး၊ ပြည်နယ်မျိုးဘဲ၊ တန်းခိုးမတိန်၊ ဂုဏ်သိန် ပြန့်သင်း၊ ကျော်ဇောဖြင်းဖြင့်၊ မင်းမျိုး စင်စစ်တို့တည်း—ဟူ၍ အမျိုး—အနွယ်နှင့် စပ်လျဉ်း၍၊ မာန်တက်သော စကားဖြင့်၊ ကြိမ်းဝါးပြောဆို ကြကုန်၏။

စင်စစ်အားဖြင့်မူ။ ။(အသင်)တို့ (**ဇကာလိယ**) မင်းမျိုးတို့သည်၊ ရှေးအခါက၊ကိုယ်လက် ချူချာ၊ နူနာ ပေါက်ကွဲ၊သွေးရဲရဲ ဖြင့်၊ ဆင်းရဲ နွမ်းပါးစွာ၊ ကိုးကွယ်ရာ- မဲ့သည်ဖြစ်၍၊ တည်းခို နေထိုင်ရန် မရှိသော (ဇတာ)တိုက္ခဏာန် သတ္တဝါမျိုး—တို့ကဲ့သို့၊ တခုသော (**ကုလောပင်**) သစ်ခေါင်းတွင်း၌၊ ပုန်းအောင်း ခိုဝင်၍ နေကြရကုန်၏။

ဤသို့အားဖြင့်၊ လယ်လုပ်သမား တို့သည်၊ အာဇာနည် ပြင်းခံဖြစ်ပွား၊ ခိုက်ရန်များ၍ စကားပြောဆို ပြိုးသည့်နောက်၊ လယ်လုပ်ရာ၌ မိမိတို့၏ အဆက်ကာ၊ ကြီးမှူး အုပ်ချုပ်သော အမတ်တို့၏ အလံသို့ သွားရောက်၍ ကြောင်း,ကျိုး ဥဿုံ၊အလုံးစုံကို အကုန်အစ ဥပြောကြား တိုင်တမ်းကြကုန်၏။ ။ထိုအား၊ အမတ်တို့၏ အယဲမှ တဆင့်၊ မင်းမျိုးတို့၏ အထံသို့ လျှောက်တင် ကြပြန်ကုန်၏။ ။ထိုအခါ၊ သာကီယ-နွယ်ရိုး၊ မင်းတို့သည်၊ မိမိတို့၏ အမျိုးကို၊ လှုပ်ခိုးမှုပ်ချယ်၊ ကြိတ်နယ်ချေဖျက်၍၊ နှိပ်စက် ပြောဆိုအပ်သော စကားခိုး,စကားကြမ်းတို့ကို ကြားသိရလျှင်၊ ယမ်းပုံ မီးကျ၊ဟုန်းဟုန်း,ထသို့၊ ဇဒါသ--ပြင်းထန်၊အမျက်မာန်ဖြင့်၊ စစ်တိုက်ရန် အကြံအစည်ဖြစ်ကြကုန်၏။

ထိုအခါ**"ကဝိလဝတ်"** ပြည် မင်းမျိုးတို့သည်၊ ဤသို့စကားဆို ကုန်၏။

http://www.dhammadownload.com

အိုး.....အချင်းတို့—

နမ-နှင့် မောင်၊ ပြည် တည်ထောင်သော ငါတို့၏ အား,အစွမ်းကို ပြကြဘို့ရန် အချိန်တန်ပြီ။ ။ထို အား,အစွမ်းကို ပြကြကုန်အံ့ဟုဆို၍၊ ဆင်,မြင်း, ရထား၊ ခြေသည်အားဖြင့်၊ လေးပါးသော စစ်မက်အင်္ဂါ အကုန်ကို၊ အစုံအလင် စီမံ၍ ပြည်မှထွက်ချီ၍ လာကြကုန်၏။

ထိုနည်းတူစွာ၊ (**ကောလိယ**) မင်းမျိုးတို့သည်လည်း၊ ဤသို့ စကား ဆိုကြပြန်၏။

အိုး.....အချင်းတို့—

ကိုယ်လက် ချ။ချာ၊ နုနာ စွဲ၍၊ သွေး ရဲရဲဖြင့်၊ ဆင်းရဲ နွမ်းပါးစွာ၊ (**ကုလောပင်**)၏ သစ်ခေါင်းတွင်း၌၊ပုန်းအောင်းခိုဝင်၍ နေကြရကုန်သော၊ ငါတို့၏ အား,အစွမ်းကိုပြကြဘို့ရန်၊ အချိန်တန်ပြီ။ ။ထို အား, အစွမ်းကိုပြကြကုန်အံ့ဟု-ဆို၍၊ ရှေးနည်းအတူ၊ ဓား-လုံ-လက်နက်နှင့် တကွ၊ စစ်မက် အင်္ဂါ အကုန်ကို၊ အစုံအလင် စီမံ၍ ပြည်မှ ထွက်ချီ၍ လာကြ ကုန်၏။

ထိုအခါ၊ ဘုန်းခြောက်ပါးရှင်၊ မြတ်စွာဘုရားသခင်သည်၊ ဘုရားသျှင်တို့၏၊ တန်ထွာ-ဓမ္မတာဖြင့်၊ မိုးသောက်ထ အခါ၊ (မဟာကရုဏာ) သမာပတ်၊ ဈာန် မြတ် ချမ်းသာ၊ ဝင်စား ရာမှ၊ ထတော်မူ၍၊ နှတ်, လူ, ဖြဟ္မာ၊သတ္တဝါ-ဟူ၊ ဝေနေ-သူကို၊ ကယ်ယူ ဆယ်တင်အံ့သောငှါ၊လောက ဓာတ် လုံး၊ တိုက်နယ် ဆုံးအောင်၊ သိမ်းရုံး-ကြည့်ရှုတော်မူလတ်သော်-ဆင်, မြင်း, ရထား၊ ခြေသည် အားဖြင့်၊ စွမ်း ပကား-သတ္တိ ရှိကြသည့် အလုံကာ၊ စစ်တိုက်,စစ်ပြိုင်အံ့သောငှါ၊ ထွက်ချီ၍ လာကြသော ထိုနှစ်ပြည် ထောင် သား၊ မင်းအများတို့ကို မြင်တော်မူ၏။ ။ယင်းသို့ရှေးရှု-ထင်ထင်၊မြင်တော်မူလတ်သော အခါ၊ငါဘုရားသည် ထိုမင်းသားတို့၏ အပါး သို့ ကြွသွားတော်မူခြေက၊ ထိုမင်းသားတို့၏ ဖြစ်ပွါးသော ဤရန်သည်၊ အမျက်ကိုဖြေသိမ်း၍၊ ပြေငြိမ်းအံ့လော, မငြိမ်းအံ့လော—ဟု၊ သဘော နှစ်ခွဖြင့်၊ ကြံဆ—ဆင်ခြင်တော်မူ၍၊ ထိုမင်းသားတို့၏ အပါးသို့၊ ငါဘုရား ကြွသွား၍ ဖြစ်ပွါးသော ရန်ကို၊ ငြိမ်းစဲ ဒေးမြစေ ခြင်းငှါ။

http://www.dhammadownload.com

(၁) ရှေးသရောအခါ၊ တဉူးနှင့်တဉူး၊ အထင်အမြင်လွဲ၍ ရန်ပွဲကြီး ဖြစ်ကြရသော (ဝံ)နှင့်၊ ကြို့ပင်စောင့် (ရက္ခစိုး)နတ်တို့၏ အ ကြောင်းကို၊ ထုံးဟောင်းတင်ပြ၍(ဖန္ဒန)ဇာတ်ကို ဟောအံ့။

(၂) ထိုနောက်မှ၊ မယုံကြည်အပ်သော (ယုန်)တကောင်၏စကားကို၊ ယုံကြည်မိမှား၍၊ ပျက်ပြားကြ ဘို့ရန် ဖြစ်ကြရသော၊အခြေလေး ချောင်းရှိသော၊ သားသတ္တဝါတို့၏ အကြောင်းကို၊ ထုံးဟောင်း တင်ပြ၍(ပထဝီဉန္ဒြိယ)ဇာတ်ကို ဟောအံ့။

(၃) ထိုနောက်မှ၊ အားငယ်သော (နှံစုတ်)ငှက်မ ဖြစ်လျက်၊ အား ကြီးသော (ဆင်ပြောင်)ကြီးကို အနိုင်ရဘူးကြောင်း၊ အားကြီး သော(ဆင်ပြောင်) ကြီးဖြစ်လျက်၊ အားငယ်သော (နှံစုတ်) ငှက်မငယ်ကို၊ ရှုံးဘူးကြောင်းကို၊ ထုံးဟောင်း တင်ပြ၍ (လဒ္ဓ-ကိက)ဇာတ်ကိုဟောအံ့။ ။(ထိုအခါ နှစ်ဉူးနှစ်ဘက်သောရန် သည်၊ အမျက်ကိုယိမ်း၍ ငြိမ်းစဲပြေပျောက်လတ္တံ့။)

(၄) ထိုနောက်မှ၊ အချင်းချင်း ချစ်ခင်ရင်းနှီးသော (မေတ္တာ) ဖြင့်၊ ပေါင်းသင်း ညီညွတ်ခြင်းဌာ၊ အကျိုးကျေးဇူးရှိပုံကို၊ (တောသစ် ပင်)အပေါင်းတို့၏ အကြောင်းကို၊ ထုံးဟောင်းတင်ပြ၍ (ရုက္ခ-ဓမ္မ)ဇာတ်ကိုဟောအံ့။

(၅) ထိုနောက်မှ၊ အချင်းချင်း မသင့်တင့်၊မညီညွတ်ခြင်းဌာ၊ အကျိုးစီး ပွါး၊ ပျက်ပြားဆုတ်ယုတ်ပုံကို၊(ငုံး)ငှက်တို့၏ အကြောင်းကို၊ထုံး ဟောင်း တင်ပြ၍ (ဝဋ္ဋက)ဇာတ်ကို ဟောအံ့။

(၆) ဤဇာတ်ဝတ္ထု-နှစ်ခုကို ဟောတော်မူပြီးမှ၊မိမိတို့ကိုယ်ကို၊ မိမိတို့ ဆိုးမကြစေခြင်းငှါ (အတ္တ ဒဏ္ဍ) သုတ်ကိုဟောခဲ့။

ဤဒေသနာအစဉ်ကို ကြားနာရကုန်သည်ရှိသော်၊ ထိုနှစ် ပြည်ထောင်သား၊ မင်းအများတို့သည်၊ ပွါးများ၊အပ်သော (မေတ္တာ)ဖြင့်၊ ကြည်သာ ညွတ်ပျော်း၊ ကောင်းသောစိတ်နှလုံး ရှိကြကုန်သည်ဖြစ်လတ္တံ့။

http://www.dhammadownload.com

ထိုအခါမှ၊ နှစ်ဥုံးနှစ်ဘက်သော မင်းမျိုးတို့သည်၊ နှစ်ရာ့ငါး ဆယ်စီ–နှစ်ရာ့ ငါးဆယ်စီ၊ အညီအမျှသော မင်းသားငယ်တို့ကို၊ ငါဘုရားအား၊ပေးလှူကုန်လတ္တံ့။

ထိုအခါ၊ ငါးဘုရားသျှင်သည်၊ ထိုမင်းသားငယ် ငါးရာတို့ကို၊ သာသနာတော်အတွင်း၌၊ ရဟန်းပြုစေတော့အံ့။

ထိုအခါ၊ပါဠိ–ဘာသာ--အားဖြင့် (**မဟာသမယ**) ခေါ်သော (ကြီးစွာသော နတ်,ဗြဟ္မာတို့၏ အစည်းအဝေးပွဲကြီးသည်၊) ဝဲချီးအံ့လောက်၊ တံခွန် ဆောက်သို့၊ ဖြစ်မြောက်ပေါ်လာလတ္တံ့--ဟု၊ ဉာဏ်စက္ခုဖြင့်၊ ကြည့်ရှု ဆင်ခြင်ဆုံးဖြတ်တော်မူ၏။

ထိုသို့ စိတ်တော်၌၊ ကြံစည် ရည်မှတ်၊ ဆုံးဖြတ် ပိုင်းခြားတော်မူအပ်သည့်အတိုင်း၊ ထိုမင်းမျိုး တို့သည်၊ စစ်သည် ဗိုလ်ထု၊ ပေါင်းစုစပ်၍ စစ်ချီ ထွက်သည်ရှိသော်၊ မည်သည့် ရဟန်းတပါးအား၌မျှ၊ ပြောကြားတိုင်ပင်ခြင်း ပြုတော်မမူဘဲ၊ ကိုယ်တော်မြတ် တပါးတည်းသာ၊ သပိတ်သင်္ကန်းကို ယူတော်မူလျက်၊ ကြွသွားတော် မူပြီးလျှင်၊ ထိုစစ်သည် နှစ်ဥုံးတို့၏၊ စစ်မပြိုင်မီ၊ စစ်သည်-ဗိုလ်ထု၊ ပေါင်းစု တည်ရာဖြစ်သော စစ်မြေပြင် အလယ်တည့်တည့်၊ ကောင်းကင် ထက်သို့၊ တက်ကြွတော် မူပြီးလျှင်၊ ထက်ဝက် ဖွဲ့ခွေလျက်၊ ရောင်ခြည်တော် ခြောက်မျိုးကို၊ တန်းခိုးတော်အားဖြင့်၊ ပြိုးပြိုးပြက်ပြက်၊ မိုးပြင်ထက်၌၊ သန်းယှက် ကွန့်မြူးအောင်၊ အထူးအားဖြင့် လွှတ်တော်မူလျက် ထိုင်တော်မူ၏။

ထိုအခါ၊ (**ကဝိလဝတ်**) ပြည်၊သာကီယ နွယ်ရိုး၊ မင်းမျိုးတို့သည်၊ တန်းခိုးအားဖြင့်၊ လွှတ်တော်မူအပ်သော ရောင်ခြည်တော်နှင့် တကွ၊ မြတ်စွာ ဘုရားသျှင်၏ အသရေတော်ကို၊ ဖူးမျှော်ကြရလျှင်၊ ငါတို့၏၊ [သာကီယ]ဇာတ်၊ ဆွေမျိုးမြတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ငါတို့ မျက်မှောက်၊ ကြွရောက်တော်မူလာချေပြီ။

ငါတို့၏ ခိုက်ရန် ဖြစ်ပွား၊ ငြင်းခုံခြင်း များကို၊ ကြား--ဖြင်–သိတော် မူဟန်-ရှိ၏ဟု၊ ကြံစည်အောက်မေ့လျက်၊ ငါတို့သည် ဘုရားသျှင် မျက်

http://www.dhammadownload.com

မှောက်၊ ရှေတော် အောက်ဝယ်၊ တယောက်သည် တယောက်၏ ကိုယ်၌၊ ဓား–လုံ–လက်နက်တို့ဖြင့်၊ ထိုးခုတ် ရိုက်နှက်၊ ပစ်ခတ်ခြင်းငှါ မတတ်ကောင်းတော့ချေ။

(**ကောလိယ**)မြို့သား၊(စစ်သည်)အများတို့သည်၊ငါတို့အား၊သတ်လိုကုန်မူလည်း၊ သတ်စေကုန်။ ။နင်းနယ်ကြိတ်နှပ်လိုကုန် မူလည်း၊ နင်းနယ်ကြိတ်နှပ်၍ စိတ်ရှိသမျှ၊ ညှဉ်းဆဲစေကုန်သတည်း-ဟုကြံ၍၊ဓား-လုံ-လက်နက် တို့ကို စွန့်ပစ်ပြီး လျှင်၊ ဘုရားသျှင်ထံပါး၊ ခြေတော်ဖျားသို့၊ ဦးညွတ် တွားလျှောက်၊ ခစား ဆည်းကပ်၊ ထိုင်နေလတ်ကုန်သတည်း။

(**ကောလိယ**)ပြည်သား၊မင်းအများတို့သည်လည်း၊ရှေးနည်းအတူသာလျှင်၊ ကြံစည်အောက်မေ့လျက်၊ ဓား,လုံ,လက်နက်တို့ကို စွန့်ပစ်ပြီးလျှင်၊ ဘုရားသျှင်ထံ မှောက်၊ ရှေတော် အောက်သို့၊ ကပ်ရောက်ဝပ်တွား၊ ခစား ရှိခိုးလျက်၊ ထိုင်နေကြကုန်၏။

ထိုအခါ၊ ဘုန်းခြောက်ပါးရှင် မြတ်စွာဘုရားသခင်သည်၊ ထိုနှစ်ပြည်ထောင်သား မင်းအများတို့ကို၊ ထင်ရှားစွာ မြင်သိတော်မူလျက် ဖြင့်ပင်၊ ဤသို့-မေးမြန်းတော်မူ၏။

အို–ရေမြေအရှင် ဘုရင်မင်းမြတ်တို့။

ဤအရပ်, ဤဌာနသို့ အဘယ်သို့သော အကြောင်းဖြင့်၊ စုပေါင်းစည်းဝေး ရောက်လာကြကုန်ဘိသနည်း–ဟု မေးမြန်းတော်မူ၏။

ထိုအခါ၊ဘုန်းခြောက်ပါး သခင်, အသျှင်မြတ်ဘုရား။

(အကျွန်ုပ်) တို့သည်၊ ဤအရပ်, ဤဌာနသို့ ရောက်လာခြင်းကား၊ ရေချိုးဆိပ်၌ ရေကစားငြင်းငှါပင်း။ ။မြစ်ဆိပ် ရေသောင်၌၊ လှေဖောင်ဖြင့် ကစားခြင်းငှါပင်း။ ။တောင်ခြရင်း မြေပြင်၌၊ ပျော်ရွှင်စွာ ကစားငြင်းငှါပင်း၊ လာရောက်ကြသည်မဟုတ်ပါကုန်။

စင်စစ်အားဖြင့်-ဤမြေ တလင်း၌၊ ဓား,လုံ, လက်နက်ကို ကျင်း၍၊ စစ်ခင်း,စစ်တိုက်ခြင်းငှါ၊ ရောက်လာကြပါသည် ဘုရား–ဟု၊လျှောက် ကြကုန်၏။

http://www.dhammadownload.com

ထိုအခါ၊ ဤသို့-မေးမြန်းတော်မူ၏။

အို-ရေမြေအရှင် ဘုရင်မင်းမြတ်တို့။

(အသင်) မင်းမြတ် တို့အား၊ အဘယ်ကဲ့သို့သော အကြောင်းကို အစွဲအမှီပြု၍ စစ်ထိုး,စစ်တိုက်ကြမည်နည်း-ဟု၊ မေးမြန်းတော်မူသော အခါ။

ဘုန်းခြောက်ပါး သခင်, အသျှင်မြတ်ဘုရား။

(အကျွန်ုပ်) တို့သည်၊ လယ်လုပ်ကြရာ၌၊ လယ်ကွင်း ပေးသွင်းရန်၊ (ရေ)ကိုအစွဲအမှီပြု၍ စကားပြောဆိုကြရာက စ၍၊ စိတ်မာန် အလိုက်၊ ဒိုက်ရန် ဖြစ်ကြရပါသည်ဘုရား-ဟု လျှောက်ကြကုန်၏။

ထိုအခါ၊ ဤသို့-မေးမြန်းတော်မူ၏။

အို-ရေမြေအရှင် ဘုရင်မင်းမြတ်တို့။

ဤ(ရေ) သည်၊ အဘယ်မျှ အဘိုးထိုက်တန်သနည်း-ဟု၊မေးမြန်း တော်မူလတ်သော်။

(အသျှင်မြတ်ဘုရား)၊ ထို(ရေ)သည်၊ အဘိုး အနည်းငယ်မျှသာ ထိုက်တန်ပါသည်ဟု၊ လျှောက်ထားကြကုန်၏။

ထိုအခါ၊ဤသို့-မေးမြန်းတော်မူပြန်၏။

အို-ရေမြေအရှင် ဘုရင်မင်းမြတ်တို့။

ဤ(မြေကြီး)သည်၊အဘယ်မျှ အဘိုးထိုက်တန်သနည်း-ဟု၊မေးမြန်း တော်မူလတ်ပြန်သော်။

(အသျှင်မြတ်ဘုရား)၊ ထို(မြေကြီး)သည်၊အဘိုးများစွာ ထိုက်တန် ပါသည်ဟု၊ လျှောက်ထားကြကုန်၏။

ထိုအခါ၊ဤသို့-မေးမြန်းတော်မူပြန်၏။

အို-ရေမြေအရှင် ဘုရင်မင်းမြတ်တို့။

သာကီယ-နွယ်ရိုး၊ ကြဉ်နန်း-စိုးလျက်၊ ဘေး-ဘိုးမှ သက်ဆင်း၍လာသော(မင်း)များတို့ မည်သည်၊ အဘယ်မျှ အဘိုးထိုက်တန်ပါနည်း-ဟု၊ မေးမြန်းတော်မူပြန်လတ်သော်။

http://www.dhammadownload.com

(အသျှင်မြတ်ဘုရား)၊ဤ(မင်း)မျိုးတို့ဟူသည်၊ အသမ္ဘိန္နု၊ ခတ္တိယ-ဟု၊ဝံသ-စာရိ၊သမ္ဘာမိုလျက်၊ သာကီယ နွယ်ရိုး၊ ကြင့်နး-စိုးလျက်၊အမျိုးအားဖြင့် မြင့်မြတ်စင်ကြယ်၍၊တင့်တယ်သောဘုန်းတန်းခိုးဖြင့်၊အဘိုးများစွာ ထိုက်တန်ပါသည် ဘုရား-ဟု၊လျောက်ထားကြကုန်၏။

ထိုအခါ၊ဤသို့-မေးမြန်းတော်မူပြန်၏။

အို-ရေမြေအရှင် ဘုရင်မင်းမြတ်တို့။

(အသင်) တို့သည်၊ အဘိုး အနည်းငယ်မျှ ထိုက်တန်သော(ရေ)ကို အမှီပြု၍၊ဘေး-ဘိုး အစဉ် အဆက်နှင့်တကွ၊ အမျိုး အထက်ကျ၍၊ အဘိုး အနုဿ-အတိုင်း မသိ ထိုက်တန် မြင့်မြတ်သော၊(သာကီဝင်) မင်းမျိုး-မင်းနွယ်တို့ကို၊[အဘယ့်ကြောင့်]သေကြေ ပျက်စီးအောင်၊ ဖျက်ဆီးနှိပ်စက်ကြကုန်ဘိ သနည်း။ ။[အသင်] တို့သည်၊ မသင့်, မတော်၊ မလျော်သော အမှုကိုပြုကြကုန်၏။ ။[အသင်] တို့သည်၊ ရန်သူမျိုး-ငါးပါးတို့ဖြင့်၊ကိုယ်စီ-ကိုယ်စီ(ရန်)ရှိကြကုန်လျက်သာ နေကြရကုန်၏။

ငါဘုရားသျှင်၌ မူကား။ ။မုန်းထား ငြူစူ၊ မကြည်ဖြူ ဘို့၊ရန်သူ-ဟူ၍၊ တစုံတယောက်မျှမရှိမူ၍၊ ချမ်းစွာနေရ၏။

(အသင်) တို့သည်၊ ကိလေသာ ဆယ်ပါး၊ အယုတ် တရားတို့ဖြင့်၊ တိုးပွား စေအပ်သည်ဖြစ်၍၊ ထိုကိလေသာ တရားဖြင့်၊ ကျင်နာ ကိုက်ခဲ၍၊ဆင်းရဲ ပင်ပန်းလျက်သာ နေကြရကုန်၏။

ငါဘုရားသျှင်၌မူကား။ ။ကိလေသာ,မျိုး၊ တရားဆိုးတို့ကို၊ ပယ်ချိုးနှိပ်စက်အပ်ပြီးသည်ဖြစ်၍၊ ထိုကိလေသာ,တရားဖြင့်၊ ကျင်နာ နှိပ်စက်ခြင်း မရှိမူ၍၊ချမ်းစွာ နေရ၏။

(အသင်) တို့သည်၊ ကိလေသာ ဆယ်ပါး၊ အယုတ် တရားတို့သည်၊ ပွားများ နှိပ်စက်အပ်သည် ဖြစ်၍၊ကာမ ဂုဏ်မူ၊ အာရုံ စုဉ်း၊ဂရုစိုက်၍၊ လိုက်လံ ရှာဖွေကြရသဖြင့်၊ကိုယ်-စိတ်-ညှိုးနွမ်း၊ပင်ပန်း ဆင်းရဲလျက်သာ နေကြရကုန်၏။

ငါဘုရားသျှင်၌မူကား။ ။ကိလေသာ,မျိုး၊တရားဆိုးတို့ကို၊ပယ်ချိုးနှိပ်စက်အပ်ပြီးဖြစ်၍၊ ထိုကိလေသာ ဆယ်ပါး၊ တရားအစုကြောင့်၊ ကာမ

http://www.dhammadownload.com

ဂုဏ်မူကို၊ ဂရုစိုက်၍၊လိုက်လံ ရှာဖွေဘို့ရာ မရှိသဖြင့်၊ကိုယ်-စိတ်-မပန်း၊ (လ)ပြည် စန်းသို့၊ ရှင်လန်း ဧးမြေ သာယာစွာ နေရ၏--ဟူ၍၊ အောက် ၌ပါသော ဂါထာကို၊ ဟောကြားတော်မူအပ်၏။

(က) "သု-သုခံ-ဝတ-ဇိဝါမ၊
ဝေရိနေသု-အ-ဝေရိနော။
ဝေရိနေသု-မနုဿသု၊
ဝိဟရာမ-အ-ဝေရိနော"။ ။ } ဓမ္မပဒ ပါဠိတော် သုခဝဂ်၊

(က) ဝေရိနေသု၊ ငြိုးထား မာန်မူ၊ စိတ် ငြူစူ လျက်၊ ရန်သူ ဖြစ် သော ပုဂ္ဂိုလ်တို့၏ အထံ၌။ အ-ဝေရိနော၊ ရန်တုံ့-ပယ်ရှင်း၊ (မေတ္တာ) သွင်းလျက်၊ရန်ကင်း ကြကုန်သည်ဖြစ်၍။ မယံ၊ ငါတို့သည်။သု-သုခံ၊ ကိုယ်-စိတ် မပန်း၊ လပြည့် (စန်း)သို့၊ ရှင်လန်း ချမ်းသာစွာ။ ဇိဝါမ-ဝတ၊ ကြည်နူး ခွစ်သက်၊ (မေတ္တာ) ဆက်၍၊ အသက် ရှည်ကြကုန်၏တကား။ ။မနုဿသု၊ လူအများတို့ သည်။ ဝေရိနေသု၊(မေတ္တာ)မပွါး၊ ဒေါသ--အားဖြင့်၊ ရန်များ၍ နေကုန်စဉ်။ မယံ၊ ငါတို့သည်။ အ-ဝေရိနော၊ ရန်တုံ့-ပယ်ရှင်း၊ (မေတ္တာ) သွင်းလျက်၊ ရန်ကင်းကြ ကုန်သည်ဖြစ်၍။ ဝိဟရာမ၊ ကိုယ်-စိတ်-မနွမ်း၊ (မေတ္တာ) စွမ်းဖြင့်၊ ချမ်းစွာ နေကြရကုန်၏။

(ခ) "သု-သုခံ-ဝဟ-ဇိဝါမ၊
အာတုရေသု-အနာ-တုရာ။
အာတုရေသု-မနုဿသု၊
ဝိဟရာမ-အနာ-တုရာ"။ ။ } ဓမ္မပဒ ပါဠိတော် သုခဝဂ်၊

(ခ) အာတုရေသု၊ လောဘ--ဒေါသ၊ စသည်-ဆယ်မျိုး၊ ရောဂါ-ဆိုး တို့၊ ကိုက်-ထိုး နှိပ်စက် အပ်သည်ဖြစ်၍၊ကျင်နာသော သူတို့၏ အ ထံ၌။ အနာ-တုရာ၊ လောဘ--ဒေါသ၊စသည်-ဆယ်ဖြာ၊ ကိလေ-သာ ဖြင့်၊ ကျင်နာခြင်း ကင်းကြကုန်သည်ဖြစ်၍။ မယံ၊ ငါတို့သည်။ သု-သုခံ၊ ကိုယ်-စိတ်-မပန်း၊ လ ပြည့် (စန်း)သို့၊ ရှင်လန်း ချမ်း

http://www.dhammadownload.com

သာစွာ။ ဇီဝါမ–ဝတ၊ ကြည်နူး နှစ်သက်၊ (မေတ္တာ) ဆက်၍၊ အသက်ရှည်ကြကုန်၏တံကား။ ။မနုဿသူ၊လူအများတို့သည်။ အာတုရေသု၊ လောဘ–ဒေါသ၊ စသည်–ဆယ်မျိုး၊ ရောဂါဆိုးတို့၊ ကိုက်-ထိုး နှိပ်စက် အပ်သည်ဖြစ်၍၊ ကျင်နာလျက် နေကြကုန်စဉ်။ မယံ၊ ငါတို့သည်။ အနာ-တုရာ၊ လောဘ–ဒေါသ၊ စသည် ဆယ်ဖြာ၊ ကိလေသာဖြင့်၊ ကျင်နာခြင်း ကင်းကြကုန်သည် ဖြစ်၍။ ဝိဟရာမ၊ ကိုယ်-စိတ်-မနွမ်း၊ (မေတ္တာ) စွမ်းဖြင့်၊ ချမ်းစွာ နေကြရကုန်၏။

(၀) "သု-သုခံ-ဝတ-ဇီဝါမ၊
ဥဿုက္ကေသု-အနု-ဿုကာ။
ဥဿုက္ကေသု-မနုဿေသု၊
ဝိဟရာမ-အနု-ဿုကာ" ။ ။ } ဓမ္မပဒ ပါဠိတော် သုခဝဂ်၊

(၀) ဥဿုက္ကေသု၊ ကာမဂုဏ် မှု၊ အာရုံ စုဌ်၊ ဂရု–စိုက်ကြ ကုန်သော သူတို့၏ အထံ၌။ အနု-ဿုကာ၊ ကာမဂုဏ် မှတ်၊ အာရုံဓာတ်၌၊ စိတ်ပြတ်-သန့်ရှင်း၊ အားထုတ်ခြင်း ကင်းကြကုန်သည် ဖြစ်၍။ မယံ၊ ငါတို့သည်။ သု-သုခံ၊ ကိုယ်-စိတ်-မပန်း၊လ ပြည့်(စန်း)သို့၊ ရှင်လန်းချမ်းသာစွာ။ ဇီဝါမ-ဝတ၊ ကြည်နူး နှစ်သက်၊ (မေတ္တာ) ဆက်၍၊ အသက်ရှည်ကြကုန်၏တကား။ ။မနုဿေသု၊ လူအများတို့သည်။ ဥဿုက္ကေသု၊ ကာမဂုဏ် မှု၊ အာရုံ စုဌ်၊ ဂရု စိုက်၍ နေကြကုန်စဉ်။ မယံ၊ငါတို့သည်။ အနု-ဿုကာ၊ကာမဂုဏ် မှတ်၊ အာရုံ ဓာတ်၌၊ စိတ်ပြတ်-သန့်ရှင်း၊ အားထုတ်ခြင်း ကင်းကြကုန်သည်ဖြစ်၍။ ဝိဟရာမ၊ ကိုယ်-စိတ်-မနွမ်း၊ (မေတ္တာ) စွမ်းဖြင့်၊ ချမ်းစွာ နေကြရကုန်၏။

ထိုနောက်မှတဖန်၊ ဤသို့-ဟောတော်မူပြန်၏။

အို-ရေမြေအရှင် ဘုရင်မင်းမြတ်တို့။

တဉူးနှင့် တဉူး၊ ကြူးလွန်လိုသော သဘောဖြင့်၊ ဒေါသ-ပြင်းထန်၊ စိတ်မာန် အလိုက်၊ ခိုက်ရန် ဖြစ်ပွါး၊ ငြင်းခုံကြရခြင်း များသည်ကား၊ အမှား စင်စစ်ဖြစ်၍၊ သာယာဖွယ်-ဟူ၍၊ တစုံတခုမျှမရှိချေ။

http://www.dhammadownload.com

ထိုစကား၌၊ထင်ရှားသော ဝတ္ထုသက်သေကား၊ ဤသို့ကည်း။

ရှေးသရောအခါ၊ တဉုးသော (ဝံ) တကောင်သည်၊(ကြွေပင်)အောက်၌ ဝင်ရောက် နားနေစဉ်၊ မိမိကျောပေါ်သို့ (ကြွေ) ကိုင်းခြောက် ကျိုး၍ ကျလာသည်ကို၊ (ကြွေပင်စောင့်ရှက္ခစိုး၊ အငြိုးနှင့် သူပြုသည်) ဟူသော အမှတ်ဖြင့်၊ ရန်ငြိုး ဖွဲ့ပြီးလျှင် (လှည်း) ပြုလုပ်ရန် သစ်သား ရှာဖွေလာသော၊ (ပုဏ္ဏား) လက်သမား တယောက်၏၊ အနီးသို့ ချဉ်းကပ်ပြီးလျှင်၊ (အချင်း-လက်သမား)၊ (လှည်းသံ-လှည်း ဝင်ရိုး၊ လှည်းတံပိုး) ပြုလုပ်ဘို့ရန်၊ အဘိုးတန်၍ အကောင်းဆုံးဖြစ်သော သစ်မျိုးသည်ကား၊ (ကြွေပင်) ခေါ်-သစ်သားမျိုးပင် ဖြစ်သည်ဟု-ပြောဆိုပြီးလျှင်၊ ရုက္ခစိုးနတ်၏ ဘုံဗိမာန် ပျက်စီးအောင်၊(ကြွေပင်) ကိုခုတ်ဖြတ် ဖျက်စီးစေ၏။

ထိုအကြောင်းအရာကို၊ (ကြွေပင်)စောင့် ရုက္ခစိုး နတ်မင်း၊ သိပြန်သော အခါ၊ ထို(လက်သမား)၏ အနီးသို့ ချဉ်းကပ်ပြီးလျှင်၊ (အချင်း-လက်သမား)၊ (လှည်းစည်းကုံး)ပြုလုပ်ဘို့ရန်၊ အဘိုးတန်၍ အခိုင်မာဆုံးဖြစ်သော၊ (သားရေ) မျိုးသည်ကား၊ (ဝံ) ရေပင် ဖြစ်သည်ဟုပြော၍၊ (ဝံ) ကိုသတ်၍၊(ဝံ) ရေကို ယူဆောင်လောဟု၊ ခိုင်းစေပြန်၏။

ထိုအခါ၊ လက်သမားသည်၊ (ဝံ) ကိုသတ်၍၊ (ကြွေပင်) ကိုဖြတ်၍ ယူဆောင်သွားလေဘူးသနည်း။

ဤသို့အားဖြင့်၊ တဉုးနှင့်တဉုး၊အရာဌာနမဟုတ်သည်၌၊ အထင်အမြင် လွဲခြင်းကစ၍ တစ—တစ၊ ဒေါသ—မာန်တက်၊ ရန်ဘက်ကြီး ပြုလုပ်ကြသဖြင့်၊ (ဝံ) နှင့် (ကြွေပင်)စောင့် ရုက္ခစိုး၊ ထိုနှစ်မျိုးတို့သည်၊ ရန်ငြိုးကြီးဖွဲ့၍၊ ဤဘဒ္ဒကပ်-တကပ္ပါပတ်လုံး၊ မဆုံးမခြင်း၊ ရန်ပွဲကြီးကျင်း၍ ထင်လင်းစွာ အစဉ်လိုက်ဘူးသည်သာတည်း—ဟူ၍ [တေရသ] နိပါတ်၊ [ဖန္ဒန] ဇာတ်ကို၊ အကျယ်အားဖြင့် ဟောတော် မူအပ်၏။

[အကျဉ်းချုပ်ဂါထာကား။]

(၈) "သာမဂျမေ-ဝ—သိက္ခေထ၊
ဗုဒ္ဓေဟေ-တံ—ပသံသိတံ။
သာမဂျ-ရတော—ဓမ္မဌော၊
ယောဂက္ခေမာ—နဓံသတိ"။ ။ } တေရသနိပါတ် ဖန္ဒနဇာတ်။

H.244.12 [ဟံသာဝတီမှ]

http://www.dhammadownload.com

(၈) မဟာရာဇာနော၊ အသမ္ဘိန္နေ၊ ခတ္တိယ,ဟု၊ ဝံသ စာရီ၊ သမ္ဘာ-မိလျက်၊သာကီယ-နွယ်ရိုး၊ အမျိုး တင့်လတ်၊ အိုး-မင်းမြတ်တို့။

တုမှော၊ အံ့သင်မင်းမြတ်တို့သည်။သာမဂျမေ-ဝ၊စိတ်တူ-ကိုယ်တူ၊ (မေတ္တာ) ကူ၍၊ ကြည်ဖြူ ညီညွတ်သည်၏ အဖြစ်ကို သာလျှင်။ သိကွေ့ထ၊ ရန်တုံ့ ပယ်လွှင့်၊ (မေတ္တာ) ကူ၍ ကျင့်ကြုံကုန်လော။ ။တံ၊ ထိုသို့ စိတ်တူ-ကိုယ်တူ၊ (မေတ္တာ) ကူ၍၊ ကြည်ဖြူ ညီညွတ်သည်၏ အဖြစ်ကို။ ဗုဒ္ဓဟိ၊ သုံးလူ့ ထွတ်ထား၊ ဘုရား မြတ်စွာ၊ စိန္တေယျာ တို့သည်။ ပသံသိတံ၊ နိဗ္ဗာန် ရောက်ကြောင်း၊ တရား ကောင်းဟု၊ သံဃောင်း-မြွက်ဟ၊ချီးပ-ကျူးရင့် တော်မူအပ်၏။ ။သာမဂျ—ရတော၊စိတ်တူ-ကိုယ်တူ၊ (မေတ္တာ) ကူ၍၊ကြည်ဖြူ ညီညွတ်သည်၏အဖြစ်၌ မွေ့လျော်သော။ဓမ္မဋ္ဌော၊ သုစရိုက် ဆယ်ပါး၊ မြတ်တရား၌၊ ပွါးများတည်နေသော သူသည်။ ယောဂက္ခေမာ၊ ကာမ ယောဂ၊ စသည် လေးတန်၊ ကုန်ရာ မှန်သည့်၊ နိဗ္ဗာန် တရားမြတ်မှ။ နဓံသတိ၊ စည်းလုံး ညီညွတ်၊ (ဓမ္မဝတ်)ကြောင့်၊ မဒ္ဒျတ် ကေန်၊ အမှန် မပျက်စီးနိုင်သည်သာတည်း။

ဤတွင်-ဇာတ်လမ်းတခန်းပြီး၏။

ထိုနောက်တဖန်၊ ဤသို့-ဟောတော်မူပြန်၏။

အိုး-ရေမြေအရှင် ဘုရင်မင်းမြတ်တို့။

တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်သော သူတို့ဟူသည်ကား၊ သူတပါးတို့၏အထံမှ၊တဆင့်စကားကို၊ကြား-သိရတိုင်း၊ယုံကြည်သည် မဖြစ်ရာချေ။

ထိုစကား၌၊ ထင်ရှားသော၀တ္ထု၊ သက်သေကား၊ ဤသို့တည်း။

ရှေးသရောအခါ၊ (ဥသျစ်) ပင်အောက်၌အိပ်နေသော (ယုန်) တကောင်သည်၊ (ဥသျစ်) သီးကြွေ၍ မြေသို့ကျလာသော အသံကိုကြားလျှင်၊ ကြောက်လန့်တကြား၊ အံ့အား သင့်လျက်၊ တွေးချင့် စဉ်းစားခြင်း မရှိမူ၍၊ (ဤကပ္ပါမြေကြီး၊ ပျက်စီးပြိုကွဲပြီ) ဟူသော အမှတ်ဖြင့်၊ မိမိ၏ ရှေ့ရှုဦးတည်ရာ အရပ်သို့ ပြေးသွားပြီးလျှင်၊ မြင်-မြင်သမျှသော သားသတ္တ၀ါတို့ကိုလည်း၊ (အိုး-အချင်းတို့)(ဤကပ္ပါမြေကြီး၊ပျက်စီးပြိုကွဲပြီ)

http://www.dhammadownload.com

တကား၊အရပ်တပါးသို့ ပြေးသွားကြပါလောဟု–ဟစ်အော် ပြောဆို အပ်သော၊ ထို (ယုန်) တကောင်၏ စကားကို၊ ယုံကြည်မိမှားသဖြင့်၊ ယူဇနာ သုံးထောင်၊ မြားမြောင် ပြောကျယ်သော ဟိမဝန္တာတော၊ အလယ်၌၊အခြေလေးချောင်းရှိသောသား-သတ္တဝါအပေါင်းတို့သည်၊မိမိတို့၏ ရှေ့ရှုဦးတည်ရာဖြစ်သော မဟာသမုဒ္ဒရာကြီး အတွင်းသို့၊ အတင်းပြေး ဆင်းကြရန်၊ ခုန်ပြန် ပြေးလွှား၍ သွားလာကြရခြင်း–ဟူသော ဘေးဒုက္ခ အများနှင့်၊ တွေ့-ကြုံ ကြရာတွင်၊ ငါဘုရားသခင် အလောင်း၊ ခြင်္သေ့မင်း မြင်၍ ရှေးက မတ်မတ်၊ တန့်ရပ် ကားဆီးလျက် မေးမြန်းရာတွင်မှ၊ အပြေးရပ်၍ ချမ်းသာသုခ၊ ရကြဘူးသတတ်။

ထို့ကြောင့်၊ မိမိတို့သည်၊ သူတပါးတို့၏ အထံမှ၊ တဆင့်စကားကို၊ ကြားသိရတိုင်း, မယုံကြည်ရာ၊ အခါအခွင့်, သင့်-မသင့်ကို၊ ထောက်ချင့်စဉ်းစား၍၊ အမှားနှင့်အမှန်ကို၊ ဉာဏ်ဖြင့် ဆင်ခြင်ပြီးမှ၊ ယုံကြည်သင့်က၊ ယုံကြည်ရာသည် သာတည်း-ဟူ၍ (စတုက)နိပါတ်၊ (ဒုဒ္ဒဘာယ)ဇာတ်ကို အကျယ်အားဖြင့်၊ ဟောတော်မူအပ်၏။

[အဋ္ဌကထာ–နည်းအားဖြင့်၊(ပထဝိဉ္ဇိယ)ဇာတ်ဟူလို။]

[အကျဉ်းချုပ်ဂါထာကား။]

(ဃ) "အပတ္တာ-ပဒ-ဝိညာဏံ၊
ပရ-ဃောသာ-နုသာရိနော။
ပမာဒ-ပရမာ-ဗာလာ၊
တေ-ဟောန္တိ-ပရံ-ပတ္တိယာ" ။ ။ — စတုကနိပါတ် ဒုဒ္ဒဘာယ ဇာတ်။

(ဃ) ယေ-ဗာလာ၊ အကြင်ပညာနည်းပါး၊အမိုက်သားတို့သည်။ ပဒ-ဝိညာဏံ၊ ကိလေသာ မာရ်၊ကိုယ်တွင်း ရန်ကို၊တွန်းလှန်ဖြိုဖျက်၊ နိုပ်စက် အောင်မြင် တတ်သော(သောတာပတ္တိ)မဂ်ဉာဏ်,အစုသို့။ အပတ္တာ၊ ကိုယ်တိုင်မျက်မှောက်၊ မရောက်ကြကုန်ပူး၍။ ပရ-ဃောသာ-နုသာရိနော၊ တပါးသောသူ၊ လူ,ရှင်အများ၊ ပြောစကား၌၊အားထားယုံကြည်၊ အတည်လိုက်နာ၊ အောက်မေ့လေ့ရှိကြကုန်၏။ ။ပမာဒ-ပရမာ၊ ပညာ မရှိ၊ သတိလွတ်ကင်း၊

http://www.dhammadownload.com

မွေ့လျော်ခြင်းသာလျှင်၊ အတိုင်း အရှည် ရှိကြကုန်၏။ ။တေ-ဗာလာ၊ ထိုပညာနည်းပါး၊ အမိုက်သားတို့သည်။ ပရ-ပတ္တိယာ၊ တပါးသောသူ၊လူ,ရှင်အများ၊ပြောစကား၌၊အားထားယုံကြည်၊ အတည်လိုက်နာ၊ အောက်မေ့လေ့ရှိကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကြကုန်၏။

(c) "ယေန-သီလေန-သမ္ပန္နာ၊
ပညာယုပ-သမေ-ရတာ။
အာရကာ-ဝိရတာ-ဓီရာ၊
နဟောန္တိ-ပရ-ပတ္တိယာ-"။ ။ } စတုကနိပါတ် ပထဝီဥန္ဒြိယ ဇာတ်။

(c). ယေ-ဓီရာ၊ အကြင်လိမ္မာတတ်သိ၊ ပညာရှိပုဂ္ဂိုလ်တို့သည်။ယေန-သီလေန၊ အကြင် ကိုယ်,နှုတ်,နှလုံး၊ သုံးပါးလုံးကို၊ စောင့်သုံးခြင်းဟူသော သီလ,တရားနှင့်။ သမ္ပန္နာ၊မချို့ကုံလုံ၊ ပြည့်စုံကြကုန်၏။ ပညာယ၊အသိ-အလိမ္မာ၊ ဉာဏ်ပညာတရားဖြင့်။ ဥပ-သမေ၊ လောဘ-ဒေါသ၊စသည်ဆယ်ပြာ၊ ကိလေသာ,ခပ်သိမ်း၊ ငြိမ်းစဲခြင်းအလုပ်၌။ရတာ၊ကောင်းစွာနှစ်ခြိုက်၊လုံ့လစိုက်၍၊ ပျော်ပိုက်မွေ့လျော်ကြကုန်၏။အာရကာ၊ အပါယ်လားကြောင်း၊မကောင်းယုတ်မာ၊ ကျင့်မိစ္ဆာမှ၊ ဝေးစွာလွှဲ၍၊ ကြဉဲဖဲကြကုန်၏။ ဝိရတာ၊ ဒုစရိုက်ဝန်ကို၊ မလွန်မကျူး၊ အထူးသဖြင့်၊ ရှောင်ကြဉဲကြကုန်၏။ ဓေ-ဓီရာ၊ထိုလိမ္မာတတ်သိ၊ပညာရှိပုဂ္ဂိုလ်တို့သည်။ပရ-ပတ္တိယာ၊ တပါးသောသူ၊ လူ,ရှင်အများ၊ ပြောစကား၌၊ အားထားယုံကြည်၊ အတည်လိုက်နာ၊ အောက်မေ့လေ့ ရှိကြကုန်သည်။ နဟောန္တိ၊မဖြစ်ကြကုန်။

ဤတွင်-ဇာတ်လမ်းတခက်းပြီး၏။

ထိုနောက်မှတဖန်၊ဤသို့-ဟောတော်မူပြန်၏။

အို-ရေမြေအရှင် ဘုရင်မင်းမြတ်တို့။

တဉူးနှင့်တဉူး ကြူးလွန်လိုသောသဘောဖြင့်၊ဒေါသ-ပြင်းထန်၊ စိတ်မာန်အလိုက်၊ခိုက်ရန်ဖြစ်ကြရခြင်းတို့မည်သည်ကား—[ရံခါရံခါ၊ အား-

http://www.dhammadownload.com

အင်,ဗလ၊ပြည့်ဝကြီးမားသောသူသည်၊အား-အင် မစုံ၊ ကြံလိုချိန်.သော သူအား၊ အနိုင်မရ၍] [ရံခါရံခါ၌မူလည်း၊ အား-အင်,မစုံ၊ ကြံလိုချိန်. သောသူပင်ဖြစ်လျက်၊ သင့်တင့်ညီညွတ်သော အပေါင်းအသင်းကို ရသဖြင့်၊အား-အင်,ဗလ၊ပြည့်ဝ ပွါးစီး၊ ကြီးမားသောသူကို၊အနိုင်ရဘူးလေသတည်း။]

ထိုစကား၌၊ထင်ရှားသော ဝတ္ထုသက်သေကား၊ဤသို့တည်း။

ရှေးသရောအခါ၊ ယူဇနာသုံးထောင်၊ မြားမြောင်ပြောကျယ်သော ဟိမဝန္တာတောအလယ်၌၊ တခုသော(နှံစုတ်)ငှက်မငယ်သည်၊မြတ်စွာဘုရားသျှင် အလောင်း၊ အမှူးရှိသော ရှစ်သောင်းခန့်သော ဆင်တို့၏ လှည့်လည်သွားလာရာ၊လမ်းဖြစ်သော ကခုသော တောအုပ်၌၊ အသိုက်ပြုလျက် သားငယ်ပေါက်ဖွားရှာနေလေ၏။

ထိုအခါဆင်တို့သည်၊ အစားအစာရှာဖွေအံ့သောငှါ၊ ထိုတောအုပ်သို့ရောက်လာသည်မြင်၍၊ထို(နှံစုတ်)ငှက်မငယ်သည်၊မြတ်စွာဘုရားသျှင် အလောင်း၊ဆင်မင်း၏အနီးသို့ချဉ်းကပ်၍၊မိမိ၏သားငယ်ငှက်(ကလေး) တို့ကိုနှင်း၍ မသတ်စေရန်၊တရားနှင့်သင့်လျော်သော အစောင့်အရှောက်ကို တောင်းပန်သဖြင့်၊အသက်ဘေးမှ လွတ်ဧချမ်းသာခွင့်ကို ရလေ၏။

ထိုနောက်မှတဖန်၊ ရောက်လာသော (ဒေဝဒတ်) အလောင်းဖြစ်သော၊ ဆင်၏ အနီးသို့ချဉ်းကပ်၍၊ ရှေးကနည်းတူ၊ ကြည်ဖြူလေးမြတ်စွာ အကြောင်းခံလျက်၊ တောင်းပန် ပြောဆိုပြန်လေ၏။ ။ထိုသို့သာယာညွတ်ပျောင်း၊ စကားကောင်းတို့ဖြင့်၊ ဖြားယောင်း တောင်းပန်ပြောဆို၍ တားမြစ်ပါသော်လည်း၊ကျားသစ် အလား၊စိတ်ထား မျက်မာန်၊ဆိုးဝါး သန်လျက်၊ခက်ထန် ကြမ်းကြုတ်၊တောဆင် ယုတ်သည်၊ နောက်သို့ မဆုတ်မရှားဘဲ၊သားငယ်ငှက်(ကလေး)တို့ကို၊ ဖြဖြင့် နင်းချေ၍ ကျင်လည် ရေဖြင့်၊မျောစေပြီးလျှင်၊(မြည်ဟီး)၍ သွားလေ၏။

ထိုအခါ(နှံစုတ်)ငှက်မ ငယ်သည်၊ မိမိ၏ရင်သွေးဖြစ်သော သားငယ်ငှက်(ကလေး)တို့၏၊သေကြေ ပျက်စီးရှိသည့်အတွက်၊ အမျက်-ဒေါသ၊ခြောင်းခြောင်း-ထ၍၊ တခုသောသစ်ခက်၌ နားပြီးလျှင်၊ ဤသို့စကား ဆို၏။

http://www.dhammadownload.com

(အို....အသင်)ဆင်မင်း။ ၊အသင်သည်ကား၊ (အကျွန်ုပ်၏)သာယာ ညွှတ်ပျော်း၊စကားကောင်းတို့ဖြင့်၊အကြောင်းခံလျက်၊တောင်းပန်ပြောဆိုအပ်သော စကားကို၊ မည်သို့မှ အလေးမပြု၊ ဂရုမစိုက်၊ စိတ်လိုက် မာန်ပါ၊ပြုရက်ခြင်းသည်ကား။

"ကိုယ်အား ထက်-ဥာဏ်အား ထက်မြက်သည်" ဆိုသော စကားကိုမှ၊ မသိ-နားမလည် ယောင်တကား။

(အို....အသင်)ဆင်မင်း။ ။(အသင်)သည်၊ အလုံးစုံသော အမှုအလုပ်မျိုး ဟူသမျှတို့၌ ကိုယ်၏ အား,အစွမ်း သတ္တိဖြင့်ချည်း ပြုလုပ်ပြီးစီးနိုင်သည်မဟုတ်ချေ။

"ကိုယ်၏အား,အစွမ်းသတ္တိမည်သည်ကား၊ ဆိုးယုတ်-စရိုက်၊လူသူမိုက်ကို၊ရိုက်နှက် သတ်ဖြတ်၊ ညှဉ်းဆဲရဘို့ရာသာ ဖြစ်သည်" ဆိုသောစကားကိုမှ၊ မသိ-နားမလည် ယောင်ပါတကား။

(အို....အသင်) ဆင်မင်း။ ။(အသင်)၏ရက်စက်စိမ်းကား၊ ပြုရက်အားသည်ကို၊လားလားမှ စိတ်မကျေ၊ရှိစေဦးတော့အံ့။ ။(အသင်)ဆင်မင်းအား နောက်ထပ် တဖန်၊ အတုံ့ပြန်၍၊ သိစေရန် ကြံစည်ဦးအံ့-ဟု မြွိမ်းခြောက်ပြီးလျှင်၊ (ကျီး)အထံ၌ ခစားလျက်၊သင့်တင့် ညီညွတ်အောင်ပေါင်း၍၊ အကြောင်းကို ပြောဆိုပြီးလျှင်၊ ဆင်၏ မျက်စိကို (နှုတ်သီး)ဖြင့် ထိုး၍ ဖေါက်စေ၏။ ။ထိုအခါဆင်သည်၊ မျက်စိကန်း၍ သွားလှမ်းကိုမျှ၊ မမြင် မသိရဖြစ်လေ၏။

ထိုနောက်မှတဖန်၊ တခုသော(ယင်မဲရိုင်း)အထံ၌ခစားလျက်၊ သင့်တင့်ညီညွတ်အောင်ပေါင်း၍၊ အကြောင်းကိုပြောဆိုပြီးလျှင်၊ (မျက်စိ)၌ပိုး(၃)တို့ကိုချ၍၊ပိုးလောက်တို့ကိုတဖွားဖွားကျစေ၏။ ။ထိုအခါ ဆင်သည်၊ ပိုးလောက်ကိုက်ခဲ၍၊ လိုက်လဲကျင်နာ၊ ဝေဒနာဖြင့်၊ မနေသာထူးကဲ၍၊ လူးလဲမတတ်သော ဆင်းရဲဒုက္ခကို၊ ခံစားရပြန်လေ၏။

ထိုနောက်မှတဖန်၊ တခုသော(ဘား)အထံ၌ခစားလျက်၊သင့်တင့်ညီညွတ်အောင်ပေါင်း၍၊ အကြောင်းကို ပြောဆိုပြီးလျှင်၊ တောင်ထိပ်၌(ရေ)ရှိသည်အဟန်ဖြင့်၊အသံကိုပြုစေ၏။

ထိုနောက်၊ ဆင်သည် (ရေ) ငတ်မွတ်သည်ဖြစ်၍ ရေရှာသွားရာ၊ (ဘား) မြည်သောအသံကိုကြား၍ တောင်ထိပ်သို့ တက်လေ၏။ ။ထို

http://www.dhammadownload.com

နောက်(ဘား)သည်၊ တောင်အောက်သို့တဖန် ပြန်ဆင်းခဲ့၍၊တောင်ကမ်းပါးပြတ်၌ တည်လျက် အသံပြုပြန်၏။ ။ထိုအခါ ဆင်သည်၊ ထိုအရပ်၌ (ရေ)ရှိရာသည်ဟူသော အမှတ်ဖြင့်၊ တောင့်ကမ်းပါး ပြတ်သို့ ရှေးရှုသွားလတ်သော်၊ ခြေချော်၍ တောင်အောက်သို့ လိမ့်ကျသလေ၏။ ။ထိုအခါ (နှံစုတ်) ငှက်မငယ်သည်၊ မိမိရန်သူဖြစ်သော ဆင်၏ သေကြေပျက်စီးခြင်းကိုမြင်၍ ဝမ်းမြောက် ဝမ်းသာ၊ဆင်၏ ကျောပေါ်၌၊ လူးလား သွား၍ အားရ ရွှင်လန်းစွာ နေပြီးနောက်၊ မိမိသည်လည်း၊(ကံ)အားလျော်စွာ ဘဝခြားကြလေဘူးသတည်း။

ထို့ကြောင့် အသင်မင်းမြတ်တို့သည်၊တဉူးနှင့်တဉူး မထေမဲ့မြင်ပြု၍၊ ခိုက်ရန်ဖြစ်ပွါးကြူးလွန်ခြင်း ဒေါသ·တရားကို၊ ပယ်ရှားကြကုန်ရာ၏—ဟူ၍ ညွှန်ပြတော်မူခြင်း အကျိုးငှါ၊ (ပဉ္စကနိပါတ်-လဋုကိက)ဇာတ်ကို၊အကျယ်အားဖြင့်ဟောတော်မူအပ်၏။

[အကျဉ်းချုပ်ဂါထာကား။]

(စ) "ကာကဉ္စ—ပဿ—လဋုကိကံ၊
မဏ္ဍူကံ-နီလ-မက္ခိကံ။
ဧတေ-နာဂံ-အဃာတေသုံ၊
ပဿ—ဝေရဿ—ဝေရိနော။ ။
တဿဟိ—ဝေရံ-နကယိရာထ၊
အပိယေနပိ—ကေနစိ"။

ပဉ္စကနိပါတ် လဋုကိက ဇာတ်။

(စ) ကာကဉ္စ၊ "ကျီး" ငှက်ကိုဂုဏ်း၊ လဋုကိကဉ္စ၊ "နှံစုတ်" ငှက်မငယ်ကိုဂုဏ်း။ မဏ္ဍူကဉ္စ၊"ဘား"ကိုဂုဏ်း။နီလ-မက္ခိကဉ္စ၊ယင်မ မဲရိုင်း"ကိုဂုဏ်း။ ပဿ၊ သတိပြု၍၊ ကြည့်ရှုပါလော။ ။ဧတေ၊ထိုလေးဥူးသားတို့သည်။ နာဂံ၊ ကြမ်းကြုတ်ခက်ထန်၊ ဆိုးဝါးသန်လျက်၊ ရန်သူသဘော၊ မာန်မူဇောဖြင့်၊ မနောတွင်နှိုင်း၊ တောဆင်ရိုင်းကို။ အဃာတေသုံ၊ မျက်စိကန်း၍၊ သွားလမ်းမထင်၊ တောင်မြေလျှဉ်မှ၊ လိမ့်စင်ကျရောက်၊ သေစေကုန်ပြီ။ ။

http://www.dhammadownload.com

ဝေရိနော၊ငြိုးထားမာန်မူ၊ စိတ်ငြူစူလျက်၊ ရန်သူပုဂ္ဂိုလ်၏။ ဝေရဿ၊ ရန်–ကို။ပဿ၊သတိပြု၍၊ကြည့်ရှုပါလော။

တသ္မာဟိ၊(တသ္မာဝေ)၊ ထို့ကြောင့်သာလျှင်။ အပိယေနပိ၊ (မေတ္တာ)မပွါး၊ ဒေါသ–အားဖြင့်၊ ပြစ်မှားစွန့်ပစ်၊ မချစ်အပ် သည်လည်းဖြစ်သော။ ကေနစိ၊ ကြီး-ငယ်-မဟူ၊ နှိုင်းစာယူ၍၊ မည်သူတစုံတယောက်နှင့်မျှ။ ဝေရံ၊ ငြိုးထားမာန်မူ၊ စိတ်ငြူစူ၍၊ ရန်သူသဘောကို။နကရိယာထ၊ အသစ်တခု၊ အပြစ်ရှု၍၊ မပွါးကြကုန်ရာ။

ဤသို့အားဖြင့်၊ တဘက်နှင့်တဘက်၊ အမျက်ဖြေသိမ်း၊ စိတ်ကို ထိန်း၍၊ရန်ငြိမ်းကြစေခြင်းအကျိုးငှါ၊ရှေးရှေးသောဘဝသံသရာ၊ ခန္ဓာအစဉ်၌၊ ကျင်လည်ရာအဆက်မပြတ်ဘဲ၊ စက်ရဟတ်–ချား အသွင်ကဲ့သို့၊ အကြား-မထင်၊ စုန်ကာ-ဆန်ကာဖြင့်၊ခုန်ကာ-ပျံကာ၊ တပြောင်း-ပြန်ပြန်နှင့်၊ အကြောင်းတဖန် ထပ်ခါထပ်ခါ–အသစ်ဆက်၍၊ ဖြစ်ပျက် တွေ့ကြုံခဲ့ရဘူးသော အတိတ်ဇာတ်ကြောင်း၊ထုံးဟောင်းဝတ္ထုသက်သေတို့ကိုတင်ပြ၍၊အကျယ် အားဖြင့် ဟောတော်မူအပ်၏။

ဤတွင်-ဇာတ်လမ်းတခန်းပြီး၏။

ထို နောက်မှတဖန်၊ဤသို့-ဟောတော်မူပြန်၏။

အို–ရေမြေအရှင် ဘုရင်မင်းမြတ်တို့။

တဥုံးနှင့်တဥုံး၊ ချစ်ခင်ရင်းနှီးသော(မေတ္တာ)ဖြင့်၊ ကူးလူးဆက်ဆံ၍၊ အချင်းချင်း ပေါင်းသင်း ညီညွတ်ခြင်းတို့ မည်သည်ကား၊ လောကီ လောကုတ္တရာ၊ နှစ်ဖြာသောအဘို့တို့၌၊ တိုးတက်ကြီးပွါးနိုင်ကြောင်း၊ နည်းကောင်း,နည်းမှန် အစစ်ဖြစ်၍၊လွန်စွာမှ အကျိုးကျေးဇူးများလှချေ၏။

ထိုသို့သင့်တင့်ညီညွတ်ခြင်းရှိသောသူတို့အား၊ မည်သည့်ရန်သူပုဂ္ဂိုလ် တဥုံးတယောက်မှ၊ကပ်ရောက်နှိပ်စက် ညှဉ်းဆဲခွင့်ကို မရနိုင်ချေ။ ။ထို သို့သင့်တင့် ညီညွတ်ခြင်းတို့မည်သည်လည်း၊သက်ရှိဖြစ်သော အရာဝတ္ထုတို့

http://www.dhammadownload.com

၏ ပေါင်းသင်းညီညွတ်ခြင်းကို၊ချန်ထားဘိဦး။ ။ဟိမဝန္တာ၊မဟာ ဂန္ဓိ၊ စုံမြှိုင်ရိပ်ဆီး၊ တောကြီး တောင့်ကြီးအတွင်း၌၊ အလိုအလျောက် ပေါက်ရောက်ဖြစ်ပွါး၍နေသော၊သက်မဲ့ဖြစ်သောသစ်ပင်ကြီး-ငယ်၊ချုံ-နွယ်စသည်တို့၏၊ မိုတွယ်ညီညွတ်ခြင်းကိုပင်၊ မုန်တိုင်းလေပြင်းတို့သည်၊တိုးဝှေ့ တိုက်ခိုက်ခြင်းဖြင့်၊ညှဉ်းဆဲ နှိပ်စက်ခွင့်ကို မရနိုင်ချေ။

ထိုသို့မှ သင့်တင့် ညီညွတ်ခြင်း မရှိဖြစ်ခဲ့မူ၊ မည်၍ မည်မျှ အားရှိ၍၊ မလှုပ်မယိုင်၊ကျောက်စာတိုင်သို့၊ ကြံခိုင်တည့်မတ်သော၊ သက်ရှိ-သက်မဲ့ဖြစ်သော၊ အရာဝတ္ထုမျိုးတို့ပင်ဖြစ်စေ၊ သူတပါးတို့၏၊ နှိပ်စက် ညှဉ်းဆဲခြင်းနှင့် တွေ့ကြုံရ၍၊အကျိုးမဲ့ ပျက်စီးကြရသည်သာတည်း-ဟူ၍(ကေနိုပါတ်) (ရုက္ခဓမ္မ)ဇာတ်ကို၊ အကျယ်အားဖြင့် ဟောတော်မူအပ်၏။

(အကျဉ်းချုပ်ဂါထာကား။)

(စ) "သာဓု-သမ္မဟုလာ-ဉာတီ၊
အပိ-ရုက္ခာ-အရညဇာ။
ဝါတော-ဝဟတိ-ကေဠံ၊
ဖြဟန္တိ-ဝန-ပ္ပတိ"။ ။ } ကေနိုပါတ် ရုက္ခဓမ္မဇာတ်။

(စ) ဉာတီ၊ဘ-မိ နွယ်ရိုး၊ ဆွေမျိုး-သားချင်းတို့သည်။ သမ္မဟုလာ၊ အရေ အတွက်အားဖြင့်၊များပြားညီညွတ်ကြကုန်မူကား။ သာဓု၊ ဘေးရန် နှိပ်စက်၊ ခဲ အခက်ကို၊ ခွဲဖျက် နိုင်ကြောင်း၊ ကောင်းမြတ်ကုန်သည်သာလျှင်တည်း။ ။အရညဇာ၊ ဝန်းကျင် ထိုထို၊ တောမြိုင် ညိုဒ္ဒ၊ အလို အလျောက်၊ ပေါက်ရောက်ကြကုန်သော။ ရုက္ခာ-အပိ၊ သစ်ပင် ကြီး-ငယ်တို့သည်လည်း။ သမ္မဟုလာ၊အရေ အတွက်အားဖြင့်၊ များပြား ညီညွတ်ကြကုန်မူကား။ သာဓု၊ ဘေးရန် နှိပ်စက်၊ခဲ အခက်ကို၊ ခွဲဖျက် နိုင်ကြောင်း၊ ကောင်းမြတ်ကုန်သည်သာလျှင်တည်း။ ။ကေဠံ၊ ပင်,ဖော်-မမှီး၊ ကွင်းပြင်ကြီး၌၊တပင်,တည်းသာ ပေါက်ရောက် တည်နေသော။ဖြဟန္တိ၊ ပင်စည်-ကိုင်းခက်၊ ထွားကြိုင်း လျက်ဖြင့်၊ မြင့်တက် ပွါးစီး၊ ကြီးမား သည်လည်း ဖြစ်သော။ ဝန-ပ္ပတိ၊ စိမ်း မြ-လွင်လွင်၊

http://www.dhammadownload.com

ရွက်ပေါင်း ဆင်လျက်၊ ပင်စည် ပွါးစီး၊ တော သစ်ပင်ကြီးကို။ ဝါတော၊ လေပြင်းလေရိုင်း၊ လေမုန်တိုင်းသည်။ ဝဟတိ၊ပင်စည် ကိုင်းခက်၊ ထွားကြိုင်း လျက်လည်း၊ ချိုးဖျက် နှိပ်စက်နိုင်သည် သာလျှင်တည်း။

ဤတွင်-ဇာတ်လမ်း တခဏ်းပြီး၏။

ထိုနောက်မှတဖန်၊ ဤသို့-ဟောတော်မူပြန်၏။

အို-ရေမြေအရှင် ဘုရင်မင်းမြတ်တို့။

တဉုးနှင့်တဉုး၊ ချစ်ခင် ရင်းနှီးသော (မေတ္တာ)ဖြင့်၊ ကူးလူး ဆက်ဆံ၍၊ အချင်းချင်း ပေါင်းသင်း ညီညွတ်ခြင်း ရှိသော သူတို့အား၊ တစုံတယောက်သောသူမှ၊ ကပ်ရောက် နှိပ်စက် ညှဉ်းဆဲဘို့ရန်လမ်းပေါက် အရေးအခွင့်ကို မရနိုင်ချေ။

ယင်းသို့ တဉုးနှင့်တဉုး၊ချစ်ခင် ရင်းနှီးသော (မေတ္တာ) ဖြင့်၊ ကူးလူး ဆက်ဆံခြင်း မရှိမူ၍၊စိတ်ဝမ်း ကွဲပြား၊ အမျက်ပွါး ကြသော သူတို့အား သာလျှင်၊ ရန်သူ တို့သည် ကပ်ရောက် နှိပ်စက် ညှဉ်းဆဲ ဘို့ရန်၊ လမ်းပေါက် အရေးအခွင့်ကို ရနိုင်လေသည်။

ထိုစကား၌၊ ထင်ရှားသော ဝတ္ထုသက်သေကား၊ ဤသို့တည်း။

ရှေးသရေးအခါ၊ တခုသော တောအုပ်၌ (ငုံး) ငှက်အပေါင်းတို့ သည်၊ အစဉ်သဖြင့်၊ နေထိုင်ကြကုန်ရာ၊ တဉုးနှင့်တဉုး၊ ချစ်ခင် ရင်းနှီးသော(မေတ္တာ)ဖြင့်၊ကူးလူး ဆက်ဆံ၍၊သင့်တင့် ညီညွတ်ခြင်း ရှိစဉ်ကမူ၊ (မုဆိုး) လက်နက်၊ (ပိုက်ကွန်-ရက်) အတွင်း၌ ကျရောက်၍နေကြရကုန်သော်လည်း၊ ကိုယ်စီ-ကိုယ်စီ၊ အညီအညွတ်၊ မိမိတို့၏ အား-အင် အလိုက်၊ လုံ့လ စိုက်လျက်၊ (ပိုက်ကွန်) ကို ရုန်း၍ ထွက်ပြေးကြသဖြင့်၊ အသက်ဘေးမှ၊ လွတ်ဧ ချမ်းသာခွင့်ကို ရကြကုန်၏။

နောက်ဆုံးတကြိမ်၊ (ပိုက်ကွန်) ဖြင့် ဖမ်းမိပြန်သောအခါ၌မူ၊တဉုးနှင့်တဉုး၊ ချစ်ခင် ရင်းနှီးသော (မေတ္တာ) ဖြင့်၊ ကူးလူး ဆက်ဆံခြင်းတရား၊ နည်းပါး၍၊ မသင့်တင့်, မညီညွတ် ဖြစ်ကြသဖြင့်၊တဉုးနှင့် တဉုး၊

http://www.dhammadownload.com

(သူ,နာသည်၊ ငါ,နာသည်၊ သူ,သာသည်၊ ငါ,သာသည်) စသည်ဖြင့်၊ ခိုင်းနှိုင်းခိုကပ်၍၊ (ပိုက်ကွန်) အားလုံးကို၊မရှုန်းဘဲနေကြရကား၊ မုဆိုးလက်နက် (ပိုက်ကွန်-ရက်) အတွင်းမှ၊ မလွတ်ထွက်နိုင်ကြဘဲ၊ ထို(မုဆိုး) လက်နက်၊ (ပိုက်ကွန်-ရက်) အတွင်း၌ပင်၊ အသက်ဆုံးအောင်၊ ပြုန်းတီးပျက်စီးကြရဘူးသည်သာတည်း—ဟူ၍ (ကေနိပါတ်) (သမ္မောဒမာန) ဇာတ်ကို၊အကျယ်အားဖြင့် ဟောတော်မူအပ်၏။

[အဋ္ဌကထာ-နည်းအားဖြင့်၊ (ဝဋ္ဋက)ဇာတ်ဟူလို။]

(အကျဉ်းချုပ်ဂါထာကား။)

(၈) "သမ္မောဒမာနာ--ဂစ္ဆန္တိ၊
ဇာလ—မာဒါယ—ပက္ခိနော။
ယဒါ--တေ-ဝိ-ဝဒိသန္တိ၊
တဒါ—ဟိန္တိ-မေ—ဝသံ"။ ။ } ကေနိပါတ် သမ္မောဒမာန-ဇာတ်။

(၉) ပက္ခိနော၊(ငုံး-ငှက်)တို့သည်။ သမ္မောဒမာနာ၊စိတ်တူ-ကိုယ်တူ၊ (မေတ္တာ)ကူ၍၊ကြည်ဖြူ ညီညွတ် ကြကုန်သည် ဖြစ်၍ သာလျှင်။ ဇာလံ၊(မုဆိုး)လက်နက်၊(ပိုက်ကွန်-ရက်)ကို။အာဒါယ၊ကိုယ်စီ-ကိုယ်စီ၊ ထမ်းဆောင် ချီလျက်၊ညီညွတ် စည်းလုံး၊အားကုန်ရုန်း၍။ ဂစ္ဆန္တိ၊(ပိုက်ကွန်)ကိုထမ်း၊ ကောင်းကင် လမ်းဖြင့်၊ကြီးပမ်းပျံသန်းသွားကြလေကုန်၏။ ။ယဒါ၊ အကြင်အခါ၌။ တေ၊ ထို(ငုံး-ငှက်)တို့သည်။ ဝိ-ဝဒိသန္တိ၊ စည်းလုံးပျက်ပြား၊ (မေတ္တာ)ပါး၍၊စကားငြင်းခုံ၊ပြောဆိုကြရကုန်လတ္တံ့။ ။တဒါ၊ ထိုအခါ၌။ မေ၊ငါ၏။ဝသံ၊အလို နှင်ဆံ၊စိတ်အကြိုက်ပြုရာသို့။ ဟိန္တိ၊မှုန့် ကေန်၊ အမှုန်ရောက်ကြရကုန်လတ္တံ့။

ဤတွင်—ဇာတ်လမ်းတခက်းပြီး၏။

ဤသို့အားဖြင့်၊ငါးခုသော ဇာတ် ဝတ္ထုတို့ကို၊ ဟောတော်မူပြီးသည်၏ အဆုံး၌၊မိမိတို့-ကိုယ်ကို၊မိမိတို့ ဆုံးမဩဝါဒစေခြင်းငှါ၊ (**အတ္တာနံ**) သုတ်ကို ဟောကြော်မူအပ်၏။ ။(ဤအရာ၌ ထို (**အတ္တာနံ**) သုတ်ကိုချွင်းချန်ခဲ့ပေအံ့။)

http://www.dhammadownload.com

ထိုအခါ၊ နှစ်ဥုံးနှစ်ဘက်သော မင်းမျိုးတို့သည်၊ သုံးလူ့ ထွတ်တင်၊ မြတ်စွာဘုရားသျှင်၌၊ကြည်လင်-သဒ္ဓါ၊ဝမ်းသာ ရွှင်ပျို့၊နှစ်လိုသော စိတ်ရှိကြကုန်သည်ဖြစ်၍၊ ဟုတ်မှန်တိုင်းသော သဘောအားဖြင့်၊ စဉ်းစားဆင်ခြင်ကြကုန်၏။

အို….အချင်း မိတ်ဆွေတို့–

ဘုန်းခြောက်ပါးရှင်၊ မြတ်စွာဘုရားသခင်သည်၊ ဤစစ်တလင်း, စစ်မြေပြင်သို့၊ အကယ်၍သာ, မကြွလာသည် ဖြစ်ခဲ့မူ၊ (အသင်)တို့၊ (အကျွန်ုပ်)တို့သည်၊တဥုံးနှင့် တဥုံး၊အကြွေး အလွန် နှိပ်စက်သတ်ဖြတ်ညှဉ်းဆဲကြ၍၊ (သွေး)တည်းဟူသော(ရေ)အလျဉ်ကို၊ တသွင်သွင် စီးစေကုန်အံ့။

(အသင်)တို့-(အကျွန်ုပ်)တို့၏၊ချစ်လှစွာသော သား,မယား၊နှင့်၊ညီသား-အစ်ကို၊ ထိုထို သို့သော ဆွေမျိုး သားချင်း တို့ကိုလည်း၊ အိမ်တံခါးဝ၌ မတွေ့ကြရ၊ မမြင်ကြရကုန်လတ္တံ့။

အယုတ်ဆုံးအားဖြင့်၊ သတင်းစကား၊ ကြားသိဘို့အရေး၊ စာပေးစာယူပြုလုပ်ဆောင်ရွက်မည့်သူမျှ၊ မရှိသည်ဖြစ်ကုန်လတ္တံ့။

ယခုအခါမူကား၊ ဘုန်းခြောက်ပါးရှင်၊ မြတ်စွာဘုရားသခင်ကို၊အမှီပြု၍၊ သေကြေ ပျက်စီးရအံ့သော အသက်ဘေးမှ၊ လွတ်ချေမ်းသာခွင့်ကို ရအပ်ပေ၏။

ဤသို့မှ အကျိုးကျေးဇူး၊ဂုဏ်အထူးတို့ကြောင့်၊ ကြည်နူး ဦးညွတ်ရာဖြစ်သော သုံးလူ့ ဥသျှောင်၊ ငါး-မာရ် အောင်သည့်၊ ဘုန်းခေါင်ထွတ်ထား၊ ဘုရားမြတ်စွာ၊ စိန္တာယျာသည်၊ အိမ ဂေဟာ-တည်ထောင်၍၊ ဤလူ့ဘောင် လောက၌၊ အကယ်၍, ဆောင်ရွက်နေထိုင်ခဲ့မူ၊ ကျွန်းငယ်နှစ်ထောင်၊မြေးမြောင်သော အခြံအရံရှိသော ကျွန်းကြီး လေးကျွန်း၌၊ ပေါ်ထွန်းထင်ရှားစွာသော(စကြဝဠတေး)မင်းအဖြစ်ကိုရ၍၊အထောင်မကသော ထီးညွှန့် နန်းလျာ၊ သီးချာ ရင်နှစ်၊ သားရင်း စစ်တို့သည်၊ ရှိသည်ဖြစ်ကုန်ရာ၏။

ထိုအခါ၊ မင်းမျိုး မင်းနွယ်တို့ဖြင့်၊ ခြံရံအပ်သည်ဖြစ်၍သာလျှင်၊ ထိုထိုစခန်း၊ကြွမြန်းလှည့်လည်ရာ၏။

http://www.dhammadownload.com

ဤယခုအခါ၌မူကား။ ။(ယသော်-ဓရာ)ဒေဝီ၊ မဟေသီ-ဟူ၊ ဇေ့ရှေညီ-ဥက္ကင်္ဒ၊ဆင်းနံတ်-ကလျာ၊ တောင်ညာ-နန်းစံ အမှူးရှိသော မောင်းမမိသံ၊ ခြွေရံ သင်းပင်းတို့နှင့်တကွ၊ ရမ္မ,သုဘ, သုယံာမ, ဟူသောဇွဲဘုံရိပ်ငြိမ်၊ နန်းစည်းစိမ်၌၊ ကပ်လိမ်း ငြိတွယ်ခြင်းမရှိမူ၍၊ စွန့်ပယ်လျက် တောထွက်ကော်မူလာသဖြင့်၊ သုံးလူ့ သေဋ္ဌနင်း၊ တုဘက်ကင်းသည့်၊ တရားမင်း အဖြစ်သို့၊ ထင်လင်းစွာ ရောက်တော်မူလာပြီ ဖြစ်ရကား၊ အသမ္ဘိန္နေ၊ခတ္တိယ-ဟု၊ဝံသ-စာရီ၊သမ္ဘာ-မိုလျက်၊ (သာကီယ) နွယ်ရိုး၊ ကြွင်နန်းစိုးသည့်၊ ဘေးဘိုးမှ သက်ဆင်းသော၊မင်းမျိုးမင်းနွယ် အခြံအရံရှိသည်ဖြစ်၍ သာလျှင်၊ ထိုထို စခန်း၊ ကွမြန်း လှည့်လည်သင့်ပေ၏-တကား-ဟု၊ စိတ်ထားရည်စူး၊ ကြည်နူးကြိုရွှဲယ်ကြကုန်သာဖြစ်၍၊ ထိုနှစ်ဘက်သော မင်းမျိုးတို့သည်၊(နှစ်ရာ့ ငါးဆယ်စီ-နှစ်ရာ့ ငါးဆယ်စီ၊) အညီအမျှသော မင်းသားငယ်တို့ကို၊ မြတ်စွာဘုရားသျှင်၏ အထံရင်း၌၊ အပ်နှင်းကြကုန်၏။

မြတ်စွာဘုရားသျှင်သည်လည်း၊ထိုမင်းသားငယ်ငါးရာတို့ကို၊သာသနာတော်အတွင်း၌၊ ရှင်,ရဟန်း ပြုတော်မူ၍၊ ပန်းမျိုးရနံ့၊ သင်းပျံမွှေးကြိုင်၊ တောလုံးလိုင်လျက်၊ စုံမြိုင် ရဂုံ၊ (မဟာဝုန်) ဟု၊ ခေါ်ပုံ မည်သီး၊ တောအုပ်ကြီးသို့၊ ခရီးတဖန်, ဆန့်တန်း၍၊ကြွမြန်းတော်မူ၏။

[ဤအရာ၌ ထိုမင်းသားငယ် ငါးရာတို့သည်၊သာသနာတော်၌ (သဒ္ဓါ)ကြည်ညို၍၊ ရဟန်းပြုကြကုန်သည် မဟုတ်ကုန်။ ။မိမိတို့ရန်ဖြစ်ကြသည်ကို၊ ဖြေဖြန်တော်မူသဖြင့်၊ မြတ်စွာဘုရားသျှင်၌ ကျေးဇူးတင်၍အရိုအသေပြုသော အထိမ်းအမှတ်ဖြင့်သာ၊ရဟန်းပြုကြကုန်သည်။ ။ဤသည်ကား၊ အဋ္ဌကထာနည်းအရ၊ အမှာစကားတည်း။]

ထိုအခါ၊ ရဟန်းပြုသစ်စ, ဖြစ်သော ထိုမင်းသားငယ် ငါးရာတို့သည်၊ ကာမ ဘောဂီ၊ဇော-ဝသီဖြင့်၊လောကီ အလေ့ကို၊အောက်မေ့ခြင်း ဖြစ်ကြရကား၊ သာသနာတော်၌ မပျော်မွေ့ဘဲ၊ ငြီးငွေ့ခြင်းသည်ဖြစ်ကြကုန်၏။ ။ထိုရဟန်းငါးရာတို့၏၊ ချစ်ခင် ရင်းနှီး၊ဇနီးကြင်ယာဖြစ်သော အိမ်နေသူတို့ကလည်း၊ အကြောင်းကြောင်းတို့ဖြင့် ဖြားယောင်း ပြောဆို၍၊

http://www.dhammadownload.com

လူထွက်ကြစေရန်၊ (အောင်-တမန်)တို့ဖြင့်၊ အတန်တန်နှုတ်ခွန်းဆဲက်ကြ ရကား၊ ရှေးအခါထက်ပင်၊ ပျင်းရိငြီးငွေ့၊ မပျော်မွေ့သောစိတ်တို့သည်၊ အဆိပ်တက်သကဲ့သို့၊ တဖျဉ်းဖျဉ်း ဖြစ်ပေါ်လာကုန်၏။

ထိုအခါ၊ ဘုန်းခြောက်ပါးရှင်၊မြတ်စွာဘုရားသခင်သည်၊ဆင်ခြင်တော် မူလတ်သော်၊ဤရဟန်းတို့သည်၊ငါဘုရားသျှင်နှင့်၊ အတူတကွ,နေကြရစဉ် လျက်၊ ပျင်းရိဆန့်ကျင် ကြကုန်ဘိ၏။ ။ထိုရဟန်းတို့အား၊ ငါး,လိပ်-မကာရိုး,စသော ရေနေသတ္တဝါမျိုးစုံ။ ။ငုံးငှက်,စသောကုန်းနေသတ္တဝါ မျိုးစုံ။ ။သစ်ပင် ကြီးငယ် မျိုးစုံ။ ။အဖူး-အဥံတို့နှင့်တကွ၊ ပန်းချို-ပန်း-နွယ်၊အသွယ်သွယ်တို့ဖြင့်၊ ဆန်းကြယ် တင့်တယ်၍ ပျော်မွေ့ဘွယ်ကောင်း သော (**ကုဏာလ**)ရေအိုင်ကိုပြု၍၊ မပျော်မွေ့သည်၊ငြီးငွေ့ခြင်းမှ၊ကင်း ဆိတ် ပျောက်စေတော့အံ့ဟုကြံ၍၊(**ကုဏာလ**)ရေအိုင်၏ ဂုဏ်ကျေးဇူး ကို၊ ချီးကျူးမိန့်ဆိုတော်မူ၏။ ။ထိုအခါ၊ ရဟန်းငါးရာတို့၌ ပျင်းရိငြီးငွေ့ သောစိတ်သည်၊ ကင်းဆိတ်ပျောက်ကွယ်၍ (**ကုဏာလ**) ရေအိုင်သို့ သွားရောက်ကြည့်ရှုလိုသော စိတ်ဆန္ဒတို့သည်သာ၊များစွာဖြစ်ပေါ်၍လာ ကြကုန်၏။

ထိုအခါ၊အို....ငါ၏ချစ်သား၊ရဟန်းများတို့-

အသင်တို့သည်၊(**ကုဏာလ**)ရေအိုင်သို့ သွားရောက်ကြည့်ရှုလိုကြ ကုန်သလော-ဟု-မေးမြန်းတော်မူ၏။

ဘုန်းခြောက်ပါးသခင်၊ အသျှင်ဘုရား။ ။အကျွန်ုပ်တို့သည်၊ ထို (**ကုဏာလ**) ရေအိုင်သို့ သွားရောက် ကြည့်ရှု လိုကြပါသည်ဟု-လျှောက်ကြကုန်၏။

ထိုသို့ (သင်)ချစ်သားတို့ သွားရောက် ကြည့်ရှုကြကုန်သည် ဖြစ်ဘိ မူကား။ (လာကြကုန်လော့, သွားကြကုန်အံ့)ဟု၊ မိန့်ဆိုတော်မူလတ် သော်၊ ဘုန်းခြောက်ပါးသခင်၊ အသျှင်ဘုရား။ ။အဘိညာဉ်မျိုး၊ တန်းခိုးဂုဏ်နှင့် ပြည့်စုံသောသူတို့၏သာ၊ သွားရောက်ရာဖြစ်သော ထို (**ကုဏာလ**)ရေအိုင်ရှိရာအရပ်သို့၊ အကျွန်ုပ်တို့သည်၊ အဘယ်သို့ လျှင် သွားရောက်နိုင်ပါအံ့နည်း-ဟု၊ လျှောက်ကြပြန်ကုန်၏။

http://www.dhammadownload.com

ထိုအခါ၊ အိုး....ငါ၏ချစ်သား၊ ရဟန်းများတို့—

(အသင်)တို့သည်၊ထို(**ကဏ္ဍာလ**)ရေအိုင်သို့ သွားရောက် ကြည့်ရှုလိုသော စိတ်ဆန္ဒများကိုသာ ဖြစ်ကြစေကုန်လော့၊ ငါဘုရားသျှင်သည်၊ ငါ၏အာနုဘော်၊ တန်းခိုးတော်အားဖြင့်၊ ခေါ်ဆောင်၍သွားအံ့ဟု—မိန့်တော်မူ၏။

ထိုအခါ၊ ရဟန်းတို့သည်(ကောင်းမြတ်လှပါပြီဘုရား)ဟု၊ လျှောက်ထား၀န်ခံကြကုန်သည်ရှိသော်၊ ဘုန်းခြောက်ပါးရှင်၊ မြတ်စွာဘုရားသခင်သည်၊ ရဟန်းငါးရာတို့ကို ခေါ်ဆောင်၍ အဘိညာဉ်ချာန်ဖြင့်၊ ဂင်္ဂါကင်ယံသို့၊ တက်ကြွ သွားတော်မူပြီးလျှင်၊ ထို(**ကဏ္ဍာလ**)ရေအိုင်၌ သက်ဆင်းတော်မူ၍၊ ဤသို့-စကား၊ မိန့်ကြားတော်မူ၏။

အိုး....ငါ၏ ချစ်သား၊ ရဟန်းများတို့—

ဤ(**ကဏ္ဍာလ**)ရေအိုင်၌၊ (သင်) ချစ်သားတို့၊မသိရဘူး, မမြင်ရဘူး၊ ထူးဆန်းများပြားသော ငါး,လိပ်,စသောသတ္တ၀ါ အမျိုးမျိုးတို့၏ အမျိုး အမည် အလုံးစုံကို၊ အကုန်အစင် မေးမြန်းကြကုန်လော့--ဟု၊ မိန့်တော်မူ၏။

ရဟန်းတို့သည်လည်း၊မေးလျှောက်ကြကုန်၏။ ။မြတ်စွာဘုရားသျှင်သည်လည်း၊ မေးတိုင်း,မေးတိုင်းသော ရဟန်းတို့၏ စကားကို၊ ဖြေကြားတော်မူ၏။ ။ရဟန်းတို့သည်၊ ငါး,လိပ်,စသည်တို့၏ အမျိုးအမည်တို့ကိုသာ မေးမြန်းကြသည် မဟုတ်ကုန်။ ။ထိုတော်အပ်၌ ရှိသမျှသော ပန်း-သစ်ပင်အမျိုးမျိုးတို့၏ အမည်တို့ကိုလည်း, ချုံပိတ်ပေါင်း၌၊ အိပ်အောင်းပျော်နေသော သား-ငှက်အမျိုးမျိုးတို့၏ အမည်တို့ကိုလည်း မေးလျှောက်ကြကုန်၏။ ။မြတ်စွာဘုရားသျှင် သည်လည်း၊ မေးတိုင်း, မေးတိုင်းသော ရဟန်းတို့၏ စကားကိုပင်၊ အစဉ်သဖြင့်၊ ဖြေကြားတော်မူ၏။

ထိုအခိုက်အတန့်၌၊ ငှက် နှစ်ကောင်တို့သည်၊ တခုသော တုတ်ဟံ၏ အဖျားနှစ်ဘက်ကို၊ တဘက်တကောင်စီ၊နှုတ်သီးဖြင့်ကိုက်မျိုချ၍(အလယ်)တည့်တည့်၌မူ၊(**ဥဩ**)ငှက်မင်းကို၊ထိုင်စေပြီးလျှင်၊ရှေ့,နောက်, ဘယာ၊

http://www.dhammadownload.com

ငှက်များစွာတို့ဖြင့် ခြံရံလျက်၊ ပျံသန်း၍ လာသည်ကို၊ ရဟန်းတို့မြင်၍ အလွန်မှအံ့ဩသော အမူအရာဖြင့်၊ ဤတုတ်တံ (အလယ်) တည့်တည့်၌ ထိုင်နေသော ငှက်သည်ကား၊ ဤငှက်အပေါင်းတို့၏ အကြီးအမှူး၊ ဦးစီးခေါင်းဆောင် မင်းဖြစ်ဟန်ရှိ၏။ ။ထိုငှက်မင်း၏ နံဘေးနှစ်ဘက်၌ တုတ်တံကို ကိုက်ချီလျက်၊အညီအညာ၊ ပါလာသော ငှက်နှစ်ကောင်နှင့်တကွ၊ ဤငှက် အပေါင်းတို့သည်ကား၊ အခြံအရံမျှဖြစ်ဟန်ရှိ၏ဟု—ပြောဆိုကြကုန်၏။

ထိုအခါ၊ အိုး....ငါ၏ချစ်သား၊ ရဟန်းများတို့—

(အသင်) တို့၊ ထင်မှတ်ပြောဆိုကြသည့်အတိုင်း၊ ဟုတ်မှန်ပေ၏၊ ဤငှက်တို့၏ အမျိုး-အနွယ်သည်ကား၊ရှည်လျားလှစွာသောသံသရာက၊ ငါဘုရားသျှင်၏ အမျိုး- အနွယ်ဖြစ်သည်။ ။ငါဘုရားသျှင်၏ အစဉ်အလာ,ဖြစ်သည်။ ။ငါဘုရားသျှင်သည်လည်း ဤ(**၉သြ**)ငှက်အမျိုးဌ ဖြစ်ခဲ့ရဘူးသည်-ဟု၊ သာယာချီမြှိန့်၊ မိန့်ဆိုတော်မူလတ်သော်။

ဘုန်းခြောက်ပါးသခင်၊အသျှင်မြတ်ဘုရား။ ။(အကျွန်ုပ်)တို့သည်၊ ယခုအခါ၊ ဤငှက်မျှလောက်တို့ကိုသာ၊ မျက်မှောက်ထင်ထင်၊ မြင်သိကြပါကုန်၏။ ။အသျှင်မြတ်ဘုရားမူကား။ ဤငှက်တို့၏ အမျိုး-အနွယ်သည်၊ ရှည်လျားလှစွာသော သံသရာက၊ငါဘုရားသျှင်၏ အမျိုး-အနွယ်ဖြစ်၏။ ။ငါဘုရားသျှင်၏ အစဉ်အလာဖြစ်၏။ ။ငါဘုရားသျှင်သည်လည်း၊ ဤငှက်အမျိုးဌ ဖြစ်ခဲ့ရဘူး၏—ဟူသောစကားကို၊ မိန့်ကြားတော်မူ၏။

ထိုစကားကို၊ အကျယ်အားဖြင့်၊ ကြားနာလိုလှပါသောကြောင့်၊ အတိတ်ဇာတ်ဟောင်းကို၊ အကြောင်းပြုနိုကြားတော် မူပါဘုရားဟု-လျှောက်ထား တောင်းပန်ကြသောအခါ၊ ဂါထာပုဒ်ရေ (တရာ) တို့ဖြင့်၊ ဝန်းဆာဆင်အုပ်သော—(**အသီတိနိပါတ်၊ ကုဏာလ**) ဇာတ်ကို ဟောတော်မူလျှင်၊ထိုရဟန်းငါးရာတို့ဌ၊ လောကီ အလေ့ကို၊ အောက်မေ့သဖြင့်၊ငြီးငွေ့ ပျင်းရိသော စိတ်သည်၊ကင်းဆိတ်ပျောက်ကွယ်၍ သွားကြလေကုန်၏။ ။(ဤအရာ၌၊ (**အသီတိနိပါတ်၊ကုဏာလ**) ဇာတ်ကို ချွင်းချန်အပ်သတည်း။)

http://www.dhammadownload.com

ထို့ဒေသနာတော်မြတ် အားလုံးကို၊သိမ်းရုန်း ဟောတော်မူပြီးသည်၏ အဆုံး၌ပင်၊ထိုရဟန်းငါးရာတို့၌နှစ်သက်ခြင်း‘‘ပီတိ’’ဖြစ်၏။ ။ထို‘ပီတိ’ကို အမှီပြု၍ ကိုယ်စိတ်နှစ်ပါး၏ ငြိမ်းချမ်းခြင်း‘‘ပဿဒ္ဓိ’’ဖြစ်၏။ ။ထို‘‘ပဿဒ္ဓိ’’ကို အမှီပြု၍တည်ကြည်ခြင်း‘‘သမာဓိ’’ဖြစ်၏။ထို‘‘သမာဓိ’’၌ တည်နေလျက်၊ ရုပ်-နာမ်တရား၊ နှစ်ပါးတို့ကို၊ လက္ခဏာရေး သုံးတန် တင်၍ ဆင်ခြင်သောအခါ၊ အစဉ်သဖြင့်၊ (သောတာပတ္တိ)မဂ်စိတ်ကိုရ၍၊ ထိုမှနောက်၌၊(သောတာပတ္တိ) ဖိုလ်သို့ရောက်၍၊ ထို (ဖိုလ်) ပုဂ္ဂိုလ် အဖြစ်၌ တည်နေကြကုန်၏။ ။ထိုရဟန်းငါးရာတို့အား မိမိတို့၌ ရအပ်သော(သောတာပတ္တိ) မဂ်စိတ်၏ အစွမ်းဖြင့်၊အဘိညာဉ်မျိုး၊ တန်းခိုးဂုဏ်သည်လည်း၊ပြည့်စုံစွာ ဖြစ်ပေါ်လာ၏။

ဘုန်းခြောက်ပါးရှင်၊ မြတ်စွာဘုရားသခင်သည်၊ ဤရဟန်းငါးရာတို့ အား၊ ဤမျှသော (သောတာပတ္တိ)ဖိုလ်ပုဂ္ဂိုလ်အဖြစ်မျှနှင့်ပင်၊ ရှိစေဦး တော့အံ့-ဟုကြံ၍၊ အဘိညာဉ်ဈာန်ဖြင့်၊ ကောင်းကင်ယံသို့၊ တက်ကြွ ဟော်မူပြီးလျှင်၊ (**မဟာဝုန်**)တောသို့ကြွသွားတော်မူ၏။ ။ထိုရဟန်း ငါးရာတို့သည်၊ (**ကုဏ္ဍာလ**)ရေအိုင်သို့ ပဌမသွားကြစဉ်အခါက၊မြတ် စွာဘုရားသျှင်၏ တန်းခိုးတော်အာနုဘော်ဖြင့် ကြွသွားကြ၍၊ (ဒုတိယ) ပြန်လာကြသောအခါ၌မူ၊ မိမိတို့၏ အဘိညာဉ် မျိုး၊ ဈာန် တန်းခိုးဖြင့် ကောင်းကင်ယံသို့၊ တက်ကြွပြီးလျှင် မြတ်စွာဘုရားသျှင်၏ နောက်တော်မှ ခြံရံလိုက်ပါလျက်၊ (**မဟာဝုန်**)တောသို့ သက်ဆင်းကြကုန်၏။

ဘုန်းခြောက်ပါးရှင်၊ မြတ်စွာဘုရားသခင်သည်၊ ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူ၍၊ ရဟန်းတို့ကို ခေါ်တော်မူပြီးလျှင်–

အို….ငါ၏ချစ်သား၊ ရဟန်းများတို့–

(လာကြကုန်လော့၊ထိုင်နေကြကုန်လော့။)

(သင်)ချစ်သားတို့၏သန္တာန်၌၊(သကဒါဂါမိမဂ်၊အနာဂါမိမဂ်၊အရ ဟတ္တမဂ်)ဟူသော အထက်မဂ်သုံးပါးသည်၊သတ်အပ်သော ကိလေသာ တရား၊ အကြွင်းရှိကုန်သေး၏။ ။ထိုကိလေသာတရား အကြွင်းတို့ကို၊ (မဂ်)ဖြင့်၊ သတ်ဖြတ်ပယ်ရှားခြင်းငှါ၊ ကမ္မဋ္ဌာန်းတရားကို၊ ဟောကြား တော်မူအံ့-ဟု၊ မိန့်တော်မူ၍၊ ကမ္မဋ္ဌာန်းတရား ပေးသနားတော်ပူ၏။

http://www.dhammadownload.com

ထိုအခါ၊ရဟန်းငါးရာတို့သည်၊ ဤသို့အကြံဖြစ်ကြပြန်၏။

ဘုန်းခြောက်ပါးရှင်၊ မြတ်စွာဘုရားသခင်သည်၊ ငါတို့၏ သာသနာတော်၌၊ မပျော်မွေ့ဘဲ၊ငြိုးငွေ့ ပျင်းရိခြင်းကိုသိတော်မူ၍၊ (**ကုဏာလ**) ရေအိုင်သို့ ခေါ်ဆောင်တော်မူ၍၊ ထိုသို့ မပျော်မွေ့သော စိတ်ကို၊ ကင်းဆိတ်ပျောက်လွင့်စေ၏။ ။ထို(**ကုဏာလ**)ရေအိုင်၌(သောတာပတ္တိ) ဖိုလ်ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ကြကုန်သော ငါတို့အား၊ ယခုအခါ ဤ(**မဟာဝုန်**)တော၌၊အထက်(မဂ်)သုံးပါး၊တရားအထူးကိုရစေခြင်းငှါ၊ ကမ္မဋ္ဌာန်းတရား၊ ပေးသနားတော်မူပြန်၏၊ ငါတို့သည်၊ မြတ်စွာဘုရားသျှင်မျက်မှောက်၊ ရှေတော်အောက်၌ပင်၊(သောတာပတ္တိ) ဖိုလ်ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ကြကုန်ပြီ-တကားဟု၊ စိတ်အားရှင်ပျို၊ နှစ်လို ဝမ်းမြောက်ကြကုန်လျက်၊ အကျိုးမပြီး၊ အချည်းနှီးသော နေခြင်းဖြင့် အချိန်ကာလကို ကုန်လွန်စေခြင်းငှါ မသင့်ကြချေ၊ ရှေးနည်းတူစွာ (မဂ်ပညာ၊ဖိုလ်ပညာ) ကိုဖြစ်ကြစေခြင်းငှါ၊ သင့်မြတ်ချေ၏-တကားဟု၊ ကြံစည် အောက်မေ့ကြကုန်လျက်၊ ထိုရဟန်းငါးရာတို့သည်၊ မြတ်စွာဘုရားသျှင်၏ ခြေတော်ရင်း၌၊ ဝပ်စင်း ရှိခိုးကြပြီးလျှင်၊ ထိုင်နေရာမှထ၍ (**နိဿိဒိုင်**) ကို ခါလျက်၊ အသီးအသီး ဆိတ်ငြိမ်သော တောင်စောင်း, သစ်ပင်ရင်းတို့၌၊ချဉ်းကပ်လျက်၊ ကမ္မဋ္ဌာန်းတရား နှလုံးသွင်းကာ နေထိုင်ကြကုန်၏။

မြတ်စွာဘုရားသခင်သည်၊ ဤသို့တဖန်၊ ကြံစည်အောက်မေ့တော်မူပြန်၏။ ။ဤရဟန်းတို့သည်၊ မိမိတို့၏ အလေ့၊ ပြကတ်ဖြင့်၊ မမေ့မစွန့်အပ်သော ကမ္မဋ္ဌာန်းတရား ပွါးများဆင်ခြင်ခြင်း ရှိကြကုန်၏။ ။ အထက်(မဂ်)သုံးပါး၊ တရားအထူးကို၊ ရထိုက်သော အကြောင်း ရှိသော ထိုရဟန်းတို့အား၊ ထိုကမ္မဋ္ဌာန်းတရားကို ပွါးများအားထုတ်ခြင်းကြောင့်၊ကိုယ်-စိတ်-ညှိုးနွမ်း၊ပင်ပန်း ဆင်းရဲဘွယ်ရာ အကြောင်းမရှိချေ၊ ငါဘုရားသျှင်၏ ခြေတော်ရင်းမှ၊ ဝပ်စင်းရှိခိုး၍ သွားတိုင်း,သွားတိုင်း ကုန်သောရဟန်းတို့သည်၊ (ဝိပဿနာ)အလုပ်ကို၊ အားထုတ်ပွါးများကြ၍၊ (အရဟတ္တ)ဖိုလ်သို့ရောက်ကြပြီးလျှင်၊ မိမိ,မိမိတို့၌၊ ရရှိ–သိမြင်အပ်ပြီးသော တရား အထူး၊ ဂုဏ်ကျေးဇူးကို၊ ချီးကျူးပြောကြားအံ့-ဟုကြံ၍၊ ငါဘုရားသျှင်၏ အထံမှောက်သို့၊ပြန်ရောက်လာကြကုန်လတ္တံ့။ ။

http://www.dhammadownload.com

ထိုရဟန်းငါးရာတို့၊ ပြန်လာကြကုန်သည်ရှိသော်၊ စကြာဝဠာပေါင်း၊ တသောင်းသော လောကဓာတ်မှ၊ နတ်,ဗြဟ္မာအပေါင်းတို့သည်၊ တခုသော်၌စကြာဝဠာ၌၊ အညီအညွတ် စည်းဝေးကြကုန်လတ္တံ့။

ထိုအခါ၊လက်ဖျစ်ခဲ့တီး၊အုံမပြီးနိုင်အောင်၊ချီးပဖွယ်ရာ၊ ကြီးစွာသော **(မဟာသမယ)** ခေါ်သော **နတ် ဗြဟ္မာတို့၏ အစည်းအဝေး ပွဲကြီး**သည်လည်း၊ ထင်ရှားစွာဖြစ်ကုန်လတ္တံ့။

ငါဘုရားသျှင်သည်၊ မည်သူ တဦးနှင့်မျှ မဆက်ဆံဘဲ၊ အသံတိတ်သည့်၊ ဆိတ်ငြိမ်ရာ အရပ်၌ ကပ်ရောက်နေထိုင်ခြင်းငှါသင့်၏ဟု-ကြံ၍၊ ထိုသို့ ဤ,ရှင်မသန်း၊ချမ်းဆိတ်ငြိမ်၍၊သန့်ရှင်းရာအရပ်၌ပင်၊ဘုရားသျှင်၏ (နိသီဒိုင်)ကို ဖြန့်ခင်း၍-ထိုင်တော်မူ၏။ ။ထိုရဟန်းငါးရာတို့တွင်၊ အယုံးစုံသော ရဟန်းတို့၏ ရှေးဦးစွာ၊ ကမ္မဋ္ဌာန်းတရား၊ သင်ယူ၍သွားသော ရဟန်းသည်၊(ပဋိသမ္ဘိဒါ)ဉာဏ် လေးတန်နှင့်တကွ၊(အရဟတ္တ) ဖိုလ် ပုဂ္ဂိုလ်အဖြစ်သို့ ရောက်တော်မူ၏။ ။ထိုနောက်မှ တပါးသော ရဟန်းသည်၊(အရဟတ္တ)ဖိုလ်သို့ရောက်ပြန်၏။

ဤသို့အားဖြင့်၊ (အစဉ်အတိုင်း) ပဒုမာ ကြာမုံ တောင်၊ ပွင့်ချပ်အစုံ၊ ကြာဖူးငုံသည်၊ နေအရုဏ်လင့်၊ အံ့ဩန်သင့်၍၊ ပွင့်ခြင်းသို့ ရောက်သကဲ့သို့၊ ထိုနည်းတူစွာ၊ရဟန်းငါးရာ တည်းဟူသော(ကြာ)တောင်၊ (အရဟတ္တ) ဖိုလ်တရားတည်းဟူသောကြာပန်းသည်၊လန်းလန်းစွင့်စွင့်၊ ပွင့်ခြင်းသို့ ရောက်လတ်သတည်း။ ။ထိုအခါ၊အလုံးစုံသောရဟန်းတို့၏ ရှေးဦးစွာ၊ (အရဟတ္တ) ဖိုလ်သို့ရောက်ပြီးသော ရဟန်းသည်၊ မြတ်စွာဘုရားသျှင် မျက်မှောက်၊ ရှေတော်အောက်သို့၊လျှောက်ကြားကုံ,ဟု၊ ထက်ဝယ်ဖွဲ့ခွေ၊ထိုင်နေခြင်း**(ဇုရိယာပုထ်)**ကိုဖျက်၍ ထပြီးလျှင်၊**(နိသီဒိုင်)** ကိုခါလျက်၊ မြတ်စွာဘုရားသျှင်၏ အထံသို့၊ ရှေ့ရှုလာ၏။ ။ဤနည်းအတူ၊ နောက်ထပ်တပါးသည်လည်း၊ ရောက်လာပြန်၏။ ။ဤသို့အားဖြင့်၊ ရဟန်း ငါးရာတို့သည်၊ (ဆွမ်း စား ကျောင်း) သို့ဝင်သကဲ့သို့၊ အစဉ်အတိုင်းရောက်လာကြကုန်၏။

ထိုအခါ၊ရှေးဦးစွာရောက်လာသော ရဟန်းသည်၊မြတ်စွာဘုရားသျှင်အား ရှိခိုးလျက်၊ **(နိသီဒိုင်)**ကိုးငါးလျှို၊ တင့်အပ် ကျောက်ပတ်သော အာရုပ်ဒဉ္ဇကိုင်ပြီးလျှင်၊ ပမဒ္ဒ ကျိုး-သိပြင်အပ်ပြီးသော တရားအပူး၊ ပုဝ်းကျား

http://www.dhammadownload.com

ဇူးကို၊ ချီးကျူးပြောကြားလိုသည်ဖြစ်၍ တပါးသောရဟန်းသည်၊ အနိုး ဉ်ရှိလေသလော၊ မရှိလေသလောဟု၊ တွေးတောအောက်မေ့၍ နောက် သို့ပြန်လျက်၊ ကြွလာရာလမ်းကို၊ လှမ်း၍ကြည့်ရှုလတ်သော်၊ ရဟန်း တပါးကိုမြင်လေ၏။ ။ဤရဟန်းသည်၊ ဤရဟန်းငယ်,အား၊ ရှက်နိုး သည်ဖြစ်၍ မလျှောက်ကြားဝံ့ချေ။ ။ဤသို့လျှင်၊ အလုံးစုံသော ရဟန်း ငါးရာတို့သည်၊ (အစဉ်အတိုင်း) တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်၍ အချင်းချင်း ရှက်နိုး ကြကုန်သည်ဖြစ်၍၊ မိမိတို့၌ ရှိ-သိမြင်-အပ်ပြီးသော တရားအထူး၊ ဂုဏ်ကျေးဇူးကို မြတ်စွာ ဘုရားအား၊ မလျှောက်ကြားဝံ့ကြကုန်။

ထိုစကားမှန်၏။ ။ရဟန္တာ ပုဂ္ဂိုလ်တို့၌၊ နှစ်ပါးသော အခြင်း အရာတို့သည်ရှိကုန်၏။ ။အဘယ်နှစ်ပါးတို့နည်းဟူမူကား။ ။

၁။ မိမိတို့၌ ရှိ-သိမြင်-အပ်ပြီးသော၊တရားအထူး ဂုဏ်ကျေးဇူး ကို၊နတ်နှင့်တကွသော၊ဤ (သတ္တလောက) ကြီးသည်၊ အသီး အသီး၊ လျင်မြန်စွာ ထိုးထွင်း၍သိကြပါစေ သဘည်းဟု၊ စိတ် စေ့ခြင်း တပါး။ ။

၂။ ထိုသို့စေ့လတ်သော်လည်း၊ အဘိုးအဘိုင်းမသိ, ထိုက်တန်လှစွာ သော(ရွှေဒိုး)ကြီးကို၊ အလိုအလျောက်၊ ကောက်ယူရရှိသော ယောကျ်ားသည်၊ မိမိရရှိအပ်သော ထို (ရွှေဒိုး)ကြီးကို၊ သူ တပါးတို့အား၊ ပြောကြားခြင်းငှါ၊ အလိုမရှိသကဲ့သို့၊ ထိုနည်း တူစွာ၊ထိုသို့ ရှိ-သိမြင်-အပ်ပြီးသော တရားအထူး ဂုဏ်ကျေး ဇူးကိုလည်း၊ သူတပါးတို့အား၊ပြောကြားခြင်းငှါ အလိုမရှိခြင်း တပါး။ ။ဤနှစ်ပါးပင်တည်း။

ထို့ကြောင့်၊ ထိုရဟန်းတို့သည်၊ မိမိတို့၌ ရှိ-သိမြင်—အပ် ပြီးသော လောကုတ္တရာတရားအထူး၊ ဂုဏ်ကျေးဇူးကို၊ ရဟန်း အများတို့၏ အလယ်၌၊ ချီးကျူးမပြောကြားဝံ့ကြကုန်။

[၅]အရာ၌၊(**ကုမ္ဘဃောသက**)ဝတ္ထု၌၊(**ကုမ္ဘဃောသက**) သူဌေးကြီးသည်၊ မိမိ၌ ပစ္စည်းဥစ္စာချမ်းသာ ကြွယ်ဝသည်ကို၊သူ တပါးတို့အား ပြောကြားခြင်းငှါ အလိုမရှိသော လုံးကိုဂုဏ်း၊

http://www.dhammadownload.com

ယခုခေတ်အခါ၌လည်း၊ အသင်တို့၌၊ မည်၍မည်မျှ၊ ပစ္စည်းဥစ္စာချမ်းသာ ကြွယ်ဝပါသနည်းဟု၊ မေးမြန်းလျှင်၊ ပစ္စည်းဥစ္စာချမ်းသာ ကြွယ်ဝသည်မဟုတ်ပါ၊ ယခုလူဒါန်းပူဇော်၍ နေသောအရာများသည်၊ ပစ္စည်းဥစ္စာ၊ချမ်းသာကြွယ်ဝ၍ လူဒါန်းပူဇော်ရသည်မဟုတ်ပါ။ (သဒ္ဓါ)တရား၊ချမ်းသာကြွယ်ဝ၍သာ၊ လူဒါန်းပူဇော်ရခြင်းဖြစ်ပါသည်ဟု-ပြောဆိုကြသော သံုးကိုယှင်း၊ နှလုံးမူအပ်ပေ၏။ ။ဤသည်ကား။ နည်းယူဘွယ်ရာ၊ အမှာစကားရပ်တည်း။]

(က) ဤသို့အားဖြင့်၊ ထို ရဟန္တာ ပုဂ္ဂိုလ်ငါးယောက်တို့သည်၊ မြတ်စွာဘုရားသျှင် မျက်မှောက်၊ ရှေတော်အောက်သို့၊ ကပ်ရောက် ချဉ်းကပ်ကာမျှဖြစ်သော၊(**နယုန်**)လပြည့်နေ့-ညဉ့်အချိန်၌၊အစီနွန့်ယျ၊ လောကမှန်ကူ၊ သယမ္ဘူ။,ဟု၊ စံတူ–ဘက်ကင်း၊ တရားမင်းဘုရားတို့၏၊ ထင်ရှားစွာပွင့်တော်မူရာ အခါမျိုး၌၊ ဤ(**သြကာသလောက**)ကြီးအလယ်၌၊ အုံဘွယ်ချီးကျူး၊ ဂုဏ်အထူးတို့ဖြင့်၊ ကြည်နူးမွေ့လျော်၊ ပျော်ဘွယ်ရာရှိသည်၏ အဖြစ်ကို ပြခြင်းအကျိုးငှါ၊ ညစ်မျိုးငါးအင်၊ သန့်ရှင်းစင်လျက်၊ကြည်လင်တောက်ပြောင်၊ အရောင်ရှိသော လပြည့်ဝန်းသည်လည်း၊ ယုဂန္ဓရ၌တောင်၏ အရှေ့စွန်းမှ၊ လက်ျာဘက်ပဉ္စန်းလျက်၊ ပေါ်ထွန်းထွက်ပြူ၊ (**ဥဒယ**)မူလျက်၊ကောင်းကင်ထက်သို့၊တက်ရောက်ဆဲအချိန် ဖြစ်လတ်သတည်း။

ဤသို့လျှင်၊ ပုဏ္ဏမီ (စန်း၊) လပြည့်ဝန်းသည်၊ ကောင်းကင်လမ်းသို့၊ လှမ်းကြွတက်ရောက်ဆဲအချိန်၌၊အစီနွန့်ယျ၊ လောကဂူတ်ထား၊ ဘုရားမြတ်စွာသည်လည်း၊ (**သက္က**) တိုင်းနယ်အတွင်း၊ (**ကဗိလဝတ်**) ပြည်၏အနီးဖြစ်သော (**မဟာဝုန်**) တောကြီး၌၊ အာသဝေါကုန်ခန်းသည့်၊ ရဟန္တာပုဂ္ဂိုလ်ငါးရေ့ာ့ပေါင်းတို့ဖြင့်၊ ခပြောင်း ဝန်းရံလျက်၊ သီတင်းသုံးစံနေတော်မူ၏။

(ခ) ဤသို့လျှင်၊ ဘုန်းကြောက်ပါးရှင်၊ မြတ်စွာဘုရားသခင်သည်၊ ကြည်လင်သန့်ပြန့်သော မြေအပြင်၌၊ ပန်းသစ်ပင်အပေါင်းတို့ကြင့်၊ ကိုး ဝန်း-ဆောင်း-ကာ-သကဲ့သို့၊ကောင်းစွာ တင့်တယ်သော (**မဟာဝုန်**)

http://www.dhammadownload.com

တောကြီး အလယ်၌၊ ပုဏ္ဏာမိ- (စန်း) လပြည့်ဝန်းသည်လည်း၊ အရှေ့ကျွန်းမှာဝန်းဝန်းစက်စက်၊ ပေါ်ထွန်းတွက်ဖြူလာသော (**နယုန်**) လပြည့်နေ့-ညဉ့်အဘို့တွင်၊ ဘုန်းခြောက်ပါးရှင်၊ ဘုရားသခင် ကိုယ်တော်မြတ်သည်၊ ညစ်ကြေးမတင်၊ စင်ကြယ် သန့်ပြန့် တော်မူသည်ဖြစ်၍၊ စင်ကြယ်သန့်ပြန့်သော ဗုဟ္မာဘုဂ္ဂိုလ် ငါးရာ အပေါင်းခဲ ခြောင်း ဝန်းရံလျက်၊ သီတင်းသုံး စံနေတော်မူခြင်း သည်ကား၊ အလွန်အကြီး၊ အထူးသဖြင့် တင့်တယ်တော်မူပေ၏။

(၈) ဘုန်းခြောက်ပါးရှင်၊ ဘုရားသခင် ကိုယ်တော် မြတ်သည်၊ လောဘ-ဒေါသ၊ မောဟ, စေ့ငြိုး၊ အယုတ်တရားမှ၊ ပယ်ရှားကင်းဝေးတော်မူသည်ဖြစ်၍၊ ငြိမသက် ယဉ်ကျေးသော ဘုန်းရှိတော်မူသည်စ်၍၊ကိုယ်တော်မြတ်နှင့်အတူ၊ စင်ကြယ်သော သဘော၊ လောဘ-ဒေါသ၊ မောဟ, စေ့ငြိုး၊ အညစ်အကြေးမှ၊ ကင်းဝေးစင်ကြယ်လျက်၊ငြိမသက် ယဉ်ကျေးသော ဘုန်းရှိတော်မူသော၊ဗုဟ္မာဘုဂ္ဂိုလ် ငါးရာအပေါင်း၊ ခြောင်းဝန်းရံလျက်၊သီတင်းသုံးစံနေတော်မူခြင်း သည်ကား၊ အလွန်အကြီး၊ အထူးသဖြင့် တင့်တယ်တော်မူပေ၏။

(၉) ဘုန်းခြောက်ပါးရှင်၊ ဘုရားသခင် ကိုယ်တော်မြတ်သည်၊ ဘုံသုံးပါးတည်းဟူသော သံသရာဝဋ်၊ ဘဝတ်မှ၊ တပ်မက်တော်မူသည်ဖြစ်၍၊ ကိုယ်တော်မြတ်နှင့်အတူ၊ ထိုဘုံသုံးပါးတည်းဟူသော သံသရာဝဋ်တွင်မှ၊ တပ်ကင်းကွာ၊ မြောက် တော်မူခြင်းသော၊ ဗုဟ္မာဘုဂ္ဂိုလ်ငါးရာ အပေါင်းခဲ ခြောင်း ဝန်းရံလျက်၊ သီတင်းသုံး စံနေတော်မူခြင်းသည်ကား၊ အလွန်အကြီး၊ အထူးသဖြင့် တင့်တယ်တော်မူပေ၏။

၌။ အခါ၌ကို ဆိုခြင်း၊ အာဂတ်ဒုပါးသော ဒေသနာအစဉ်ကို၊ (သင်ယူရန်)တင်တော်မူကြတုန်၏။

(တ) ရဟန်းတို့၊ ကံသမယံ ဘဝါ သင်္ကေသုဝိဟာ၊ တိ ကဝိလ ပဉ္ဇိ၊ ပဟာဝဝန ဖဟတာ ဘိက္ခဝေ သံယေန သဒ္ဒိ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ သဒ္ဓိ ဟာပ အာဟဉ္ဆဟိ။ ။ဤသည်ကား၊ ကြံဖွဲ့ဘုရားသခင် သက်သည်၊ (**သင်္ကဿ**)တိုင်း၊ (**ကဝိလဝတ်**) ပြည်၏ အနီး၊ (**မဟာဝုန်**)တောကြီး၌၊ ဗုဟ္မာဘုဂ္ဂိုလ်ငါးရာ

http://www.dhammadownload.com

အပေါင်းဝန်းရံလျက်၊ သီတင်းသုံး စံနေတော်မူပုံကို၊ စုပေါင်း ပြဆိုအပ်သော စကားအစဉ်တည်း။

ဤအရာ၌၊ (**ကဝိလဝတ်**) ပြည်ဟု၊ ခေါ်ခြင်းအကြောင်းကား၊ (**သက္က**) တိုင်းနယ်၏အတွင်း၊ တခုသောအရပ်၌၊ (**ကဝိလ**) အမည်ရှိသော ရသေ့သည်၊ ကျောင်းသခ်မ်း ပြုရှိနေ၏။ ။ထို ရသေ့သည်၊ ငါ၏ကျောင်းသခ်မ်းနေရာသည်၊ဘူမိ နက်သန့်၊မြေ ကြန်အစစ်ဖြစ်၍၊ တဥုံးနှင့် တဥုံး၊စိတ်မာန်အလိုက်၊ ခိုက်ရုန် ဒေါသဖြစ်၍၊ လာကြသော်လည်း၊ဤကျောင်းသခ်မ်းမြေ၊နေရာအ ရပ်သို့ ဝင်မိလျှင်းတဥုံးနှင့်တဥုံး၊ကြည်နူး သက်ဝင်၊ချစ်ခင်စုံမက် ၍၊အသင့်အတင့်၊ ဖြစ်ကြရပြန်သည်သာ ဖြစ်သောကြောင့်၊ ဤ ကျောင်းသခ်မ်းနေရာ၌၊ ရာဇဂြာန်၊ မင်းနေပြည်တည်လော့,ဟု (**ကဝိလ**) ရသေ့၏ ညွှန်ကြားချက်အရ၊ (ပြည်)တည်၍၊ ဌာန် ဖြစ်သော ရသေ့၏ (ကဝိလ)ဟူသောအမည်ကို၊ ဌာနဖြစ်သော (ပြည်)၌ တင်စား၍၊(ဌာန။ပစာဂ)နည်းအားဖြင့်၊တိုင်းပြည်ကို၊ (**ကဝိလဝတ်**) ပြည်ဟု၊ မော်ကွန်းသမိုက်လေသည်။

အလွန် ချစ်ခင်စုံမက်လှသော (**ဧမာဉ်နှမ**) ကိုးယောက်တို့ တွင်၊ (**ဘစ်မကြီး**) ကို (**ဘမိ**) အရာ၌ထားပြီးလျှင်၊(**ဧမာဉ် နှမ**)နှစ်ယောက်တစုံ၊ မူးပုံမတ်ဖျား၊ ထိမ်းမြား မပျက်၊စုံဘက် စိုးစံကြကြောင်းကို၊ (**ဘ-ခမည်းတော်**) မင်းမြတ်၊ ကြားသိ လေသည်ကာလ၊**ငါ၏ချစ်သားတို့၊ မင်းစစ်ပြိုသ-လှပေ ၏။ ။ပြည်ကြီး၏တာဝန်ကို၊ တည်ထောင်နိုင်သော စွမ်းဘားသတ္တိလည်းရှိပေ၏**ဟု၊ခြိုက်ဟ ရိုးမွမ်းတော်မူ၏။ ဤအခါက-စ၍ ဇမ္ဗူဒိပ်ကျွန်းအပြင်၌၊ (**သာကိုဝင်**) ဟု၊ ထင်ပေါ် ကျော်ဇောလေ၏။

(**ကဝိလဝတ်**) ပြည်တည်ထောင်သောဖင်းအဆက်ကား။

(၁) ဩက္ကာမုခမင်း။ ။

ထိုမင်း၏သား။

(၂) နိပူရမင်း။ ။

http://www.dhammadownload.com

ထိုမင်း၏သား။
(၃) စန္ဒိမမင်း။ ။

ထိုမင်း၏သား။
(၄) စန္ဒမုက္ခမင်း။ ။

ထိုမင်း၏သား။
(၅) သီဝရာဇ်မင်း။ ။

ထိုမင်း၏သား။
(၆) သိဒ္ဓတ္ထမင်း။ ။

ထိုမင်း၏သား။
(၇) ဝေဿန္တရာမင်း။ ။

ထိုမင်း၏သား။
(၈) ဇာလိမင်း။ ။

ထိုမင်း၏သား။
(၉) သီဟဝါကမင်း။ ။

ထိုမင်း၏သား။
(၁၀) သီဟသရမင်း။ ။

ထိုမင်း၏ မြေး-မြစ် အဆက်ဆက်အားဖြင့်၊ရှစ်ထောင်ရှိ၏။ ။
အနှောင်းဆုံးဖြစ်သောမင်းကား(ဇေယျသိန်)မင်းတည်း။

ဤသို့အားဖြင့်၊ရှစ်သောင်းနှစ်ထောင့်တဆယ်၊[၈,၂၀၁၀] သောမင်းတို့သည်၊ (**ကပိလဝတ်**) ပြည်၌၊ဘုန်းတန်း-သမ္ဘာ၊ အာဏာ-တန်းခိုး၊ စက်နေ-မျိုးသို့၊စိုးမိုး ကြီးမားစွာနှင့်၊ချမ်း သာစွာနေကြကုန်၏။

ဤအဓိပ္ပါယ်ကိုရည်၍၊ [ပုလိပ်စားချင်း]၌၊ အောက်ပါ လက်ာစကားကို၊ရေးသားစပ်ဆိုအပ်၏။

http://www.dhammadownload.com

[**ကဝိလ**,ဟု၊ မည်ရဘုန်းဟော့၊ရှင်ရသေ့လျှင်၊ပြု၍ တည်ညီ၊ ပြည်ဌာနိကို၊ (**ကဝိလဝတ်**) မော်ကွန်းမှတ်၍၊ သက်ပြတ်လုမျှ၊ **မောင်နှမ**တို့၊ တူကွ စုံပေါင်း၊ စံကြကြောင်းကို၊ ဆင့်လောင်း ဘခင်၊ကြားလေ ချင်သော်၊ ကျွမ်းကျင်လေဖြစ်၊ ငါ့သားချစ်တို့။ ။ မင်းစစ်-ပီ-သ၊ စွမ်းနိုင်စွ—ဟု၊ မြွက်ဟ သွန်းသွန်း၊ မိန့်ရှေ့ခွန်း ကြောင့်၊ပျံမွန်း သောင်းခွင်၊ (**သာကီဝင်**) ဟု၊ လွန်ထင် ကျော် ဟိုး၊ မြတ်နွယ် မျိုးတွင်၊ နန်းရိုး မှာစွာ၊ အစဖြာသည့်၊ ဩကွဲ့ာ မုကွာ၊နိပုရ တည်း၊ မမျှ ဘုန်းဝန်၊ သား စန္ဒိမ၊ နေ-လ နှုန်းရန်၊ စန္ဒမုကွာ၊ နှံမျှ ထင်ရှား၊ သား-သီဝရာဇ်၊ ရန်မြစ် ဖြတ်လှည်း၊ သား-သိဉ္ဇည်းက၊ကျော်သည်း တံခွန်၊မင်း ဝေဿန္တာင့်၊သားမွန် ဇာလီ၊ နှိုင်းပြို ဘက်ကွာ၊ သီဟဝါက၊ သည်းချာတမွတ်၊ သီဟ-ဿရ၊ထိုက-ဆက်မှန်၊ သောင်း ရှစ်ပြန်တွင်၊ကဲလွန် နှစ်ထောင်၊ နှောင်းဆုံး-ဆောင်သား၊ မင်းခေါင် နရိန်၊ (ဧယျသိန်) သည်။ ။ဘုန်းရိန်တည့်-ပျံမွေး၊ စံငြိမ့်လေး။ ။[ဤသည်ကား။ ဗဟုသုတဖြစ်ရန် ထည့်သွင်းအပ်သော စကားတည်း။ ။]

(ခ) နတ်,ဖြဟ္မာ,အပေါင်းတို့ စည်းဝေးရောက်လာကြပုံ

(ခ) ဤသို့လျှင်၊ ဘုန်းခြောက်ပါးရှင်၊ မြတ်စွာဘုရားသခင်သည်၊ (**ကဝိလဝတ်**) ပြည်၏အနီး၊ (**မဟာဝုန်**) တောကြီး၌၊ အာသဝေါ ကုန်ခန်းသည့်၊ ရဟန္တာ ပုဂ္ဂိုလ် ငါးရာအပေါင်း ဝန်းရံလျက်၊ သီတင်းသုံး စံနေတော်မူစဉ်-အခိုက်ဝယ်၊ သောင်း တိုက် စကြာဝဠာ၊ရပ်မျက်နှာမှ၊ နတ်,ဖြဟ္မာ,အပေါင်းတို့သည်၊ သောင်းသောင်းအုပ်အာ၊ စည်းဝေးကာဖြင့်၊ ဘုရားသျှင် ကိုယ် တော်မြတ်ကိုဂုဏ်း။ ။ရဟန္တာပုဂ္ဂိုလ်၊ငါးရာအပေါင်းကိုဂုဏ်း--- ဖူးမြင်ခြင်းငှါ၊ ညီညာ ဖြဖြ၊ စည်းဝေးလာရောက်ကြကုန်၏။ ။

ထိုစကားကို၊ ထင်ရှားအောင် ချဖွင့်၍ပြဦးအံ့။

ထိုအခါ(**မဟာဝုန်**)တော၏အနီး၌၊အသီးအသီးသော ဘုံဗိမာန်

http://www.dhammadownload.com

ဦးနေကြကုန်သော နတ်တို့သည်၊လှုပ်လှုပ်ရွရွ၊ထထ ကြွကြွရှိကြကုန်၏။ ။ (အို....အချင်းတို့–လာလှည့်၊ သွားကြကုန်စို့ဒုံ့။ ။)

ဘုန်းခြောက်ပါးရှင်၊ မြတ်စွာဘုရားသခင်ကို၊ မျက်မြင် တပ်အပ်၊ ဖူးမြင်ရခြင်းမည်သည်ကား၊(လွန်စွာ) မှ၊ အကျိုးကျေးဇူးများလှချေ၏။

ထိုဘုရားသျှင်၏ တရားစကားကို၊ နားဖြင့်ဆတ်ဆတ်၊ ကြားနာရခြင်းမည်သည်ကား၊ (လွန်စွာ) မှ၊ အကျိုးကျေးဇူးများလှချေ၏။ ။ထိုဘုရားသျှင်၏ တရားတော်အစဉ်ကို၊သက်ဝင်ယုံကြည်ဖြင့် လိုက်နာကျင့်ကြံ၍ နေထိုင်ကြကုန်သော ဘုရားတပည့်သား သံဃာတော်မြတ်တို့ကိုလည်း, မျက်ဝါးတပ်အပ် ဖူးမြင်ရခြင်းမည်သည်ကား၊ (လွန်စွာ)မှ အကျိုးကျေးဇူးများလှချေ၏။ ။(လာလှည့်၊ သွားကြကုန်စို့ဒုံ့။ ။ လာလှည့်၊ သွားကြကုန်စို့ဒုံ့) ဟု၊ ကြီးစွာသော အသံဖြင့်၊ တိုင်ပင်သမှု၊ ခေါ်ဝင်ခြင်းပြုလျက် သွားကြရာ၊ (တခဏ-ချင်းဖြင့်ပင်)၊ မြတ်စွာဘုရားသျှင်နှင့် တကွ၊ရဟန္တာပုဂ္ဂိုလ်ငါးရာတို့၏ ရှေတော်မှောက်သို့၊ရောက်ကြ၍ ရှိခိုးပြီးလျှင်၊တင့်အပ်လျောက်ပတ်သောအရပ်၌၊တည်နေကြကုန်၏။

ဤနည်းအတိုင်းပင်၊ ထိုထိုသို့သော နတ်တို့၏ ခေါ်ဝင်ပြောဆိုကြသော အသံကိုကြား၍၊(တကောသ,ခန့်) (တဂါဝုတ်၊ တဂါဝုတ်ခွဲခန့်) (တယူဇနာ၊ တယူဇနာခွဲခန့်) အစရှိသည်တို့၏ အစွမ်းဖြင့်၊ ယူဇနာသုံးထောင်၊ မြားမြောင် ပြောကျယ်သော ဟိမဝန္တာတောတို့၌ဌင်း။

(တသိန်း,ရှစ်သောင်း,ကိုးထောင်) ကုန်သော မြို့ကြီးတို့၌ဌင်း။ ။ ထိုထိုမြို့တို့၏ အနှံ့အတုတ် ဆက်သွင်းရုံစစ်သော (ကိုးသိန်း) သော တောကျေးလက်မြို့တို့၌ဌင်း။ ။

ကုဋေ(ကိုးသန်း,ခြောက်သိန်း)သော သင်္ဘောဆိပ်ကမ်းတို့၌ဌင်း။ ။ (ငါးဆယ့်ခြောက်) ပြည် အဘိုင်းအရှည်ရှိသော ရဟန္တာပုဂ္ဂိုလ်တို့၏ တည်နေရာ သီဟိုဠ်ကျွန်းအစရှိသော အရပ်တို့၌ဌင်း။ ။

(၁) အလုံးစုံသော (**ဇမ္ဗူဒီပ**) ကျွန်း၌ဌင်း။ ။
(၂) (**ပုဗ္ဗဝိဒေဟ**) ခေါ်သော အရှေ့ကျွန်း၌ဌင်း။ ။
(၃) (**အပရဂေါယာန**) ခေါ်သောအနောက်ကျွန်း၌ဌင်း။ ။
(၄) (**ဥတ္တရကုရု**) ခေါ်သော မြောက်ကျွန်း၌ဌင်း။ ။

http://www.dhammadownload.com

ထိုမှတပါး (နှစ်ထောင်) သော ကျွန်းငယ်တို့၌ငင်း။ ။

ထိုမှတပါး၊ အလုံးစုံသော စကြာဝဠာတို့၌ငင်း။ ။

၍ စကြာဝဠာမှ တပါးသော နှစ်ခု မြောက်သော စကြာဝဠာ၊ သုံးခုမြောက်သော စကြာဝဠာတို့၌ငင်း။ ။

၍သို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ တသောင်းသော စကြာဝဠာတို့၌ငင်း၊ အသီးအသီး နေထိုင်ကြကုန်သောနတ်တို့သည်၊ ညီညာဖြဖြ၊ စည်းဝေးလာရောက်ကြကုန်၏၊ ထိုသို့အညီအညွတ် စည်းဝေးရောက်လာကြသော နတ်တို့ဖြင့် အလုံးစုံသော စကြာဝဠာတိုက်သည်၊ ဗြဟ္မာပြည်တိုင်အောင်၊ (အပ်)ကျည်တောက် အတွင်း၌၊ အပြည့်ထည့်သွင်းအပ်သော (အပ်)တို့သည်၊တချောင်းနှင့် တချောင်း၊အခြားမလပ်၊ထိစပ်ပူးပေါင်း၍ နေဘိသကဲ့သို့၊ ထိုနည်းတူစွာ၊ တသောင်းသော လောကဓာတ်ဟူသော စကြာဝဠာတိုက် အတွင်း၌လည်း၊ နတ်တို့ချင်းချင်း၊ အခြားမလပ်၊ ထိစပ် ပူးယှဉ်၍သာလျှင် နေကြရကုန်၏။

၍အရာ၌မြတ်စွာဘုရားသခင်၊ သီတင်းသုံး စံနေတော်မူရာ၊ (**မဟာဝုန်**)တောမြေအပြင်မှ၊အောက်ဆုံးဖြစ်သော (**ရူပါဝစရ**) ပဌမစျာန် ဗြဟ္မာဘုံအထိ၊ ယူဇနာပေါင်း (ငါးသန်း ငါးသိန်း၊ရှစ်ထောင်)(၅,၅၀၀,၀၀၀)ကွာခြားသော အလယ်စပ်ကြား၌၊အခြားမလပ်၊နတ်တို့ချင်းချင်း-ထိစပ်၍သာ နေကြရသည်—ဆိုသောစကားအမြွက်ကို၊ ဆက်၍ပြဆိုဦးအံ့။ ။

သီဟိုဠ်ကျွန်း၌ရှိသော (**လောဟပါသာဒ**)မည်သော ကြီးပြာသာဒ်အဖျား၌ တပ်၍ထားအပ်သော စုလစ်ပွန်ဆွန် အသွင်တို့ဖြင့် တူသောကျောက်ဟုံးကို၊ အောက်ဆုံးဖြစ်သော ဗြဟ္မာဘုံ၌နေ၍ အောက်မြေအပြင်သို့ ပစ်ချလိုက်သည်ရှိသော်၊ (လူတို့၏-ရက်-လ-အားဖြင့်၊ အောက်အားဖြင့်၊) (လေးလ-တိုင်အောင်ကြာမှ၊ မြေအပြင်သို့ ကျရောက်၏။) ထို့ကြောင့်၊ ထို ကျောက်ဟုံးကြီးသည်၊ တနေ့နှင့်-တညဉ့်မှာ၊ ယူဇနာပေါင်း၊ (လေးသောင်း,ရှစ်ထောင်။ ။)တနာရီအတွင်း၌၊ ယူဇနာ (ရှစ်ရာ)ရောက်အောင်၊အောက်သို့ကျလာရ၏။ ။(၍မျှဝေးကွာ၏။ ။)

http://www.dhammadownload.com

ဤမျှလောက်ပင်၊ အထက်နှင့်အောက်၊ ရောက်ဘို့ရာ နှစ်ခုစပ်ကြား၊ ဝေးကွာခြားလှသောအရပ်၌၊အောက်က ပစ်မြောက်အပ်သော ပန်း,အခိုးအထုံတို့သည်၊အထက်သို့ရောက်ဘို့ရာ အကြားမရှိချေ။ ။(နတ်-ဗြဟ္မာတို့ချင်းချင်းဖြင့်၊ ထိစပ်၍သာနေ၏-ဟူလို)။ ။အောက်က ပစ်မြောက်အပ်သော မုန်ညင်းစေ့တို့သည်လည်း၊အထက်သို့ရောက်ဘို့ရာအကြားမရှိချေ။ ။(နတ်-ဗြဟ္မာတို့ ချင်းချင်းဖြင့်၊ ထိစပ်၍သာနေ၏-ဟူလို)။ ။ဤမျှလောက်ပင်၊အခြားမရှိဘဲ နတ်,ဗြဟ္မာတို့ဖြင့်၊ ပြည့်နှက် စည်ကား၍နေလေ၏။ ။ထိုသို့အကြားမရှိသော်လည်း၊ (**စကြာဝဇာတ်**) မင်း၏နေရာအရပ်သည်၊ ကျဉ်းမြောင်းခြင်းမရှိချေ။ ။နောက်မှ-နောက်မှ၊ ရောက်လာကြကုန်သော ဘုန်းတန်းခိုးအာနုဘော်ကြီးသော သူတို့သည်၊ နေဘို့ရာ နေရာအရပ်ကို ရကြကုန်၏။

နောက်မှ-နောက်မှကား၊ အလွန်ကျဉ်းမြောင်း ကြပ်တည်းသကဲ့သို့၊ တိုနည်းတူစွာ၊ ဘုန်းခြောက်ပါးရှင်၊ မြတ်စွာဘုရားသခင်၏၊ သီတင်းသုံးစံနေတော်မူရာအရပ်သည်၊ ကျဉ်းမြောင်းခြင်း မရှိချေ။ ။နောက်မှ-နောက်မှ၊ ရောက်လာကြကုန်သော ဘုန်းတန်းခိုးအာနုဘော် ကြီးကုန်သော နတ်,ဗြဟ္မာတို့သည်၊နေဘို့ရာအရပ်ကိုရကြကုန်၏။ ။(ကျဉ်းမြောင်းကြပ်တည်းခြင်းမရှိဟူလို)။

စင်စစ်သော်ကား။ ။မြတ်စွာဘုရားနှင့် အလွန်နီးကပ်သော အရပ်၌ နေကြရကုန်သော နတ်တို့သည်၊(သားမြီး)ဖျား၊-(တို့လောက်ရုံ)မျှသောအရပ်၌၊ (တကျိပ်) (နှစ်ကျိပ်) (သုံးကျိပ်)သော နတ်တို့သည်၊ အလွန်မှ သိမ်မွေ့သေးငယ်သော ကိုယ်သဏ္ဌာန် (**အတ္တ-ဘော**)ကို ဖန်ဆင်း၍ နေကြကုန်၏။ ။ထိုသို့ဖန်ဆင်းအပ်သော နတ်တို့၏နောက်မှ (ခြောက်ကျိပ်) (ခြောက်ကျိပ်) သောနတ်တို့သည်၊ နေကြရကုန်၏။

ဤမျှလောက်ဖြင့်၊ တသောင်းသော လောကဓာတ်အတွင်းမှ၊ များစွာသော နတ်-ဗြဟ္မာ အပေါင်းတို့သည်၊ သောင်းသောင်း အုပ်အား၊ စည်းဝေးကာဖြင့်၊ မြတ်စွာဘုရားသျှင်ကိုဂုဏ်း။ ။မြတ်စွာဘုရားသျှင်၏တပည့်သား သံဃာတော်မြတ်တို့ကိုဂုဏ်း-ဖူးမြင်ခြင်းဌာလာရောက်ကုန်၏။ ။

ဤ အဓိပ္ပါယ်ကို ရည်၍၊ အောက်၌ ပါသော ဒေသနာ အစဉ်ကို၊ (သင်္ဂါယနာ) တင်တော်မူကြကုန်၏။ ။

http://www.dhammadownload.com

(ခ) ဒသဟိစ လောကဓာတူဟိ ဒေဝတာ ယေဘုယျေန သန္တိပတိတာ ဟောန္တိ´ဘဂဝန္တံ ဒဿနာယ ဘိက္ခုသံဃဉ္စ။ ။ဤသည်ကား။ ။ တသောင်းသော လောကဓာတ်မှ၊နတ်,ဗြဟ္မာအပေါင်းတို့သည်။ မြတ်စွာဘုရားသျှင်ကိုဂုဏ်း၊ ရဟန္တာပုဂ္ဂိုလ် ငါးရာအပေါင်းကို ဂုဏ်း၊ ဖူးမြင်ခြင်းငှါ၊ လာရောက်ကြပုံကို၊ စုပေါင်းပြဆိုအပ် သော စကားအစဉ်တည်း။ ။

---

(၈) သုဒ္ဓါဝါသ ဗြဟ္မာဘုံမှ ဗြဟ္မာကြီး ၄-ဦးတို့ စိတ်အကြံဖြစ်ပုံ

(၈) ထိုနောက်မှ၊(**သုဒ္ဓါဝါသ**)ဗြဟ္မာဘုံ၌နေကုန်သော ဗြဟ္မာ့ကြီး လေးဦးတို့အား၊ ဤသို့သော စိတ်အကြံသည်ဖြစ်၏။ ။ဘုန်း ခြောက်ပါးရှင်၊ဘုရားသခင်သည်၊ (**ကဿပ**) ပြည်၏အနီး၊ (**မဟာဝုန်**) တောကြီး၌၊အာသဝေါ-ကုန်ခန်းသည့်၊ ရဟန္တာ-ပုဂ္ဂိုလ်ငါးရာ အပေါင်းနှင့်တကွ၊သီတင်းသုံး စံနေတော်မူ၏။ ။ စကြာဝဠာပေါင်း၊ တသောင်းသောလောကဓာတ်မှ၊နတ်ဗြဟ္မာ အပေါင်းတို့သည်လည်း၊ သောင်းသောင်းအုပ်အာ၊ စည်းဝေး ကာဖြင့်၊ မြတ်စွာဘုရားသျှင်ကိုဂုဏ်း၊ မြတ်စွာဘုရားသျှင်၏ တပည့် သား-ရဟန္တာ-ပုဂ္ဂိုလ်အပေါင်းကိုဂုဏ်း၊ ဖူးမြင်ခြင်းငှါ၊ ညီညာ ဖြဖြ၊ စည်းဝေးရောက်လာကြကုန်၏။

ငါတို့သည်လည်း၊ သုံးလူ့ထွတ်တင်၊ မြတ်စွာဘုရားသျှင်၏၊ ကြည်လင် ရှင်ပြီး၊ သီတင်းသုံးစံနေတော်မူရာ အရပ်သို့၊ သွားရောက်ဆည်းကပ်ရ ပါကုန်မူကား၊ ကောင်းလေစွတကား။

ဘုရားသျှင်မျက်မှောက်၊ ရှေတော် အောက်သို့၊ ရောက်သောအခါ၌ လည်း၊ (**ဆန်း**)က၊(**ဂိုဏ်း**)ညီ၊ ဖွဲ့ကုံးသီ၍၊ စိရင်အပ်သောတပုဒ် တပုဒ်စီသော (**ပါဠိ-ဂါထာ**)ကို ရွတ်ဆို၍ လျှောက်ကြားရပါ ကုန်မူကား၊ကောင်းလေစွတကားဟု၊ စိတ်အကြံဖြစ်ကြကုန်၏။

http://www.dhammadownload.com

ထိုစကားကို ထင်ရှားအောင်-ခဲ့ဖွင့်၍ပြဦးအံ့။

(**သုဒ္ဓါဝါသ**)ဘုံ—ဟူသည်ကား။ ။စင်ကြယ်သော—အနာဂါမ်ပုဂ္ဂိုလ်-ရဟန္တာပုဂ္ဂိုလ်ဖြစ်ကြကုန်သော ဗြဟ္မာကြီးတို့၏ စံနေရာဘုံတည်း။

ထို(**သုဒ္ဓါဝါသ**)ဘုံ၌နေကြကုန်သော ဗြဟ္မာကြီးလေးဥုးတို့သည်၊ ရုပ်-နာမ်ခပ်သိမ်း၊ချုပ်ငြိမ်းကင်းပျောက်၍ နေရခြင်း၌၊ ချမ်းသာသုခကို အလိုရှိ၍၊ (**နိဂရောဓ**) သမာပတ်ကို ဝင်စား၍နေကြရာ၊ မိမိတို့ပိုင်းခြားအပ်သော အချိန်ကာလသို့ရောက်မှ၊ ဈာန်စိတ်မှ (**ထ**) လျက်၊ ဗြဟ္မာဘုံအားလုံးကို၊ကုန်ဆုံးအောင် ကြည့်ရှုလတ်သော်၊ဗြဟ္မာဘုံတလျောက်လုံးသည်၊ ထမင်းစားသောက်ပြီးသည်မှ၊ နောက်ကာလ၌ (**မီးဖိုအိမ်**) ကဲ့သို့၊ ဗြဟ္မာအပေါင်းမှ ကင်းဆိတ်၍နေသည်ကိုမြင်လေ၏။

ထိုနောက်မှ၊ ဤဗြဟ္မာတို့သည်၊ အဘယ်အရပ်သို့, သွားရောက်ကြကုန်သနည်းဟု၊ ဆင်ခြင်ကြည့်ရှုလတ်သော်၊ များစွာသော နတ်ဗြဟ္မာအပေါင်းတို့၏၊ စည်းဝေးရာဖြစ်သော (**မဟာဝုန်**) တောသို့ သွားကြသည်ကိုသိ၍၊ဤနတ်,ဗြဟ္မာတို့၏ အစည်းအဝေးပွဲကြီးသည်၊ လွန်စွာမှ၊ ကြီးကျယ် ခမ်းနားစည်ကားလှ၏။

ငါတို့သည်သာ၊မလိုက်ပါဘဲ၊ကျန်ရစ်ခဲ့ကုန်၏။ ။ကုသိုလ်တရားဖြစ်ပွါးဘို့ရာ အရေးအခွင့်သည်၊ ဝန်လေးရခဲစွာ၏။ ။အကြောင်းသင့်၍၊ အခွင့်သာခိုက်၊အားစိုက်၍သွားကြကုန်အံ့—ဟု အကြံဖြစ်ကုန်၏။

ထိုသို့သွားကြရသော အခါ၌လည်း၊ မိမိတို့—တကိုယ်တည်း၊အချည်းနှီးသော လက်ဖြင့်၊မသွားကြကုန်ဘဲ၊ (**ဆန်း**) ကျ (**ဂိုဏ်း**) ညီ၊ ဖွဲ့ကုံးသိ၍၊စီရင်အပ်သော (**ပါဋိ-ဂါထာ**) ကို၊လက်ဆောင်ပမာ၊စီရင်ကာဖြင့် ယူဆောင်၍ သွားကြကုန်အံ့။

ထိုနတ်, ဗြဟ္မာတို့၏ အစည်းအဝေးပွဲကြီးသို့ ရောက်သောအခါ၌လည်း။ ဤ(**ပါဋိ-ဂါထာ**)ကိုရွတ်ဆို၍၊ ထိုအစည်းအဝေးပွဲကြီးသို့၊ မိမိတို့လာရောက်သည်၏အဖြစ်ကို သိစေအံ့။ ။သုံးလူ့ထွတ်ထား၊မြတ်စွာဘုရား၏၊ ကိုးပါးသော ဂုဏ်ကျေးဇူးကိုလည်း၊ ရွှင်မြူးဝမ်းသာ၊ သဒ္ဓါပေါက်၍၊ လျှောက်ဆိုရာလည်းဖြစ်စေအံ့ဟု၊-အကြံပြုလတ်သတည်း။

http://www.dhammadownload.com

ဤအဓိပ္ပါယ်ကိုရည်၍၊ အောက်၌ပါသော ဒေသနာအစဉ်ကို၊ (သင်္ဂါယနာ)တင်တော်မူကြကုန်၏။

(၈) အထဒေါ စတုန္နံ သုဒ္ဓါဝါသ ကာယိကာနံ ဒေဝတာနံ ဧတဒဟောသိ၊ "အယံခေါဘဂဝါ။(လ)။ယံနူနမယံပိ၊ယေန ဘဂဝါ၊ တေနုပသင်္ကမေယျာမ။ ဥပ သင်္ကမိတ္ဝာ ဘဂဝတော သန္တိကေ ပစ္စေကံ ဂါထံ ဘာသေယျာမာ"တိ။ ။

ဤသည်ကား။ ။(**သုဒ္ဓါဝါသ**)ဗြဟ္မာဘုံမှ၊ ဗြဟ္မာကြီး လေးဦးတို့သည်၊ မြတ်စွာဘုရား၏ အထံသို့သွားရောက်ကြရန်၊ ကြံစိုးကို ပြဆိုအပ်သော စကားအစဉ်တည်း။ ။

(ဃ)(ပ) ဗြဟ္မာကြီးလေးဦးတို့ မြတ်စွာဘုရား အထံ ရောက်လာပုံ၊

(ဃ) ထိုမှနောက်၌၊ထိုဗြဟ္မာကြီးလေးဦးတို့သည်၊အား-အင်ဗလ၊ ပြည့်ဝ ကြီးမား သောသူသည်၊ ကွေးညွှတ်၍ ထားအပ်သော (လက်-မောင်း)ကို၊ (လျင်မြန်စွာ) ဆန့်တန်းဘိသကဲ့သို့ဂင်း။ ။ဆန့်တန်း၍ ထားအပ်သော (လက်မောင်း)ကို၊ (လျင်မြန်စွာ) ကွေးညွှတ်သကဲ့သို့ ဂင်း၊(လျင်မြန်စွာ)မိမိတို့နေရာ၊(**သုဒ္ဓါဝါသ**)ဗြဟ္မာဘုံမှ၊စုန်ဆင်း ကွယ်ခဲ့၍၊ မြတ်စွာဘုရားသျှင်မျက်မှောက်၊ ရှေတော်အောက်သို့၊ ရောက်လာကြကုန်၏။ ။

(င)(၃) အရှေ့စကြဝဠာမှ ရောက်လာသော ဗြဟ္မာမင်းကြီး၏ ချီးကျူးပုံဂါထာ

ထိုအခါ၊ ဗြဟ္မာကြီးလေးဦးတို့သည်၊ မြတ်စွာဘုရားကို ရှိခိုးပြီး၍၊ တင့်အပ် လျောက်ပတ်သော အရပ်၌ တည်နေကြပြီးလျှင်၊ အရှေ့စကြာဝဠာမှရောက်လာသောတဦးသော ဗြဟ္မာကြီးသည်၊မြတ်စွာဘုရားသျှင်၏ အထံ၌ အောက်၌ပါသော ဂါထာကိုရွတ်ဆိုလေ၏။

ဤအဓိပ္ပါယ်နှစ်ရပ်ကိုရည်၍၊ အောက်၌ပါသော ဒေသနာအစဉ်ကို၊ (သင်္ဂါယနာ)တင်တော်မူကြကုန်၏။

http://www.dhammadownload.com

(ဃ)(ပ)" အထဓေါ် တာဒေဝတာ သေယျထာပိနာမ၊ ဗလဝါ ပုရိသော သမဋ္ဌိတံဝါ ဗာဟံပသာရေယျ။ (လ)။ ပါတု-ရဟေသုံ။"

(c)(ဒု) အထဓေါ် တာဒေဝတာ ဘဂဝန်္တံ။ (လ)။
(c) မဟာ သမယော ပဝနသ္မိံ။(လ)။
ဒကွိတာယေ-အ-ပရာဇိတ-သံဃ-န္တိ။ ။

(စ) တောင်စကြာဝဠာမှ ရောက်လာသော ဖြဟ္မာမင်းကြီး၏ ချီးကျူးပုံဂါထာ

(စ) ထိုနောက်မှတဖန်၊တောင်စကြာဝဠာမှရောက်လာသော တဉူး သော ဖြဟ္မာကြီးသည်၊ မြတ်စွာဘုရားသျှင်၏အထံ၌၊ အောက်၌ ပါသောဂါထာကို ရွတ်ဆိုလေ၏။

(စ) တတြ-ဘိက္ခဝေါ-သမာဒဟံသု။ (လ)။
ဥန္ဒြိယာနိ-ရက္ခန္တိ-မဂ္ဂိတာ-တိ။ ။

(ဆ) အနောက်စကြာဝဠာမှ ရောက်လာသော ဖြဟ္မာမင်းကြီး၏ ချီးကျူးပုံဂါထာ

(ဆ) ထိုနောက်မှတဖန်၊အနောက်စကြာဝဠာမှရောက်လာသောတဉူး သော ဖြဟ္မာကြီးသည်။ မြတ်စွာဘုရားသျှင်၏အထံ၌ အောက်၌ ပါသော ဂါထာကို ရွတ်ဆိုလေ၏။

(ဆ) ဆေတ္တာ-ဒိလံ-ဆေတ္တာ-ပလိဃံ။ (လ)။
စက္ခုမတာ-သုဒန္တာ-သုသု-နာဂါ-တိ။ ။

(ဇ) မြောက်စကြာဝဠာမှ ရောက်လာသော ဖြဟ္မာမင်းကြီး၏ ချီးကျူးပုံဂါထာ

(ဇ) ထိုနောက်မှတဖန်၊ မြောက်စကြာဝဠာမှရောက်လာသော တဉူး သော ဖြဟ္မာကြီးသည်၊ မြတ်စွာဘုရားသျှင်၏ အထံ၌ အောက်၌ ပါသော ဂါထာကိုရွတ်ဆိုလေ၏။

http://www.dhammadownload.com

(၈) ယေကေစိ-ဗုဒ္ဓံ-သရဏံ-ဂတာသေ။ (လ)။
ဒေဝ-ကာယံ-ပရိ-ပူရေဿန္တိ-တိ။ ။

ဤသို့ပြဆိုအပ်ခဲ့ပြီးသော ပါဠိုတော်စကား အစဉ်ဖြင့်၊ ထို ဖြဟ္မာကြီးလေးဥုးတို့သည်၊ ဖြဟ္မာဘုံမှ၊ စုန်ဆင်းကွယ်ပြီး၍၊ မြတ်စွာဘုရားသျှင်၏ မျက်မှောက်၊ ရှေ့တော်အောက်၌၊ ထင်ရှား ဖြစ်လာခြင်း။ မြတ်စွာဘုရားသျှင်ကို၊ ကြည်လင် ပျော်မွေ့၊ ရှိခိုးပြီး၍ တင့်အပ်လျောက်ပတ်သော အရပ်၌တည်နေပြင်းတို့သည်၊ တပြိုင်နက်တည်းကဲ့သို့ အဖိပ္ပါယ်ရောက်၏။ ။ထိုသို့ဖြစ်သော်လည်း၊ ဤကဲ့သို့ မမှတ်ယူအပ်ချေ။ ။အောက်ဂို့ ပြုပုံအပ်သောနည်းဖြင့်သာ အဓိပ္ပါယ် ကောက်ယူ၏။

ထိုဖြဟ္မာကြီး လေးဥုးတို့တွင်၊ တဥုးသော ဖြဟ္မာကြီးသည်၊ မြတ်စွာဘုရား၏အထံသို့ ရောက်လာပြီးလျှင်၊ ဒီဃဂြဟ္မာတို့နေစဉ် ကပင်ဖွဲ့သိစီးဥုးဖဲ့သော (**ပါဠိ-ဂါထာ**) ကို၊ ဂျက်ဆိုပြီးလျှင်၊ နေရပ်ကပါး၊ ရွှေ့ဝါသွားပြီးနောက်မှ၊ တဥုးသောဖြဟ္မာကြီးနောက် လာကြောင်းကို၊ အဋ္ဌကထာဂို့ ဖွင့်ပြ၏။ ။(တဥုးနောက်လာကြီးနောက်မှ၊ တဥုးရောက်လာ၏ဟူလို။ ။)

ထိုစကားအကြောင်းကို၊ ဆက်ဂံ အာဏာပြုပြီးခဲ့။

---

(၄) အရှေ့ကြာဝဠဉာမှရောက်လာသော ဖြဟ္မာမင်းကြီး၏ချီးကျူးပုဂါထာ

(၁) ထို ဖြဟ္မာကြီး လေးဥုးတို့သည်၊ ဖြဟ္မာဘုံတကြွ၊ ကြက်စွာဘုရား သျှင်၏ မျက်မှောက်၊ ရှေ့တော် အောက်သို့၊ သွားရောက်ရန်၊ ကြံစည်ကြစဉ်ကပင်၊ မိမိတို့၏ စိတ်၌ နှစ်သက်ချစ်ခင်၊ အဖိပ္ပါယ်ကို၊ ကြံစည်၍ (**ပါဠိ ဂါထာ**) ကိုဆိုသီစီးဥုးဖဲ့၍၊ တဥုးသော ဖြဟ္မာကြီးသည်၊ အရှေ့ စကြာဝဠာ မျက်နှာပြု၍ သက်ဆင်း၏။

(၂) တဥုးသော ဖြဟ္မာကြီးသည်၊ တောင် စကြာဝဠာ မျက်နှာ ရစ်ပြုသက်ဆင်း၏။

http://www.dhammadownload.com

(၃) တဥုးသော ဗြဟ္မာကြီးသည်၊အနောက် စကြာဝဠာမျက်နှာရစ်၌သက်ဆင်း၏။

(၄) တဥုးသော ဗြဟ္မာကြီးသည်၊ မြောက်စကြာဝဠာ မျက်နှာရစ်၌သက်ဆင်း၏။

(၅) ထိုနောက်မှ၊ အရှေ့ စကြာဝဠာ မျက်နှာရစ်၌၊ ဆင်းသက်လာသော ဗြဟ္မာကြီးသည်၊ ပဒုံးရောင်ကဲ့သို့၊ ညိုမှောင်သော အဆင်းအရောင်ကို ဖြစ်စေနိုင်သော (**နီလ**) ကသိုဏ်းကို ဝင်စား၍ မည်းနက် ညိုမှောင်၊ ပဒုံးရောင်အဆင်း ရှိသော (**နီလ**) ရောင်ရည်တော်ကို လွှတ်လျက်၊ စကြာဝဠာပေါင်း၊ တသောင်းသော လောကဓာတ်တို့မှ လာကြကုန်သော နတ်ဗြဟ္မာ အပေါင်းတို့အား၊ မည်းနက် ညိုမှောင်သော အဆင်းရှိသော အဝတ်ကို၊ ဖုံးလွှမ်းခြုံရုံ၍ ထားဘိသကဲ့သို့ပြု၍၊ မိမိ၏ ဆင်းသက်လာခဲ့သည့်အဖြစ်ကို၊ သိစေပြီးလျှင်၊ မြတ်စွာဘုရားသျှင်၏ အထံသို့သွားသော, ရှေ့ရှုတူရှုဖြစ်သော လမ်းကြောင်းလာပြီးလျှင်၊ မြတ်စွာဘုရားအား ရှိခိုး၍ တင့်အပ်လျောက်ပတ်သော အရပ်၌တည်ပြီးလျှင်၊ မိမိ ဖွဲ့သီစီကံုး ခဲ့သော—

(၃) (**မဟာသမယော-ပဝနသ္မိံ**။(လ)။
ဒက္ခိတာယေ-ဘာ-ပရာဓိတ-သံဃ-ဘိန္နိ။)

ဟူသော ဂါထာကိုရွတ်ဆို၏။

ထိုသို့ရွတ်ဆိုပြီးလျှင်၊ မိဂလာခဲ့ရင်းဖြစ်သော အရှေ့စကြာဝဠာ မျက်နှာရစ်သို့ပင် သွား၍ မြတ်စွာဘုရားသျှင်အား ဖူးမြင်လျက် ရပ်တည်နေ၏။

(စ) တောင်စကြာဝဠာမှရောက်လာသော ဗြဟ္မာမင်းကြီး၏ချီးကျူးပုံဂါထာ

(စ) ထိုနောက်မှ၊ တောင် စကြာဝဠာ မျက်နှာရစ်၌၊ ဆင်းသက်လာသော ဗြဟ္မာကြီးသည်၊ဝင်းဝါထိန်ပြေ၊ ဝါ-ရွှေသော အဆင်းကို ဖြစ်စေနိုင်သော (**ဒီတ**) ကသိုဏ်းကို ဝင်စား၍၊ဝင်း-ဝါထိန်ပြေ၊ ဝါ-ရွှေသော အဆင်းရှိသော (**ဒီတ**) ရောင်ခြည်တော်ကို လွှတ်

http://www.dhammadownload.com

လျက်၊ စကြာဝဠာပေါင်း၊ တသောင်းသော လောကဓာတ်မှ လာ
ကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား၊ ရှေးပြုပြီး၍၊ ဗုဒ္ဓ
မြတ်ရုံ၍၊ ထားဘိသကဲ့သို့ပြု၍၊ မိမိ၏ ဆင်းသက်လာရာသည့်အရပ်
ကို၊ သိစေပြီးလျှင်၊ မြတ်စွာဘုရား၏အထံသို့ သွားသောရှေးရှု
ဖြစ်သော လမ်းဖြင့်လာပြီးလျှင်၊ မြတ်စွာဘုရားအား၊ ရှိခိုး၍
တင့်အပ် လျောက်ပတ်သောအရပ်၌ တည်နေပြီးလျှင်၊ မိမိ
ဖွဲ့သီစီကုံးခဲ့သော–

(စ) (တကြွ-ဘိက္ခဝေ၊–သမာဒဟံသု။(လ)။
ဒုဒ္ဒိန္နိယာ-ရက္ခန်-ပဏ္ဍိတာ-တိ။)

ဟူသောဂါထာကို ရွတ်ဆို၏။

ထိုသို့ရွတ်ဆိုပြီးလျှင်၊ မိမိလာခဲ့ရင်းဖြစ်သော ဟောင် စကြာ
ဝဠာ မျက်နှာရစ်သို့ပင်သွားပြီ မြတ်စွာဘုရားအား၊ ဦးခြင်း
လျက်ရပ်တည်နေ၏။

(ဆ) အနောက်စကြာဝဠာမှရောက်လာသော ဗြဟ္မာမင်းကြီး၏ချီးကျူးပုံဂါထာ

(က) ထိုနောက်မှ၊ အနောက်စကြာဝဠာ မျက်နှာမှစ်၍၊ ယင်းသတ်
လာသော ဗြဟ္မာကြီးသည်၊ ဖူးမြင်းသော အယင်းအဝေးဝင်းကို၊ ကြာ
စေနိုင်သော(**လောဟိတ**)ကသိုက်းကို ဝင်စားပြီး၊ ဖူးမြင်းသော
ကဗ္ဗဟာ၊ လဲ-ဝါပွင့်-ခေါင်းရမ်း-ပွဲကွဲသို့၊ မိုးခြိန်းသော အယင်း
အရောင် ရှိသော (**လောဟိတ**) ရောင်ပြည်တော်ကို၊ တိုက်
လျက်၊ စကြာဝဠာပေါင်း၊ တသောင်းသော လောကဓာတ်မှ
လာကြကုန်သော နတ်ဗြဟ္မာ အပေါင်းကိုအား၊ ဖူးမြင်းသော
အသင်းရှိသော အပတ်ပြင့်၊ ပုံးလွှဲခြင်းရှိသော ဟားသိသကဲ့သို့ ပြု
၍၊ မိမိ၏ ဆင်းသက်လာရာသည့် အရပ်ကို၊ သိစေပြီးလျှင်
ရှေးနည်းအတူလာ၍ ရပ်လျက်၊ ဤ ဖွဲ့သီစီကုံး သော -

(ဆ) (ဆေတွာ-ခီလံ-ဆေတွာ-ပလိဃံ။(လ)။
စက္ခုမကာ-သုဒန္တာ–သုသုနာဂါ-တိ။)

ဟူသော ဂါထာကို ရွတ်ဆို၏။

http://www.dhammadownload.com

ထိုသို့ ရွတ်ဆိုပြီးလျှင်၊ မိမိလာခဲ့ရင်း ဖြစ်သော အနောက် စကြာဝဠာမျက်နှာရစ်သို့ပင် သွား၍ မြတ်စွာဘုရားသျှင်အား၊ ဖူးမြင်လျက်ရပ်တည်နေ၏။

(၈) မြောက်စကြာဝဠာမှ ရောက်လာသော ဗြဟ္မာမင်းကြီး၏ ချီးကျူးပုံ ဂါထာ

(၈) ထိုနောက်မှ၊ မြောက် စကြာ ဝဠာ မျက်နှာ ရစ်၌၊ ဆင်းသက်လာသော ဗြဟ္မာကြီးသည်၊ ဖြူသော အဆင်းအရောင်ကို ပြစ်စေနိုင်သော (**သဒါတ**) ကသိုဏ်းကို ဝင်စား၍၊ ဖြူသော အရောင်ရှိသော (**သဒါတ**) ရောင်ခြည်တော်ကို လွှတ်လျက်၊ စကြာဝဠာပေါင်း တသောင်းသောလောကဓာတ်မှ လာကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား၊ ဖြူသော အဆင်းရှိသော အဝတ်ပုဆို ဝိုးဝိုင်းခြုံငှဲ့၍ ထားဘိသကဲ့သို့ပြု၍၊ မိမိ၏ဆင်းသက်လာခဲ့သည့် အကြစ်ကိုသိစေပြီးလျှင်၊ ရှေးနည်းအတူ၊ လာ၍ ရပ်လျက်၊ မိမိဖွဲ့သီစီကုံးခဲ့သော—

(၈) (ယေကေစိ-ဗုဒ္ဓံ-သရဏံ-ဂတာသေ။ (လ)။
ဒေဝ-ကာယံ-ပရိ-ပူရေသန္တိ တိ။

ဟူသော ဂါထာကို ရွတ်ဆို၏။

ထိုသို့ရွတ်ဆိုပြီးလျှင်၊ မိမိလာခဲ့ရင်းဖြစ်သော မြောက်စကြာဝဠာမျက်နှာရစ်သို့ပင် သွား၍ မြတ်စွာဘုရားသျှင်အား၊ ဖူးမြင်လျက် ရပ်တည်နေ၏။

ဤသည်ကား၊ အဋ္ဌကထာ၌ ဖွင့်ပြပုံနည်းအားဖြင့်၊ ဗြဟ္မာကြီးလေးဦးတို့သည်၊ (**သုဒ္ဓါဝါသ**) ဘုံမှ၊ ဗုဒ္ဓသာသနာတော်ဟောင်း၌ မြတ်စွာဘုရားသျှင်၏ မျက်မှောက်၊ ရှေတော်ဒေါက်သို့ လာရောက်ကြပုံကို၊ စုပေါင်းပြဆိုအပ်သော စကားအစဉ်တည်း။

(၈) နတ်ဗြဟ္မာအပေါင်းတို့ရောက်လာပုံ

(၈) ဤသို့ ဗုဒ္ဓဘုန်းတော်ကပါးရှင်၊ မြတ်စွာဘုရား သခင်သည်၊ စကြာဝဠာပေါင်း၊ တသောင်းယောဇဉ်၊ လောကဓာတ်တို့မှ၊ နတ်ဗြဟ္မာ အ

http://www.dhammadownload.com

ပေါင်းတို့၊ စည်းဝေးရောက်လာကြသည်ကို၊ကြည့်ရှုတော်မူသည်ရှိသော်၊ (**မဟာဝုန်**)တောမြေအပြင်မှ၊ စကြာဝဠာနဓမ်းဝသို့တိုင်အောင်၎င်း, အထက်အကနိဋ္ဌ ဗြဟ္မာဘုံသို့တိုင်အောင်၎င်း, နတ်ဗြဟ္မာအပေါင်းတို့ဖြင့် ပြည့်နှက်၍ နေသော အစည်းအဝေး ပွဲကြီးကိုမြင်တော်မူ၍ ဤနတ်ဗြဟ္မာတို့၏၊ အစည်းအဝေးပွဲကြီးသည်၊ အလွန်ကြီးကျယ်၍ နတ်ဗြဟ္မာအပေါင်းတို့ဖြင့်၊ ပြည့်နှက်၍ နေလတ်၏တကား။

ဤရဟန္တာပုဂ္ဂိုလ် ငါးရာတို့သည်၊ ဤမျှ ကြီးကျယ်များပြားသော နတ်ဗြဟ္မာတို့၏ အစည်းအဝေးပွဲကြီးကို၊ သိမြင်ကြမည်မဟုတ်ချေ။ ။ ယခုအခါ၊ ထိုရဟန္တာပုဂ္ဂိုလ်ငါးရာတို့အား၊ ပြောကြားအံ့ဟု ကြံတော်မူ၍ရဟန်းတို့ကို ခေါ်တော်မူ၏။

အို....ငါ၏ချစ်သား၊ ရဟန်းများတို့။

တသောင်းသောစကြာဝဠာလောကဓာတ်မှ၊ နတ်ဗြဟ္မာအပေါင်းတို့သည်၊ ညီညွတ်ဖြဖြ၊ စည်းဝေးကြ၏၊ ဘုန်းခြောက်ပါးရှင်၊ ငါဘုရားသခင်ကိုပင်၊ ငါဘုရားသျှင်၏တပည့်သား၊ရဟန်းအပေါင်းကိုပင်၊ ဖူးမြင်ခြင်းငှါ လာရောက်ကြကုန်၏။

(ည) အတိတ်ကာလ၌ဖြစ်ခဲ့ပုံ

အို....ငါ၏ချစ်သား၊ ရဟန်းများတို့။

(ည) ရှေးလွန်လေပြီးသောအတိတ်ကာလ၌၊ လူနတ်ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့၏ညွတ်ပျောင်းကော်ရော်၊ပူဇော်ရာအထူးကိုခံယူလျက်၊သစ္စာလေးအင်၊ ဟရားအစဉ်ကို သိမြင်တော်မူကြကုန်သော အကြင်မြတ်စွာဘုရားတို့သည်၊ မြစ်ထွန်း ပွင့်ပေါ်၍သွားကြကုန်ပြီ။

ထိုမြတ်စွာဘုရားသျှင်တို့၏ လက်ထက်တော် အခါ၌လည်း၊ ဤယခုငါဘုရားသျှင်၏ မျက်မှောက်၊ရှေတော်အောက်၌၊ လာရောက်ကြရာ၊ များပြားကုန်သကဲ့သို့၊ ထိုနည်းတူစွာ၊ထိုနတ်ဗြဟ္မာအပေါင်းတို့သည်၊သောင်းသောင်းအုတ်အာ၊စည်းဝေးကာဖြင့်၊ များစွာ လာရောက် ဖူးမျှော်ကြကုန်ဘူးလေပြီ။

http://www.dhammadownload.com

(၄) အနာဂတ်ကာလ၌ ဖြစ်လတ္တံ့ပုံ

(အို)....ငါ၏ချစ်သား၊ ရဟန်းများတို့။

(၄) အသစ်နောက်ခါ၊ရောက်လာလတ္တံ့ဖြစ်သော အနာဂတ်အခါ၌ လည်း၊ လူနတ်ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့၏၊ ညွတ်ပျောင်းကော်ရော်၊ ပူဇော်ရာ အထူးကို ခံယူလျက်၊ သစ္စာလေးအင်၊ တရားအစဉ်ကို၊ သိမြင်တော်မူကြကုန်သော အကြင်မြတ်စွာဘုရားသျှင်တို့သည်၊ ဖြစ်ထွန်းပွင့်ပေါ်လာကုန်ဦးအံ့။

ထိုမြတ်စွာဘုရားသျှင်၏၊ လက်ထက်တော်သို့၊ ရောက်သောအခါ၌ လည်း၊ ဤယခုငါဘုရားသျှင်တို့၏ မျက်မှောက်၊ ရှေ့တော်အောက်၌၊ လာရောက်ကြရာ၊ များပြားကုန်သကဲ့သို့၊ ထိုနည်းတူစွာ၊ ထိုနတ်ဗြဟ္မာ အပေါင်းတို့သည်၊သောင်းသောင်းအုတ်အာ၊စည်းဝေးကာဖြင့်၊လာရောက်ဖူးမျှော်ကြကုန်လတ္တံ့။

ဤသို့အားဖြင့်၊ ဘုန်းခြောက်ပါးရှင်၊ မြတ်စွာဘုရားသခင်သည်၊ အတိတ်၊ အနာဂတ်၊ နှစ်ရပ်သောကာလကို ပေါင်းစပ်၍၊ ဤပစ္စုပ္ပန်, ဝတ္ထုကိုဟောတော်မူအပ်၏။

ဤအဓိပ္ပါယ်ကို ရည်၍ အောက်၌ပါသော ဒေသနာ အစဉ်ကို၊ (သင်္ဂီယနာ)တင်တော်မူကြကုန်၏။

(စျ) အထခေါ ဘဂဝါဘိက္ခူ။အာမန္တေသိ။(လ)။
ဒဿနာယ ဘိက္ခုသံဃဿ။ ။

(ည) ယေဟိတေ ဘိက္ခဝေ အဟေသုံ၊ အတီတမဒ္ဓါနံ၊
အရဟန္တော သမ္မာသမ္ဗုဒ္ဓါ။(လ)။
သေယျထာပိ မယံ ဧတရဟိ။ ။

---

(၄) ယေပိတေ ဘိက္ခဝေ ဘဝိဿန္တိ၊ အနာဂတမဒ္ဓါနံ၊
အရဟန္တော်သမ္မာသမ္ဗုဒ္ဓါ။(လ)။
သေယျထာပိမယံကေရဟိ။ ။

http://www.dhammadownload.com

(၄) ရောက်လာသောနတ်,ဖြဟ္မာ တို့၏ အမျိုးအနွယ် အမည်,ကို ဟောကြားအံ့-ဟု၊ တာဝန်ခံပုံ

(၄) ထိုနောက်မှတဖန်၊ နတ်ဖြဟ္မာ အပေါင်းတို့သည်၊ ဤသို့ အကြံ ဖြစ်ကြကုန်၏။

ဘုန်းခြောက်ပါးရှင်၊ မြတ်စွာဘုရားသခင်သည်၊ ဤမျှလောက် များပြားသော နတ်ဖြဟ္မာတို့၏ အစည်းအဝေးပွဲကြီး၌၊ တန်းခိုးအာနုဘော် ကြီးမားလျက်၊ထက်မြက် ထင်ရှား ကျော်ဇောသော နတ်ဖြဟ္မာတို့၏ အမျိုး-အမည်-အနွယ်ကိုသာ၊ထုတ်ဖော်ပိုင်းခြား၊ဟောကြားတော်မူချို့မဲ့ မည်။ ။ဘုန်းကံတန်းခိုး၊ အမျိုး-အနွယ်၊ သေးငယ်သော နတ်ဖြဟ္မာတို့၏အမည်-အနွယ်ကို၊ ထုတ်ဖော်ပိုင်းခြား၍ မဟောကြားလတ္တံ့-ဟု၊ အကြံဖြစ်ကြကုန်၏။

ထိုအခါ၊ မြတ်စွာဘုရားသည်၊ ဤနတ်ဖြဟ္မာအပေါင်းတို့သည်ကား၊ အဘယ်သို့ အကြံအစည် ဖြစ်ကြကုန်သနည်း-ဟုဆင်ခြင်တော် မူလတ်သော်၊ ခံတွင်းဦလက်ကိုသွင်း၍၊ နှလုံးသားကို ကြိတ်ချေဘိသကဲ့သို့ဌင်း၊ ခိုးထုပ်ခိုးထည်နှင့်တကွသော ခိုးသူကို၊ ဖမ်းယူမိသကဲ့သို့ဌင်း၊ ထိုနတ်ဖြဟ္မာအပေါင်းတို့၏ စိတ်အကြံကိုသိတော်မူ၍ ထိုနတ်ဖြဟ္မာ အပေါင်းတို့၏ စိတ်နှလုံးကို နှုးညံ့သိမ်မွေ့စေခြင်းအကျိုးငှါ၊ တသောင်းသော စကြာဝဠာမှ၊ လာတိုင်း,လာတိုင်း ကုန်သော နတ်ဖြဟ္မာ အပေါင်းတို့တွင်၊ တန်းခိုး- အကြီး,အငယ်ကိုဌင်း။ ။အမျိုး-အကြီး,အငယ်ကိုဌင်း။ ။အနွယ်-အကြီး,အငယ်ကိုဌင်း။ ။မရွေးချယ်မူ၍အလုံးစုံသော နတ်ဖြဟ္မာတို့၏၊ အမျိုး-အမည်-အနွယ်ကိုပင်၊ထုတ်ဖော်ပိုင်းခြား ဟောအံ့--ဟုစိတ်၌ညွတ်တော်မူ၏။

(၄-၁) [အို]ငါ၏ချစ်သား၊ ရဟန်းများတို့။
နတ် ဖြဟ္မာအပေါင်းတို့၏ အမျိုးအမည်ကို၊ [သင်]
ချစ်သားတို့အား၊ ညွှန်ကြားပေအံ့။

(၄-၂) [အို]ငါ၏ချစ်သား၊ ရဟန်းများတို့။
နတ် ဖြဟ္မာ အပေါင်းတို့၏ အမျိုး အမည်ကို၊ [သင်]
ချစ်သားတို့အားပြောကြားပေအံ့။

http://www.dhammadownload.com

(၄-၃) [အို]....ငါ၏ချစ်သား၊ ရဟန်းများတို့။
နတ် ဗြဟ္မာ အပေါင်းတို့၏ အမျိုး အမည်ကို၊ [သင့်]
ချစ်သားတို့အား၊ ဟောကြားပေဒဲ့။

[သင်] ချစ်သားတို့သည်၊ ငါဘုရားသျှင်- ဟောကြားလတ္တံ့သော
စကားကို၊ နားစေ့စေ့ထောင်ကြကုန်လော့။

ကောင်းစွာ နှလုံးသွင်းကြကုန်လော့။

ငါ-ဘုရားသျှင်သည်၊ ဟောကြားလတ္တံ့-ဟု၊ တိုက်တွန်းသောစကား
ကို၊မိန့်ကြားတော်မူ၏။

ထိုအခါ ရဟန်းတို့သည်၊ကောင်းမြတ်လှပါပြီဘုရား-ဟု၊ညွတ်တွား
ဝပ်လျှိုး၊ရှိခိုးလျှောက်ထား၍ ဝန်ခံကြကုန်၏။

ထိုစကားကို၊ထင်ရှားအောင်ပြဦးအံ့။

မြတ်စွာဘုရားသျှင်တို့သည်၊ သတ္တဝါအပေါင်းတို့ထက်၊ ကြီးကဲမြင့်
မြတ်သော ပုဂ္ဂိုလ်ဖြစ်တော်မူ၏။ ။ထို့ကြောင့်၊ နတ်နှင့်တကွသော
(သတ္တလောက)ကြီးသည်၊ သိအပ်, ကြားအပ်သော အကြင် အကြင်
အာရုံများသည်ရှိ၏၊ ထိုထိုအာရုံများသည်၊ မြတ်စွာဘုရား၏ ဉာဏ်တော်
ကွန်ရက်-အဝ-၌၊ထင်ခြင်းသို့ မရောက်သော အာရုံများမည်သည်မရှိ။ ။
အလုံးစုံသော အာရုံများသည်၊ မြတ်စွာဘုရား၏ ဉာဏ်တော်ကွန်ရက်
အတွင်းသို့၊ သက်ဆင်းကျရောက်ကြရသည် ချည်းသာဖြစ်၏။ ။အပိတ်
အပင် အဆီး-အတားမရှိသောဉာဏ်ဖြင့်၊ ထိုအလုံးစုံသော အာရုံတို့ကို
သိမြင်တော်မူ၏။ ။ထို့ကြောင့်၊ အလုံးစုံသော ထို နတ်, ဗြဟ္မာတို့၊ကို၊
ကျွတ်ထိုက်သောနတ်,ဗြဟ္မာ၊မကျွတ်ထိုက်သော နတ်,ဗြဟ္မာတို့၏အစွမ်း
အားဖြင့်၊နှစ်မျိုးပိုင်းခြားတော်မူ၏။

ထိုနှစ်မျိုးတို့တွင်-

(က) မကျွတ်ထိုက်သောသတ္တဝါတို့ကို၊ တကျောင်းတည်း၌ အတူ
နေသော်လည်း၊ကြည့်ရှုတော်မမူကုန်။

(ခ) ကျွတ်ထိုက်သော သတ္တဝါတို့ကိုမူ၊ အဝေးဌာနေသော်လည်း၊
ကြွသွားလျက် သဂြိဟ်ချီးမြှင့်တော်မူ၏။

http://www.dhammadownload.com

ထို့ကြောင့်၊ ထိုနတ်ဗြဟ္မာတို့၏ အစည်းအဝေးပွဲကြီးဌာ၊ အကြင်နတ်ဗြဟ္မာတို့သည်၊ အရိယာပုဂ္ဂိုလ်အဖြစ်ဖြင့်၊ မကျွတ်ထိုက်ကုန်၊ ထိုနတ်ဗြဟ္မာတို့ကိုပယ်၍၊ အရိယာပုဂ္ဂိုလ်အဖြစ်ဖြင့်၊ ကျွတ်ထိုက်သောနတ်ဗြဟ္မာတို့ကို၊ပိုင်းခြား၍သိမ်းယူတော်မူ၏။

ထိုနောက်၊ဤ နတ် ဗြဟ္မာ အပေါင်း တို့တွင်--

၁။ ဤ မျှလောက်သော နတ် ဗြဟ္မာ တို့သည်၊ ရာဂ--သဘော၊ ထူပြောများပြားကုန်၏။

၂။ ဤမျှလောက် သော နတ် ဗြဟ္မာ တို့သည်၊ ဒေါသ-သဘော၊ ထူပြောများပြားကုန်၏။

၃။ ဤမျှလောက် သော နတ် ဗြဟ္မာ တို့သည်၊ မောဟ-သဘော၊ ထူပြောများပြားကုန်၏။

၄။ ဤမျှလောက် သော နတ် ဗြဟ္မာ တို့သည်၊ ဝိတက်-သဘော၊ ထူပြောများပြားကုန်၏။

၅။ ဤမျှလောက် သော နတ် ဗြဟ္မာ တို့သည်၊ သဒ္ဓါ-သဘော၊ ထူပြောများပြားကုန်၏။

၆။ ဤမျှလောက် သော နတ် ဗြဟ္မာ တို့သည်၊ ပညာ--သဘော၊ ထူပြောများပြားကုန်၏။

ဤသို့စရိုက်၏ အစွမ်းဖြင့်၊ ခြောက်ခုသော အာဘိအစုကိုပြုတော်မူပြန်၏။

ထိုနောက်မှ၊ ထိုသို့ ကျွတ်ထိုက်သော နတ် ဗြဟ္မာ တို့အားလည်း၊ သင့်လျော်လျောက်ပတ်သော တရားအထူးကို၊စူးစမ်းတော်မူပြန်သော်-

(၁) ရာဂ-သဘော၊ ထူပြော များပြားသော နတ် ဗြဟ္မာတို့အား၊ (သမ္မာပရိဗ္ဗာဇနီယ)သုတ်ကိုဟောအံ့။

(၂) ဒေါသ-သဘော၊ ထူပြောများပြားသော နတ်ဗြဟ္မာတို့အား၊ (ကလဟဝိဝါဒ)သုတ်ကိုဟောအံ့။

(၃) မောဟ-သဘော၊ ထူပြောများပြားသော နတ်ဗြဟ္မာတို့အား၊ (မဟာဗြူဟ)သုတ်ကိုဟောအံ့။

(၄) ဝိတက်-သဘော၊ထူပြောများပြားသော နတ်ဗြဟ္မာ ကိုအား၊ (စူဠဗြူဟ)သုတ်ကိုဟောအံ့။

http://www.dhammadownload.com

(၅) သဒ္ဓါ-သဘော၊ထူပြော များပြားသော နတ် ဗြဟ္မာ တို့အား၊ (တုဝဋ္ဋက)သုတ်ကိုဟောအံ့။

(၆) ပညာ-သဘော၊ထူပြော များပြားသော နတ် ဗြဟ္မာ တို့အား၊ (ပုရာဘေဒ)သုတ်ကိုဟောအံ့။

ဤသို့အားဖြင့်၊ဒေသနာအစဉ်ကို ဆင်ခြင်ပိုင်းခြားတော်မူပြန်၏။

(၁) ထိုနောက်မှ၊ထိုနတ်ဗြဟ္မာ အပေါင်းကို၊ ငါ၏အလိုအားဖြင့် အားထုတ်၍ ဟောအပ်သော တရားကို၊သိရာအံ့လော။

(၂) ငါဘုရားသျှင်မှတပါး၊ ဤ(**မဟာဝုန်**)တောသို့၊ စည်းဝေးရောက်လာသော နတ် ဗြဟ္မာ အပေါင်း တို့တွင်၊ တဉူးတယောက်သောသူ၏ အလိုအားဖြင့်၊ အားထုတ်၍ ဟောအပ်သော တရားကို၊သိရာအံ့လော။

(၃) ဤ(**မဟာသမယ**)သုတ်၌ လာသော အတ္ထုပ္ပတ္တိ ဖြင့်၊ အားထုတ်၍ ဟောအပ်သော တရားကို၊ သိရာအံ့လော။

(၄) သူတပါးတို့၊ မေးမြန်းအပ်သော၊ ပုစ္ဆာ၏ အစွမ်းအား ဖြင့်၊ အားထုတ် ၍ ဟောအပ်သော တရား ကို၊ သိရာအံ့လော၊ ဤသို့အားဖြင့်၊စိတ်၌ဆင်ခြင်တော်မူပြန်၏။

ထိုနောက်မှတဖန်၊ (၄) အမေးပုစ္ဆာ၏ အစွမ်းဖြင့်၊ အားထုတ်၍ ဟောအပ်သော တရားကို၊သိရာ၏ဟု၊ သိမြင်တော်မူ၍၊နတ်တို့၏ အလိုကို ယူ၍ စရိုက် ၏ အစွမ်းအားဖြင့်၊ အမေးပုစ္ဆာကို မေးခြင်းငှါ၊ စွမ်းနိုင်သော တစုံတယောက်သော ရဟန်းသည်၊ ရှိ၏လော-ဟု၊ ဆင်ခြင်တော်မူလတ်သော်၊ ငါးရာသော ရဟန္တာပုဂ္ဂိုလ်တို့တွင်၊ တစုံတယောက်သော ရဟန္တာ ပုဂ္ဂိုလ် မျှလည်း၊ မစွမ်းနိုင်ရာသည်ကို မြင်တော်မူ၏။

ထိုနောက်မှ၊ ရှစ်ကျိပ်သော မဟာသာဝက၊ နှစ်ပါးသော အဂ္ဂသာဝက-တို့ကို၊ နှလုံးသွင်းတော် မူပြန်လတ်သော်၊ ထိုမဟာသာဝက၊ အဂ္ဂသာဝကတို့သည်လည်း၊ မစွမ်းနိုင်ရာသည်ကို မြင်တော်မူပြန်၏။

ထိုနောက်မှတဖန်၊ ပစ္စေကဗုဒ္ဓါသည်၊ အကယ်၍ ဖြစ်ငြားအံ့၊ စွမ်းနိုင်ရာအံ့လောဟု၊ ဆင်ခြင်တော် မူလတ်သော်၊ ထို ပစ္စေကဗုဒ္ဓါ သည်လည်း၊ မစွမ်းနိုင်ရာသည်ကို မြင်တော်မူပြန်၏။

http://www.dhammadownload.com

ထိုနောက်မှတဖန်၊ သိကြား,သုယာမ, အစရှိသည် တို့တွင်၊ တစုံ ဘယောက်သော သူသည်၊ စွမ်းနိုင်အံ့လောဟု၊ နှလုံးသွင်းတော်မူပြန် ဟတ်သော်၊ မစွမ်းနိုင်ရာသည်ကို၊ မြင်တော်မူပြန်၏။

ထိုစကားမှန်၏။ ။ဤအရာ၌၊ ပစ္စေကဗုဒ္ဓါ, သိကြား, သုယာမ,အစရှိသည်တို့တွင်၊ တစုံတယောက်သော သူသည်၊ အကယ်၍ စွမ်းနိုင်ငြားအံ့၊ ထိုစွမ်းနိုင်သောသူကို၊ မေးမြန်းစေ၍ ကိုယ်တော်မြတ်သည်၊ ဖြေဆိုရာ၏၊ ထိုပုဂ္ဂိုလ်တို့တွင်လည်း၊ တစုံတယောက်မျှ မစွမ်းနိုင်ရာချေ။

ထိုအခါ၊ မြတ်စွာဘုရားအား၊ ဤသို့တဖန်၊ စိတ်အကြံဖြစ်ပြန်၏၊ ငါကဲ့သို့သော ဘုရားသျှင်သည် သာလျှင် စွမ်းနိုင်ရာ၏။ တစုံတခုသောအရပ်၌၊ငါမှ တပါးသော ဘုရား သျှင်သည်၊ရှိ၏လော-ဟု၊ကြံစည်၍ အဆုံးမရှိသော၊ လောကဓာတ်၌ အဆုံးမရှိသော သဗ္ဗညုတဉာဏ်တော်ကို ဖြန့်၍ကြည့်ရှုတော် မူလတ်သော်၊ တဆူသော ဘုရားသျှင်ကိုမျှ မြင်တော်မမူချေ။

ဤသို့မိမိနှင့်တူသော ဘုရားသျှင်ကိုမျှ၊ မမြင် မတွေ့၍ ကြံစည်တော်မူပြန်၏။ ။ငါဘုရားသျှင် ကိုယ်တိုင်မေးမြန်း၍ ငါဘုရားသျှင်သည် ပင်လျှင်၊ (အကယ်၍) ဖြေဆိုငြားအံ့။ ဤသို့ဖြေဆိုသည်ရှိသော်၊ နတ်ဗြဟ္မာတို့သည်၊ ထိုးထွင်း၍ သိခြင်းငှါ၊ မစွမ်းနိုင်ကုန်လတ္တံ့။

တဆူသော ဘုရားသျှင်၊ မေးမြန်းအပ်သော အရာကို၊ ငါဘုရားသျှင် ဖြေဆိုအပ်သည်ရှိသော်၊မြစ်စဉ်းဆူးကဲ့ အံ့သြဘွယ်သည်ဖြစ်လတ္တံ့။

နတ်တို့သည်လည်း၊ ထိုးထွင်း၍ သိခြင်းငှါ စွမ်းနိုင်ကုန်လတ္တံ့။

ထို့ကြောင့်၊ ကိုယ်တော်မြတ်နှင့် သဏ္ဌာန်တူသော (**နိမ္မိတ**) မြတ်စွာဘုရားသျှင်ကို ဆောင်ယူ ဖန်ဆင်းအံ့—ဟုကြံ၍ အဘိညာဉ်၏ အခြေဖြစ်သော (**စတုဏ္ဍ**)ဈာန်ကို ဝင်စား၍၊ ထိုဈာန်မှ-ထ၍[**နိမ္မိတ**] ဖန်ဆင်းအပ်သော မြတ်စွာဘုရားသျှင်၏ သပိတ် သင်္ကန်းကို ကိုင်ခြင်း,ကူရှကြည့်ခြင်း,တစောင်းကြည့်ခြင်းအစရှိသည်-သည်၊ငါဘုရားသျှင်နှင့်တူသည်သာ ဖြစ်စေသတည်းဟု၊ ကာမာဝစရကြိယာစိတ်ဖြင့်၊ စီးကြန်းခြင်း(**ပရိကံ**) ကိုပြု၍၊အရှေ့ ယုဂန္ဓိုရ်တောင် အဝန်းမှ၊ လျင်မြန်စွာ ထွက်ပြေးလာ

http://www.dhammadownload.com

သော (**လ**) ဝန်းကို ဖေါက်ခဲ့၍ ထွက်လာသကဲ့သို့ (**နိမ္မိတ**) မြတ်စွာဘုရားသျှင်ကို (**ရူပါဝစရ**) ပဉ္စမစျာန်ကြီယာစိတ်ဖြင့်၊ အဓိဋ္ဌာန်ပြုတော်မူ၏။

နတ်ဗြဟ္မာအပေါင်းတို့သည်၊ထိုသို့ထွက်ပြူပေါ်လာသော (**နိမ္မိတ**) မြတ်စွာဘုရားသျှင်ကို၊ ဖူးမြင်ကြရ၍ (အချင်းတို့) (**လ**) ဝန်းတဆူ၊ ထွက်ပြူပေါ်လာသလော-ဟု၊ပြောဆိုကြကုန်၏။'

ထိုအခါ၊(**ပကတိ**)သော (**လ**) ဝန်းကို ကျော်လွန်၍ အလွန်နိုးကပ်ရောက်လာလတ်သည်ရှိသော်၊ဤအရာကား၊ (**လ**) ဝန်းမဟုတ်ချေ။ ။ (**ဓနု**) ဝန်းတဆူ၊ထွက်ပြူပေါ်လာ၏ဟု၊ ဆိုကြကုန်၏။

ထိုနောက်မှ တဖန်၊ အလွန် နိုးကပ် ရောက်လာ လတ် ပြန် သော်၊ ဤအရာကား၊(**ဓနု**)ဝန်းမဟုတ်ချေ။ ။နတ်တို့စံမြန်း၊ (**ဗိမာန်နန်း**) ပေတည်းဟု၊ ဆိုကြပြန်၏။

ထိုနောက်မှတဖန်၊အလွန်နိုးကပ် ရောက်လာလတ်ပြန်သော်၊ (**နတ်-ဗိမာန်**) မဟုတ်ချေ။ (**ဗြဟ္မာ**) ကြီးပေတည်းဟု၊ ဆိုကြပြန်၏။

ထိုနောက်မှ တဖန်၊ အလွန် နိုးကပ် ရောက်လာ လတ် ပြန် သော်၊ ဤအရာကား၊ (**ဗြဟ္မာ**) ကြီး မဟုတ်ချေ။ ။တဆူသော ဗုဒ္ဓမြတ်စွာဘုရားသျှင်သည်၊ ကွလာတော်မူ၏ဟု၊ ဆိုကြပြန်၏။

ထိုအခါ၊ အညီအညွတ် စည်းဝေး ရောက်လာကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့တွင်၊ ပုထုဇဉ်ဖြစ်သော နတ်ဗြဟ္မာတို့သည်၊ ဤသို့ကြံကုန်၏။ ။တဆူသော ဘုရားသျှင်၏အထံ၌၊ ဤ နတ်, ဗြဟ္မာတို့၏ အစည်းအဝေး ပွဲကြီးသည်၊ ဤမျှများပြားတုံသေး၏။ ။နှစ်ဆူသော ဘုရားသျှင်၏အထံ၌၊ အဘယ်မျှလောက် များပြားသည် ဖြစ်လတ္တံ့နည်းဟု၊ ကြံကြကုန်၏။

အရိယာ ဖြစ်သော နတ်, ဗြဟ္မာတို့သည်၊ ဤသို့ကြံကုန်၏။ ။တခုသော လောကဓာတ်၌၊ နှစ်ဆူသော ဘုရားသျှင်တို့မည်သည်၊ ပွင့်ရှိးထုံးစံ မရှိကုန်။ ။စင်စစ်အားဖြင့်၊ မြတ်စွာဘုရားသျှင်သည်၊ကိုယ်တော်မြတ်နှင့် အတူ၊ တဆူသော (**နိမ္မိတ**) မြတ်စွာဘုရားသျှင်ကို၊ ဆောင်ယူဖန်ဆင်း အပ်၏ဟု၊ ကြံစည်ကြကုန်၏။

http://www.dhammadownload.com

ထိုအခါ၊ ထိုနတ်ဗြဟ္မာ အပေါင်းတို့ ကြည့်ရှု၍၊ နေစဉ်ပင်လျှင်၊ (**နိမ္မိတ**) မြတ်စွာဘုရားသျှင်သည်၊ အနီးသို့ ကြွလာလတ်၍၊ (**ပကတိ**) မြတ်စွာဘုရားသျှင်ကို—ရှိမခိုးမူ၍သာလျှင်၊ ရှေ့ရှု-တူရှုအရပ်၌ အတူအမျှ ပြု၍၊ ဖန်ဆင်းအပ်သော နေရာ၌ ထိုင်နေတော်မူ၏။

(က) (**ပကတိ**) သော မြတ်စွာဘုရားသျှင်အား၊ ၃၂-ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာတို့သည် ရှိကုန်သကဲ့သို့၊ (**နိမ္မိတ**) မြတ်စွာဘုရားသျှင်၌လည်း၊ ၃၂-ပါးသော ယောက်ျားမြတ်၏ လက္ခဏာတို့သည် ရှိကုန်၏။

(ခ) (**ပကတိ**) သော မြတ်စွာဘုရားသျှင်အား၊ ခြောက်သွယ်သော ရောင်ခြည်တော်တို့သည်၊ ယုက်လည် ကွန့်မြူးကုန်သကဲ့သို့၊ (**နိမ္မိတ**) မြတ်စွာဘုရားသျှင် အားလည်း၊ ခြောက်သွယ်သော ရောင်ခြည်တော်တို့သည်၊ ယုက်လည်ကွန့်မြူးကုန်၏။

(ဂ) (**ပကတိ**) သော မြတ်စွာဘုရားသျှင်၏ကိုယ်တော်မှ၊ ရောင်ခြည်တို့သည် (**နိမ္မိတ**) မြတ်စွာဘုရားသျှင်၏ ကိုယ်၌ထိကုန်၏။ ။(**နိမ္မိတ**) မြတ်စွာဘုရားသျှင်၏ကိုယ်တော်မှ၊ ရောင်ခြည်တို့သည်လည်း၊ (**ပကတိ**) သော မြတ်စွာဘုရားသျှင်၏ ကိုယ်၌ထိကုန်၏။။

ဤသို့အားဖြင့်၊ ထိုရောင်ခြည်တော်တို့သည်၊ နှစ်ဆူသော မြတ်စွာဘုရားသျှင်တို့၏ ကိုယ်တော်မှတက်၍၊ အထက်အကနိဋ္ဌဗြဟ္မာဘုံသို့ ထိ၍တည်နေ၏။ ။ထိုအကနိဋ္ဌဗြဟ္မာဘုံမှ ပြန်လည်ခဲ့၍၊ နတ်ဗြဟ္မာတို့၏ ဦးခေါင်း အလိုင်းအခြားဖြာ သက်၍၊ စကြာဝဠာ ဂျက်ခွာ အရစ်ခဲ့တည်ကုန်၏။ ။အလုံးစုံသော စကြာဝဠာတိုက်သည်၊ ရွှေဖြင့်ပြီးသော (**ဘခြင်**)တို့ဖြင့် တင်အပ်သော (**ဧစတီ**)အိမကဲ့သို့၊ လွန်စွာ တင့်တယ်၏။တသောင်းသော စကြာဝဠာ၌ နေကြကုန်သော နတ်ဗြဟ္မာတို့သည်၊ တခုသော စကြာဝဠာ၌၊ အစုဖြစ်ကုန်သည်နှင့်စ်၏။ ။ဘုရားနှစ်ဆူတို့၏၊ ရောင်ခြည်တော်တိုက်အတွင်းသို့ဝင်၍တည်ကုန်၏။ ။(**နိမ္မိတ**) ဖန်ဆင်းအပ်သောမြတ်စွာဘုရားသည်၊ ထိုင်နေတော်မူလျက်သာလျှင်၊ (**ပကတိ**) သော မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို၊ ဟိုမွမ်းတော်မူ၍ ဇအာဂ်၌ ပါသောဂါထာကို ရွတ်ဆိုမေးမြန်းတော်မူ၏။

http://www.dhammadownload.com

(၁) ပုဉ္ဆာမိ-မုနိ°-ပဟူတ—ပညံ၊
တိဏ္ဏံ-ပါရဂ်တံ-ပရိ-နိဗ္ဗုတံ။
ဌိတတ္တံ-နိက္ခမ္မ-ဃရာ-ပနုဇ္ဇ-ကာမေ၊
ကထံ-ဘိက္ခု-သမ္မာ-သော-လောကေ—
ပရိဗ္ဗဇေယျာတိ။ ။ သုတ္တနိပါတ် ပါဠိတော်

(၁) ပဟူတ-ပညံ၊ ကြီးမြတ်သော ပညာရှိတော်မူထသော။ တိဏ္ဏံ၊ ဩဃ-လေးခွင်၊ ရေအယဉ်မှ၊ အစဉ်ကူးမြောက်တော် မူပြီးထသော။ ပါရဂ်တံ၊ နိဗ္ဗာန် တည်းဟူသော ကမ်းတဘက်သို့ ရောက်တော်မူပြီးထသော။ပရိနိဗ္ဗုတံ၊ ကိလေသာတို့မှ၊ ငြိမ်းတော်မူပြီးထသော။ ဌိတတ္တံ၊ မြဲမြဲမြံ တည်တံ့သော စိတ်ရှိတော်မူထသော။ မုနိ°၊ မြတ်စွာဘုရားကို။ ပုဉ္ဆာမိ၊ သိလိုရေးဖြင့်၊ မေးလျှောက်ပါ၏။ ။

ကာမေ၀တ္ထု၊ကာမတို့ကို။ပနုဇ္ဇ၊ပယ်၍။ ဃရာ၊ အိပ်ရာတည်ထောင်၊ လူတို့ဘောင်မှ။ နိက္ခမ္မ၊ ထွက်၍။သောဘိက္ခု၊ ထိုရဟန်းသည်။လောကေ၊ လောက၌။ သမ္မာ၊ ကောင်းစွာ။ ကထံ၊ အဘယ်သို့လျှင်။ ပရိဗ္ဗဇေယျ၊ သွားရာသနည်း။ (၀၊နေရာဘိသနည်း။)။ ။ဣတိ၊ ဤသို့။ အဘာသိ၊ ရွတ်ဆို၏။

(အဋ္ဌကထာ၌၊ ဤဂါထာမျှ-ပြ၏။အမေး ၂-ဂါထာ၊ အဖြေ ၁၅-ဂါထာကို၊ ပါဠိတော်ရင်း၌၊ ကြည့်ရှု၏။ ။)

ထိုအခါ၊ မြတ်စွာဘုရားသည်၊ နတ်ဗြဟ္မာအပေါင်းတို့၏ စိတ်နှလုံးနှုးညံ့သိမ်းမွေ့ ယဉ်ကျေးခြင်းကိုဖြစ်စေခြင်းငှါ၊ရောက်လာကုန်သောနတ်, ဗြဟ္မာတို့၏အမျိုး-အမည်-အနွယ်တို့ကို ဟောကြားအံ့ဟု၊မိန့်တော်မူ၏။

ဤအမိပ္ပါယ်ကို ရည်၍ အောက်၌ ပါသော ဒေသနာ အစဉ်ကို (သင်္ဂါယနာ)တင်တော်မူကြကုန်၏။

(၄) ၁။ အာစိက္ခိဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ။
၂။ ကိတ္တယိဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ။
၃။ ဒေသိဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ။
တံသုဏာထ, သာဓုကံ,မနသိကရောထ, ဘာသိဿာမိ-တိ။
"ဧဝံ,ဘန္တေ"-တိခေါ,တေဘိက္ခူ။ ဘဂဝတော ပစ္စဿောသုံ။

http://www.dhammadownload.com

(၃) ရဟန္တာ ပုဂ္ဂိုလ်တို့၏ဂုဏ်ကို ဖော်ပြခြင်း၊ နှင့်တကွ၊ နတ်, ဗြဟ္မာတို့အား ကြည့်ရှုကြရန်တိုက်တွန်းပုံ

ထိုအခါ၊ဘုန်းခြောက်ပါးရှင်၊မြတ်စွာဘုရားသခင်သည်၊ ဤသို့ မိန့်ကြားတော်မူ၏။

(၃) အကြင်အကြင် အရပ်၌ မြေနှင့်စပ်ယှဉ်၍ နေလေ့ရှိကုန်သော နတ်တို့သည်၊ ထိုထိုအရပ်ကိုမှီ၍ နေကြကုန်၏။ ။ထိုမြေနှင့်စပ်ယှဉ်၍ နေလေ့ရှိသော နတ်တို့နှင့်၊ အတူတကွ(**၈၂၀၁**)ကိုဖြစ်စေအံ့။ ။အကြင်ရဟန်းငါးရာတို့သည်၊ တောင်စဉ်- တောင်ဝှမ်းကို အမှီပြု၍ နေကြကုန်၏။ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည် ဖြစ်၍ တည်ကြည်ကြ ကုန်၏။ ။

(၄) အရေအတွက် အားဖြင့်လည်း၊ငါးရာ-ရှိ၍ များပြားကုန်၏။ ။ မြေသွေ့မင်းကဲ့သို့၊ ရဲတင်းခိုင်မာသော စိတ်ဖြင့် ကိန်းအောင်း၍ ကြောက်ရွံ့ခြင်းကို လွှမ်းမိုး၍ တည်ကြကုန်၏။ ။ဖြူစင်သောစိတ်ရှိကြ ကုန်သည် ဖြစ်၍ စင်ကြယ်၍၊ အထူးသဖြင့် ကြည်လင်၍ နောက်ကျ၊မြင်းမရှိကြကုန်။

(၅) (**ကဝိလဝတ်**)ပြည်၏အနီး(**မဟာဝုန်**)တောကြီး၌၊သီတင်းသုံးနေကြကုန်သော မြတ်စွာဘုရားနှင့်တကွ၊ ငါးရာထက်-တပါးပိုလွန်ကုန်သော ထိုရဟန်းတို့ကို၊ဤရဟန်းတို့သည်ကား၊(**၅၄-စက္ခု**)အဘိညာဉ်ဖြင့်၊ယခုလာရောက်ကြကုန်သော နတ်, ဗြဟ္မာ အစရှိသောပါဒ်းတို့ကို၊ မြင်နိုင်ကုန်၏-ဟု၊ သိတော်မူ၍၊ ထိုနောက်မှ၊ သာသနာတော်၌၊ ကောင်းစွာနှစ်ဖြိုက်၊ လုံ့လစိုက်၍၊ ပျော်ပိုက်မွေ့လျော်ကြကုန်သော ထိုရဟန္တာပုဂ္ဂိုလ်တို့ကို၊ မြတ်စွာဘုရားသည်၊မိန့်တော်မူပြီ။

(၆) အဘယ်ကဲ့သို့ မိန့်တော်မူသနည်း။

(ဒို)....ငါ၏ ချစ်သားရဟန်းများတို့။

တရားသင်းသော လောကဓာတ်မှ၊နတ်, ဗြဟ္မာ အစရှိသောပါဒ်းတို့သည်၊သောင်းသောင်းအုတ်အာ၊ စည်းဝေးကာဖြင့်၊ ညီညာဖြူဖြူ၊

http://www.dhammadownload.com

ရောက်လာကြကုန်ပြီ။ ။ထိုနတ်ဗြဟ္မာအပေါင်းတို့ကို၊ (သင်) ချစ်သားတို့သည်၊ သိမြင်အောင်ပြုကုန်လော့-ဟု၊ မိန့်တော်မူပြီ။

ထိုရဟန္တာ ပုဂ္ဂိုလ်ငါးရာတို့သည်၊ မြတ်စွာဘုရား၏ အမိန့်တော်ကို ကြားကြကုန်၍။ (**ဒိဗ္ဗစက္ခု**) အဘိညာဉ်ကို၊ ဖြစ်စေခြင်းအကျိုးငှါလုံ့လ ဝီရိယကို၊ ပြုကြကုန်ပြီ။

(ထ) ထိုရဟန္တာ ပုဂ္ဂိုလ်ငါးရာတို့အား၊ နတ်,ဗြဟ္မာအပေါင်းတို့ကို၊ ကောင်းစွာ မြင်စွမ်းနိုင်သော (**ဒိဗ္ဗစက္ခု**)အဘိညာဉ်သည်၊ ထင်ရှားစွာ ဖြစ်ပေါ်လာပြီ။ ။ထိုရဟန္တာ ပုဂ္ဂိုလ် ငါးရာတို့တွင်၊ အခြို့သော ရဟန္တာပုဂ္ဂိုလ် တို့သည်၊ နတ်, ဗြဟ္မာ (**တရာ**)လောက်ကို၊ (**ဒိဗ္ဗစက္ခု**) အဘိညာဉ်ဖြင့်၊ မြင်သိကြကုန်ပြီ။ ။အခြို့သော ရဟန္တာပုဂ္ဂိုလ်တို့သည်၊ (ခုနစ်သောင်း) လောက်သော နတ်,ဗြဟ္မာတို့ကို၊ (**ဒိဗ္ဗစက္ခု**) အဘိညာဉ်ဖြင့်၊ မြင်သိကြကုန်ပြီ။ ။

(ဒ) အခြို့သော ရဟန္တာ ပုဂ္ဂိုလ်တို့သည်၊ (တသိန်း)လောက်သော၊ နတ်,ဗြဟ္မာတို့ကို၊ (**ဒိဗ္ဗစက္ခု**) အဘိညာဉ်ဖြင့်၊မြင်သိကြကုန်ပြီ။ အခြို့သော ရဟန္တာပုဂ္ဂိုလ်တို့သည်၊ အဆုံးအပိုင်းအခြား မရှိအောင်၊များပြားသောနတ်,ဗြဟ္မာတို့ကို၊(**ဒိဗ္ဗစက္ခု**)အဘိညာဉ်ဖြင့်၊ မြင်သိကြကုန်ပြီ။ ။ခပ်သိမ်းသော အရပ်မျက်နှာတို့သည်၊ နတ်ဗြဟ္မာတို့ဖြင့်၊ပြည့်နှက်၍ နေကုန်၏။

(ဓ) စက္ခု-ငါးအင်၊ ကောင်းစွာထင်သည့်၊ ဉာဏ်အမြင်ရှိတော်မူသော မြတ်စွာဘုရားသည်၊ ထိုရဟန္တာ ပုဂ္ဂိုလ် ငါးရာတို့တွင်၊ တပါးတပါးသော ရဟန္တာ ပုဂ္ဂိုလ်သည်၊ သိမြင်အပ်သော နတ်,ဗြဟ္မာအပေါင်းကိုလည်း၊ သိမြင်၍ဆင်ခြင်တော်မူပြီးလျှင်၊ ထိုနောက်မှ၊ သာသနာတော်၌၊ ကောင်းစွာနှစ်ခြိုက်၊ လုံ့လစိုက်၍၊ ပျော်ပိုက်မွေ့လျော် ကြကုန်သော ထိုရဟန္တာ ပုဂ္ဂိုလ်ငါးရာတို့ကို၊မိန့်တော်မူပြီ။

http://www.dhammadownload.com

(နာ) အဘယ်ကဲ့သို့မိန့်တော်မူသနည်း။
အို....ငါ၏ချစ်သား၊ရဟန်းများတို့။
တသောင်းသော လောကဓာတ်မှ၊ နတ်,ဗြဟ္မာ အပေါင်းတို့သည်၊ သောင်းသောင်းအုတ်အာ၊ စည်းဝေးကာဖြင့်၊ညီညာဖြဖြ၊ ရောက်လာကြကုန်ပြီ။ ။အကြင်နတ်, ဗြဟ္မာအပေါင်းတို့ကို၊ အမျိုး-အမည်-အနွယ်ဖြစ်သော စကားတို့ဖြင့်၊ အစဉ်အတိုင်း၊ (သင်)ချစ်သားတို့အား၊ ဟောကြားပေအံ့။ ။ထိုနတ်,ဗြဟ္မာအပေါင်းတို့ကို၊(သင်)ချစ်သားတို့သည်၊ (ဒိဋ္ဌစက္ခု)အဘိညာဉ်ဖြင့်၊ သိမြင်အောင် ပြုကြကုန်လော့—ဟူ၍၊တိုက်တွန်းတော်မူ၏။

ဤ အဓိပ္ပါယ်ကို ရည်၍၊ အောက်ပါ ပါဌေသာ ဒေသနာ အစဉ်ကို၊ (သင်္ဂါယနာ)တင်တော်မူကြကုန်၏။

(ဘဂဝါတေ-ဒေဝါစေ။)

(၁) သိလောက-မနုကဿာဒိ၊ (လ)၊
ပဟိတတ္တာ—သမာဟိတာ။ ။

(၂) ပုထု-သီဟာဝ-သလိုနာ၊ (လ)၊
ဝိပ္ပသန္နာ-မနာပိလာ။ ။

(၃) ဘိယျော-ပဉ္စ-သတေ-ဥ တွာ၊ (လ)၊
သာဝကေ-သာသနေ-ရတေ။ ။

(တ) ဒေဝ-ကာယာ-အဘိက္ကန္တာ၊ (လ)၊
သုတွာ-ပုဒ္ဓဿ-သာသနံ။ ။

(ထ) တေသံ-ပါတု-ရဟု-ဉာဏံ၊ (လ)၊
သဟဿံ-အထ-သတ္ထရိ ံ။ ။

(၄) သတံ-ဂကေ-သဟဿာနံ၊ (လ)၊
ဒိသာ-သဋ္ဌာဖုဋာ-အဟုံ။ ။

(၅) တဉ္ဆ-သဇ်ံ—အဘိညာယ၊ (လ)၊
သာဝကေ—သာသနေ-ရတေ။ ။

(နာ) ဒေဝ-ကာယာ-အဘိက္ကန္တာ၊(လ)၊
ဂိရာဟိ-အနု-ပုဗ္ဗဿာ။ ။

---

http://www.dhammadownload.com

(၁) "ကဝိလ-ဝတ်"ပြည်၌မှီ၍နေသော နတ်မင်းကြီး

(၁) (သက္က) တိုင်းနယ်၏အတွင်း၊ (ကဝိလဝတ်) ပြည်၏ ပတ်လည်ဝန်းကျင်၊ မြေအပြင်နှင့်စပ်ယှဉ်သော တောတောင်သစ်ပင်တို့၌ ခိုလှုံ၍ နေထိုင်ကြကုန်သော၊ခုနှစ်ထောင်မျှ အရေအတွက်ရှိကုန်သော၊ (**ယက္ခ**) ခေါ်ရိုး၊နတ်မျိုးတို့သည်၊ရှိကြကုန်၏။ ။ထိုနတ်တို့သည်၊

(ဇုဒ္ဓိမန္တ) ကမ္မဇဒ္ဓိ, ဝိပါကဇဒ္ဓိ, ဟူသော ဇုဒ္ဓိ–ခေါ်ရိုး၊ တန်းခိုး ရှိကြကုန်၏။

(ဇုတိမန္တ) ကိုယ်မှ အရောင်၊ ထိန်ထိန် ပြောင်၍၊ တောက်လောင် ထွန်းပသော အရောင်ရှိကြကုန်၏။

(ဝဏ္ဏဝန္တ)ရှုကြည့် စဘွယ်၊လွန် တင့်တယ်၍၊စင်ကြယ် ပြောင်လင်း သော အရောင်အဆင်းရှိကြကုန်၏။

(ယသသိ) ထိုထိုသို့သော နတ်သျှီး–နတ်သား၊ များပြားထွေထွေ၊ ခြွေရွေ အခြံအရံရှိကြကုန်၏။

ထိုနတ်အပေါင်းတို့သည်၊ ရဟန္တာ ပုဂ္ဂိုလ် ငါးရာတို့၏၊ အစည်း အဝေး ပွဲကြီးပြုရာ ဖြစ်သော (**မဟာဝုန်**) တောအုပ်ကြီးသို့၊ သုံးလှိုက် ထွတ်တင်၊ မြတ်စွာဘုရားသျှင်နှင့်တကွ၊ ရဟန္တာ ပုဂ္ဂိုလ် ငါးရာတို့အား၊ ဖူးမြင်ခြင်းငှါ၊ ကြည်လင်ဝမ်းမြောက်၊ (**သဒ္ဓါ**) ပေါက်၍၊ လာရောက် ကြကုန်ပြီ–ဟူ၍မိန့်တော်မူ၏။

၌အဓိပ္ပါယ်ကို ရည်၍၊ အောက်၌ပါသော ဒေသနာ အစဉ်ကို၊ (သင်္ဂီယနာ) တင်တော်မူကြကုန်၏။

(၁) သတ္တ–သဟဿာ-တေ-ယက္ခာ။ (လ)။
ဘိက္ခူနံ–သမိတိ°-ဝနံ။ ။

http://www.dhammadownload.com

(၂) "ဟေမဝတ" တောင်၌မှီ၍နေသော နတ်မင်းကြီး

(၂) (**ဟေမဝတ**) နာမထွန်းပြောင်၊ တောင်၌မှီ၍ နေထိုင်ကြကုန်သော၊ခြောက်ထောင်မျှအရေအတွက်ရှိကုန်သော၊ (**ယက္ခ**) ခေါ်ရိုး၊ နတ်မျိုးတို့သည် ရှိကြကုန်၏။ ။ထိုနတ်တို့သည်၊

(နာနတ္တ ဝဏ္ဏာ)မိမိတို့၏ ကိုယ်မှာ၊အညို အရှေ့၊ ဝင်းဝါပြေ၍၊ ထွေထွေ ဆန်းပြား၊ထူးခြားသော အဆင်းရှိကြကုန်၏။

(ဣဒ္ဓိမန္တော) ကမ္မဇိဒ္ဓိ, ဝိပါကဇိဒ္ဓိ-ဟူသော ဣဒ္ဓိခေါ်ရိုး၊ တန်ခိုးရှိကြကုန်၏။

(ဒုတိမန္တာ) ကိုယ်မှ အရောင်၊ ထိန်ထိန် ပြောင်၍၊ တောက်လောင်ထွန်းပသော အရောင်ရှိကြကုန်၏။

(ဝဏ္ဏဝန္တာ) ရှုကြည့် စဘွယ်၊ လွန် တင့်တယ်၍၊ စင်ကြယ် ပြောင်လင်းသော အရောင် အဆင်း ရှိကြကုန်၏။

(ယသဿိ) ထိုထိုသို့သော နတ်သိမ်း-နတ်သား၊ များပြား တွေတွေ၊ ခြွေရွေ အခြံအရံရှိကြကုန်၏။

ထိုနတ် အပေါင်းတို့သည်၊ ရဟန္တာ ပုဂ္ဂိုလ်ငါးရာတို့၏၊ အစည်းအဝေး ပွဲကြီးပြုရာ ဖြစ်သော (**မဟာဝုန်**) တောအုပ်ကြီးသို့၊ သုံးလှုံ့ထွတ်တင်၊ မြတ်စွာဘုရားသျှင်နှင့် တကွ၊ ရဟန္တာ ပုဂ္ဂိုလ် ငါးရာတို့အား၊ ဖူးမြင်ခြင်းငှါ၊ကြည်လင်ဝမ်းမြောက်၊ (**သဒ္ဓါ**) ပေါက်၍၊ လာရောက် ကြကုန်ပြီ–ဟူ၍မိန့်တော်မူ၏။

ဤအဓိပ္ပါယ်ကို ရည်၍၊ အောက်၌ပါသော ဒေသနာအစဉ်ကို၊ (သင်္ဂါ-ယနာ) တင်တော်မူကြကုန်၏။

(၂) ဆ–သဟဿာ-ဟေမဝတာ။ (လ)။
ဘိက္ခူနံ-သမိတိ်-ဝနံ။ ။

http://www.dhammadownload.com

(၃) "သာတာဂိရိ" တောင်၌မှီ၍နေသော နတ်မင်းကြီး

(၃) (သာတာဂိရိ) မည်ရှိ ထွန်းပြောင်၊ တောင်ကို အမှီပြု၍ နေကြကုန်သော၊သုံးထောင်မျှ အရေအတွက်ရှိကုန်သော၊ (**ယက္ခ**) ခေါ်ရိုး၊ နတ်မျိုးတို့သည် ရှိကြကုန်၏။ ။ထိုနတ်တို့သည်၊

(နာနတ္တဝဏ္ဏာ) မိမိတို့၏ကိုယ်မှ၊အညို အရွှေ၊ဝင်းဝါ ပြေ၍၊ထွေထွေ ဆန်းပြား၊ ထူးခြားသော အဆင်းရှိကြကုန်၏။

(ဂန္ဓိမန္တာ) ကမ္မဇဒွဲ, ဝိပါကဇဒွဲ-ဟူသော ဂန္ဓိ–ခေါ်ရိုး၊ တန်းခိုး ရှိကြကုန်၏။

(ဇုတိမန္တာ) ကိုယ်မှ အရောင်၊ ထိန်ထိန် ပြောင်၍၊ တောက်လောင် ထွန်းပသော အရောင်ရှိကြကုန်၏။

(ဝဏ္ဏာ ဝန္တာ)ရှုကြည့် စဖွယ်၊လွန် တင့်တယ်၍၊ စင်ကြယ် ပြောင်လင်း သော အရောင်အဆင်းရှိကြကုန်၏။

(ယသဿိ) ထိုထိုသို့သော နတ်သမီး-နတ်သား၊ များပြား ထွေထွေ၊ ခြွေရွေ အခြံအရံရှိကြကုန်၏။

ထိုနတ်အပေါင်းတို့သည်၊ ရဟန္တာဝပုဂ္ဂိုလ်ငါးရာတို့၏ အစည်းအဝေး ပွဲကြီးပြုရာဖြစ်သော (**မဟာဝုန်**) တောအုပ်ကြီးသို့၊ သုံးလှုံ့ထွတ်တင်၊ မြတ်စွာဘုရားသျှင်တကွ၊ ရဟန္တာဝပုဂ္ဂိုလ်ငါးရာတို့အား၊ ဖူးမြင်ခြင်းငှါ၊ ကြည်လင်ဝမ်းမြောက်၊ (**သဒ္ဓါ**) ပေါက်၍၊လာရောက်ကြကုန်ပြီ–ဟူ၍ မိန့်တော်မူ၏။

ဤအဓိပ္ပါယ်ကို ရည်၍၊ အောက်၌ပါသော ဒေသနာအစဉ်ကို၊ (သင်္ဂါယနာ)တင်တော်မူကြကုန်၏။

(၄) သာတာဂိရာ-တိ-သဟသ္သာ။ (လ)။
ဘိက္ခူနံ-သမိတိုံ-ဝနံ။ ။

---

(၄) နတ်မင်းကြီးသုံးဥုံးတို့အပေါင်း

(၄) ဤသို့အားဖြင့်၊ထိုတသောင်းခြောက်ထောင် အရေအတွက်ရှိ ကုန်သော နတ်တို့သည် ရှိကြကုန်၏။ ။ထိုနတ်တို့သည်၊ ※နာနတ္တ

http://www.dhammadownload.com

ဝဏ္ဏာ-ဝုဏ်။ ※-ဇာတိမန္တာ-ဝုဏ်။ ※-ဓုတိမန္တာ- ဝုဏ်၊ ※-ဝဏ္ဏဝန္တာ- ဝုဏ်။ ※-ယသသိ-ဝုဏ်တို့နှင့် ပြည့်စုံကြကုန်၏။ ။ထိုနတ်တို့သည်၊ ရဟန္တာ ပုဂ္ဂိုလ်ငါးရာတို့၏ အစည်းအဝေးပွဲကြီးပြုရာဖြစ်သော (**မဟာဝုန်**) တောအုပ်ကြီးသို့၊သုံးလူ့ထွတ်တင်၊မြတ်စွာဘုရားသျှင်နှင့်တကွ၊ ရဟန္တာ ပုဂ္ဂိုလ်ငါးရာတို့အား၊ဖူးမြင်ခြင်းငှါ၊ ကြည်လင်ဝမ်းမြောက်၊ (**သဠာ**) ပေါက်၍၊ လာရောက်ကြကုန်ပြီ–ဟူ၍မိန့်တော်မူ၏။ ။

၌ အဓိပ္ပါယ်ကို ရည်၍၊ အောက်၌ ပါသော ဒေသနာအစဉ်ကို၊ (သင်္ဂီယနာ)တင်တော်မူကြကုန်၏။

(၃) ဇာစွေ-တေ-သောဠသ-သဟဿာ။(လ)။
ဘိက္ခူနံ-သမိတိ်ံ-ဝနံ။ ။

အထူးမှတ်ချက်။ ။[ဤအရာ၌ ဟမဝတ, ပဗ္ဗတေ နိဗ္ဗတ္တာယက္ခာ။ ဟူသည်နှင့်အညီ၊ (**ဟိမဝတ**)အမည်ရှိသော တောင်ဒေသ သောနတ်ကို၊ (**ဟိမဝတ**)နတ်။ ။သာဂဂိရိ ပဗ္ဗတေ နိဗ္ဗတ္တာယက္ခာ။ ။ဟူသည်နှင့်အညီ၊ (**သာဂဂိရိ**)အမည်ရှိသောတောင်ဒေသနတ်ကို၊(**သာဂဂိရိ**)နဟ် စသည်ဖြင့်၊ဌာနဖြစ်သောတော,တောင်၏အမည်ကို၊ ပြုဖြစ်သောနတ်တို့ကို တင်စား၍၊ ဌာနိဖြစ်သောနတ်တို့ကို၊ (ဌာနူပစာရ)နည်းအားဖြင့်။ (**ဟိမဝတ**)နတ်။ (**သာဂဂိရိ**)နတ်စသည်ဖြင့်၊မှည့်ခေါ်ထင်ပွားစေကုန်၏။ ။ထို(**ဟိမဝတ**)နတ်၊ (**သာဂဂိရိ**)နတ်တို့၏ အကြောင်းအတွေ့ပြု အကျယ်ကို (**ဓမ္မစက္ကာ**)ဝတ္ထုတော်ကြီး၌ကြည့်ရှုကြပါကုန်။]

---

(၅) "ဝေဿာမိတ္တ"နတ်မင်းကြီး

(၅) (**ဝေဿာမိတ္တ**)၊နာမတွန်းပြောပါ၊တောင်းဂို အဓိပ္ပါယ်ရှိကုန်သော ငါးရာ့ အရေအတွက်ရှိကုန်သော၊ (**ယက္ခ**)ဘေးရိုး၊ နတ်မျိုးတို့သည်ရှိကြကုန်၏။ ။ထိုနတ်မျိုးတို့သည်၊ (နာနတ္တဝဏ္ဏာ) မိမိတို့၏ကိုယ်မှာ၊ အသို အသွေးဝင်းကဲ့သို့ပြုံ၊ မပြုလွဲဆန်းပြား၊ထူးခြားသောအဆင်းရှိကြကုန်၏။

http://www.dhammadownload.com

(ဣန္ဒိမန္တေ) ကမ္မဇိဒ္ဓိ, ဝိပါကဇိဒ္ဓိ-ဟူသော ဣဒ္ဓိ-ခေါ်ရိုး၊ တန်းခိုးရှိကြကုန်၏။

(ဇုတိမန္တေ) ကိုယ်မှ အရောင်၊ ထိန်ထိန်ပြောင်၍၊ တောက်လောင်ထွန်းပသော အရောင်ရှိကြကုန်၏။

(ဝက္ကဝန္တေ) ရှုကြည့်စဘွယ်၊ လွန်တင့်တယ်၍၊စင်ကြယ် ပြောင်လင်းသောအရောင် အဆင်းရှိကုန်၏။

(ယသသိ) ထိုထိုသို့သော နတ်သမီး-နတ်သား၊ များပြား ထွေထွေ၊ ခြွေရွေအခြံအရံရှိကြကုန်၏။

ထို နတ်အပေါင်းတို့သည်၊ ရဟန္တာဝပုဂ္ဂိုလ် ငါးရာတို့၏ အစည်းအဝေးပွဲကြီးပြုရာဖြစ်သော(**မဟာဝုန်**)တောအုပ်ကြီးသို့၊ သုံးလှုံ့ထွတ်တင်၊ မြတ်စွာဘုရားသျှင်နှင့်တကွ၊ ရဟန္တာဝပုဂ္ဂိုလ် ငါးရာတို့အား၊ ဖူးမြင်ခြင်းငှါ၊ကြည်လင်ဝမ်းမြောက်၊ (**သဒ္ဓါ**) ပေါက်၍၊လာရောက်ကြကုန်ပြီ–ဟူ၍ မိန့်တော်မူ၏။

ဤ အဓိပ္ပါယ်ကို ရည်၍၊ အောက်၌ ပါသော ဒေသနာအစဉ်ကို၊ (သင်္ဂါယနာ) တင်တော်မူကြကုန်၏။

(၅) ဧဝသာမိတ္တာ-ပဒ္ဓ-သတာ။ (လ)။
ဘိက္ခူနံ-သမိဟိ°-ဝနံ။ ။

(၆) "ကုန်ဘိရ"နတ်မင်းကြီး

(၆) ရာဇဂြိုဟ် ပြည်ကြီး၏ အနီး၊ (**ဧဝပုလ္လ**) ဟု၊ နာမ ထွန်းပြောင်၊ တောင်,ကို အမှီပြု၍ နေကြကုန်သော အသိန်း–မကသော နတ်အခြံအရံရှိသော၊ (**ကုန်ဘိရ**) အမည်ရှိသော နတ်သည်ရှိ၏။

ထိုနတ်အပေါင်းတို့သည်၊ ရဟန္တာဝပုဂ္ဂိုလ် ငါးရာတို့၏ အစည်းအဝေး ပွဲကြီးပြုရာဖြစ်သော(**မဟာဝုန်**) တောအုပ်ကြီးသို့၊သုံးလှုံ့ထွတ်တင်၊ မြတ်စွာဘုရားသျှင်နှင့်တကွ၊ ရဟန္တာဝပုဂ္ဂိုလ် ငါးရာတို့အား၊ ဖူးမြင်ခြင်းငှါ၊ ကြည်လင်ဝမ်းမြောက်၊ (**သဒ္ဓါ**) ပေါက်၍၊ လာရောက်ကြကုန်ပြီ–ဟူ၍ မိန့်တော်မူ၏။

http://www.dhammadownload.com

ဤအဓိပ္ပါယ်ကို ရည်၍၊ အောက်၌ ပါသော ဒေသနာ အစဉ်ကို၊ (သင်္ဂီယနာ) တင်တော်မူကြကုန်၏။

(၆) ကုမ္ဘီရော-ရာဇ-ဂဟိကော။ (လ)။
သော-ပါ-ဂါ-သမိတိ-ဝနံ။ ။

---

(၇) အရှေ့မျက်နှာ "ဓတရဋ္ဌ" နတ်မင်းကြီး

(၇) (**ဓတရဋ္ဌ**) အမည်ရှိသော နတ်မင်းကြီးသည်၊ မြင်းမိုရ်တောင်၏၊ အရှေ့အရပ် မျက်နှာ၌ နေသော နတ်တို့ကို၊ (**၁၁၀၀မ္မ**) ခေါ် သော (ဒေဝ-ဓာမ်တရားဖြင့်၊ ခြင်္ဂနှစ်နေ၁၊ ပြောဟောပြသ၊ ဆိုဆုံးမ၏။ ။(**ဂန္ဓဗ္ဗ**) နတ်မျိုးတို့ကို၊ အစိုးရ၏။ ။ထိုနတ်မင်းကြီးသည်၊ များသော အခြံအရံရှိ၏။ ။များစွာကုန်သော ကြီးမားသော အားရှိကုန်သော သားတော်တို့သည်၊ [**၇၅၌**] ပျံသော အမည်ချည်း ရှိကြကုန်၏။

※ဇဋဒ္ဒိမန္ဒ-ဂုဏ်။ ※ဇုတိမန္ဒ-ဂုဏ်။ ဝဏ္ဏဝန္ဒ-ဂုဏ်။ ယသသိ-ဂုဏ်တို့နှင့်၊ ပြည့်စုံကြကုန်သည်ဖြစ်၍၊ ရဟန္တာ ပုဂ္ဂိုလ် ငါးရာတို့၏ အစည်းအဝေး ပွဲကြီးပြုရာဖြစ်သော၊ (**မဟာဝုန်**) တောအုပ်ကြီးသို့၊ သုံးလူ့ထွတ်တင်၊ မြတ်စွာဘုရားသျှင်နှင့်တကွ၊ ရဟန္တာ ပုဂ္ဂိုလ် ငါးရာတို့အား၊ ဖူးမြင်ခြင်းငှါ၊ ကြည်လင်ဝမ်းမြောက်၊ (**သဒ္ဓါ**) ပေါက်၍၊ လာရောက်ကြကုန်ပြီ-ဟူ၍ မိန့်တော်မူ၏။

ဤအဓိပ္ပါယ်ကို ရည်၍၊ အောက်၌ ပါသော ဒေသနာ အစဉ်ကို၊ (သင်္ဂီယနာ) တင်တော်မူကြကုန်၏။

(၇) ပုရိမဉ္ဇ-ဒိသံ-ရာဇာ။ (လ)။
ဇုန္ဒ-နာမာ-မဟဗ္ဗလာ။ ။
(၈) ဇုဒ္ဓိမန္ဒနော-ဇုတိမန္ဒနော။ (လ)။
ဘိက္ခူနံ-သမိတိ-ဝနံ။ ။

http://www.dhammadownload.com

(၉) တောင်မျက်နှာ "ဝိရူဠ္ဟက" နတ်မင်းကြီး

(၉-၁၀) (**ဝိရူဠ္ဟက**) အမည်ရှိသော နတ်မင်းကြီးသည်၊ မြင်းမိုရ် တောင်၏၊ တောင်အရပ် မျက်နှာ၌နေသော နတ်တို့ကို၊ (**၁၁၀၈မွ**) ခေါ်သော ၁၁၀-ခမ် တရားဖြင့်၊ ခြေငံနစ်နော၊ ပြောဟောပြသ၊ ဆို ဆုံးမ၏။

(**ကုမ္ဘဏ္ဍ**) နတ်မျိုးတို့ကို၊ အစိုးရ၏။ ။ထိုနတ်မင်းသည်၊ များသောအခြံအရံရှိ၏။ ။များစွာကုန်သော ကြီးမားသော အားရှိကုန်သော သားတော်တို့သည်၊ [**ဇုန္ဒ**] ဟူသောအမည်ချည်းရှိကြကုန်၏။

※ဣန္ဒိမန္တ-ဂဏ်။※ဒုတိမန္တ-ဂဏ်။※ဝဏ္ဏဝန္တ-ဂဏ်။※ယသဿိ-ဂဏ်တို့နှင့် ပြည့်စုံကြကုန်သည် ဖြစ်၍၊ ရဟန္တာပုဂ္ဂိုလ် ငါးရာတို့၏ အစည်းအဝေး ပွဲကြီး ပြုရာဖြစ်သော (**မဟာဝုန်**) တောအုပ်ကြီးသို့၊ သုံးလူ့ထွတ်တင်၊ မြတ်စွာဘုရားသျှင်နှင့်တကွ၊ ရဟန္တာပုဂ္ဂိုလ် ငါးရာတို့အား၊ ဖူးမြင်ခြင်းငှါ၊ ကြည်လင်ဝမ်းမြောက်၊ (**သဠါ**) ပေါက်၍၊ လာရောက် ကြကုန်ပြီ–ဟူ၍ မိန့်တော်မူ၏။

ဤအဓိပ္ပါယ်ကို ရည်၍၊ အောက်၌ ပါသော ဒေသနာ အစဉ်ကို၊ (သင်္ဂါယနာ) တင်တော်မူကြကုန်၏။

(၉) ဒကွိဏာဒ္ဒ-ဒိသံ-ရာဇာ။ (လ)။
ဇုန္ဒနာမာ-မဟဗ္ဗလာ။ ။
(၁၀) ဇုဒ္ဓိမန္တော-ဓုတိမန္တော။ (လ)။
ဘိက္ခူနံ-သမိတိ်-ဝနံ။ ။

---

(၁၁) အနောက်မျက်နှာ "ဝိရူပက္ခ" နတ်မင်းကြီး

(၁၁-၁၂) (**ဝိရူပက္ခ**) အမည်ရှိသော နတ်မင်းကြီးသည်၊ မြင်းမိုရ် တောင်၏၊ အနောက်အရပ် မျက်နှာ၌ နေသောနတ်တို့ကို (**၁၁၀၈မွ**) ခေါ်သော (၁၁၀-ခမ်) တရားဖြင့်၊ ခြေငံ နစ်နော၊ ပြောဟော ပြသ၊ ဆိုဆုံးမ၏။ ။(**နဂါး**) တို့ကို၊ အစိုးရ၏။ ။ထိုနတ်မင်းကြီးသည်၊ များ

http://www.dhammadownload.com

သော အခြေအရံရှိ၏။ ။များစွာကုန်သော ကြီးမားသော အားရှိကုန်သော သားတော်တို့သည်၊ (**ဇုန္ဒ**) ဟူသော အမည်ချည်း ရှိကြကုန်၏။

※·ဇုဒ္ဓိမန္တ-ဂုဏ်၊※·ဇုတိမန္တ-ဂုဏ်၊※·ဝဏ္ဏဝန္တ- ဂုဏ်၊※·ယသသိ-ဂုဏ်တို့နှင့်၊ ပြည့်စုံကြကုန်သည်ဖြစ်၍၊ ရဟန္တာ ပုဂ္ဂိုလ် ငါးရာတို့၏ အစည်း အဝေး ပွဲကြီးပြုရာ ဖြစ်သော (**မဟာဝုန်**)တောအုပ် ကြီးသို့၊ သုံးလှုပ္ပတ်တင်၊ မြတ်စွာဘုရားသျှင်နှင့်တကွ၊ ရဟန္တာ ပုဂ္ဂိုလ် ငါးရာတို့အား၊ ဖူးမြင်ခြင်းငှါ၊ ကြည်လင် ဝမ်းမြောက်၊ (**သဒ္ဓါ**)ပေါက်၍၊ လာရောက်ကြကုန်ပြီ—ဟူ၍ မိန့်တော်မူ၏။

ဤအဓိပ္ပါယ်ကို ရည်၍၊ အောက်၌ ပါသော ဒေသနာ အစဉ်ကို၊ (သင်္ဂါယနာ) တင်တော် မူကြကုန်၏။

(၁၁) ပဋ္ဌိမဥ္ဇ-ဒိသံ-ရာဇာ။ (လ)။
ဇုန္ဒ-နာမာ-မဟဗ္ဗလာ။ ။

(၁၂) ဇုဒ္ဓိမန္တော-ဇုတိမန္တော။ (လ)။
ဘိက္ခူနံ-သမိတိံ-ဝနံ။ ။

---

(၁၃) မြောက်မျက်နှာ "ကုဝေရ" နတ်မင်းကြီး

(၁၃-၁၄) (**ကုဝေရ**) အမည်ရှိသော နတ်မင်း ကြီးသည်၊ မြင်းမိုရ် တောင်၏၊ မြောက်အရပ် မျက်နှာငဲ့နေသော နတ်မျိုး တို့ကို၊ (**ဒေဝဓမ္မ**)ခေါ်သော(**ဒေဝဝန်**) တရားပြု၌၊ ဖြင့် နှစ်နှော၊ ပြောဟောပြသ၊ဆိုဆုံးမ၏။ ။(**ယက္ခ**)ဟေါ်သော နတ်မျိုးတို့ကို အစိုးရ၏။ ။ထိုနတ်မင်းကြီးသည်၊များသောအခြေအရံရှိ၏။ ။များစွာကုန်သော ကြီးမားသော အားရှိကုန်သော သားတော်တို့သည်၊ (**ဇုန္ဒ**) ဟူသော အမည်ချည်း ရှိကြကုန်၏။

※·ဇုဒ္ဓိမန္တ-ဂုဏ် ※·ဇုတိမန္တ-ဂုဏ်၊ ※·ဝဏ္ဏဝန္တ-ဂုဏ် ※·ယသသိ-ဂုဏ်တို့နှင့်၊ပြည့်စုံကြကုန်သည်ဖြစ်၍၊ရဟန္တာပုဂ္ဂိုလ်ငါးရာတို့၏ အစည်း အဝေး ပွဲကြီး ပြုရာဖြစ်သော (**မဟာဝုန်**) တောအုပ်ကြီးသို့၊ သုံးလှုပ္ပ ထွတ်တင်၊ မြတ်စွာဘုရားသျှင်နှင့်တကွ၊ ရဟန္တာ ပုဂ္ဂိုလ် ငါးရာတို့အား၊

http://www.dhammadownload.com

ဖူးမြင်ခြင်းငှါ၊ကြည်လင်ဝမ်းမြောက်၊ (**သဒ္ဓါ**) ပေါက်၍၊လာရောက်ကြကုန်ပြီ–ဟူ၍ မိန့်တော်မူ၏။

ဤအဓိပ္ပါယ်ကို ရည်၍၊ အောက်၌ ပါသော ဒေသနာ အစဉ်ကို၊ (သင်္ဂါယနာ) တင်တော်မူကြကုန်၏။

(၁၃) ဥတ္တရဏ္ဍ-ဒိသံ-ရာဇာ။ (လ)။
ဒုန္ဒု-နာမာ-မဟာဇွလာ။ ။

(၁၄) ဒုဋ္ဌဓိမန္တော-ဇုတိမန္တော။ (လ)။
ဘိက္ခု။နံ-သမီတိ်ံ-ဝနံ။ ။

(၁၅-၁၆) အရပ်လေးမျက်နှာမှ၊နတ်မင်းကြီးလေးဦး–
အစုံအညီရောက်ပုံပြခဏ်း

(က) ''ဓတရဋ္ဌ''နတ်မင်းကြီးအကြောင်း

(၁၅-၁၆) (**က**) ထိုနတ်မင်းကြီး လေးဦးတို့၏ အကြောင်းအရာစကားကို၊အကျယ်အားဖြင့်၊ ထင်ရှားစေဦးအံ့။

(၁၅) (**ဓတရဋ္ဌ**) အမည်ရှိသော နတ်မင်းကြီးသည်၊ မြင်းမိုရ်တောင်၏ အရှေ့ဘက် မျက်နှာ၌ နေ၍ (**ဂန္ဓဗ္ဗ**) နတ်မျိုးတို့ကို အစိုးရ၏။ ။များစွာသော (**ဂန္ဓဗ္ဗ**) နတ်တို့ဖြင့်၊ ဝန်းရံမပြတ်၊ ခြံရံအပ်၏။ ထိုနတ်မင်းကြီး၌၊ သား (တရာ–နှင့် တယောက်)ရှိ၏။ ။ထိုသားတော်တို့၏ အမည်ကို၊သိကြားမင်း၏ (**ဒုန္ဒုဘိ**) ဟူသော အမည်ကိုအတုပြု၍၊ (**ဒုန္ဒု**) ဟူသော အမည်ချည်းဖြင့်၊ မှည့်ခေါ်ထင်ရှားစေကုန်၏။ ။စကြာဝဠာတခုလျှင်၊ မြင်းမိုရ်တောင် တခုစီ-တခုစီရှိ၍၊ ထိုမြင်းမိုရ်တောင်၏ အရှေ့ဘက် မျက်နှာ၌လည်း၊ (**ဂန္ဓဗ္ဗ**) နတ်မျိုးတို့ကို အုပ်စိုးပိုင်သ၊ ဆုံးမ နှိမ်နင်းနိုင်သော (**ဓတရဋ္ဌ**) နတ်မင်းကြီး သည်လည်း၊ တယောက်စီ-တယောက်စီရှိပြန်၏။ ။ထိုသို့ဖြစ်ရကား–စကြာဝဠာတသောင်းမှ၊ လာရောက်ကြကုန်သော၊ (**ဓတရဋ္ဌ**)နတ်မင်းကြီး တသောင်းတို့သည်၊ ကုဋေတသိန်းစီ,ကုဋေတသိန်းစီ-အညီ

http://www.dhammadownload.com

အမျှရှိသော (**ဂန္ဓမ္ဗ**) နတ်မျိုးတို့ဖြင့်၊ဝန်းရံမပြတ်၊ခြံရံအပ်သည်ဖြစ်၍၊ (**ကဝိလဝတ်**) ပြည်၏အနီး၊ (**မဟာဝုန်**) တောကြီးဌာ၊မြတ်စွာဘုရားသျှင်၏ အရှေ့ဘက် မျက်နှာမူစ၍ စကြာဝဠာတိုက်အလုံးကို၊ (**ဂန္ဓမ္ဗ**) နတ်မျိုးတို့ဖြင့်၊ဖုံးလွှမ်းပြည့်ကြပ်လျက်ရှိခိုး လာရောက်တည်နေကြကုန်၏။

(ခ) "ဝိရူဠှက" နတ်မင်းကြီး အကြောင်း

(ခ) (**ဝိရူဠှက**) အမည်ရှိသော နတ်မင်းကြီးသည်။ ကြင်းမိုရ်တောင်၏တောင်ဘက်မျက်နှာ၌ နေ၍၊ (ကုမ္ဘဏ္ဍ)နတ်မျိုးတို့ကို အစိုးရ၏။ ။များစွာသော(**ကုမ္ဘဏ္ဍ**)နတ်တို့ဖြင့်၊ဝန်းရံမပြတ်၊ ခြံရံအပ်၏။ ။(**ဝိရူဠှက**) နတ်မင်းကြီး၌၊သား[တရာ-ငါး တယောက်]ရှိ၏။ ။ထိုသားတော်တို့ကို၊သိကြားမင်း၏ (**ဒုန္ဒ**) ဟူသောအမည်ကို အတုပြု၍၊ (**ဒုန္ဒ**) ဟူသော အမည်ချည်းပင်၌၊ မှည့်ခေါ်ထင်ရှားစေကုန်၏။

ရှေးနည်းတူစွာ၊ စကြာဝဠာတခု-တခုလျှင်၊ မြင်းမိုရ်တောင်တခုစီ-တခုစီ-ရှိရာ၊ ထိုမြင်းမိုရ်တောင်၏ တောင်ဘက်မျက်နှာချိုလည်း၊ (**ကုမ္ဘဏ္ဍ**) နတ်မျိုးတို့ကို၊အုပ်စိုးပိုင်သ၊ဆုံးမနှိမ်နင်းပိုင်သော (**ဝိရူဠှက**) နတ်မင်းသည်လည်း၊ တယောက်စီ--တယောက်စီ-ရှိပြန်၏။ ။ထိုသို့ဖြစ်ရကား--စကြာဝဠာတသောင်းပျံ့နှံ့လောက်လာကြကုန်သော (**ဝိရူဠှက**) နတ်မင်းကြီးတသောင်းကိုသည်လည်း၊ (ကုဋေတသိန်း၀်-ကုဋေတသိန်းစီ) အဂ်ိအမျှရှိသော (**ကုမ္ဘဏ္ဍ**) နတ်မျိုးတို့ဖြင့်၊ဝန်းရံမပြတ်၊ခြံရံအပ်သည်ဖြစ်၍(**ကဝိလဝတ်**) ပြည်၏အနီး၊ (**မဟာဝုန်**) တောကြီး၌၊ မြတ်စွာဘုရားသျှင်၏ တောင်ဘက်အရပ်မှစ၍ စကြာဝဠာတိုက်အလုံးကို၊ (**ကုမ္ဘဏ္ဍ**) နတ်မျိုးတို့ဖြင့်၊ဖုံးလွှမ်း ပြည့်ကြပ်လျက်၊ ရှိခိုး လာရောက် တည်နေကြကုန်၏။

http://www.dhammadownload.com

(၈) "ဝိရူပက္ခ"နတ်မင်းကြီးအကြောင်း

(၈) (**ဝိရူပက္ခ**)အမည်ရှိသော နတ်မင်းကြီးသည်၊မြင်းမိုရ်တောင်၏ အနောက်ဘက်မျက်နှာ၌ နေ၍၊ (**နဂါး**)မျိုးတို့ကို အစိုးရ၏၊ များစွာသောနဂါးတို့ဖြင့်၊ ဝန်းရံမပြတ်၊ ခြံရံအပ်၏။ ။ထိုနတ်မင်းကြီး၌၊သား(တရာ–နှင့်တယောက်)ရှိ၏။ ။ထိုသားတော်တို့ကို၊ သိကြားမင်း၏ (**ဇုန္ဒ**) ဟူသောအမည်ကို အတူပြု၍၊ (**ဇုန္ဒ်**) ဟူသောအမည်ချည်းဖြင့်၊မှည့်ခေါ်ထင်ရှားစေ၏။

ရှေးနည်းတူစွာ၊ စကြာဝဠာတခု-တခုလျှင်၊ မြင်းမိုရ်တောင် တခုစီ–တခုစီရှိ၍၊ ထိုမြင်းမိုရ်တောင်၏၊အနောက်ဘက် မျက်နှာ၌လည်း၊ (**နဂါး**)မျိုးတို့ကို၊ အုပ်စိုးပိုင်သ၊ ဆုံးမနှိမ်နင်းနိုင်သော (**ဝိရူပက္ခ**)နတ်မင်းကြီးသည်လည်း၊ တယောက်စီ–တယောက်စီရှိပြန်၏။ ။ထိုသို့ဖြစ်ရကား–စကြာဝဠာတသောင်းမှ၊ လာရောက်ကုန်သော (**ဝိရူပက္ခ**)နတ်မင်းကြီးတသောင်းတို့သည်လည်း၊(ကုဋေ–တသိန်းစီ-ကုဋေ–တသိန်းစီ)အညီအမျှရှိသော (**နဂါး**)မျိုးတို့ဖြင့်၊ဝန်းရံမပြတ်၊ ခြံရံအပ်သည်ဖြစ်၍ (**ကဝိလဝတ်**) ပြည်၏အနီး (**မဟာဝုန်**) တောကြီး၌၊ မြတ်စွာဘုရားသျှင်၏ အနောက်ဘက်မျက်နှာမှစ၍၊ စကြာဝဠာတိုက်အလုံးကို၊ (**နဂါး**)မျိုးတို့ဖြင့်၊ ဖုံးလွှမ်းပြည့်ကြပ်လျက်၊ ရှိခိုးလာရောက်၊တည်နေကြကုန်၏။

(ဃ) "ကုဝေရ"နတ်မင်းကြီးအကြောင်း

(ဃ) (**ကုဝေရ**)အမည်ရှိသောနတ်မင်းကြီးသည်၊မြင်းမိုရ်တောင်၏မြောက်ဘက်မျက်နှာ၌နေ၍၊ (**ယက္ခ**) ခေါ်သော နတ်မျိုးတို့ကို အစိုးရ၏။ ။များစွာသောနတ်တို့ဖြင့်၊ ဝန်းရံမပြတ်၊ခြံရံအပ်၏။ ။ထိုနတ်မင်းကြီး၌၊ သား[တရာ-နှင့်-တယောက်]ရှိ၏။ ။ထိုသားတော်တို့ကို သိကြားမင်း၏ (**ဇုန္ဒ**) ဟူသော အမည်ကို အတူပြု၍၊ (**ဇုန္ဒ်**) ဟူသော အမည်ချည်းဖြင့်၊ မှည့်ခေါ်ထင်ရှားစေ၏။

http://www.dhammadownload.com

ရှေးနည်းတူစွာ၊ စကြာဝဠာတခု-တခုလျှင်၊ မြင်းမိုရ်တောင် တခုစီ-တခုစီ-ရှိ၍၊ ထိုမြင်းမိုရ်တောင်၏ မြောက်ဘက်မျက်နှာ၌ လည်း၊ (**ယက္ခ**)ခေါ်သောနတ်မျိုးတို့ကို၊ အုပ်စိုးပိုင်သ၊ ဆုံးမနှိမ် နင်းနိုင်သော (**ကုဝေရ**) နတ်မင်းကြီးသည်လည်း၊ တယောက် စီ-တယောက်စီ ရှိပြန်၏။ ။ထိုသို့ ဖြစ်ရကား– စကြာဝဠာ တသောင်းမှ၊လာရောက်ကြကုန်သော (**ကုဝေရ**) နတ်မင်းကြီး တသောင်းတို့သည်လည်း၊ [ကုဋေ-ဝါသိန်းစီ– ကုဋေတသိန်းစီ] အညီအမျှရှိသော (**ယက္ခ**) ခေါ်သော နတ်မျိုးတို့ဖြင့်၊ ဝန်းရံ မပြတ်၊ ခြံရုံအပ်သည်ဖြစ်၍၊ (**ကဝိလဝတ်**) ပြည်၏ အနိုး၊ (**မဟာဝုန်**) တောအုပ်ကြီး၌၊ မြတ်စွာဘုရားသျှင်၏၊ မြောက် ဘက်အရပ်မှစ၍၊ စကြာဝဠာတခုလုံးကို၊ (**ယက္ခ**) ခေါ်သော နတ်မျိုးတို့ဖြင့်၊ ဖုံးလွှမ်းပြည့်ကြပ်လျက်၊ ရှိခိုး လာရောက် တည် နေကြကုန်၏။

ဤသို့အားဖြင့်၊ တသောင်းသော လောကဓာတ်ကိုက် အ တွင်း၌၊ အသီး အသီးသော်၊(တခု-ကခုသော)လောကဓာတ်၌ လေးယောက်,လေးယောက်ကုန်ဖသာ (**ဓတရဋ္ဌ၊ ဝိရူဠ္ဟက၊ဝိ ရူပက္ခ၊ကုဝေရ**) ဟူသောနတ်မင်းကြီး လေးယောက်တို့သည် (**ဂန္ဓဗ္ဗ**)နတ်မျိုး၊(**ကုမ္ဘဏ္ဍ**)နတ်မျိုး၊(**နဂါး**)မျိုး၊ (**ယက္ခ**) ခေါ်သောနတ်မျိုးတို့ကို၊အုပ်စိုး ပိုင်သ၊ဆုံးမ နှိမ်နင်းလျက် တည် နေကြကုန်၏–ဟူ၍၊ ဓိန္ဓတော်မူအပ်၏။ ။ဤနတ်မင်းကြီး လေးဦးတို့၏ အကြောင်းအထွေထွေကို၊တနည်းအားဖြင့်၊(**အာ ဠာနာဋိယဖွင့်**) အကျယ်လက်စွဲကျမ်း၌၊ ကြည့်ရှုကြပါကုန်။

ဇုမာ ပန ဂါထာ-သဗ္ဗသင်္ဂါဟိက ဝသေန ဝုတ္တာ။ ။

ဇုမာဂါထာ၊ဤ“ပုရိမံ-ဒိသံ-ဓတရဋ္ဌော” ဟူသောဂါထာ တို့ကို။ သဗ္ဗသင်္ဂါဟိကဝသေန၊ အလိုးစိုးသော (**စာတုမဟာ ရာဇ်**) နတ်မင်းကြီးတို့ကို၊ ရေတွက်သည်၏ အစွမ်းအားဖြင့်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ ။အဋ္ဌကထာပါဠိ-နိဿိ။

http://www.dhammadownload.com

[သဗ္ဗသင်္ဂါဟိက ဝသေနာတိ ဒသ သဟဿီ လောကဓာတု-ယာ ပစ္စေကံ စတ္တာရော စတ္တာရော မဟာရာဇာ နော-တိတေသံ သဗ္ဗေသံ သင်္ကာနဝသေန။ ။ဋီကာ။]

[သဗ္ဗသင်္ဂါဟိကဝသနာတိဇာဒံ၊ သဗ္ဗသင်္ဂါဟိကဝသေန–ဟူသော ဤစကားကို။ဒသသဟဿီ လောကဓာတုယာ၊တသောင်းသော လောကဓာတ်၌။ ပစ္စေကံ၊ အသီး–အသီး။ စတ္တာရော, စတ္တာရော၊ လေးယောက်-လေးယောက် ကုန်သော။ မဟာရာဇာနော၊ နတ်မင်းကြီးတို့သည်။ အတ္ထိ၊ ရှိကုန်၏။ ဇာတိ၊ ဤသို့။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ တေသံ၊ ထိုနတ်မင်းကြီးတို့ကို။ သင်္ကာနဝသေန၊ ပေါင်းရုံး ရေတွက်ခြင်း၏ အစွမ်းဖြင့်။ ဝုတ္တံ၊ ဆိုအပ်၏။ ။ဋီကာနိဿျ။ ။(ဤမှရှေးခဲ့လည်း)။ ။(ပုရိမဒု-ဒိသံ-ရာဇာ၊) အစရှိသော ဂါထာတို့ဖြင့်၊ **(ဓတရဋ္ဌ)**စသော နတ်မင်းကြီး လေးယောက်တို့၏ လာရောက်ကြောင်းကို၊ ဟောတော် မူပြီးဖြစ်လျက်၊ဤ**(ပုရိမံ-ဒိသံ–ဓတရဋ္ဌော)**ဟူသော ၂–ဂါထာကို၊ထပ်၍တဖန် ဟောတော် မူပြန်ရခြင်းသည်ကား။ တသောင်းသော လောကဓာတ်အတွင်း၌၊အသီးအသီး နေကြကုန်သော၊**(ဓတရဋ္ဌ)**စသော နတ်မင်းကြီးတို့၏ လာရောက်ကြောင်းကို၊ ပေါင်းရုံးရေတွက် ပြလို၍ ဟောတော် မူရပြန်၏-ဟူလို။]

ဤအဓိပ္ပါယ်ကိုရည်၍ အောက်၌ပါသော ဒေသနာအစဉ်ကို၊(သင်္ဂါယနာ)တင်တော်မူကြကုန်၏။

(၁၅) ပုရိမံ–ဒိသံ-ဓတရဋ္ဌော။ (လ)။
ကုဝေရော-ဥတ္တရံ-ဒိသံ။ ။

(၁၆) စတ္တာရော-တေ-မဟာ-ရာဇာ။(လ)။
ဝနေ-ကာပိလ-ဝတ္ထဝေ။ ။

http://www.dhammadownload.com

(၁၇)နတ်မင်းကြီးတို့၏အစေခံ(ဒါသ)ခေါ် နတ် ၈-ယောက်

(၁၇) (က) ထိုနတ်မင်းကြီး လေးယောက်တို့၏အထံ၌၊ အခိုင်း အစေခံ၍နေကြကုန်သော (**ကျွန်**) ဖြစ်သော ရှစ်ယောက်သောနတ်သား တို့သည်၊ ရှိကြကုန်၏။ ထိုနတ်သားတို့သည်၊ ကွေကောက်လှည့်စား၊ ''မာ ယာ'' ဉာဏ်များကြကုန်၏။ အတွင်းစိတ်ဓာတ်၊ မတည့်မတ်ဘဲ၊ လှည့်ပတ် တတ်ကြကုန်၏။ ထို့ကျပြောင်းလဲ၊ စဉ်းလဲကောက်ကျစ် တတ်ကြကုန်၏။ လှည့်စားတတ်ကြကုန်၏။ ။ထိုနတ်တို့၏အမည်တို့သည်ကား။

(၁) ကုဋေလွှာ၊ မည်သောနတ်။
(၂) ဝိဋေလွှာ၊ မည်သောနတ်။
(၃) ဝိဋုစ, မည်သောနတ်။
(၄) ဝိဋုတ, မည်သောနတ်။

(ထိုဝိဋုတ, မည်သောနတ်သည်၊ နတ်မင်းကြီး လေးယောက်တို့နှင့် အတူတကွ၊ မြတ်စွာဘုရားသျှင်မျက်မှောက်၊ ရှေးတော် အောက်သို့၊ ရောက်လာ၏။)

(၅) စန္ဒန, မည်သောနတ်။
(၆) ကာမသေဋ္ဌ, မည်သောနတ်။
(၇) ကိန္နုယလွှာ၊ မည်သောနတ်။
(၈) နိယကွာ၊ ဝမည်သောနတ်။

ဤသို့လျှင်၊ ဘုန်းကံကြီးမား၊ နတ်လေးပါးတို့၏၊ ထံပါးတွင်ရှိ၊ စေ-အလား(**ဒါသ**)ဟူသော၊ (**ကျွန်**)ဖြစ်သော နတ်သားရှစ်ဦးတို့သည်၊ သိုးလူထွဋ်တင်၊ မြတ်စွာဘုရား သျှင်နှင့်တကွ၊ ဂဟန္ဓာဝပုဂ္ဂိုလ် ငါးရာတို့၏ အစည်းအဝေးပွဲကြီးပြုရာဖြစ်သော၊ (**မဟာဝုန်**) တောအုပ်ကြီးသို့၊ လာရောက်ကြကုန်ပြီ။

---

(၁၈) နတ်မင်းကြီးတို့၏အခြေအရံနတ်-၁၁-မျိုး

(၁၈)–(ခ) (၁) ပနာဒ, မည်သောနတ်။
(၂) ဩပမည, မည်သောနတ်။

http://www.dhammadownload.com

(၃) မာတလိ,မည်သောနတ်။ ။ထိုနတ်သည် သိကြားမင်း၏ ရထားထိန်း ဖြစ်သော နတ်-ဟူလို။
(၄) စိတ္တ,မည်သောနတ်။
(၅) သေန,မည်သောနတ်။
(၆) စိတ္တသေန,မည်သောနတ်။
(၇) နဠ,မည်သောနတ်။
(၈) ဇနေသဘ,မည်သောနတ်။
(၁၃)- (၉) ပဉ္စသီခ,မည်သောနတ်။
(၁၀) တိမ္ဗရူ,မည်သောနတ်။
(၁၁) သူရိယဝစ္ဆသ,မည်သောနတ်။

မှတ်ချက်။ ။[ထိုနတ်သည်၊ (**တိမ္ဗရူ**) နတ်မင်း၏ သို့ဖြစ်သော နတ်ဟူလို။]

၌ (သူရိယဝစ္ဆသ)နတ်သို့၄၊ (ပဉ္စသီခ)နတ်သားသည်၊ (**မဇ္ဈာ**)သက်ဝင်၊ချစ်ကြင်လေးမြတ်၍နေသဖြင့်၊ထိုနတ်သို့၏ အကြောင်းကို၊ (စောင်သီချင်း)ဂါထာဖွဲ့၍၊ သီဆိုတီးအပ်သော (ပဉ္စသီခ)စောင်းသီချင်း ဂါထာ၁၅-ပုဒ်တို့ကို၊ (**သုတ်မဟာ-ဝါ**)ပါဠိတော်၊ သက္ကပဉှသုတ်၌၊ဟောတော်မူအပ်၏။

ထိုဂါထာတို့သည်၊ သိမ်မွေ့ ယဉ်ကျေးသောစကား အသုံးအနှုန်းပါသော အဖွဲ့အနွဲ့၊ဂါထာတို့ဖြစ်၍ (**ဘဏ္ဍာလက်ာရ**) ဂုဏ်နှင့် ပြည့်စုံရကား၊ (**ပါဠိ-ဂါထာ**)ဖွဲ့သီ၊ စီကုံး တတ်မြောက်လိုသူတိုင်း၊အာဂုမ,နှုတ်တက်၊အရကျက်မှတ်၍၊နည်းယူရန်၊ သတိမူသင့်သော ဂါထာတို့ ပေတည်း။

ထိုသို့ဆိုအပ်ပြီးသော (**ဂန္ဓဗ္ဗ**)နတ်မျိုးဖြစ်သော တကျိပ်တယောက်သော နတ်တို့သည်ဌင်း။ ။ထိုမှတပါး၊ အခြားဖြစ်သော နတ်တို့သည်ဌင်း။ ။(**ဓတရဋ္ဌ**)နတ်မင်းကြီးနှင့် အတူတကွ၊ (**သဒ္ဒါ**)ထက်မြက်၊ စိတ်အားတက်၍၊ နှစ်သက်ဝမ်းမြောက်ခြင်း ရှိကြကုန်သည်ဖြစ်၍၊ မြတ်စွာဘုရားသျှင်နှင့်တကွ၊ ရဟန္တာပုဂ္ဂိုလ် ငါးရာတို့၏၊အစည်းအဝေးပွဲကြီး ပြုရာ ဖြစ်သော (**မဟာဝုန်**)တောအုပ်ကြီးသို့၊ လာရောက်ကြကုန်ပြီ-ဟူ၍မိန့်တော်မူ၏။

http://www.dhammadownload.com

ဤနတ် ၂-မျိုးတို့၏ အဓိပ္ပါယ်ကိုပေါင်းချ၊အောက်၌ပါသော ဒေသနာအစဉ်ကို၊(သင်္ဂါယနာ)တင်တော်မူကြကုန်၏။

)–(က) တေသံ-မာယာဝိနော-ဒါသာ-အာဂုံ။(လ)။
ကိန္နုဃဏ္ဍု-နိဃဏ္ဍုစ။ ။

(၁၀)–(ခ) ပနာဒေါ်-ဩပမညောစ။(လ)။
နဠောရာဇာ-ဇနေသဘောဘာ။ ။

(၁၉) အာဂု-ပဇ္ဇသီခေါ်-စေဝ။(လ)။
ဘိက္ခူနံ-သမိတိ်-ဝနံ။ ။

---

(၂၀) ရေနတ်နဂါးတို့နှင့် ''ဧရာဝဏ'' နတ်သား တို့လာရောက်ပုံပြခဏ်း

(၂၀) (**နတ်**) တို့၏ လာရောက်ဖူးမျှော်ခြင်းမှတပါး။
(**နဂါး**) တို့၏ လာရောက်ဖူးမျှော်ခြင်းကို ပြဆိုဦးအံ့။

(၁) နာဂသ,မည်သော ရေအိုင်၌နေသော နဂါးတို့သည်၎င်း။
(၂) ဝေဿာလ,မည်သော ရေအိုင်၌နေသော နဂါးတို့သည်၎င်း။
(၃) တစ္ဆက,မည်သော နဂါးပရိသတ်တို့သည်၎င်း။
(၄) မြင်းမိုရ်တောင်ခြေ၌ နေသော ကမ္ဗလ, မည်သော နဂါးတို့ သည်၎င်း။
(၅) အဿတရ, မည်သော နဂါးတို့သည်၎င်း။
(၆) အဆွေ အမျိုးတို့နှင့်တကွ၊(**ပါဃာဂ**)မည်သော မြစ်ဆိပ်၌ နေသော၊များပြားသော အခြံအရံရှိသော နဂါးတို့သည်၎င်း။
(၇) ယမုနာ,မြစ်၌နေသော များပြားသော အခြံအရံရှိသော နဂါးတို့ သည်၎င်း။
(၈) ဓတရဋ္ဌ, အမျိုး အနွယ် ဖြစ်သော၊ များပြားသော အခြံအရံ ရှိသော နဂါးတို့သည်၎င်း။ ။သုံးလုံးထွတ်တင်၊ မြတ်စွာဘုရား သျှင်နှင့်တကွ၊ ရဟန္တာ ပုဂ္ဂိုလ် ငါးရာ တို့အား၊ ကြည်လင် ဝမ်း ဂမြောက်၊(**သင်္ဃါ**)ပေါက်၍၊ လာရောက်ဖူးမျှော်ကြကုန်၏။

http://www.dhammadownload.com

(**သိကြား**)မင်း၏၊စီးတော်ဆင်ဖြစ်သော(**ဧရာဝဏ်**)မည်သော နတ်ဆင်သည်လည်း၊ ရှေ့နည်းအတူပင်၊ လာရောက်လေပြီ–ဟူ၍၊ မိန့်တော်မူ၏။

ဤအဓိပ္ပါယ်ကိုရည်၍၊အောက်၌ပါသောဒေသနာအစဉ်ကို၊ [သင်္ဂါယနာ] တင်တော်မူကြကုန်၏။

(၂၀) အထာဂုံ-နာဂသာ,နာဂါ။(လ)။
ပါယာဂါ-သဟ-ဉာတိဘိ။ ။
(၂၁) ယမုနာ-ဓတရဋ္ဌာစ။(လ)။
သေ-ပါ-ဂါ-သမိတိ်ံ-ဝနံ။ ။

ဤအရာ၌၊ နတ်ပြည်၌ (**အဟိတ်**) တိရစ္ဆာန်ဖြစ်သော (**ဆင်**)မည်သည် မရှိကုန်။ ။ထို့ကြောင့်၊ (**ဧရာဝဏ**) အမည်ရှိသော နတ်သားသည်။(**သိကြား**)မင်းသည်၊ ဥယျာဉ်တော် အပျော်အပါး၊ ထွက်သွားရာ၌၊ (**ဆင်**)၏ အသွင်၊ ဖန်ဆင်း၍ အစီးအနင်းခံရလေ၏။ ။(**ဧရာဝဏ**)မည်သော နတ်သားဖြစ်၍(**ဧရာဝဏ်**) ဆင်-ဟုပင်၊ ခေါ်တွင်လေသည်။

(ရောဝဏ်ဟော မဟာနာဂေါ်-တိရောဝဏောစ–ဒေဝပုတ္တောဇာတိယာ နာ ဂေါ်, နဟောတိ၊ နာဂ ဝေါဟာရေန ပနေ-သ, ဝေါဟရိယတိ။ ။အဋ္ဌကထာဖွင့်)

ထို နတ်သား ဖန်ဆင်းအပ်သော (**ဧရာဝဏ်**) ဆင်၏ အကြောင်းကို၊[ဓမ္မပဒ အဋ္ဌကထာ၊ အပ္ပမာဒဝဂ်၊ မာယဝတ္ထု]၌ လာသည့်အတိုင်းပြဆိုဦးအံ့။

ထို (**ဧရာဝဏ**) ဆင်၏ ကိုယ်သည်၊ ယူဇနာ-တရာ့-ငါးဆယ်ရှိ၏။

ထိုဆင်၏ဦးခေါင်း၌၊ရှေးလူဖြစ်စဉ်အခါက၊(**သိကြား**)မင်း အမှူးပြု၍၊ ကုသိုလ ပြုဘက် ဖြစ်ကြသော (၃၃) ယောက်သော နတ်သားတို့၊ စီးနင်း လိုက်ပါစေတို့ရာ၊ (**လုံးပတ်**) အားဖြင့်၊

http://www.dhammadownload.com

နှစ်-ဂါဝုတ်၊သုံး-ဂါဝုတ်, အတိုင်း အရှည် ရှိသော (၃၃)လုံး သော (**ဦးကင်း**) တို့ကို၊ စိမံဖန်ဆင်းအပ်၏။

ထိုအလုံးစုံသော (**ဦးကင်း**) တို့၏ အလယ်တည့်တည့်၌၊ (**သိကြား**)မင်း နေထိုင်ဘို့ရာ၊ယူဇနာသုံးဆယ်ရှိသော(**သုဒ-ဿန**)အမည်ရှိသော (**ဦးကင်း**) ကို၊ စိမံဖန်ဆင်းအပ်၏။

ထို (**ဦးကင်း**) အထက်၌၊ တဆဲ့ နှစ်ယူဇနာ ရှိသော (**ရတနာ**) မဏ္ဍာပ်ကို၊စိမံ ဖန်ဆင်းအပ်၏။

ထို (၃၃) လုံးသော (**ဦးကင်း**) တို့၏ အကြားအကြား၌၊ ရတနာခုနစ်ပါးတို့ဖြင့် ပြီးသော တယူဇနာမြင့်သော (**တံခွန်**) တို့ကို၊ စိမံဖန်ဆင်းအပ်၏။

ထိုတံခွန်တို့၏ အစွန်း၌၊**ရွှေချူ-ကွန်ယက်**ကို၊ တွဲရရဲ့ ဆွဲလျက် တည်ရှိစေရန်ကို၊ စိမံ ဖန်ဆင်းအပ်၏။

ထိုရွှေချူ-ကွန်ယက်တို့၏ အသံသည်၊ ဖြေးဖြေး ညင်းညင်း၊ သင်းသင်းမျှ ဖြစ်သော လေတို့သည်၊တိုက်ခတ်တိုးဝှေသောအခါ၊ အင်္ဂါငါးပါးရှိသော တူရိယာအသံနှင့် ရောနှော အပ်သော နတ်တို့၏၊စောင်း,သီချင်း သံကဲ့သို့၊သာယာ နာပျော်ဘွယ်ရှိသော အသံကို ဖြစ်စေရန်ကို၊ စိမံ ဖန်ဆင်းအပ်၏။

ထိုရတနာမဏ္ဍာပ်၏အကြား၌၊ (**သိကြား**) နတ်မင်း၊စံစား နေထိုင်စေခြင်းငှါ၊တယူဇနာခန့်၊အပြန့်ကျယ်သော (**ပဏ္ဍုမြား ပလွင်**) အခင်းကို၊စိမံ ဖန်ဆင်း၍ ထိုပဏ္ဍုမြားပလွင်ထက်၌ပင်၊ (**သိကြား**) နတ်မင်း နေထိုင်လေ၏။

ထို (၃၃) လုံးသော (**ဦးကင်း**) တို့တွင်၊ တခု,တခုသော (**ဦးကင်း**) ၌၊၇-ချောင်း ၇-ချောင်းသော (**အစွယ်**) တို့ကို၊ စိမံ ဖန်ဆင်းအပ်၏။

ထို ၇-ချောင်း ၇-ချောင်းသော အစွယ်တို့တွင်၊ တချောင်း, တချောင်းသော အစွယ်သည်၊ ယူဇနာ ငါးဆယ်, အမြင့်ရှည်ရှိ၏ ထိုအစွယ်၏ အထက်၌ပင်၊ ၇-ခု ၇-ခုသော (**ရေကန်**) တို့ကို၊ စိမံ ဖန်ဆင်းအပ်၏။

http://www.dhammadownload.com

ထို ၇-ခု ၇-ခု သော ရေကန်တို့တွင်၊ တခု-တခုသော ရေကန်၌၊ ၇-ခု၇-ခုသော(**ပဒုမာ**)ကြာရုံတို့ကို၊ စီမံဖန်ဆင်းအပ်၏။

ထို ၇-ရုံ၊ ၇-ရုံသော ပဒုမာကြာရုံတို့တွင်၊ တခု-တခုသော ပဒုမာကြာရုံ၌၊ ၇-ပွင့်၊ ၇-ပွင့်သော(**ကြာပွင့်**)တို့ကို၊ စီမံ ဖန်ဆင်းအပ်၏။

ထို ၇-ပွင့် ၇-ပွင့်သော ကြာပွင့်တို့တွင်၊ တခု- တခုသော ကြာပွင့်၌၊ ၇-ချပ်၊၇-ချပ်သော (**ကြာပွင့်ချပ်**) အလွှာတို့ကို၊ စီမံဖန်ဆင်းအပ်၏။

ထိုတခု၊ တခုသော ပွင့်ချပ် အလွှာ၌လည်း၊ ၇-ယောက်၊ ၇-ယောက်သော(**နတ်သမီး**)တို့သည်၊ကိုယ်ကိုယ်မိန်းနွဲ့၊တိမ်းငဲ့ လှပ ရှားစေကုန်လျက်၊ က,ခုန်,ပျော်ပါး၊ ကစား မြူးတူး ကြရန်ကို၊ စီမံ ဖန်ဆင်းအပ်၏။

ဤသို့လျှင်၊ရှေးနောက် တခွင်၊ ထက်ဝန်းကျင်မှ၊ ယူဇနာ ငါးဆယ်၊ အပြန့်ကျယ်သော ဆင်စွယ်၏ အထက်၌၊ သုံးသန်း–ရှစ်သိန်း–ရှစ်သောင်း-နှစ်ထောင်- လေးရာ့-တဆဲ့-ခုနစ် (၃,၀,၀,၂၄၁၇) ယောက်သော နတ်သမီး ကချေ သဘင်တို့ကို၊ ပျော်ရွှင်စွာ ကစား–ကခုန်စေလျက်၊ ကြီးကျယ် ပြန့်ပြောသောနတ်၏ စည်းစိမ် ချမ်းသာကို ခံစားလျက်၊(**သိကြား**)မင်းသည်၊ လှည့်လည်သွားလာလျက်နေ၏။ ။(ဤသည်ကား။ ။(**ဓရာဝတ်**) ဆင်နှင့်စပ်လျဉ်း၍ ဗဟုသုတဖြစ်စေရန် ထည့်သွင်းဖော်ပြအပ်သော စကားစုတည်း။ ။)

(အထူးမှတ်ချက်။ ။''ရောဝတ်''ဆင်၏ ဦးခေါင်းထက်၌၊ ဦးကင်း(၃၃×၇=၂၃၁၊ အစွယ်)+(×၇=၂၆၁၇၊ ရေကန်)+(×၇-၁, ၁၃၁၉, ကြာရုံ)+ (×၇=၇,၉၂၂၃၃,ကြာပွင့်) + (×၇=၅,၅, ၄၆၃၁,ပွင့်ချပ်အလွှာ)+(×၇=၃,၀,၀,၂၄၁၇,နတ်သမီးပေါင်း,သုံးသန်း, ရှစ်သိန်း ရှစ်သောင်း, နှစ်ထောင်, လေးရာ့,တဆဲ့ခုနစ်ဖြစ်၏။ ။)

http://www.dhammadownload.com

(၂၂) နဂါးနှင့်၊ ဂရုဠ်တို့ ဘွဲ့ပုံပြခဏ်း

(၂၂) ဂရုဠ်တို့၏၊ လာရောက်ဖူးမျှော်ပြုံးကို ပြအပိုဒ်းအံ့။

နတ်တို့၏ အာနုဘော်နှင့် တူသော တန်းခိုး အာနုဘော်ရှိကုန်သော ငှက်မျိုးဖြစ်၍ အားအင် ပွါးစီး၊ ကြီးမားသော အတောင်ရှိကုန်သော၊ ယူဇနာ တရာ၊ ယူဇနာ တထောင်၊ ဆောင်၍ ခြားရာ၊ ဝေးကွာသော အရပ်၌ နေသော (**နဂါး**) တို့ကို၊ ခြင်ခြင်းဌာ စွမ်းနိုင်သည်ဖြစ်၍၊ စင်ကြယ်သော မျက်စိရှိကုန်သော(**ဂရုဠ်**)ငှက်မင်းတို့သည်၊ နောက်၌ ပြဆိုအပ်ခဲ့ပြီးသော အသီးအသီးသော (**နဂါး**) တို့ကို၊ အဆောတလျင်၊ ရှောင်တခင်ဖြင့်၊ ရေဝယ် ငုပ်၍၊ သုဟဲယူနိုင်ကုန်၏။ ထို(**ဂရုဠ်**)ငှက်မင်းတို့သည်၊ အ-ဇရာ ပြင်၊ဟင်းလင်း ထင်သည့်၊ကောင်းကင်ခရီးပြင်၊ (**မဟာဝုန်**) ကဟသို့ လာရောက်၍၊ သုံးလှုံ့တွတ်တင်၊ မြတ်စွာဘုရားသျှင်ဘုန်းတော်ကို၊ ရဟန္တာ ပုဂ္ဂိုလ်တို့အား၊ ဖူးမျှော်ကြကုန်၏။

ထို(**ဂရုဠ်**) ငှက်မင်းကို၏ အမည်ကား။ ။"**စိတြသုပဏ္ဏ**"မည်၏။ ။[စိတြ သုပဏ္ဏာတိနာမံ-ဝိစိတြသုန္ဒရ ပတ္တာဝဉ္စ တာယ။ ။ကာ။ ။စိတြ၊ဆန်း ကြယ်သော။ သုပဏ္ဏ၊ အတောင်။(ဆန်းကြယ်သော အတောင်ရှိသောငှက်)ဟူလို။ ။]

(၂၃) ထိုသို့(**နဂါး**)ငှင့်၊(**ဂရုဠ်**)တို့သည်၊မြတ်စွာဘုရားသျှင် မျက်မှောက်၊ ဂဂနတံ ဇနာကာကဿိ၊ လာရောက် ပေါင်းဆုံ စည်းဝေးပြီးသောအခါ၌၊ (**နဂါး**) တို့အား၊(**ဂရုဠ်**)ဘေးမှ၊လန့်တွေး နောက်တွန့်၊ ကြောက်ရွံ့ ပူပင်ခြင်း မရှိသည်ဖြစ်၍၊ မြတ်စွာ ဘုရား သျှင်၏ အာနုဘော် အားဖြင့်၊ အကျွန်ုပ် တို့သည်၊ တည့်သည် တည့်၍၊ ချစ်ခင်ခြင်း(**မေတ္တာ**)စိတ်ကို ရကြကုန်၏။ ။ဟူလို။[ဒဠှံ ဘာဝေန၊ မယံ အညမညဿိ ဂရုဠ် ဘဒိုလဘိမှာတိ။ ကာ။] ။မြတ်စွာဘုရား သျှင်သည်။(**နဂါး**)ငှင့်၊(**ဂရုဠ်**)တို့ကို(**မေတ္တာ**)ပါရမီတော်၊ သမ္ပယောဂ ဖြင့်၊ တော်တော်မြတ်-ကင်းကွာ၊ချစ်ဖွယ်သောဇာတိကို ပြုတော်မူ၏။ ။ထို(**နဂါး**)တို့၊(**ဂရုဠ်**)ကို သည်၊ မြတ်စွာဘုရားသျှင်၏ မျက်မှောက်၊ ဂဂနတံ ဇနာကာကဿိ၊ လာရောက် ပေါင်းဆုံမိကြသော အခါ၌၊ တဦး၊

http://www.dhammadownload.com

ကြွေးလွန် နှိပ်စက်၊ နှောင့်ရှက် ဆန့်ကျင်ခြင်းကို မပြုကြမူ၍၊ (**မေတ္တာ**) ပို့ပျူး၊ စိတ်ကြည်နူး၍၊ အထူးချိုသာ သိမ်မွေ့ကုန်သော နှုတ်ခွန်းဆက် စကားတို့ဖြင့်သာ၊ အချင်းချင်းခေါ်ဝင် ပြောဆိုကြကုန်လျက် (**ငြိုးသူ-ရန်ဘက်**)ဟူသောအမှတ်အသားကို၊ပယ်ရှားကင်းပျောက် စေပြီးလျှင်၊ အတူတကွ၊ မြတ်စွာဘုရားသျှင်၌၊ အားထားကြည်ညို၊ မှီခို ကိုးကွယ်ရာ ဟူ၍-ဆည်းကပ်ခြင်းအမှု၊ ပြုလျက်နေကြကုန်၏။ ။ဟူ၍မိန့်တော်မူ၏။

ဤအဓိပ္ပါယ်ရည်၍၊ အောက်၌ပါသော ဒေသနာအစဉ်ကို၊ (သင်္ဂါယနာ)တင်တော်မူကြကုန်၏။

(၂၂) ယေ-နာဂ-ရာဇေ-သဟသာ-ဟရန္တိ။(လ)။
''စိတြ-သုပဏ္ဏာ''ဇုတိ-တေသံ-နာမံ။
(၂၃) အဘယံ-တဒါ-နာဂ-ရာဇာန-မာသိ။(လ)။
နာဂါ-သုပဏ္ဏာ-သရဏာ-မကံသု-ဗုဒ္ဓံ။ ။

(ဤအရာ၌၊ (**နဂါး**) နှင့် (**ဂရုဠ်**) တို့၏စကားအမြွက်ကို၊ ဆက်၍ နည်းယူရန်၊ဥပဒေသကို ပြဆိုဦးအံ့။)

ဤအခါ၌၊ (**နဂါး**) တို့ဟူသည်၊ မြွေမျိုးဖြစ်၍ အစဉ်သဖြင့်၊ သမုဒ္ဒရာ ရေတည်း၌၊ မြေကြီးအထိ ငုပ်၍ မြေဉဝပ်၍နေကြကုန်၏။ ။(**ဂရုဠ်**) တို့ဟူသည်-ငှက်မျိုးဖြစ်၍ အစဉ်သဖြင့်၊ ကောင်းကင်အပြင်၊ မြေအပြင်တို့၌ သွားလာနေကြကုန်၏။ ထို (**ဂရုဠ်**) တို့သည်၊သမုဒ္ဒရာရေတည်း၌၊မြေကြီးအထိ ငုပ်၍ နေသော (**နဂါး**) တို့ကို၊မြင်စွမ်းနိုင်သော မျက်စိရှိ၍ ရေသို့ငုပ်၍ (**နဂါး**) တို့ကို ဥုးခေါင်းပိုင်းက၊ကိုက်ချီ၍သုတ်ယူကြကုန်၏။

ထိုအခါ(**နဂါး**)တို့သည်၊ကျောက်ခဲကျောက်တုံးကြီးများကို၊ မျိုချထားသဖြင့်၊ လေးလံသော(ဝမ်းဗိုက်) ကိုယ်ရှိရကား။ (**ဂရုဠ်**) တို့သည်၊ (**နဂါး**) တို့ကိုလည်း၊ မလွှတ်ရက်နိုင်၊ ရေတည်း၌လည်း၊ တာရှည်မနေနိုင်၍ ရေတည်း၌ပင်၊ နစ်မြုပ်၍ သေကြကုန်၏။

http://www.dhammadownload.com

ဤသို့အားဖြင့်၊(၈ရုဋ္ဌ)တို့သည်၊ (နဂါး)တို့ကိုမရဘဲ၊ရေတည်းခို နစ်မြုပ်၍ သေကြရသည်-ချည်းသာ များသဖြင့်၊ မိမိတို့၏ ဆည်းကပ်ရာ၊ ဆရာရသေ့၏အထံသို့ ချဉ်းကပ်၍၊ မိမိတို့၏ ဖြစ်ပျက်ရပုံ၊အကြောင်းရင်းနှင့်တကွ၊ (နဂါး)တို့ကို ကိုက်ချီ၍ သုတ်ယူနိုင်ရန်၊ ဉာဏ်အစီအမံကို၊ လျှောက်ထား တောင်းဆိုကြကုန်၏။

ထိုအခါ၊ရသေ့သည်၊ဤသို့ဆို၏။ ။ထိုသို့-ကိုက်ချီ၍ သုတ်ယူနိုင်ရန်၊ အကြောင်းကို ငါမသိချေ။ ။မကြာမီ နောက်တနေ့၊ (နဂါး)တို့ ခစားရန်လာသောအခါမှ၊မေးမြန်း၍ပြောဆိုမည်-ဟု၊ ဝန်ခံလိုက်လေ၏။ ။ထိုနောက် (နဂါး)တို့ရောက်လာ၍၊ထိုအကြောင်းအရာကိုမေးမြန်းရာ၊ အသျှင်ဘုရား–ဤအရေးသည်၊ (အကျွန်ုပ်)ကို၌၊ အသက်ဘေးဖြစ်ရန်၊ ကြီးလေးသော တာဝန်ဖြစ်၍ လျှောက်ကြားရန် မသင့်ပါ-ဟု၊လျှောက်ထားတောင်းပန်လေ၏။

ထိုသို့တောင်းပန်သော်ငြားလည်း၊ဆရာရသေ့သည်၊ အခါခါမေးမြန်းလျက်ရှိ၍ အလေးပြုအပ်သော ဆရာရင်းဖြစ်၍၊မပြောမဆိုဘဲ- နေရန်လည်း၊ လွန်စွာခဲယဉ်း၏။ ။ဟုတ်မှန်သော အတိုင်း ပြောဆိုရန်လည်း၊ အသက်ဘေးဖြစ်၍၊ ဝန်လေးခဲယဉ်းပြန်၏။ ။ထိုသို့ဖြစ်ရာ၊လွန်စွာအရေးယူ၍၊အလေး မူအပ်သော ဆရာ-ရသေ့၏ စိတ်ကို၊ အနှောင့်အရှက် ပြုရာ၊ ရောက်မည် စိုးသဖြင့်၊ ဝန်လေး ခဲယဉ်းလျက်ပင်၊ ခင်မင် ရင်းနှီးသော ဆရာ၏ဂုဏ်ကို၊ ယုံကြည် ကိုးစား၍ ဟုတ်မှန်သော အတိုင်း ပြောဆိုလေ၏။

အရှင်ရသေ့။ ။(အကျွန်ုပ်) ကိုယ်ကို (၈ရုဋ္ဌ) တို့-ကိုက်ချီသုတ်ယူသောအခါ၊ ဥုးခေါင်းပိုင်းက ကိုက်ချီ၍ သုတ်ယူရာ၊ဝမ်းထဲ၌ ကျောက်ခဲ၊ ကျောက်တုံးကြီးတို့ကို မျိုချ၍ထားသဖြင့်၊ လေးလံသော ကိုယ်ရှိ၍ မရနိုင်ပါ။ ။အမြီးပိုင်းက ကိုက်ချီ၍ သုတ်ယူပါလျှင်၊ ဥုးခေါင်း စောက်ထိုးနေ၍ ကျောက်တုံး ကျောက်ခဲ

http://www.dhammadownload.com

များ၊ပြင်ဘက်သို့ အန်၍ ကျလျှင်၊ ပေါ့သော ကိုယ်ရှိ၍၊ ရနိုင်ပါသည်ဟု၊ ပြောဆိုလေ၏။

ထိုအကြောင်းကို၊ ရသေ့ကြား၍ နောက်တနေ့၌၊ (**ဂရုဋ္ဌ**) တို့ကို ပြန်၍ပြောဆိုလေ၏။ (**ဂရုဋ္ဌ**) တို့သည်၊ဆရာ-ရသေ့ ပြောဆိုသည့်အတိုင်း၊ (**နဂါး**) တို့ကိုအမြီးပိုင်းက၊ ကိုက်ချီလျက်သုတ်ယူသဖြင့်၊ (**နဂါး**) တို့သည်၊ များစွာ သေကျေပျက်စီးကြကုန်၏။ ။ထိုအကြောင်းကို၊ (**တိဏ်သနိပါတ်၊ ပဏ္ဏာရက နဝဂရာဇ**) ဇာတ်၌၊ အကျယ် ဟောတော်မူအပ်၏။

ဤဇာတ်တော်၌ အရေးအကြီးဆုံးသော မှတ်သားဘွယ်ရာ၊ အဓိပ္ပါယ်ကား။

မိမိတို့၌ လျှို့ဝှက်မထင်၊ မြင် မသိစေအပ်သော အကြံအစည်,အရာဝတ္ထု,ဟူသမျှ တို့ကို၊ မိမိမှ တပါး၊ အခြားသူတို့အား၊ဖွင့်ထုတ်၍ မပြောဆိုရာ၊ မပြရာချေ။

ဤလောက၌၊(**သား-သို့**)းတို့အပေါ်၌၊အမိ-အဘ နှစ်ပါးတို့ထက်၊ပိုမိုကဲလွန်၍ ချစ်ခင်ရင်းနှီးသောသူ မည်သည် မရှိချေ။ ။ထို့အမိ,အဘ, နှစ်ပါးတို့၌ သော်လည်း၊လျှို့ဝှက် မထင်၊ မြင် မသိစေအပ်သော အရာကို၊ ဖွင့်ထုတ်၍ မပြောဆိုရာ၊ မပြရာချေ—ဟူ၍ ဟောတော်မူအပ်၏။ ။ထိုအဓိပ္ပါယ် ပါရှိသော ဂါထာတို့ကို၊ အောက်၌ ဗဟုသုတ ဖြစ်ရန် အကျိုးငှါ၊ ထည့်သွင်းဖော်ပြဦးအံ့။

(၁) နဂယ-မတ္ထံ-ဝိ ဝရေယျ၊
ရက္ခေယျ-နံ-ယထာ-နိဓိ။
နဟိ-ပါတု-ကတော-သာရု၊
ဂုယ္ဟာ-အတ္ထော-ပ ဇာနတာ။ ။

(၂) နာဂရာဇ၊ (**ပဏ္ဏာရက**) နဂါးမင်း။

ဂုယ်၊ လျှို့ဝှက်မထင်၊ မမြင် မသိစေအပ်သော။ နံ-အတ္ထံ၊ ယုတ်-မြတ်- ဆိုး-ကောင်း၊ ထိုအကြောင်းအရာကို။ နိဓိ-ယထာ၊ ရွှေအိုးကြီးကဲ့သို့။ ရက္ခေယျ၊ လုံခြုံ သေချာ၊ စောင့်ရှောက်ရာ၏။

http://www.dhammadownload.com

နာ-ဝိဝရေယျ၊ အထင်အရှား၊သိစေသား,ဟု၊ မြွက်ကြား-ဖွင့်ခါ၊ မပြုရာ။ ။ဟိ-(သစ်)၊ ထိုစကားသည်၊ မမှားကေန်၊ စင်စစ် မှန်၏။ ။ဂုယော၊ လျှို့ဝှက် မထင်၊ မမြင် မသိစေအပ်သော။ အတ္ထော၊ ယုတ်-မြတ်-ဆိုး--ကောင်း၊ အကြောင်း အရာကို။ ပါတု-ကတော၊ ထင်ရှားပြုခြင်းကို။ ပဇာနတာ၊ လောက--ဓမ္မ၊ နှစ်ဝ-ရေးရာ၊ လိမ္မာ တတ်သိ၊ ပညာရှိ ပုဂ္ဂိုလ်သည်။ နသာဓု၊ ဘေးရန် ပွါးစီး၊ အပြစ်ကြီး၍၊ မချီးမွမ်း အပ်ပေ။

(၂) မာတာ-ပိတာ-ပရမာ-ဗန္ဓဝါနံ၊
နာ-သ-တတိယော-အနုကမ္ပက-တ္ထိ။
တေသံပိ-ဂုယှံ-ပရမံ-န-သံသေ၊
မန္တာသ-ဘေဒံ-ပရိ-သက်မာနော။ ။

(၂) နာဂရာဇ၊(**ပဏ္ဍာရက**)နဂါးမင်း။

ဗန္ဓဝါနံ၊ အဆွေ အမျိုးတို့တွင်။ မာတာ၊ အမိသည်ဌင်း။ ပိတာ၊ အဘသည်ဌင်း။ ပရမာ၊ ချီးမွမ်းအပ်၍၊ မြတ်သော ဆွေမျိုးမည်၏။ အသ၊ထို(**သား-သို့မဟုတ်**)ဖြစ်သော သူအား။အနုကမ္ပကော၊ မြတ်နိုး ချစ်ကြင်၊ အစဉ် သနားတတ်သော။ တကိယော၊(**အမိ-အဘ**) နှစ်ပါးမှ တပါး၊ သုံးယောက် မြောက်သော သူသည်။ နအတ္ထိ၊ ဘယ်ဝယ်တစ်၊ မရှိရာဇ။ မန္တာသ၊ လျှို့ဝှက် ကြံစည် အပ်သော အတိုင်အပင်၏။ ဘေဒံ၊ ဘေးရန် နှောင့်ရှက်၊ပျက်စီးခံသည်ကို။ ပရိသက်မာနော၊ စိတ်အားတွန့်၍၊ ကြောက်ရွံ့သောသူသည်။ တေသံပိ၊ထို(**အမိ-အဘ**)နှစ်ပါးတို့အား လည်း။ပရမံ၊ချီးမွမ်း အပ်၍ မြတ်သော။ ဂုယှံ၊ လျှို့ဝှက် မထင်၊ မမြင်မသိစေအပ်သော စကားကို။ န-သံသေ၊မပြောမဆိုရာဇ။

(၃) ဂုယှ-မတ္ထ-မ သမ္မုဠှံ၊
သမ္မောဓယတိ-ယော-နရော။
မန္တာ-ဘေဒ-ဘယော-တသ၊
ဒါသ-ဘူတော-ဝ,တိက္ခတိ။ ။

http://www.dhammadownload.com

(၃) နာဂ-ရာဇ၊(**ပလ္လင်ရက**)နဂါးမင်း။
ယောနရော၊ အကြင်သူသည်။ အ-သမ္မုဒ္ဓံ၊ အများလူရှင်၊ သိမြင်ခြင်းငှါ မသင့်သော။ ဂုယှံ၊ လျှို့ဝှက်မထင်၊မမြင်မသိစေ အပ်သော။အတ္ထံ၊ယုတ် မြတ်-ဆိုး-ကောင်း၊ အကြောင်းအရာကို။ သမ္မောဓယတိ၊အတွင်းအပြင်၊သိမြင်စေ၏။မန္တ ဘေဒ ဘယော၊ လျှို့ဝှက် ကြံစည်အပ်သော အတိုင်အပင်၊ စိတ်လိုအင်တို့၊ ငြိုငြင် ယွင်းကွက်၊ ပျက်စီးအံ့ သည်မှ ကြောက်သောသူသည်။ တဿ၊ ထိုအတိုင်အပင်ကိုသိသောသူ၏။ဒါသ-ဘူတော၀၊ခိုင်းစေခံသည်၊ (**တမန်**)ကျေးကျွန်ကဲ့သို့ဖြစ်၍သာလျှင်။ တိကွတိ၊ခွန်းတုံ့မပြန်၊ တော် မလှန်ဘဲ၊စိတ်မာန်အားနည်း၊ သိမ်းဆည်း သည်းခံရလေ၏။

(၄) သက်တေ-၀- အမိတ္တာသို့၊
မိတ္တာသို့ပိ-န-၀ိဿသေ။
အဘယာ-ဘယ-မုပ္ပန္နံ၊
အပိ-မူလာနိ-ကန္တကိ။ ။

(၅) သုပဏ္ဏရာဇ၊(**ဂဠုန်**)ငှက်မင်း။
သက်တေ၀၊ စကားအချိန်းအချက်၊ ပြုလုပ် ပြီးသည်သာလျှင် ဖြစ်သော။ အမိတ္တာသို့ ပိ၊ ငြိုးထားမာန်မူ၊ စိတ်ငြူစူသည့်၊ရန်သူ ပုဂ္ဂိုလ်၌ငင်း။ မိတ္တာသို့ပိ၊ (**မေတ္တာ**)စွမ်းဖြင့်၊ ချစ်ကျွမ်း၀င် သောအဆွေခင်ပွန်း၌ငင်း။န-၀ိဿသေ၊စိတ်ချလွဲပုံ၊အလုံးစုံ၌၊ယုံ ကြည် ရောပြွမ်း၊ အကျွမ်း မ၀င်ရာချေ။ ။ (ကသ္မာ၊ အဘယ့် ကြောင့်နည်းဟူမူကား)။ ။အဘယာ၊ဘေးရန်မရှိဟု မှတ်ထင် သောအဆွေခင်ပွန်းမှ။ ယံ ဘယံ၊ အကြင် ဘေးရန်သည်။ ဥပ္ပန္နံ၊ အသစ် စက်စက်၊ ဖြစ်လျက် ပေါ်လာ၏။ တံဘယံ၊ ထိုဘေးရန်သည်။မူလာနိ-အပိ၊ အမြစ်-အရင်း ဟုဆိုအပ်သော အသက် တို့ကိုလည်း။ ကန္တတိ၊ အရှင်လတ်လတ်၊ ဝိညာဉ်ပြတ်အောင်၊ သတ်ဖြတ်နိုင်စေ၏။ ။ဤသည်ကား။ ။ထိုဇာတ်၌ ပါသော၀ါထာတို့တည်း။

http://www.dhammadownload.com

ဤသို့အားဖြင့်၊ တဉူးနှင့် တဉူး၊ အကြီး အလွန်၊ အသက် အန္တရာယ်ကိုပြု၍၊ ဖျက်ဆီး နှိပ်စက်၊ နှောင့်ရှက် ကြသော အဟိတ်တိရစ္ဆာန် (**နဂါး**) နှင့် (**ဂရုဠ်**) တို့စဉ်လျက်၊ မြတ် စွာဘုရားသျှင်၏ မျက်မှောက်၊ရှေတော်အောက်သို့၊ရောက်လာကြ သောအခါ၊တဉူးနှင့် တဉူး၊ ကြီးလွန်နှိပ်စက်၊ နှောင့်ရှက်ဆန့် ကျင်လိုသော စိတ်ဆန္ဒမရှိကြမူ၍၊ တဉူးနှင့် တဉူး၊နူးနူး ညွတ် ညွတ်၊ (**ဧမတ္တာ**) ဓာတ်ဖြင့်၊မပြတ်ဆက်ဆံ ပေါင်းသင်း၍၊မိတ် ဆွေခင်ပွန်းဖြစ်ကြရသော ထုံးကို၊နှလုံးသွင်း နည်းယူလျက်၊ ဤ ယခုအခါ၌၊ ပညာရှိသူတော်ကောင်း အပေါင်းတို့သည်လည်း၊ မိမိတို့၏ မျက်မှောက်၌၊ သက်တော်ထင်ရှား၊ မြတ်စွာဘုရားကိုယ် တော်မြတ် ရှိသည့်အလား၊နှလုံးထား၍၊တဉူးနှင့် တဉူး၊ ခင်မင် ရင်းနှီးသော၊ (**ဧမတ္တာ**) စိတ်ဓာတ်ဖြင့်၊မပြတ် ဆက်ဆံပေါင်း သင်း၍၊ (ရဟန်းလျှင်-ရဟန်းချင်းချင်း)၊ (လူလျှင်-လူချင်း ချင်း) တမိဝမ်းတွင်း၊ အတူဆင်းလာကြရသော မွေးသားချင်း ချင်း၊ အရင်းအချာတို့ကဲ့သို့၊မဖြစ်ပွါးဘူးသေးသော (**ဧမတ္တာ**) စိတ်ဓာတ်ကိုလည်း ဖြစ်ပွါး လေ့အောင်၊ ဖြစ်ပွါး ပြီးသော (**ဧမတ္တာ**) စိတ်ဓာတ်ကိုလည်း၊ မပြတ် မစဲ၊ ခိုင်မြဲ လေအောင်၊ ကြံဆောင် အားထုတ်သင့်လှပေ၏။ ။ဟူသော နည်း ဥပဒေသ ကို၊ ညွှန်ပြတော်မူ၏။

ထိုစကားကို ခဲ့ပြဦးအံ့။ ။မည်သည့် ပုဂ္ဂိုလ် သတ္တဝါ မျိုး တို့၌မဆို၊ တဉူးနှင့် တဉူး၊ (**ဧမတ္တာ**) စိတ်ဓာတ်ဖြင့်၊ မပြတ် ဆက်ဆံ၊ ပေါင်းသင်း နေထိုင်ရမြင်းကြောင့် ဖြစ်သော အကျိုး ကျေးဇူး တရားတို့ကို၊ ရုတ်တရက် ရှောင်တခင်၊ မသိ မမြင်နိုင် ကြသော်လည်း၊ တဉူးနှင့် တဉူး၊ (**ဧမတ္တာ**) စိတ်ဓာတ်၊ကင်း ပြတ်ခြင်းနှင့် တွေ့ကြုံရသော အခါ၌မူ၊ မည်၍ မည်မျှ၊ အကျိုး ဆိုးပွါး၊ ပျက်ပြား ဆုတ်ယုတ် ကြသည်ကို၊ သိမြင်နိုင် ကြပြီး၍ ရကား—

http://www.dhammadownload.com

[လာမည့်ဘေးကို၊ အဝေးကရှောင်ကြဉ်ရာ၏၊]

ဟူသည်နှင့်အညီ၊တဥုံးနှင့်-တဥုံး၊နူးနူးညွတ်ညွတ်၊ (**မေတ္တာ**) စိတ်ဓာတ်ဖြင့်၊ မပြတ်ဆက်ဆံ ပေါင်းသင်းလျက်၊လောကီ, လောကုတ္တရာ၊ နှစ်ဖြာ အကျိုး၊ တိုးပွါးလေအောင်၊ ကြံဆောင်အားထုတ်စေကုန်ရာ၏။

ဤဇာတ်ဝတ္ထု၌၊ (**နဂါး**) တို့သည်၊မိမိတို့၏ အသက်အန္တရာယ်ကို၊ ကာကွယ် တားဆီးနိုင်သော လျှို့ဝှက်အပ်သောစကားကို၊ဆရာ (**ရဟေ့**) အား၊ ထုတ်ဖော်၍ ပြောဆိုမိသဖြင့်၊ မိမိနှင့်တကွ၊ တမျိုးလုံး ပျက်စီးကြရသော ထုံးကို၊ နှလုံးသွင်း နည်းယူ၍ မိမိတို့၌၊ (လျှို့ဝှက် မျိုသိပ် အပ်သော စကားတို့ကို) သူတပါးတို့အား မပြောကြားမိအောင်၊ အထူးသတိ ဆောင်အပ်သင့်လ၏။ ။ဟူသော နည်းဥပဒေသကို ညွှန်ပြတော်မူ၏။

ထိုမှတပါး၊ ဆရာ (**ရဟေ့**) သည်လည်း၊ မိမိ၏ဂုဏ်ကို၊ ယုံကြည် အားထား၍၊ ပြောကြားအပ်သော (လျှို့ဝှက်အပ်သော စကားကို) မိမိမှတပါး၊ အခြား (**ဂရုဠ်**) တို့ကို၊ တဆင့် ပြောကြားမိသည်အတွက်၊ (**နဂါး**) တို့၌၊ ပျက်စီးကြရသော ထုံးကို၊ နှလုံးသွင်းနည်းယူ၍၊ မိမိ၏ဂုဏ်ကို၊ ယုံကြည် အားထား၍ ပြောကြား အပ်သော စကားတို့ကိုငင်း၊ တဥုံးနှင့်-တဥုံး၊ (**မေတ္တာ**) စိတ်ဓာတ်ဖြင့်၊ မပြတ် ဆက်ဆံ ခင်မင်ရင်းနှီး၍ ပြောကြားအပ်သော စကားတို့ကိုငင်း၊ အခြားသူတို့အား၊ မပြောကြား မိအောင်၊ အထူးသတိ ဆောင်အပ်သင့်လ၏။ ။ ဟူသော နည်းဥပဒေသကို ညွှန်ပြတော်မူ၏။

ဤအရာ၌၊ အထူးသတိ မူသင့်သောအချက်ကား။

ဤ ယခုဒေတ် အခါ၌။ (လူလျင်—လူချင်းချင်း ဖြစ်စေ) (ရဟန်းလျင်-ရဟန်းချင်းချင်း ဖြစ်စေ)(ရဟန်းနှင့်-လူဖြစ်စေ၊) တဥုံးနှင့် တဥုံး၊ ဆရာတပည့် အဖြစ်ဖြင့်ငင်း။ ။ခင်မင်ရင်းနှီးသော မိတ်ဆွေ ခင်ပွန်းအဖြစ်ဖြင့်ငင်း။ ။ပေါင်းသင်းဆက်ဆံနေစဉ်ကမူ၊ တဥုံး၏ အပြုအမူ အပြောအဆို ဂုဏ်ကို၊ တဥုံး

http://www.dhammadownload.com

က-ယုံကြည်အားထားသော အဲနေအားဖြင့်ဂုဏ်း။ ။ခင်မင်ရင်းနှီးသော (**မေတ္တာ**) စိတ်ဓာတ်၏ အစွမ်းတန်းခိုးကို၊ အားကိုးယုံကြည်သော အနေအားဖြင့်ဂုဏ်း။ ။တဉ်း၏ စိတ်ဓာတ်ကို တဉ်းက၊ တပ်အပ် ထင်ထင်၊ သိမြင်ကြပြီးဖြစ်၍၊ ရှေဖြစ်နောက်ဟောင်း၊အကြောင်းကြောင်းတို့ကို၊ ပြန်ပြောင်းမေးမြန်းပြောဆိုကြကုန်၏။

ထိုသို့ မေးမြန်း ပြောဆိုကြခြင်းသည်၊ ချမ်းသာ မကွဲ၊ ဆင်းရဲ အတူ၊ ကြည်ဖြူ မြင့်မြတ်သော(**သမာန သုခ ဒုက္ခ**) မိတ်ဆွေခင်ပွန်းကောင်း (**ဆရာသွေး**) ကောင်းတို့၏၊ အကြောင်းအင်္ဂါဖြစ်၍၊ အမှန် ပြောကြား သိစေသင့်သည်ကား-မှန်၏။ ။ထိုသို့ ဖြစ်လင့်စေကာမူလည်း၊ ပုထုဇဉ် ပုဂ္ဂိုလ်တို့၏ စိတ်ဓာတ်သည်၊ တည်ကြည် ခိုင်ခန့်သော စိတ်ဓာတ် ရှိသူကား၊ လွန်စွာနည်ပါး၍၊ စိတ်ဓာတ် မခိုင်၊ ယိမ်းယိုင် ပျက်ပြယ်တတ်သော စိတ်ဓာတ် ရှိကြသူတို့သည် သာလျှင်၊ များပြားရကား—တဉ်း၏ စိတ်အလိုသို့၊ တဉ်းက၊ လိုက်ပါနိုင်စဉ်ကမူ၊ မည်၍ မည်မျှ ရင်းနှီးခင်မင်၍ လာခဲ့ကြသည် ဖြစ်စေ၊ နောက်သောအခါ၊ ဟဉ်းနှင့် တဉ်း၊ အကြောင်း တခုခုနှင့်၊ အခန့်မသင့်စရာ ဖြစ်ပေါ်လာသောအခါ၌၊ ဤသူ၏ စိတ်ဓာတ်သည်၊ ဤနည်း ဤပုံဖြစ်တတ်၏ဟူ၍၊ နောက်အသစ် ပေါင်းသင်း ဆက်ဆံသော သူတဉ်းအား၊ ပြောတတ်သောအလေ့ ရှိသဖြင့်၊ တဉ်းကို တဉ်းက၊အစဉ်သဖြင့်၊ ယုံယုံကြည်ကြည်နှင့်၊ ပြောဆိုတိုင်ပင်လျက်၊ ရင်းနှီး ခင်မင်စွာ၊ အားကိုး အားထား ပြုရမည်သူကား-လွန်စွာမှ နည်းပါးလှချေ၏။

ထိုသို့ ဖြစ်တတ်ခြင်းကြောင့်လည်း၊ ဤယခုဘဝတို့၌၊ တဉ်းကို တဉ်းက၊ ယုံယုံကြည်ကြည်နှင့် ပေါင်းသင်း ဆက်ဆံ၍၊ အကြံအစည်ကို မပြုလုပ်ဝံ့ကြရကား-တဉ်းကိုအမှီ၍ တဉ်း၌၊ ကြီးပွါးသင့်သလောက်၊ မကြီးပွါးကြမူ၍၊ နှစ်ဉဒုန် နှစ်ဘက်ပင်၊ ပျက်စီးဆုံးရှုံးကြရလေသည်။

http://www.dhammadownload.com

ဤစကား၌၊ နည်းယူရန်ဝတ္ထုဆက်၍၊ အမြွက်မျှပြဦးအံ့။ ။ **ဧတရသနိပါတ်၊ ၈၀နဟံသဇာတ်၌။** ။ဗာရာဏသီပြည်ရှင်၊ မင်းကြီးသည်၊ ငါတို့မြတ်စွာဘုရားသခင် အလောင်းတော်(**၈၀နှ**)ဟင်းသာမင်း၏အထံမှ၊ (**သန်ါရ**)တရားတို့၏ဖြစ်ပျက်ခြင်း၌၊ လျင်မြန်ပုံအကြောင်းနှင့်စပ်၍၊ တရားစကားကြားနာရသောအခါ၊ လွန်စွာမှကြည်ညိုသဖြင့်၊ ဤနန်းတော်၌ပင်၊ အစဉ်နေစေလိုကြောင်းနှင့်၊ ခွင့်တောင်းပြောဆိုလေ၏။

ထိုအခါ(**၈၀နှ**)ဟင်းသာမင်းသည်၊ဤသို့စကား၊ပြန်ကြားပြောဆို၏။

အို....ဗာရာဏသီ-ပြည်ရှင်၊ ဘုရင်မင်းမြတ်။

ဤလောက၌၊မြေခွေးတို့၏အသံ၊ငှက်-တို့၏ မြည်တွန်သောအသံ, ကိုကြားရသောအခါ၊ ဤမြည်သောအသံသည်၊ ဤနည်း-ဤပုံ-ဖြစ်စေလိုသောအလိုဆန္ဒရှိ၏-ဟု၊ (စိတ္တ၈)သဒ္ဒရုပ်ကို၊ ဟုတ်မှန်တိုင်းသော သဘောဖြင့်၊ ထုတ်ဖော်၍ ဖြစ်စေသောကြောင့် ထိုသတ္တဝါတို့၏ စိတ်အလိုဆန္ဒကို၊ သိလွယ်၏။

လူပုဂ္ဂိုလ်တို့၏ ပြောဆိုအပ်သော စကားမည်သည်ကား၊ထိုမြေခွေးသံ"ငှက်သံ"တို့ထက်၊ အသိဉာဏ် ဖြစ်ဘို့ရာခက်ခဲ၏။

အကြောင်းမူကား။

လူပုဂ္ဂိုလ်တို့သည်၊ တဉ်းနှင့်တဉ်း၊ တွေစ, မြင်စ၊သိကျွမ်းစအခါ၌၊ (**စကားမို့ဆို၊ပျားမို့ချို၊ တမာမို့ခါး၊ဝိန်းမို့ယား**) ဆိုသကဲ့သို့-ဤသူသည်ကား။ ငါ၏ ဆွေမျိုး သားချင်းကဲ့သို့ပေတည်း။ ။ငါ၏ချစ်ကျွမ်းဝင်သော၊မိတ်ဆွေခင်ပွန်းပေတည်း-စသည်ဖြင့်၊စကားဖြစ်ဆန်းကာ(**မတ္တာ**) သာပြောလွယ်ဆိုလွယ်ရှိ၍၊ အရှည်သဖြင့် ပေါင်းသင်း, ဆက်ဆံ၍ကြည့်သောအခါ၊ တဉ်းနှင့် တဉ်း၊ ပစ္စည်း အကြီး အလွန်၊စကား အကြီးအလွန်-ဖြစ်ရာ၌၊ (သည်းခံ)ခြင်းမရှိဘဲ၊ စိတ်ဝမ်း ကွဲပြား၊ရန်သူအလားကဲ့သို့၊ဖြစ်ပွါးတတ်လှ၏။

http://www.dhammadownload.com

ထို့ကြောင့်–ရေမြေ သေဉ္ဇနင်း၊ နတ်ရှင်မင်းနှင့်၊ အလွန်ကြာမြင့်စွာ၊ ပေါင်းသင်းမသွေ၊ အတူနေခဲ့လျှင်၊ ချစ်ခင်ကြပြီး ဖြစ်လျက်လည်း၊ မုန်းခြင်း ဖြစ်တတ်ရကား၊ အသင် နှင့် အကျွန်ုပ်သည်၊ (**မဇ္ဈာ**) သုဉ်း၍၊ မမုန်းကြမီကပင်၊ခွဲခွါ၍ သွားပါအုံဟုဆို၍၊ (**ဇဝန**) ဟင်းသာမင်းသည်၊ (**စိတ္တကုဋ်**) တောင်သို့၊ပြန်သွားလေ၏။

၌အဓိပ္ပါယ်ကို ရည်၍၊ အောက်၌ပါသော ဂါထာတို့ကို၊ ဟောတော်အပ်မူ၏။

(၁) သုဝိဇာနံ-သိင်္ဂါလာနံ၊
သကုဏာနဉ္စ-ဝသိတံ။
မနုဿ-ဝသိတံ-ရာဇ၊
ဒုဗ္ဘိဇာန-တရံ-တတော၁။ ။

(၁) ရာဇ၊ ဗာရာဏသီပြည်ရှင်၊ ဘုရင်မင်းမြတ်။

သိင်္ဂါလာနဉ္စ၊မြေခွေးတို့၏ငင်း။သကုဏာနဉ္စ၊ ငှက်တို့၏ငင်း။ ဝသိတံ၊မြည်သံကို။ သုဝိဇာနံ၊သိလွယ်၏။ ။မနုဿ- ဝသိတံ၊ လူတို့၏ပြောဆိုအပ်သော စကားသည်။တတော၊ ထိုမြွေခွေးသံ၊ ငှက်သံ,တို့ထက်။ဒုဗ္ဘိဇာန-တရံ၊အလွန်သိနိုင်ခဲ၏။

(၂) အဝိစေ-မညတိ-ပေါသော၊
ဉာတိ-မိတ္တော-သခါ-တိ ဝါ။
ယော-ပုဗ္ဗေ-သုမနော-ဟုတ္ဝာ၊
ပစ္ဆာ-သမ္ပဇ္ဇတေ-ဒိသော။ ။

(၂) မဟာရာဇ၊ ဗာရာဏသီ ပြည်ရှင်၊ဘုရင်မင်းမြတ်။

ယောပေါသော၊ အကြင် ပုဂ္ဂိုလ်သည်။ ပုဗ္ဗေ၊တွေ့စ မြင်စ သိကျွမ်းစဖြစ်သောရှေးဦး။သုမနော၊ ကြည်သာ ရွှင်ပျို၊ နှစ်လိုဝမ်းသာသည်။ ဟုတ္ဝာ၊ ဖြစ်၍။ အယံ၊ ဤသူသည်။ မေ၊ ငါ၏။ဉာတိ၊ ဆွေမျိုးတည်း။ ဇာတိဝါ၊ ဤသို့ဂုဏ်း။ ။မိတ္တော၊ (**၈မဇ္ဈာ**)

http://www.dhammadownload.com

ရောပြွမ်း၊ ချစ်ကျွမ်း ဝင်သော မိတ်ဆွေတည်း။ ဣတိဝါ၊ ဤသို့ ၎င်း။ ။သခါ၊ အသက်နှင့်တူသော အဆွေခင်ပွန်းတည်း။ ဣတိဝါ၊ ဤသို့၎င်း။ ။အပိ-စေ-မညတိ၊ အကယ်၍ကား၊ အောက်မေ့၏။ ။သော ပေါသော၊ ထိုယောက်ျားသည်။ ပစ္ဆာ၊ တာရှည်-ပေါင်း၍၊ အကြောင်း-သိ-လာ၊ နောက် အခါ၌။ ဒိသော်၊ ငြိုးထားမာန်မူ၊ စိတ်ငြူစူသည့်၊ ရန်သူ ပုဂ္ဂိုလ်သည်။ သမ္ပဇ္ဇတော၊ ဖြစ်တတ်၏။

(၃) အတိ-စိရံ-နိဝါသေန၊
ပိယော-ဘဝတိ-အပိပိယော။
အာမန္တ-ခေါ-တံ-ဂ ဆ္ဆာမိ၊
ပုရာ-တေ-ဟောမ-အပိပိယာ။ ။

(၃) ဘူမိပါလ၊ ရေ,မြေ,သေဋ္ဌနင်း၊ နတ်ရှင်မင်း။

အတိစိရံ၊ အလွန်ကြာမြင့်စွာ။ နိဝါသေန၊ ပေါင်းဘက် မသွေ၊ အတူ နေသဖြင့်။ ပိယော၊ (**မေတ္တာ**) စွမ်းဖြင့်၊ ချစ်ကျွမ်း ဝင်ပြီးဖြစ်သော သူသည်။ အပိပိယော၊ (**မေတ္တာ**) သူဉီး၍၊ မုန်းခြင်းသည်။ဘဝတိ၊ဖြစ်တတ်၏။ ။တေ၊ (အသင်) နတ်ရှင်မင်း၏။ အပိပိယာ၊ (**မေတ္တာ**) သူဉီး၍၊ မုန်းခြင်းတို့သည်။ ပုရာ-ဟောမ၊ မဖြစ်ပေါ်လာကုန်မီ။ (**မေတ္တာ**) စိတ်ဓာတ် မပြယ်ကြသေးမီ။)တံ၊ (အသင်) နတ်ရှင်မင်းကို။အာမန္တ၊ ကြည်သာ ရှင်ပျော်၊ မင်းမြတ် ကျော်ဟု၊ ခေါ်ဝင်ပြု၍သာလျှင်။ အဟံ၊ ငါသည်။ ဂဆ္ဆာမိ၊ (သင်) အပါးမှ၊ တန့်နားမနေ၊ သွားချဉီးတော့အံ့။ ။ဤသို့ ပြောဆိုပန်ကြား၍၊ (**စိတ္တ-ကုဋ္ဌ**) ကောင်သို့ ပြန်သွားလေ၏။ ။ဤသည်ကား။ ထိုဇာတ်၌ ပါသော ဂါထာတို့တည်း။

ထို့ကြောင့်၊ မိမိတို့သည်၊ တည်ကြည် ခိုင်ခန့်သော စိတ်ဓာတ်ကို၊ မပြတ် မွေးမြူ၍၊ မိမိ၏ဂုဏ်ကို ယုံကြည် အားထား၍ ပြောကြားအပ်သော စကားတို့ကိုဂုဏ်း။ ။တဉ္ဉုနှင့်-တဉ္ဉု၊ နူးနူး

http://www.dhammadownload.com

ညွတ်ညွတ်၊ (**မေတ္တာ**) ဓာတ်ဖြင့်၊ မပြတ် ဆက်ဆံ၊ ခင်မင်ရင်းနှီး၍၊ ပြောကြားအပ်သော စကားတို့ကိုငုင်း။ ။မည်၍ မည်မျှ၊ စိတ်၌ အခန့်မသင့်သော အခိုက်နှင့်၊ ကြုံကြိုက်သည်ဖြစ်စေ၊ (ထိုသို့မဟုတ်) ချော့မော့ခြောက်လှန့်၍ မေးမြန်းခိုက်နှင့်၊ ကြုံကြိုက်သည်ဖြစ်စေ၊ မပြောကြားမိစေဘဲ၊ အသက်ပမာ၊ကြင်နာလေးမြတ်၊ (**မေတ္တာ**) ဓာတ်ဖြင့်၊ မပြတ် စောင့်ရှောက်-ကြမ္မသာလျင်၊ မိတ်ဆွေ ခင်ပွန်း ကောင်းတို့၏၊ အကြောင်းအင်္ဂါ၊ လက္ခဏာ ဂုဏ်တို့နှင့် ပြည့်စုံ၍၊ နှစ်ဦး နှစ်ဘက်၊ တိုးတက် ကြီးပွားနိုင်ကြမည်။ ။ဟူသောနည်း ဥပဒေသ,ကိုလည်း၊သွန်ပြတော်မူ၏။

ဤသည်ကား။ ။တဦးနှင့်-တဦး၊ရန်သူဖြစ်သော (**နဂါး**) နှင့်၊ (**ဂရုဠ်**) တို့စဉ်လျက်၊ မြတ်စွာဘုရားသျှင်၏ မျက်မှောက်၊ ရှေတော် အောက်သို့၊ ရောက်လာသော အခါ၊ ချစ်ခင် ရင်းနှီးသော မိတ်ဆွေ ခင်ပွန်း ဖြစ်ကြရပုံနှင့်၊ စပ်လျဉ်း၍၊ ဗဟုသုတ ဖြစ်ဘို့ရန်၊ ထည့်သွင်းဖော်ပြအပ်သော စကားစုပေတည်း။ ။

---

(၂၄) သမုဒြာ၌နေသော "အသုရာ"နတ် နတ်ပြည်၌နေသော"မာရ်"နတ်

(၂၄) "ဝရဇိန်" စက်၊ လက်နက် ပိုင်နင်း၊ (**သိကြား**) မင်းသည်၊ နှိမ်နင်းအောင်မြင်အပ်သော ရေပြင်အစုတ်၊ လှိုင်းလေ ပုတ်သည့်၊သမုဒ္ဒ နက်ကျယ်၊ ပင်လယ်ပြင်ကို၊ မှီတင်ခိုလှုံ၊ ဘုံဗိမာန်ပြု၍ နေကြကုန်သော (**အသုရာ**) နတ်တို့သည်၊ နတ်တို့၏အမျိုး၊ တန်းခိုးကြီးကြကုန်၏။ နောက်ပါ ထွေထွေ၊ ခြွေရွေ အခြံအရံ ရှိကြကုန်၏။

(၂၅) ထိုအသုရာ နတ်တို့တွင်–

(၁) ကာလကဉ္ဇာ,မည်သော အသုရာ နတ်တို့သည်။ မြတ်စွာဘုရားသျှင်၏ မျက်မှောက်၊ ရှေတော်အောက်သို့၊ကြောက်ထိတ် လန့်ဘွယ်၊အသွယ်သွယ်ဖြင့်၊ကြီးကျယ်သောကိုယ်ကိုဖန်ဆင်းပြီး၍၊ လာရောက်ကြကုန်၏။

http://www.dhammadownload.com

(၂) ဒါနဝေယသ, အမည်ရှိသောအသုရာတို့သည်၎င်း။
(၃) ※ဝေပစိတ္တိ အမည်ရှိသော အသုရာတို့သည်၎င်း။
(၄) ※သုစိတ္တိ အမည်ရှိသော အသုရာတို့သည်၎င်း။ ။

(၅) ပဟာရာဒ,အမည်ရှိသော အသုရာတို့သည်၎င်း။ ။
မြတ်စွာဘုရားသျှင်၏ မျက်မှောက်၊ ရှေတော်အောက်သို့၊ လာရောက်ကြကုန်၏။

(၆) ဝသဝတ္တီ၊ဘုံဌာနိ၌၊စိုးမိုနေငြား၊※(**မာရ်**)နတ်သားသည်လည်း၊ ထိုအသုရာနတ်တို့နှင့် အတူတကွသာလျှင်၊ မြတ်စွာဘုရားသျှင်၏ မျက်မှောက်၊ ရှေတော်အောက်သို့၊ လာရောက်ကြကုန်၏။ ။(**မာရ်**) နတ်သား၊ လာရောက်၍၊ နှောင့်ရှက်ဖျက်ဆီးပုံ အခြင်းအရာ စကားတို့သည်၊ ရှေဂါထာအမှတ်၌ထင်ရှားလတ္တံ့။

(၂၆) (၇) ဗလိမည်သော(**မဟာအသုရာ**)ကြီး၌၊ သားတို့သည်၊တရာ-မျှအရေအတွက်ရှိကုန်၏။ အလုံးစုံသောထိုသားတို့ကို၊ ဦးရီးတော်ဖြစ်သော(**ရာဟု**)အသုရိန်၏(**ဝေရောစ**)ဟူသော အမည်ကို အတုပြု၍ မိမိတို့ကိုလည်း၊ (**ဝေရောစ**)ဟူသောအမည်ဖြင့်၊ မှည့်ခေါ်ကြကုန်၏။ ထိဗလိမည်သော(**မဟာအသုရာ**)ကြီး၏၊ စစ်သည်တပ်သား၊ ရဲမက်တော်များဖြစ်သော အသုရာတို့သည်၊ စစ်တိုက်ရာ၌၊ အသုံးအစွဲပြုကြသော ချပ်မိန်ညိုကို၊ကိုယ်၌ဝတ်ဆင်ကြကုန်လျက်၊ဤသို့စကား၊ ပြောကြားကြကုန်၏။

အိုဒါ.... (**ရာဟုဘဒ္ဒ**)အသုရိန်၊အရှင်နတ်မင်း။

ပုဏ္ဏာမီ (**စန်း**)၊တက်၍ထွန်းသည့်၊ (**လ**) ဝန်းတောက်ထိန်၊ ဤအချိန် ဤအခါ၌၊ရဟန္တာ ပုဂ္ဂိုလ်ငါးရာတို့၏၊ အစည်းအဝေးပွဲကြီးပြုရာဖြစ်သော(**မဟာဝုန်**)တောအုပ်ကြီးသို့၊ သွားရောက်ဘို့ရန်၊ အချိန်တန်ပါပြီ=သွားရောက် ကြပါကုန်ဦးအံ့—ဟူ၍ (**ရာဟုဘဒ္ဒ**)အသုရိန်နတ်မင်း၏၊ အနီးထံရင်းခ-ဝပ်စင်း၍၊ ချဉ်းကပ် ရောက်လာကြကုန်ပြီ—ဟူ၍ မိန့်တော်မူ၏။

http://www.dhammadownload.com

ဤအဓိပ္ပါယ်ကို ရည်၍၊ အောက်၌ပါသော ဒေသနာ အစဉ်ကို၊ (သင်္ဂါယနာ)တင်တော်မူကြကုန်၏။

(၂၄) ဇိတာ-ဝဇိရ-ဟတ္ထေန။ (လ)။
ဣဒ္ဓိမန္တော-ယသဿိနော။ ။

(၂၅) ကာလကဉ္ဇော-မဟာ-ဘိဿဝါ။ (လ)။
ပဟာရာဒေါ-န-မုစိ-သဟာ။ ။

(၂၆) သတဉ္ဇ-ဗလိ-ပုတ္တာဝနံ။ (လ)။
ဘိက္ခူနံ-သမိတိ ံ-ဝနံ။ ။

(အထူးမှတ်ချက်။)

(၁) ·ဝေပစိတ္တိ–အသုရာ။
(၂) ·သုစိတ္တိ–အသုရာ။

ဤ"**အသုရာ**" နှစ်ဦးတို့သည်၊ မဟာသမုဒ္ဒြာ၌နေလေ့ရှိကုန်၏။

(၃) ·န-မုစိ– "မာရ်"နတ်သား၊ ဤ"မာရ်"နတ် သားသည်၊ (ပရနိမ္မိတ·ဝသဝတ္တီ)နတ်ပြည်၌နေ၏။

ဤ"အသုရာ" နှစ်ဦးနှင့် "မာရ်"နတ်သားသည်၊ နေရာအရပ်ချင်းလွန်စွာ ဝေးကွာကြလျက်၊ အဘယ့်ကြောင့်အတူတကွတွဲယှဉ်၍လာသနည်း-ဟုမေးရာ၏။

ဤ "အသုရာ" နှစ်ဦးနှင့်၊ "မာရ်" နတ်သားသည်၊ အရေဟတ္တဖိုလ်သို့ ရောက်လိုသော ကုသိုလ်ဆန္ဒမရှိချေ။

အရိယာ၏ အဖြစ်ဖြင့် မဖြစ်ထိုက်ချေ။ (မကျွတ်ထိုက်ကြကုန်။)တိုသို့ ဓာတ်သဘောအားဖြင့် နှိုးနှောသည်ဖြစ်၍၊ အတူတကွ၊ ပေါင်းဆုံ၍၊ လာကြကုန်၏-ဟူ၍ အဋ္ဌကထာ၌ ဖွင့်ဆို၏-ဟူ ဖြေဆိုရာ၏။

http://www.dhammadownload.com

ကဿာ ဧတေဟိ သဟာဂတော-တိ၊
အစ္ဆန္နိကတ္တာ။တေဟိပိအစ္ဆန္နိကာ,
အဘဗ္ဗာ၊အယံပိ,တာဒိသောယေဝ၊
တဿာ မာတုသော သံ,သန္ဒံမာနော၊အာဂတော။

(ထိုပြင်အထူးညွှန်ပြချက်။)

(၁) ဤ(**ဧဝမစိတ္တိ**) အသုရာ၏၊ အကြောင်းအရာ ဝတ္ထုကို၊ (သဂါထာဝဂ္ဂ) (၁၁-သက္ကသံယုတ်)၊ ပဌမဝဂ်၌၊ ဟော တော်မူ၏။

(၂) ဤ(မာရ်နတ်)မင်း၏ အကြောင်း ဝတ္ထုကို၊(သဂါထာဝဂ္ဂ) (၅-မာရသံယုတ်) ပဌမဝဂ်၌၊ဟောတော်မူ၏။

ဤအရာ၌ (**ရာဟုဘဒ္ဒ**) အသုရိန်နတ်သား၏၊ အကြောင်း အဆက်ကို၊အမြွက်မျှဆိုဦးအံ့။

(၁) ထို(**ရာဟု**)အသုရိန်နတ်သား၏(အရပ်)သည်၊ (ယူဇနာ) လေးထောင်ရှစ်ရာ(၄၀၀၀)မြင့်၏။

(၂) လက်မောင်းနှစ်ခုတို့၏ အကြားသည်၊ တဆဲ့နှစ်(၁၂)ယူဇနာ ကွာခြား၏။

(၃) သားမြတ်နှစ်ခုတို့၏ အကြားသည်၊ ခြောက်(၆)ယူဇနာကွာ ခြား၏။

(၄) လက်ဖဝါး-အပြင်၊ ခြေဖဝါးအပြင်တို့သည်၊ အကျယ်အပြန့် အားဖြင့်၊ ယူဇနာသုံးရာ(၃၀၀)ကျယ်၏။ ။အဝန်းအဝိုင်း-အားဖြင့်၊ယူဇနာသုံးရာ(၃၀၀)ရှိ၏။

(၅) လည်ပင်းသည်၊ယူဇနာသုံးရာ(၃၀၀)ရှိ၏။

(၆) ဦးခေါင်းသည်၊ယူဇနာကိုးရာ(၉၀၀)ရှိ၏။

ဤမျှပင်၊ တင့်တယ်ခမ်းနား၊ ကြီးမားသော ခန္ဓာကိုယ် အတ္တဘောရှိ၏။ ။ထို(**ရာဟုဘဒ္ဒ**)အသုရိန်နတ်သားသည်၊ ငါ သည်ကား၊ အလွန်ကြီးမြင့်သော(အရပ်) ရှိသည်ဖြစ်၍၊ မြတ်စွာ

http://www.dhammadownload.com

ဘုရား၏ အထံတော်သို့၊ သွားရောက် ဖူးမျှော်ရကာ၊ မြတ်စွာဘုရားအား၊ ဝပ်တွား ငုံလျှိုးချပင်၊ ရှိခိုးဖူးမြင်ရမြဲမှ်မည်။ ။ ယင်းသို့ဖြစ်၍၊မြတ်စွာဘုရား၏ အထံတော်သို့၊ မသွားဘဲနေအံ့ဟု၊အကြံဖြစ်လေ၏။

တနေ့သ၌၊ထို (**ရာဟုဘဒ္ဒ**) အသုရိန် နတ်သားသည်။မြတ်စွာဘုရား၏ ကျေးဇူးသတင်း၊ ကျော်ဇောခြင်းကို၊ ထင်လင်းစွာ ကြားသိရလေ၏။ ထိုကဲ့သို့ကြားသိရသည် အားလျော်စွာ၊ ခြေတော်ရင်း၌၊ ဝပ်စင်းချဉ်းကပ်၊ဖူးမျှော်တော့အံ့–ဟု၊ တဖန်ကြံပြီးလျှင်၊ သွားရောက်လေ၏။

ထိုအခါ၊ မြတ်စွာဘုရားသခင်သည်၊ ထို (**ရာဟုဘဒ္ဒ**) အသုရိန် နတ်သား၏၊ စိတ်အကြံကို သိမြင်ရပြီးဖြစ်၍၊ငါသည်၊ (ရပ်ခြင်း၊ သွားခြင်း၊ လျောင်းခြင်း၊ အိပ်ခြင်း) ဟူသော လေးပါးသော (**ဣရိယာ-ပုထ်**) တို့တွင်၊ အဘယ် (**ဣရိယာ-ပုထ်**) ဖြင့်၊ ဖူးမြင်ခွင့်ပြုအံ့နည်းဟု၊ ကြံပြီးလျှင်၊(မတ်တတ်ရပ်တည်)၍ နေသော (**ဣရိယာ-ပုထ်**) ဟူသည်၊ နိမ့်သောသူပင်၊ ဖြစ်လင့်ကစား၊ မြင့်သောသူဟူ၍-ထင်မှတ်ရသည်)။ ယင်းသို့ဖြစ်၍၊ လက်ျာဘက် နံတောင်ကို စောင်း၍၊ ဇလျောင်းစက် အိပ်နေသော (**ဣရိယာပုထ်**) ဖြင့်သာ၊ မိမိကိုယ်ကို၊ ဖူးမြင်ခွင့်ပြုအံ့ဟု-ကြံ၍၊အသျှင် (**အာနန္ဒာ**) ထေရ်ကို၊ မိန့်ဒေါ်တော်မူပြီးလျှင်၊ (ချစ်သား) (**အာနန္ဒာ**) (**ဂန္ဓကုဋီ**) တိုက်ခန်း အတွင်း၌၊ ညောင်စောင်း အင်းပျဉ်ကို၊ ခင်းလော–ဟု၊ မိန့်တော်မူပြီးလျှင်၊ ထိုညောင်စောင်း အင်းပျဉ်ထက်၌၊ လျောင်းစက် ကိန်းဝပ်၍နေတော်မူ၏။

ထိုအခါ၊ ယူဇနာ လေးထောင်ရှစ်ရာ (၄၀၀၀)မြင့်သော၊ ကိုယ် (အရပ်)ရှိသော (**ရာဟုဘဒ္ဒ**) အသုရိန် နတ်သားသည်။ အဇဉာ-ပြင်၊ မိုးကောင်းကင်၌၊ ရောင်ရှင် တင့်ထွန်း၊ (၈) ပြည့်ဝန်းကို၊ လူအပေါင်းတို့သည်၊ ဦးခေါင်းကို၊ (**၈မင်**) ၍သာ ကြည့်ရှုကြရဘိသကဲ့သို့၊ထိုနည်းတူစွာ၊ ညောင်စောင်း အင်းပျဉ်ထက်၌၊ လျောင်းစက် ကိန်းဝပ်၍ နေတော်မူသော မြတ်စွာဘုရား၏မျက်နှာတော်ကိုလည်း၊အထက်သို့ပင် (**၈မင်**) ၍သာ၊ ဖူးမျှော်ရလေသည်။

http://www.dhammadownload.com

ထိုအခါ၊ မြတ်စွာဘုရားသခင်သည်၊ ဤသို့မေးမြန်းတော်မူ၏။
အို.... (**ရာဟုဘဒ္ဒ**) အသုရိန်နတ်သား။

ဤသို့ ရောက်လာခြင်းကား၊ အကြောင်း အဘယ်သို့နည်း—ဟူ၍ မေးမြန်းတော်မူလျှင်၊ဘုန်းခြောက်ပါး သခင်၊ အသျင်မြတ်ဘုရား။ ။ ရှေးအခါကမူ၊ မိမိ၏ကြီးမြင့်သောကိုယ် (အရပ်) ရှိသည်အဖြစ်ကို၊မြင်၍ (အကယ်၍) ငါသည်၊ မြတ်စွာဘုရားသျှင်၏ အထံတော်သို့၊ သွားရောက်ဖူးမျှော်ရလျှင်၊ ဝပ်တွား ငုံ့လျှိုး၍ပင်၊ ရှိခိုးဖူးမြင်ရခြိမ့်မည်ဟု ထင်၍၊ခြေရင်းတော် အောက်သို့၊ မရောက်ရပါ ကြောင်းပါ-ဘုရားဟု၊ လျှောက်ထား၏။

ထိုအခါ၊အို.... (**ရာဟုဘဒ္ဒ**) အသုရိန်နတ်သား။

ငါဘုရားသျှင်သည်၊ ရှည်လျားလှစွာသော သံသရာဘဝ အဆက်ဆက်ကပင်၊ အောက်သို့ မျက်နှာမူ၍၊ ပါရဒုမီ ဆယ်ပါး၊ အပြားသုံးဆယ်တို့ကို၊ ဖြည့်ပွါး ဆည်းပူးခဲ့သည်မရှိမူ၍၊အထက်သို့မြှောက်၍၊ မြင့်မောက်သည်ကိုသာပြု၍၊ အလှူဒါနကို ပြုခဲ့ဘူး၏ဟု၊ မိန့်တော်မူ၏။ ။ထိုနှစ်ပြုပင်၊ (**ရာဟုဘဒ္ဒ**) အသုရိန်နတ်သားသည်၊ မြတ်စွာဘုရား၌၊ အားထားကြည်ညို၊ မှီခိုဆည်းကပ်ခြင်းကို ပြုလေ၏။ ။ထိုအကြောင်းကို၊ [သုတ်သီလက္ခန်၊ သောဏဒဏ္ဍသုတ်] အဋ္ဌကထာ၌၊ မိန့်ဆိုအပ်၏။

ထိုမှတပါးလည်း၊ထို (**ရာဟုဘဒ္ဒ**) အသုရိန်သည်၊အဆင်းအရောင်အားဖြင့်၊ ဝင်းဝင်းပြောင်ပြောင်၊ တောက်လောင်ထွန်းပသော (**လ**) ဗိမာန်၊ (**နေ**) ဗိမာန်၊ နှစ်ခုတို့ကိုမြင်၍၊ သူတထူးတို့၏၊ လှပ-တင့်တယ်ခြင်း၌၊ မမြင်လို၊ မကြည့်ရှုလို၊ ဝန်တို တတ်သောစိတ်ဖြင့်၊ နှိပ်စက် အပ်သည်ဖြစ်၍၊ထို (**နေ**) ဗိမာန်၊ (**လ**) ဗိမာန်တို့၏၊ သွားသောခရီးလမ်းကို၊မိမိက-ရှေက(**သွားနှင့်**)၍၊ ခံတွင်းကိုဖွင့်(**ဟ**)လျက်ရပ်တည်နေ၏။

ထိုအခါ (၄၉)ယူဇနာ အဝန်းအဝိုင်းရှိသော (**လ**) ဗိမာန်၊ ယူဇနာ (၅၀)အဝန်းအဝိုင်းရှိသော၊ (**နေ**) ဗိမာန်တို့သည်၊ ယူဇနာ (သုံးရာ) ခံတွင်းအာစောက်ရှိသော (**ရာဟုဘဒ္ဒ**) အသုရိန် ခံတွင်ထည်းသို့ဝင်ရောက်သွားသဖြင့်၊ ယူဇနာသုံးရာ နက်သော၊ (**နရက်**) ချဉ်ကြီးထည်းသို့၊ ပစ်ချလိုက် သကဲ့သို့ ဖြစ်ရကား၊ ထို (**လ**) ဗိမာန်၊ (**နေ**)

http://www.dhammadownload.com

ဗိမာန်၌ နေကြကုန်သော (**လ**) နတ်သား၊ (**နေ**) နတ်သား တို့သည်၊ သေရအံ့သော ဘေးမှ၊ လန့်တွေးကြောက်ရွံ့ကြကုန်သည်ဖြစ်၍၊ တပြိုင်နက်တည်း၊ ကြီးစွာသော အသံဖြင့် ဟစ်အော်ကြကုန်၏။

ထို (**ရာဟုဘဒ္ဒ**) အသုရိန်သည်၊ (**လ**) ဗိမာန် (**နေ**) ဗိမာန်တို့ကို၊ ယူဇနာသုံးရာရှိသော လက်ဖဝါးအပြင်ဖြင့်၊ ဖုံးအုပ်၍ထား၏။

တရံတခါ၌မူ၊ (**လျှာ**) ဖြင့်လျက်၏။

တရံတခါ၌မူ၊ ထမင်းလုပ်ကို (ပါးစောင်) ၌ သွင်းထားသကဲ့သို့၊ ပါးစောင်၌ ငုံ၍ထား၏။ ထိုသို့ထားသော်လည်း၊ ထို (**လ**)၊ (**နေ**) တို့၏ သွားသော အဟုန်အရှိန်ကို မူကား၊ တားမြစ်ခြင်းငှါ မစွမ်းနိုင်ချေ။ ။ အကယ်၍ ထို (**ရာဟုဘဒ္ဒ**) အသုရိန်သည်၊ (**လ**)၊ (**နေ**) တို့၏ သွားသော အဟုန်အရှိန်ကို တားမြစ်အံ့ဟု၊ (ပါးစောင်)ဖြင့် ငုံ၍ထားပြားအံ့။ ထို (**ရာဟုဘဒ္ဒ**) အသုရိန်၏ ဦးခေါင်းထိပ်ဆက်ကို ဖေါက်ခဲ့၍ (**လ**) (**နေ**) တို့သည် တွင်းသွားခဲ့ရာ၏။

တနည်းအားဖြင့်ကား။ ။ထို (**လ**) ဗိမာန် (**နေ**) ဗိမာန်တို့က၊ ဆွဲငင်၍ သွားသဖြင့် ထို (**ရာဟုဘဒ္ဒ**) အသုရိန်သည်၊ (**လ**) ဗိမာန် (**နေ**) ဗိမာန်တို့၏ နောက်သို့ပင်၊ လွှတ်ကိုင်းလိုက်ပါ၍ သွားခဲ့ရာ၏။

ထို့ကြောင့်၊ ထို (**ရာဟုဘဒ္ဒ**) အသုရိန်သည်။ မိမိဗိမာန်နှင့်တကွ၊ (**လ**) ဗိမာန် (**နေ**) ဗိမာန်တို့၏ နောက်သို့ ပါ၍၊ လက်ဖဝါးအပြင်ဖြင့်၊ ဖုံးအုပ်ခြင်းစသည်ကို သာပြု၏။

ထိုအခါ၊ (**လ**) နတ်သား (**နေ**) နတ်သားတို့သည်၊ မြတ်စွာဘုရား၏ ဂုဏ်တော်ကို၊ အာမုံပြု အောက်မေ့လျက်၊ အောက်ပါသော ဂါထာကို ရွတ်ဆိုလေ၏။

(၁) နမော-တေ-ဗုဒ္ဓ်-ဝိရ-ဇ္ဇ။၊
ဝိပ္ပမုတ္တော-သိ-သဗ္ဗဓိ။။
သမ္ဗာဓ-ပဋိပန္နော-သ္မိ။၊
တသ-မေ-သရဏံ--ဘဝ။။ ။ } သဂါထာဝဂ္ဂ ဒေဝပုတ္တ သံယုတ်

http://www.dhammadownload.com

(၁) ဝိရ၊သမ္မပ္ပဓာန၊ ဝိရိယဓာတ်ဖြင့်၊ ကြီးမြတ်ကဲလွန်၊သမ္ဘာဝဆွန်လျက်၊ အမွန်မြင့်မြတ်တော်မူသော မြတ်စွာဘုရား။

ဗုဒ္ဓ၊ သစ္စာလေးစုံ၊ ပန်းကြာရုံကို၊ဖူးငုံစွင့်စွင့်၊ ချပ်လှာဖွင့်လျက်၊ ပွင့်စေတော်မူသော မြတ်စွာဘုရား။

တေ၊ သုံးလူ့ဥုံးသျှောင်၊ ငါးမာရ်အောင်သည့်၊ ဘုန်းခေါင်ထွတ်ထား၊ မြတ်စွာဘုရားအား။ နမော၊ ရိုသေမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးခြင်းသည်။ အတ္ထ၊ စင်စစ်မသွေ၊ ဖြစ်ပါစေသကည်း။

တွံ၊အသျှင်ဘုရားသည်။သဗ္ဗဓိ၊ကြွင်းမဲ့ဉာဏ်၊အလုံးစုံသောဘေးရန်အပေါင်းမှ။ ဝိပ္ပမုတ္တော၊ သန့်ရှင်းကြည်ဖြူ၊ လွတ်မြောက်တော်မူသည်။အသိ၊စင်စစ်မသွေဖြစ်ပါပေ၏။

အဟံ၊အကျွန်ုပ်သည်။ သမ္မာဓ-ပဋိပန္နော၊(**ရာဟုဘဒ္ဒ**) အသုရိန်ခံတွင်း၊ ကျရောက်ခြင်းဖြင့်၊ ဆင်းရဲကျဉ်းမြောင်းစွာဖြစ်၍နေရသည်။ အသို့၊ ဖြစ်ပါ၏မြတ်စွာဘုရား။

တွံ၊အသျှင်ဘုရားသည်။တသ-မေ၊ထိုအကျွန်ုပ်၏။သရဏံ၊ဘေးရန်-ခပဲ၊ကင်းစင်လွဲ၍၊ အမြဲအားထား ကိုးကွယ်ရာသည်။ ဘဝ-[ဘဝါဟိ] ကရုဏာ-ဓာတ်၊ စိတ်တော်ညွတ်၍၊ ဆွတ်ဆွတ်ကြည်ဖြူ၊ ဖြစ်တော်မူပါ မြတ်စွာဘုရား။

ထိုအခါ၊ မြတ်စွာဘုရားသည်။ (**လ**) နတ်သားအား၊ အကြောင်းပြု၍၊ (**ရာဟုဘဒ္ဒ**)အသုရိန်အား၊ ဤသို့စကား၊ ဟောကြား ခဲ့ရှတ်ဆိုလေ၏။

(၂) တထာဂတံ-အရဟန္တံ၊
စန္ဒိမာ-သရဏံ ဂတော။
ရာဟု-စန္ဒံ ပမုဉ္စသု၊
ဗုဒ္ဓါ-လောကာ-နုကမ္ပကာ။ ။

သဂါထာဝဋ္ဋ ဒေဝပုတ္တ သံယုတ်

(၂) ရာဟု၊ (**ရာဟုဘဒ္ဒ**) အသုရိန်နတ်မင်း။

စန္ဒိမာ၊ (**လ**) နတ်သားသည်။ အရဟန္တံ၊ လူ-နတ်-ဖြဟ္မာ၊ သတ္တဝါဟူ၊သုံးဘုံသူတို့၊ ကြည်ဖြူ ကော်ရော်၊ ပူဇော်

http://www.dhammadownload.com

ဦးညွတ်ခြင်းကို၊ လက်ငင်း သိမ်းပိုက်၊ ထိုက်တော်မူထသော။ တထာဂတံ၊သင်တို့ဆရာ၊ ငါဘုရားသျှင်ကို။သရဏံ၊ ဘေးရန်-ခပဲ၊ ကင်းစင် လွတ်အောင်၊ အမြဲ အားထား၊ ကိုးကွယ်ခြင်းသို့။ ဂတော၊ အမြဲ ဂေန်၊ မှန်စွာ မဖေါက်၊ ရောက်လာ၏။

ရာဟု၊အို.... (**ရာဟုဘဒ္ဒ**) အသုရိန် နတ်မင်း။

ဗုဒ္ဓါ၊ သုံးလူ့ထွတ်တင်၊ ဘုရားသျှင်တို့သည်။ လောကာ-နုကမ္ပကာ၊ လူ နတ် ဗြဟ္မာ၊သတ္တဝါများ၊သုံးဘုံသားကို၊သနားကြည်ဖြူကုညီ၊ စောင့်ရှောက် တော်မူတတ်ကုန်၏။ ။တသ္မာ၊ထို့ကြောင့်။တွံ၊အသင် (**ရာဟုဘဒ္ဒ**) အသုရိန်သည်။ စန္ဒံ၊ (**လ**) နတ်သားကို။ ပမုဉ္စသု၊ ကြည်လင်စိတ်ထား၊ (**မေတ္တာ**) ပွါး၍၊ သနားနှူးညွတ်၊ လွှတ်ပါလော။

ထိုအခါ၊ (**ရာဟုဘဒ္ဒ**) အသုရိန်သည်၊ (**လ**) နတ်သားကို လွှတ်၍၊ကြောက်လန့်တကြား၊ အံ့အား သင့်ပြီးလျှင်၊(**ဧဝံပစ္စက္ခိ**) အသုရာ၏ အထံသို့၊ သွားရောက် ချဉ်းကပ်၍ နေလေ၏။

ထိုအခါ၊ (**ဧဝံပစ္စက္ခိ**) အသုရာသည်၊အောက်၌ ပါသော ဂါထာကို၊ ရွတ်ဆို၍ မေးမြန်းလေ၏။

(၃) ကိံ နု-သန္တရ-မာနော၀၊
ရာဟု-စန္ဒံ-ပမုဉ္စသိ။
သံဝိဂ္ဂမာန-ရူပေါ်-အာဂမ္မ၊
ကိံ နု-ဘိတော၀-တိဋ္ဌသိ။ ။

သဂါထာ၀ဂ္ဂ ဒေ၀ပုတ္တ သံယုတ်

(၃) ရာဟု၊ အို.... (**ရာဟုဘဒ္ဒ**) အသုရိန်နတ်မင်း။

ကိံ၊ အဘယ်သို့သော အကြောင်းကြောင့်။ သန္တရ-မာနော၀၊ ထိတ်ထိတ် ပျာပျာ၊ လျင်မြန်စွာ သာလျှင်။ စန္ဒံ၊ အရောင် ပြက်သန်း၊ တက်၍ ထွန်းသည့်၊ (**လ**) ၀န်းဗိမာန်၊ နန်း ၀ယ်နှ၌၊ စိုးစံ နေပြုံး၊ (**လ**) နတ်သားကို။ ပမုဉ္စသိ-နု၊ လွှတ်လိုက်ဘိသနည်း။ ။ကိံ၊ အဘယ်သူကို။ (**၀ါ၊အဘယ်.ကြောင့်**)။သံဝိဂ္ဂ-မာနရူပေါ်၊ထိတ်လန့် ရှုံရှားသော စိတ်ရှိလျက်။ ဇာ၀၊ ဤအရပ်သို့။ အာဂမ္မ၊ လာလတ်၍။ တိဋ္ဌသိ-နု၊ တန့်ရပ် တည်နေသနည်း။

http://www.dhammadownload.com

ထိုအခါ၊ (**ရာဟုဘဒ္ဒ**) အသုရိန်သည်၊(**ဧဝံပစိတ္တိ**)အသုရာအား၊ အောက်၌ပါသော ဂါထာကို ရွတ်ဆို၍ ဖြေကြားလေ၏။

(၄) သတ္တဓာ-မေ-ဖလေ-မုဒ္ဓါ၊
ဇိဝန္တော-န-သုခံ-လဘေ။
ဗုဒ္ဓ-ဂါထာဘိ-ဘိတေဝ-မ္ဟိ။
နော-စေ-မုဇ္ဇေယျ-စန္ဒိမံ။ ။

သဂါထာဝဂ္ဂ ဒေဝပုတ္တ သံယုတ်

(၄) ဧဝံပစိတ္တိ၊ အို.... (**ဧဝံပစိတ္တိ**) အသုရာ နတ်မင်း။

အဟံ၊ အက္ခန်ပ်သည်။ ဗုဒ္ဓ-ဂါထာဘိ၊ မြတ်စွာဘုရား၊ ဟောကြား ရွတ်ဆိုအပ်သော ဂါထာတို့မှ။ ဘိတေဝ၊ သည်းဖျား တုန်၍၊ရင်-ခုန် မူး နောက်၊ကြောက်ခြင်းကြီး ကြောက်သည်။ အမ္ဟိ၊ ဖြစ်ပါ၏။ ။တသ္မာ၊ ထို့ကြောင့်။ စန္ဒိမံ၊ (**လ**) ဗိမာန်ကို။ နော-စေ-မုဇ္ဇေယျ၊ အကယ်၍ကား၊ မလွတ်ခဲ့ငြားအံ့။ (ဧဝံ၊ အမျှဖြန်၊ ဤသို့ မလွတ်ခဲ့သည်ရှိသော်)။ မေ၊ အက္ခန်ပ်၏။ မုဒ္ဓါ၊ ဦးထိပ်သည်။ သတ္တဓာ၊၇-နှစ်ဖြာ၊ ၇-နှစ်စိတ်။ ဖလေ၊ (**ဖရေယျ**)၊ မွမွညက်ကြေ၊ ကွဲလေရာ၏။

(ဧဝံ-အ-ဖလံ၊ ဤသို့မကွဲ ခဲ့သည်ဖြစ်၍)။ ဇိဝန္တော၊ ရှေးသို့ ဆက်၍၊ အသက် ရှည်ခဲ့ ပါသော်လည်း။သုခံ၊ကိုယ်ပ-ကိုယ်တွင်း၊ဘေးရန် ကင်း၍၊ သန့်ရှင်း ကျန်းမာ၊ ချမ်းသာခြင်းကို။ နလဘေ၊ မရနိုင်ရာချေ။ ။(ဧဝံ-မည်မာန၊ ဤသို့ အစဉ်၊ မှတ်ထင် အောက်မေ့ပါကုန်လျက်)။ စန္ဒိမံ၊ (**လ**) ဗိမာန်ကို။ပမုဉ္စာမိ၊ထိတ်ထိတ်ပျာပျာ၊ လျင်မြန်စွာ လွတ်ခဲ့ပါ၏။

ထိုနည်းတူစွာ၊ (**ဇန**) နတ်သားကို၊ (**ရာဟုဘဒ္ဒ**) အသုရိန်၊ ဖမ်းဆီးသော အခါ၌လည်း။ (**ဇန**) နတ်သားသည်၊ ရှေးနည်း အတူ၊ အောက်၌ပါသော ဂါထာကို ရွတ်ဆိုလေ၏။

(၁) နမော-တေ-ဗုဒ္ဓ-ဝီရ-တ္ထု၊
ဝိပ္ပမုတ္တော-သိ-သဗ္ဗဓိ။
သမ္ဗာဓ-ပဋိပန္နော-သ္မိ၊
တသ-မေ-သရဏံ-ဘဝ။ ။

http://www.dhammadownload.com

(၁) ဤပါဠိဂါထာ၏အနက်သည်၊ (**လ**) နတ်သားရွှတ်ဆိုသော ဂါထာ၏ အနက်အတိုင်းပင်ဖြစ်၏။

ထိုအခါ၊မြတ်စွာဘုရားသည်။ (**နေ**) နတ်သားကို အကြောင်းပြု၍၊ (**ရာဟုဘဒ္ဒ**) အသုရိန်အား၊ဤသို့စကား၊ပြောကြား ရွှတ်ဆိုလေ၏။

(၂) တထာဂတံ-အရဟန္တံ၊
သူရိယော-သရဏံ-ဂတော။
ရာဟု-ပမုဉ္စ-သူရိယံ၊
ဗုဒ္ဓါ-လောကာ-နုကမ္ပကာ။ ။ } သဂါထာဝဂ္ဂ ဒေဝပုတ္တ သံယုတ်

(၂) ရာဟု၊ အို.... (**ရာဟုဘဒ္ဒ**) အသုရိန် နတ်မင်း။

သူရိယော၊ (**ဒုနံ**) နတ်သားသည်။ အရဟန္တံ၊လူ, နတ်,ဗြဟ္မာ၊ သတ္တဝါ ဟူ၊သုံးဘုံ သူတို့၊ ကြည်ဖြူ ကော်ရော်၊ ပူဇော် ဦးညွှတ်ခြင်းကို၊ လက်ငင်း သိမ်းပိုက်၊ ထိုက်တော်မူထသော။ တထာဂတံ၊ သင်တို့ ဆရာ၊ ဂါဘုရား သျှင်ကို။ သရဏံ၊ ဘေးရန်-ခပဲ၊ ကင်းစင် လွဲအောင်၊ အမြဲ အားထား၊ ကိုးကွယ်ခြင်းသို့။ ဂတော၊ အမြဲကေန်၊ မှန်စွာမဖေါက်၊ရောက်လာ၏။

ရာဟု၊ အို.... (**ရာဟုဘဒ္ဒ**) အသုရိန် နတ်မင်း။

ဗုဒ္ဓါသုံးလူထွတ်တင်၊ မြတ်စွာဘုရားသျှင်တို့သည်။ လောကာနု-ကမ္ပကာ၊လူ,နတ်,ဗြဟ္မာ၊သတ္တဝါများ၊ သုံးဘုံသားကို၊ သနားကြည်ဖြူ၊ ကူညီ စောင့်ရှောက်တော်မူတတ်ကုန်၏။ ။တသ္မာ၊ထို့ကြောင့်။ သူရိယံ၊(**ဒုန**) နတ်သားကို။ ပမုဉ္စ၊ (**ပမုဉ္စသူ**)၊ကြည်လင် စိတ်ထား၊ (**ဒုမဂ္ဂာ**) ပွါးရ၊သနားနှူးညွှတ်၊လွှတ်ပါလော။

(၃) "ယော အန္ဓကာရေ တမသိ ပဘာကံရော၊
ဝေရောစနော, မဏ္ဍလီ ဥဂ္ဂတေဇော။
မာ-ရာဟု ဂိလိ စရ အန္တလိက္ခေ၊
ပဇံ မမ ရာဟု-ပမုဉ္စ သူရိယံ"။ ။

http://www.dhammadownload.com

(၃) ရာဟု၊ အိုး.... (**ရာဟုဘဒ္ဒ**) အာသုရိန်။

အန္ဓ ကာရေ၊စက္ခုဝိညာဉ် ဖြစ်ခြင်းကို တားမြစ်တတ်သော။ တမသိ၊အမိုက် အတိုက်၌။ပဘက်ရော၊အရောင်ကို ပြုတတ်သော။ ဝေ ရောစ နော၊ထွန်းတောက်ပသော အရောင်ရှိသော။မဏ္ဍလီ၊ အဝန်း, သဏ္ဌာန်ရှိသော။ ဥဂ္ဂ-တေဇော၊ ထက်သော တန်းခိုး ရှိသော။ ယော၊ (**သူရိယော**)၊ အကြင် (**နေ**) မင်းသည်။ အတ္ထိ၊ ရှိ၏။

ရာဟု၊ အိုး.... (**ရာဟုဘဒ္ဒ**) အာသုရိန်။

အန္ဓ လိင်္ဂေ၊ကောင်းကင်၌။စရံ၊သွားသော။တံ (**သူရိယံ**)၊ ထို (**နေ**) နတ်သားကို။တွံ၊ သင်သည်။ မာ-ဂိလီ၊မမျိုလင့်။

ရာဟု၊....အိုး.... (**ရာဟုဘဒ္ဒ**)၊အာသုရိန်။

မမ၊ငါဘုရားသျှင်၏။ပဇံ၊သားတော်ဖြစ်သော။တံ(**သူရိယံ**)၊ ထို (**သေတာပန်**)ဖြစ်သော (**နေ**) နတ်သားကို။ ပမုဉ္စ၊ လွှတ်လိုက်ပါလော။

ဇုတိ၊ဤသို့။ဘဂဝါ၊ မြတ်စွာဘုရားသျှင်သည်။ အဇ္ဈ-ဘာသိ။ ရွတ်ဆိုလေ၏။ ။

(မြန်မာဘာသာပြန်ရိုးရိုး)

(၃) အိုး.... (**ရာဟုဘဒ္ဒ**) အာသုရိန်။

စက္ခုဝိညာဉ်ဖြင့် မြင်သိခြင်းကို၊တားမြစ်တတ်သော, အမိုက်တိုက်၌၊အရောင်အလင်းကိုပြုတတ်သော, လုံးဝန်းသောသဏ္ဌာန်ရှိသော, ထွန်းတောက်ပသော အရောင်ရှိသော, ထက်သော တန်းခိုးရှိသော,အကြင် (**နေ**) နတ်သားသည် ရှိ၏။

အိုး.... (**ရာဟုဘဒ္ဒ**) အာသုရိန်–

ကေငင်းကင်ပြင်၌၊သွားလျက်နေသော ထို (**နေ**) နတ်သားကို၊ မမျိုလေလင့်။

http://www.dhammadownload.com

အို....(**ရာဟုဘဒ္ဒ**)အာသုရိန်–

ငါဘုရားသျှင်၏ သားတော်ဖြစ်သော၊ထို(**ဧသာတာပန်**) နတ်သားကို၊သာကြည့်,နှုးညွှတ်၊ဘေးမှလွတ်အောင်၊လွတ်လော့ ဟု-မိန့်တော်မူ၏။ ။

အထူးမှတ်ချက်။ ။

(ဂါထာအမှတ်၊ ၃)

(**ပဇံမမ**)ဟူသောပုဒ်အဖွင့်၌၊ပဇံ မမာတိ–စန္ဒိမ သူရိယာ ကိရ ဒေဝပုတ္တာ၊ (**မဟာသမယ**) သုတ္တ ကထန ဒိဝသေ သောတာ ပတ္တိ ဖလံ ပတ္တာ။ တေန ဘဂဝါ၊ (**ပဇမမာ**) တိ–အာဟ။ ပုတ္တော မမ သောတိ အတ္ထော။

အဋ္ဌကထာဖွင့် စကားအရ၊ (**လ**) နတ်သား၊ (**ဧန**) နတ်သားတို့သည်၊ ဤ (**မဟာသမယ**) သုတ်ကို ဟောတော်မူသောနေ့၌၊ထို့တရားစကား ကြားနာရ၍၊(**ဧသာတာပတ္တိ**) ဖိုလ်သို့ ရောက်ကြရကုန်၏။

ထို့ကြောင့်၊ (**လ**) နတ်သား (**ဧန**) နတ်သားတို့ကို၊ (ငါ–ဘုရားသျှင်)၏၊ သားတော် အစစ်တို့–ဟု၊ခေါ်ဆိုကြောင်း၊ အဋ္ဌကထာ၌ဖွင့်ပြ၏။

ထိုအခါ၊(**ရာဟုဘဒ္ဒ**)အာသုရိန်သည်၊ (**ဧန**) နတ်သားကို လွှတ်ပစ်ခဲ့ပြီးလျှင်၊ (**ဧဝံပစ္စတိ**) အသုရာရှိရာ အရပ်သို့ ချဉ်းကပ်ပြီးလျှင်၊ရပ်တည်နေလေ၏။

ထိုအခါ၊ (**ဧဝံပစိတိ**) အသုရာသည်၊ ရှေးနည်းအတူ၊ (**ပါဠိဂါထာ**) ကိုရွတ်ဆို၍၊မေးမြန်းပြန်၏။

http://www.dhammadownload.com

(၃) ကိုန-သန္တရ-မာနေဝ၀၊
ရာဟု-သူရိယံ-ပမုဉ္စသိ။
သံ ဝိဂ္ဂ မာန-ရူပေါ အာဂမ္မ၊
ကိုန-ဘိတော-၀, တိဋ္ဌသိ။ ။

ဤဂါထာ၌–သူရိယံ၊ (**နေ**) နတ်သားကို–ဟုဆိုသော ဤအနက် မျှသာ ထူး၍၊ကျန်သော-ပါဠိ-အနက်တိုသည်၊ရှေးနှင့်တူ၏။

ထိုအခါ၊ (**ရာဟုဘဒ္ဒ**) အသုရိန်သည်၊ အောက်၌ ပါသော (**ပါဠိဂါထာ**)ကိုရွတ်ဆို၍၊ ဖြေကြားပြန်၏။

(၄) သတ္တ ဓာ-မေ-ဖလေ မုဒ္ဓါ၊
ဇီဝန္တော-န-သုခံ-လဘေ။
ဗုဒ္ဓ-ဂါထာ-ဘိ-ဘိတော-မှိ၊
နော စေ-မုဇ္ဇေယျ-သူရိယံ။ ။

ဤဂါထာ၌–သူရိယံ၊ (**နေ**) နတ်သားကို–ဟုဆိုသော ဤအနက် မျှသာ ထူး၍၊ ကျန်သော ပါဠိ-အနက်သည် ရှေးနှင့်တူ၏။

ဤနေရာ၌-ထို(**ရာဟုဘဒ္ဒ**)အသုရိန်၏ အကြောင်းအရာကို ၎င်း။ ။ထိုမှတပါးလည်း၊ ယခုလောက၌၊ (**လ**) ကို၊ (**ငပုတ်**) ဖမ်းသည်ဟု၊ပြောဆိုကြရာ၌၊ (**ငပုတ်**) ဟူသည်၊(**ရာဟုဘဒ္ဒ**) အသုရိန်ပင်ဖြစ်သည်ဟူသော အကြောင်းကိုဂုဏ်း။ ။ထိုမှတပါးလည်း၊ (**လ**) နတ်သား (**နေ**) နတ်သားတိုသည်၊မိမိတို့သွားရာလမ်းခရီး၌၊ (**ရာဟုဘဒ္ဒ**) အသုရိန်ဖမ်းဆီး၍၊ ကြီးစွာသော် ဘေးဒုက္ခ အရေးတစုံနှင့်၊ တွေ့ကြုံသောအခါ၊ မြတ်စွာဘုရား သျှင်၏ဂုဏ်ကို၊ အာရုံပြု အောက်မေ့လျက်, ရှိခိုးသဖြင့်၊ ထိုဘေးရန် အခက်အခဲမှ၊လွတ်မြောက်ရသော ထုံးကိုဂုဏ်း၊ နှလုံးသွင်းနည်းယူလျက်၊ မိမိတို့၌လည်း၊ မည်သည့်အကြောင်း အရာဖြင့် မဆို၊ မလွဲမကင်း၍၊ ခဲယဉ်းသော ဘေးဒုက္ခ အရေးတစုံနှင့်၊

http://www.dhammadownload.com

တွေ့ကြုံခဲ့မူ၊ မြတ်စွာဘုရားသျှင်၏ ဂုဏ်ကို၊ အာရုံပြုအောက်မေ့လျက်၊ ရှိခိုးတောင့်တခဲ့မူ။ ထိုဘေးရန် အခက် အခဲမှ၊ လွတ်မြောက်ရာ၏–ဟူသောနည်းဥပဒေသကိုလှုင်း၊ ညွှန်ပြလျက်၊ ဗဟုသုတ ဖြစ်ဘို့ရန်–ထည့်သွင်း ဘော်ပြအပ်သော စကားစုတည်း။

---

(၂၇) "အာပေါ" နှတ်ကြီးမှူးသောနတ် ၁၀-မျိုး

(၂၇–၂၀–၂၉)

(၁) အာပေါ, မည်သော နတ်။

(၂) ပထဝီ, မည်သော နတ်။

(၃) တေဇော, မည်သော နတ်။

(၄) ဝါယော, မည်သော နတ်။

(၅) ဝရုဏ, မည်သော နတ်။

(၆) ဝါရုဏ, မည်သော နတ်။

(၇) သောမ, မည်သော နတ်။

(၈) ယသ, မည်သော နတ်။

(၉) (**မေတ္တာ**) ဈာန် အလိုငှါ၊ (ပရိကမ်)ပြု၍ ဖြစ်သော (**မေတ္တာ**)မည်သောနတ်။

(၁၀) (**ကရုဏာ**) ဈာန်အလိုငှါ၊ (ပရိကမ်) ပြု၍ ဖြစ်သော ကရုဏာ,မည်သောနတ်။

ထိုသို့ဆိုပြီး၊ ဂိုဏ်းသီး ဂိုဏ်းကွဲဖြစ်သောဆယ်မျိုးသော နတ်တို့သည်၊ ※နာနတ္တဝဏ္ဏ-ဂုဏ်၊ ※ဇုဒ္ဓိမန္တ-ဂုဏ်၊※ဇုတိမန္တ-ဂုဏ်၊ ※ဝဏ္ဏဝန္တ-ဂုဏ်၊※ယာသသီ-ဂုဏ်တို့နှင့်ပြည့်စုံကြကုန်သည်ဖြစ်၍၊ဆယ်စုခွဲ၍(မိမိတို့နှင့်၊အမျိုး, အနွယ်, ဂိုဏ်း, သဘော, အပြောအဆို၊ ထိုထိုအပြုအပူ၊ အယူအဆ၊ တူမျှကြသော နတ်တို့နှင့်တကွ၊ တစုစီ-တစုစီပြု၍)ရဟန္တာပုဂ္ဂိုလ်ငါးရာတို့၏ အစည်းအဝေးပွဲကြီး ပြုရာဖြစ်သော (**မဟာဝုန်**)

http://www.dhammadownload.com

တောအုပ်ကြီးသို့၊သုံးလူ့ထွတ်တင်၊ မြတ်စွာဘုရားသျှင်နှင့်တကွ၊ရဟန္တာ ပုဂ္ဂိုလ် ငါးရာတို့အား၊ ကြည်လင်ဝမ်းမြောက်၊ (**သဒ္ဓါ**) ပေါက်၍၊ လာရောက် ဖူးမျှော်ကြကုန်ပြီ–ဟူ၍၊ မိန့်တော်မူ၏။

၌ အဓိပ္ပါယ်ကို ရည်၍၊ အောက်၌ ပါသော ဒေသနာအစဉ်ကို၊ (သင်္ဂါယနာ) တင်တော်မူကြကုန်၏။

(၂၇) အာပေါစ-ဒေဝါ-ပထဝီ။ (လ)။
သောမောစ-ယသသာ-သဟာ။ ။

(၂၈) မေတ္တာ-ကရုဏာ-ကာယိကာ။ (လ)။
သဗ္ဗေ-နာနတ္တာ-ဝဏ္ဏိဒနာ။ ။

(၂၉) ဣဒ္ဓိမန္တော-ဒုတိ မန္တော။ (လ)။
ဘိက္ခူ-နံ-သမိတိ ံ-ဝန်။ ။

---

(၃၀) "ဝေဏ္ဍာ" နတ် ကြီးမှူးသောနတ် ၁၀–ယောက်

(၃၀-၃၁-၃၂-၃၃)

(၁) ဝေဏ္ဍာ, မည်သော နတ်။
(၂) သဟလီ, မည်သော နတ်။
(၃) အသမ, မည်သော နတ်။
[၇×၅] ယမ,မည်သော် နတ် နှစ်ဦး။

(၆) ပုဗ္ဗ မိ (စန်း)၊တက်၍ ထွန်းသည့်၊ (လ) ဝန်းဗိမာန်၌၊ချဉ်း ကပ်ဝိုလှုံ၊ မှီရာဝံပြု၍ နေကြကုန်သော၊ (လ) နတ်သားတို့သည်လည်း၊ ပဓိတို့၏ ဘုံဆောင်။ ဝေဇယန္တည် ပြက်သန်း၊ တက်၍ ထွန်းသည့်၊ (လ) ဗိမာန်ကို၊ ရှေသွားပြု၍၊ ရဟန္တာ ပုဂ္ဂိုလ် ငါးရာတို့၏၊ အစည်းအဝေး ပွဲကြီးပြုရာဖြစ်သော (**မဟာဝုန်**) တောအုပ်ကြီးသို့၊ သုံးလူ့ထွတ်တင်၊ မြတ်စွာဘုရားသျှင်နှင့်တကွ၊ ရဟန္တာ ပုဂ္ဂိုလ် ငါးရာတို့အား၊ ကြည်လင် ဝမ်းမြောက်၊ (**သဒ္ဓါ**) ပေါက်၍၊ လာရောက်ဖူးမျှော်ကြကုန်ပြီ။

http://www.dhammadownload.com

(၇) (**ယုဂန္ဓိ၊ရ်**) တောင်စွန်းမှ၊လက်ျာဘက် ယွန်းလျက်၊ ပေါ်ယွန်း ထွက်ပြူလာသော (**ဧန**) ဗိမာန်၌၊ ချဉ်းကပ် ခိုလှုံ၊ မှီရာဘုံပြု၍ နေကြကုန်သော၊ (**ဧန**) နတ်သား တို့သည်လည်း၊မိမိတို့၏ ဘုံဆောင်၊ ရောင်ခြည်ပြက်သန်း၊တက်၍ ထွန်းသည့်၊ (**ဧန**) ဝန်းဗိမာန်ကို၊ရှေ့သွား ပြု၍၊ ရဟန္တာ ပုဂ္ဂိုလ် ငါးရာတို့၏ အစည်းအဝေးပွဲကြီး ပြုရာဖြစ်သော (**မဟာဝုန်**) တောအုပ်ကြီးသို့၊ သုံးလူ့ထွတ်တင်၊မြတ်စွာဘုရားသျှင်နှင့် တကွ၊ရဟန္တာပုဂ္ဂိုလ် ငါးရာတို့အား၊ ကြည်လင် ဝမ်းမြောက်၊ (**သဒ္ဓါ**) ပေါက်၍၊ လာရောက်ဖူးမျှော်ကြကုန်ပြီ။

(၈) ၂၃-ရပ်၊ရေတွက်အပ်သည့်၊ နက္ခတ်-ဂြိုဟ်တွင်းသို့၊ ချဉ်းကပ် ခိုလှုံ၊ မှီရာဘုံပြု၍ နေကြကုန်သော၊နတ်အပေါင်းတို့သည်လည်း၊ ထိုထိုစွဲမှတ်၊ ဂြိုဟ်- နက္ခတ်တို့ကို၊ ရှေ့သွားပြု၍၊ ရဟန္တာ ပုဂ္ဂိုလ် ငါးရာတို့၏ အစည်း အဝေး ပွဲကြီး ပြုရာ ဖြစ်သော၊ (**မဟာဝုန်**) တောအုပ်ကြီးသို့၊ သုံးလူ့ထွတ်တင်၊ မြတ်စွာဘုရားသျှင်နှင့်တကွ၊ ရဟန္တာ ပုဂ္ဂိုလ် ငါးရာတို့အား၊ ကြည်လင် ဝမ်းမြောက်၊ (**သဒ္ဓါ**) ပေါက်၍၊ လာရောက် ဖူးမျှော်ကြကုန်ပြီ။

[၍လောကဒ္ဓါ (**လ**) ဝန်းဗိမာန်၊ (**ဧန**) ဝန်းဗိမာန်၊နက္ခတ်တို့ကို မှီ၍ နေသော နတ်တို့သည် ရှိကြကုန်၏။ ။ထိုနတ်တို့သည်။ (**လ**) ဝန်းဗိမာန်၊ (**ဧန**) ဝန်း ဗိမာန်၊နက္ခတ်တို့၏ ရှေ့ကသော်၎င်း၊နောက်ကသော်၎င်း၊ လက်ဝဲ၊ လက်ျာ ၂-ဘက်ကသော်၎င်း၊ ပြေးသွား နိုင်ကြကုန်၏။ ထိုနတ်ဘို့ကို၊ (**လ**) နတ်သား၊ (**ဧန**) နတ်သား၊ (**နက္ခတ်**) နတ်သား–ဟူ၍ ခေါ်ဆိုကြကုန်၏။ ။၍ (**လ**) နတ်သား၊ (**ဧန**) နတ်သားတို့သည်၊၍ (**မဟာသမယ**) သုတ်ကို၊ ဟောတော်မူသော ညဉ့်၌ပင်၊ (**ဧသဝတာပတ္တိ**)ဖိုလ်သို့ရောက်ကြသောအရိယာနတ်သားတို့-ပေတည်း–ဟူ၍။ [သဂါထာဝဂ္ဂ၊ဒေဝပုတ္တ သံယုတ် ပဌမ-ဝဂ်၊ ဒဿသုတ်အဖွင့်။ အဋ္ဌကထာ၌ ဆိုပုံပြခဲ့ပြီးဖြစ်၏။ ။၍သည်ကား၊ အမှာစကားတည်း။]

http://www.dhammadownload.com

(၉) မန္တဝလာဟက, မည်သော နတ်တို့သည်လည်း၊ လာရောက်ဖူးမျှော်ကြကုန်ပြီ။ ။(ဝါတ-ဒေဝ၊ လေ-နတ်သား၊ အဇ္ဇ-ဒေဝ၊တိမ-နတ်သား၊ ဥဇ္ဈ-ဒေဝ၊အပူ-ရောင်ကို၊ ဆောင်ယူနိုင်သော နတ်သားတို့-ဟူလို)။

(၁၀) နတ်အမျိုးတို့ထက်၊ချီးမွမ်းအပ်၍၊မြတ်သော (**သိကြား**) မင်းကို၊ (**ဝါသဝ**) ဟူ၍ၐင်း၊ (**သက္က**) ဟူ၍ၐင်း၊ (**ပုရိန္ဒ**) ဟူ၍ၐင်း ခေါ်ဆိုကြသဖြင့်၊ (**သိကြား**) မင်း၏အမည်သည်။(**ဝါသဝ**) မည်၏။ (**သက္က**) မည်၏။ ။(**ပုရိန္ဒ**)မည်၏။ ။ထိုသို့သုံးမည်ရသည့်နတ်များသေဋ္ဌနင်း၊ (**သိကြား**) မင်းသည်လည်း၊ ရဟန္တာ ပုဂ္ဂိုလ်ငါးရာတို့၏၊ အစည်းအဝေးပွဲကြီး ပြုရာဖြစ်သော၊ (**မဟာဝုန်**) တောအုပ်ကြီးသို့၊ သုံးလှည့်ထွတ်တင်၊ မြတ်စွာဘုရားသျှင်နှင့်တကွ၊ ရဟန္တာ ပုဂ္ဂိုလ်ငါးရာတို့အား၊ ကြည်လင်ဝမ်းမြောက်၊(**သဒ္ဒါ**)ပေါက်၍၊ လာရောက်ဖူးမျှော်ကြကုန်ပြီဟူ၍-မိန့်တော်မူ၏။

အထူးမှတ်ချက်။ ။

(ဂါထာ-အမှတ် ၃၀-) ကြည့်။

"ဇဝင်ဟု"နတ်သားအကြောင်း။

တနေ့သ၌၊ **"ဇဝင်ဟု"** နတ်သားသည်၊ မြတ်စွာဘုရား၏၊ အထံသို့ ချဉ်းကပ် ရောက်လာပြီးလျှင်၊ သင့်တင့် လျောက်ပတ်သော အရပ်၌ တည်နေလျက်၊ အောက်၌ ဖေါ်ပြ အပ်သော ဂါထာကို၊ ရွတ်ဆို၍ လျောက်ကြားလေ၏။

(၁) သုခိတာ-ဝ-တေ-မနုဇာ၊
သုဂတံ-ပယိ ရူပါသိယ။
ယုဇ္ဈ-ဂေါတမ-သာသနေ၊
အပ္ပမတ္တာ-နု-သိက္ခရေ။ ။

http://www.dhammadownload.com

(၁) မြန်မာဘာသာပြန်

(၁) ဘုန်းတော် ကြီးမား၊အာသျှင် မြတ်ဘုရား–
အကြင် သတ္တဝါတို့သည်၊ ''၉၀၂တမ''မည်တွင်၊ မြတ်
စွာ ဘုရားသျှင်၏ အဆုံးအမတော် ဖြစ်သော သာသနာတော်၌၊
''လုံ့လ ပြုကြကုန်၏''။ ။''မမေ့ မလျော့ ကြကုန်သည် ဖြစ်၍
ကျင့်ကြကုန်၏''။

ထိုသတ္တဝါ တို့သည်၊ မြတ်စွာဘုရားသျှင်ကို၊ ကိုးကွယ် ဆည်း
ကပ်ခြင်းကြောင့်၊ ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာကြကုန်သည်–သာ
လျှင် ဖြစ်ကြပါကုန်၏ ဘုရား–ဟူ၍ လျှောက်ဆိုကုန်၏။

(၁) လုံ့လပြုကြကုန်၏-ဟူသည်ကား၊–
(၁) ''ဝီရိယ-''မာတ်နှင့် ပြည့်စုံကြကုန်၏-ဟုဆိုလို၏။
(၂) မမေ့ မလျော့ကြကုန်သည်ဖြစ်၍-ဟူသည်ကား၊–
(၂) ''သတိ'' ခေါ်သော အပ္ပမာဒ တရားနှင့် ပြည့်စုံကြကုန်၏-
ဟု ဆိုလို၏။ ။ဝီရိယ,တရား၊ သတိ,တရားနှင့် ပြည့်စုံသော
သူတို့-ဟုဆိုလို၏။ ။

(အဋ္ဌကထာ-ဖွင့်ပြပုံ၊)

(၁) **ဝေဏ္ဍု**-တိ၊တသ ငဒဝပုတ္တသနာမံ။
(၂) **အနသိက္ခရေ**-တိ၊သိ ဉ္ဆဒ္ဒိ။
(၃) **ယုဉ္ဇ**-(ယုဉ္ဇန်ာ)နိသျ-ဗာမ်ိုး။

---

(၂) မြတ်စွာဘုရားသျှင်၏ အဖြဂါထာ

(၂) ယေစ မေ ပ-ဝုတ္တော, သိဋ္ဌိ၊
ပဒေ, ဝေဏ္ဍု-တိ ဘဂဝါ။
အနသိက္ခန်္တိ, စျာယိနော၊
ကာလေ တေ အ ပ္ပမဇ္ဇန်ာ။ ။
န- မစ္ဆု-ဝသ–ဂါ, သိယျု၊

http://www.dhammadownload.com

(၂) မြန်မာဘာသာပြန်

(၂) အို....“**ဝေဏ္ဍု**”နှတ်သား–

မကောင်းမှုကို ပြုခြင်း၌၊အပြစ်ကို ရှုဆင်ခြင် တတ်ကုန်သော အကြင် သူတို့သည်၊ ငါ ဘုရားသျှင်သည်၊ (၁) “ဟောကြားတော်မူအပ်ကုန်သော။” (၂) “ဆုံးမချက်အတိုင်း ကျင့်အပ်ကျင့်ထိုက်သော”တရားတို့ကို၊ကျင့်ကြကုန်၏။ ။ထိုသူတို့သည်၊ သင့်တင့် လျောက်ပတ်သော ကာလ၌၊“မမွေ့-မလျော့”ကျင့်ကြကုန်သည်ဖြစ်၍၊ သေမင်း၏၊ နိုင်ငံ–သို့၊ လိုက်ပါကြကုန်သည်၊ မဖြစ်ကုန်-ဟူ၍၊ မြတ်စွာ ဘုရားသျှင်သည်၊ ဖြဆိုဟောကြားတော်မူ၏။

အဖြေစကားတော်သည်လည်း၊–

(၁) ဝိရိယ,တရား။ ။(၂) သတိ,တရားနှင့် ပြည့်စုံသော သူတို့ကို ပင်၊ရည်ညွှန်းဖြဆိုဟောကြားတော်မူ၏။

အဋ္ဌကထာဖွင့်ပြပုံ

(၁) **ဝေဏ္ဍု**–တိ၊တဿ ဒေဝ ပုတ္တဿ နာမံ။

(၂) **သိဋ္ဌိပဒေ**-တိ၊အနုသိဋ္ဌိပဒေ။

[သဂါထာဝဂ္ဂ၊ ၊(၂) ဒေဝ ပုတ္တ သံယုတ်၊ ၁၀–ဒုဗ္ဗိယ အနာထပိဏ္ဍိက–ဝဂ်။]

ဤအဓိပ္ပါယ်ကိုရည်၍၊ အောက်၌ပါသော ဒေသနာ အစဉ်ကို၊ (သင်္ဂါယနာ) တင်ဝတော်မူကြကုန်၏။

(၃၀) ဝေဏ္ဍု-ဒေဝါ-သဟလိစ။ (လ)။
စန္ဒ မာဂုံ-ပုရက္ခိတ္တာ။ ။

(၃၁) သူရိယဿုပ-နိသာ-ဒေဝါ။ (လ)။
အာဂုံ-မန္ဒ ဝလာဟကာ။ ။

http://www.dhammadownload.com

(၃၂) ဝသ္ဟုနံ-ဝါသဝေါ-သေဋ္ဌော။(လ)။
သမ္ဗေ-နာနတ္တ-ဝဏ္ဏိနော။ ။

(၃၃) ဂဒ္ဒိ-မန္တော-ဇုတိ မန္တော။(လ)။
ဘိက္ခူနံ-သမိတိ-ဝနံ။ ။

(၃၄)"သဟဘူ" နတ်ကြီးမှူးသော နတ် ၁၀-မျိုး

[၃၄-၃၅-၃၆]

(၁) အလှူညီးညဲ့၊မီးတောက် မီးလျှံတို့ကဲ့သို့၊တွန်းတောက်ပသော အဆင်းအရောင်ရှိသော သဟဘူ,မည်သောနတ်။

(၂) ခွမ်းကြုတ်ပွင့် အဆင်းနှင့်တူသော အဆင်း အရောင်ရှိသော အရိဋ္ဌက,မည်သော်နတ်။

(၃) ဇောဇ, မည်သော နတ်။

(၄) ဝဏ္ဏဇ, မည်သော နတ်။

(၅) သဟဓမ္မ, မည်သော နတ်။

(၆) အစ္စုတ, မည်သော နတ်။

(၇) အနေဇက, မည်သော နတ်။

(၈) သုလေယျ, မည်သော နတ်။

(၉) ဂုဓိရ, မည်သော နတ်။

(၁၀) ဂါသဝ နေသီ,မည်သော နတ်။

ထိုသို့ဆိုပြီး၊ ဂိုဏ်းသီး-ဂိုဏ်းကွဲဖြစ်သော၊ဘယ်မျိုးသော နတ်တို့သည်၊ ※နာနတ္တ ဝဏ္ဏ-ဂဏ်၊※ဇုတိ မန္တ-ဂဏ်၊※ဝဏ္ဏဇ-ဂဏ်၊※ယသသိ-ဂဏ်တို့နှင့် ပြည့်စုံကြကုန်သည်ဖြစ်၍၊ဆယ်စုံ၍၊(ဂဏ်တို့နှင့်၊ အမျိုး-အနွယ်၊ ဂိုဏ်းသဘော၊ အပြာအပို၊ ကိုထိုအပြုအပူ၊အယူအဆ၊ တူမျှကြသော နတ်တို့နှင့်တကွ၊ တစုစီ၊ တစုစီပြု၍) ရုပ်ဖြာပုဂ္ဂိုလ်ငါးရာတို့၏၊ အစည်းအဝေးပွဲကြီး ပြုရာဖြစ်သော (**မဟာဝုန်**) တောအုပ်ကြီးသို့၊ သုံးလှည့်ထွတ်တင်၊မြတ်စွာဘုရားသျှင်နှင့်တကွ၊ ရုပ်ဖြာ

http://www.dhammadownload.com

ပုဂ္ဂိုလ် ငါးရာတို့အား၊ ကြည်လင်ဝမ်းမြောက်၊ (**သဒ္ဓါ**) ပေါက်၍၊ လာရောက် ဖူးမျှော်ကြကုန်ပြီ–ဟူ၍ မိန့်တော်မူ၏။

ဤ အဓိပ္ပါယ်ကို ရည်၍၊ အောက်၌ပါသော ဒေသနာအစဉ်ကို၊ (သင်္ဃနာ)တင်တော်မူကြကုန်၏။

(၃၄) အထာ-ဂုံ-သဟဘူ-ဒေဝါ။ (လ)။
ဥမ္မာပုပ္ဖ-နိဘာသိနော။ ။

(၃၅) ဝရဏာ-သဟဓမ္မာစ။ (လ)။
သဗ္ဗေ-နာနတ္တ-ဝဏ္ဏိနော။ ။

(၃၆) ဣဒ္ဓိ မန္တော-ဇုတိ မန္တော။ (လ)။
ဘိက္ခူနံ-သမိတိ-ဝနံ။ ။

---

(၃၇) "သမာနာ" နတ်ကြီးဟူးသော နတ် ၁၀-မျိုး

[၃၇-၃၀-၃၉]

(၁) သမာနာ, မည်သော နတ်။
(၂) မဟာသမာနာ, မည်သော နတ်။
(၃) မနုသာ, မည်သော နတ်။
(၄) မာနုသုတ္တမ, မည်သော နတ်။
(၅) ခိဿာ ပဒေါသိက, မည်သော နတ်။
(၆) မနော ပဒေါသိက, မည်သော နတ်။
(၇) ဟရိ, မည်သောနတ်။
(၈) သန္တာ, အရောင်ကဲ့သို့၊ တောက်လောင်နိုမြန်းသော အဆင်းရှိသောအဝတ်ကို ဝတ်ရုံလေ့ရှိသော လောဟိတ ဝါသီ, မည်သော နတ်။
(၉) ပါရဂ, မည်သောနတ်။
(၁၀) မဟာပါရဂ, မည်သောနတ်။

ထိုသို့ ဆိုပြီး၊ ဂိုဏ်းသီး-ဂိုဏ်းကွဲ ဖြစ်သော၊ ဆယ်မျိုးသော နတ်တို့သည်၊ (နာနတ္တ ဝဏ္ဏာ-ဂုဏ်၊ ဣဒ္ဓိ မန္တာ-ဂုဏ်၊ ဇုတိ မန္တာ-ဂုဏ်၊ ဝဏ္ဏဲ ဝန္တာ-

http://www.dhammadownload.com

ဂုဏ်၊ ယသ သိ–ဂုဏ်) တို့နှင့် ပြည့်စုံ ကြကုန်သည် ဖြစ်၍၊ ဆယ်စုံ၍၊ (မိမိတို့နှင့်၊ အမျိုး အနွယ်၊ ဂိုဏ်း သဘော၊အပြာ အယို၊ ထိုထို အပြုအမူ၊ အယူ–အဆ၊ တူမျှကြသော နတ်တို့နှင့်ကကွ၊ တစုစီ-ကစုစီပြု၍၊) ရဟန္တာ ပုဂ္ဂိုလ် ငါးရာတို့၏၊ အစည်း အဝေး ပွဲကြီး ပြုရာ ဖြစ်သော၊ (**မဟာဝုန်**) တောအုပ်ကြီးသို့၊ သုံးလှုံ့ ထွတ်တင်၊ မြတ်စွာဘုရားသျှင် နှင့်တကွ၊ ရဟန္တာ ပုဂ္ဂိုလ် ငါးရာ တို့အား၊ ကြည်လင် ဝမ်းမြောက်၊ (**သဒ္ဓါ**) ပေါက်၍၊ လာရောက် ဖူးမျှော်ကြကုန်ပြီ–ဟူ၍ ဖိနှံတော်မူ၏။

ဤအဓိပ္ပါယ်ကို ရည်၍၊ အောက်ပါသော ဒေသနာ အစဉ်ကို၊ (သင်္ဂါယနာ) တင်တော်မူကြကုန်၏။ ။

(၃၇) သမာနာ-မဟာ သမာနာ။ (လ)။
ဘိက္ခူနံ-သမိတိ်ံ-ဝနံ။ ။

(၃၈) အထာဂ္ဂ-ဟရယော-ဒေဝါ။ (လ)။
သဗ္ဗေ-နာနတ္တ-ဝဏ္ဏိနော။ ။

(၃၉) ဇုဠ္ဍိ မန္တော-ဇုတိ မန္တော။ (လ)။
ဘိက္ခူနံ-သမိတိ်ံ-ဝနံ။ ။

---

(၄၀) "သုက္ကာ" နတ်ကြီးမှုးသော နတ် ၁၀–မျိုး

(၇၀-၄၁–၄၂)

(၁) သုက္က,ဖြည်သော နတ်။
(၂) ကရမ္ဘ,မည်သော နတ်။
(၃) အရုဏ,မည်သော နတ်။
(၄) ဝေဃနသ,မည်သော နတ်။
(၅) နတ်တို့ ဦးစီး၊ အကြီးအမှူးဖြစ်သော သြဒါတဂေယျ, မည်သော နတ်။
(၆) ဝိစက္ခဏ, မည်သော နတ်။
(၇) သဒါမတ္တ, မည်သော နတ်။

http://www.dhammadownload.com

(၈) ဟာရ ၈င်, မည်သောနတ်။
(၉) နောက်ပါ ထွေထွေ၊ ခြွေရွှေ့ အခြံအရံ ရှိသော မိသက, မည်သော နတ်။
(၁၀) ပဇ္ဇုန္န, မည်သော မိုးနတ်သား။

ထိုသို့ ဆိုပြီး၊ ဂိုဏ်းသီး-ဂိုဏ်းကွဲ ဖြစ်သော၊ ဆယ်မျိုးသော နတ်တို့သည်၊(နာနတ္တ ဝဏ္ဏ-ဂုဏ်၊ ဇာဒ္ဒိ မန္တ-ဂုဏ်၊ ဇုတိ မန္တ-ဂုဏ်၊ ဝဏ္ဏ ဝန္တ-ဂုဏ်၊ ယသသီ-ဂုဏ်) တို့နှင့် ပြည့်စုံကြကုန်သည်ဖြစ်၍၊ ဆယ်စုံခွဲ၍(မိမိတို့နှင့်၊ အမျိုး အနွယ်-ဂိုဏ်း သဘော၊ အပြော အဆို၊ ထိုထို အပြုအမူ-အယူ အဆ၊ တူမျှကြသောနတ်တို့နှင့်ကကွ၊ တစုစီ-တစုစီပြု၍)ရဟန္တာ ပုဂ္ဂိုလ် ငါးရာ တို့၏၊အစည်း အဝေး ပွဲကြီးပြုရာဖြစ်သော၊ (**မဟာဝုန်**) တောအုပ်ကြီးသို့၊ သုံးလူ့ထွက်တင်၊မြတ်စွာဘုရားသျှင်နှင့်တကွ၊ ရဟန္တာ ပုဂ္ဂိုလ် ငါးရာတို့အား၊ ကြည်လင် ဝမ်းမြောက်၊ (**သဒ္ဓါ**) ပေါက်၍၊ လာရောက် ဖူးမျှော်ကြကုန်ပြီ-ဟူ၍ မိန့်တော်မူ၏။

ဤအဓိပ္ပါယ်ကို ရည်၍၊ ဇောက်ဋ္ဌ ပါသော ဒေသနာ အစဉ်ကို၊ (သင်္ဂီယနာ) တင်တော်မူကြကုန်၏။ ။

(၄၀) သုက္ကာ-ကရမ္ဘာ-အရုဏာ။(လ)။
ဘိက္ခူနံ-သမိတိ-ဝနံ။ ။

(၄၁) သဒါမတ္တာ-ဟာရဂဇာ။(လ)။
သဗ္ဗေ-နာနတ္တ-ဝဏ္ဏိနော။ ။

(၄၂) ဇုဠိ မန္တော-ဇုတိ မန္တော။(လ)။
ဘိက္ခူနံ-သမိတိ-ဝနံ။ ။

---

(၄၃) "ခေမိယ"နတ်ကြီးမှူးသောနတ် ၁၀-မျိုး

(၄၃၊၄၄၊၄၅)

(၁) ခေမိယ, မည်သောနတ်။
(၂) တုသိတာ,ဘုံ၌ နေသော နတ်။

http://www.dhammadownload.com

(၃) ယာမာ,ဘုံ၌နေသော နတ်။
(၄) နောက်ပါ ထွေထွေ၊ ခြွေရွေ အခြံအရံ ရှိသော ကဋ္ဌက, မည်သော နတ်။
(၅) လမ္ဖိတက,မည်သော နတ်။
(၆) လာမသေဋ္ဌ,မည်သော နတ်။
(၇) ဇောတိ,မည်သော နတ်။
(၈) အာသာ,မည်သော နတ်။
(၉) နိမ္မာနရတိ,ဘုံ၌ နေသော နတ်။
(၁၀) ပရနိမ္မိတဝသဝတ္တီ,ဘုံ၌ နေသော နတ်။

ထိုသို့ဆိုပြီး၊ဂိုဏ်းသီး-ဂိုဏ်းကွဲဖြစ်သော ဆယ်မျိုးသော နတ်တို့သည်၊ (နာနတ္တဝဏ္ဏာ–ဂဏ်၊ ဂဏ္ဌိမန္ဒာ–ဂဏ်၊ ဇုတိမန္ဒာ–ဂဏ်၊ ဝဏ္ဏဝန္ဒာ–ဂဏ်၊ ယသဿိဂဏ်)တို့နှင့် ပြည့်စုံ ကြကုန်သည်ဖြစ်၍၊ ဆယ်စုခွဲ၍၊(မိဒိဟိုနှင့်၊ အမျိုးအဲ့ယ်-ဂိုဏ်း သဘော၊အပြော အဆို၊ထိုထိုအပြုအဂူ၊အယူအဆ၊ တူမျှကြသော နတ်တို့နှင့်တကွ၊ တစုစီ၊ တစုစီ ပြု၍၊)ဂဟန္ဒာဝပုဂ္ဂိုလ်ငါးရာတို့၏၊ အစည်းအဝေး ပွဲကြီး ပြုရာဖြစ်သော၊ (**မဟာဝုန်**)တောအုပ်ကြီးသို့၊ သုံးလှုံ့ထွတ်တင်၊ မြတ်စွာဘုရားသျှင်နှင့်တကွ၊ ရဟန္တာဝပုဂ္ဂိုလ်ငါးရာတို့အား၊ ကြည်လင်ဝမ်းမြောက်၊ (**သဒ္ဓါ**)ပေါက်၍၊ လာရောက်ဖူးမျှော်ကြကုန်ပြီ–ဟူ၍ မိန့်တော်မူ၏။

ဤအဓိပ္ပါယ်ကို ရည်၍၊ အောက်ဘုံပါသော ဒေသနာအစဉ်ကို၊ (သင်္ဂါယနာ)တင်တော်မူကြကုန်၏။

(၄၃) ခေမိယာ-တုသိတာ-ယာမာ။(လ)။
ဇောတိနာမာစ-အာသာစ။ ။

(၄၄) နိမ္မာနရတိနော–အာဂု။(လ)။
သဇ္ဇေ-နာနန္တာ–ဝဏ္ဏိနော။ ။

(၄၅) ဂဒ္ဓိ မန္တေ–ဇုတိ မန္တေ။(လ)။
ဘိဂ္ဂု။နံ–သမိတိ်-ဝနံ။ ။

---

http://www.dhammadownload.com

(၄၆) ပြဆိုခဲ့ပြီးသောခြောက်ကျိပ်သောနတ်များတို့သည်၊ ရဟန္တာပုဂ္ဂိုလ်တို့ဘား ရှိခိုးပုံ

(၄၆) ဤသို့လျှင် နောက်၌ ပြဆိုအပ်ပြီးသော(**အာဝေါ**)နတ်အစု၊ပရနိမ္မိတ,ဝသ-ဝတ္တီနတ် အဆုံးရှိသော ခြောက်ဆယ်သော ဂိဏ်းသီး၊ဂိဏ်းကွဲဖြစ်သော နတ်တို့သည်၎င်း။ ။ထိုမှတပါး၊ထိုနတ်တို့နှင့်၊အမျိုးအမည်၊ အဆင်းတူကုန်သော၊ တသောင်းသော စကြာဝဠာ၌ နေကုန်သော နတ်အပေါင်းတို့သည်၎င်း၊ သုံးလူ့ထွတ်တင်၊ မြတ်စွာဘုရားသျှင်နှင့်တကွ၊ ရဟန္တာပုဂ္ဂိုလ် ငါးရာတို့အား၊ ကြည်လင် ဝမ်းမြောက်(**သဒ္ဓါ**)ပေါက်၍၊ လာရောက် ဖူးမျှော်ခြင်းကို၊ (**ပါဋိ-ဂါထာ**) တခုတည်းဖြင့်သာလျှင်၊ အပေါင်း အစည်း ကဲ့သို့၎င်း။ ။အထုပ်တထုပ်တည်းကဲ့သို့၎င်း၊ ပြု၍ ဟောတော် မူအပ်သည်၏ အဖြစ်ကို၊ပြဆိုတော်မူခြင်းငှါ—

(၄၆) သဒ္ဓေ-တေ-ဒေဝ-နိကာယာ။ (လ) ။
ယေ-စ-ညေ-သဒိသာ-သဟာ။ ။

ဟူသော ဂါထာကို၊ဟော၊ဒွတ်တော်မူ၏။

[ထိဂါထာ၏ အဓိပ္ပါယ်သည် (အနက်) ပေးပုံနည်းဖြင့်၊ထင်ရှားပြီးဖြစ်၍၊ အထူးဖော်ပြရန်မလို။ ။]

(၄၇) တသောင်းသော စကြာဝဠာအတွင်း၌ နေကြကုန်သော နတ်တို့သည်။ (**အာသဓေါ**)ကုန်ခန်းသည့်၊ ရဟန္တာ ပုဂ္ဂိုလ်ငါးရာတို့နှင့်တကွ၊ သုံးလူ့ထွတ်တင် မြတ်စွာဘုရားသျှင်အား၊ ဖူးမြင်ခြင်းငှါ၊ လာရောက်ကြကုန်၏။ ။ထိုကဲ့သို့ လာရောက်ကြကုန်သည့် အကြောင်းအခြင်းအရာကို၊ ထင်ရှားစွာ ပြခြင်းနှင့်တကွ၊ ထိုရဟန္တာပုဂ္ဂိုလ်တို့နှင့်တကွ၊ မြတ်စွာဘုရား၏ ဂုဏ်အထူးကို၊ ချီးကျူးလျက် ဟောတော်မူအပ်သည်၏ အဖြစ်ကို ပြဆိုတော်မူခြင်းငှါ—

http://www.dhammadownload.com

(၄၇) ပဝုတ္တ-ဇာတိ-မဒိလံ။ (လ) ။
စန္ဒံ-ဝ-အသိတာ-တိဂံ။ ။

ဟူသော ဂါထာကို၊ ဟောရွတ်တော်မူ၏။ ။

ထိုဂါထာ၏ အဓိပ္ပါယ်ကို၊ အကျဉ်းချုပ်ပြအံ့။ ။

(၄၇) သံသရာဝဋ်၊ဘဝ ညွှတ်မှာ၊ကင်းလွတ် ပြီးသော ပဋိသန္ဓေတည် နေခြင်းရှိသောဂုဏ်၊ ရာဂ,ဒေါသ,မောဟ,ထူးထွေ၊ စုံဝင်နေသည့်၊ ကိ လေသာတည်းဟူသော ငြောင့်တံသင်းကို၊ပယ်ရှင်းတော်မူပြီးသောဂုဏ်၊ ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ,ဟူသောလေးပါးသော (**ဩဃ**) ရေအယဉ်မှလည်း၊ အစဉ်ကူးမြောက်တော် မူပြီးသောဂုဏ်၊ ကာမာသဝ၊ ဘဝါသဝ၊ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ ဟူသော လေးပါးသော (**အာသဝေါ**)တရားတို့၊ ဖြစ်ပွါးယိုစီးခြင်း မရှိသောဂုဏ်တို့နှင့်ပြည့်စုံ တော်မူသော၊ ရဟန္တာ ပုဂ္ဂိုလ် ငါးရာအပေါင်းကို၊ ဦးခေါင်းဝပ်လျှိုး၊ ရှိခိုး ဖူးမြင် ကြပါကုန်အံ့။

(၄၇) ကာမောဃ၊ ဘဝေါဃ-စသော (**ဩဃ**) လေးခွင်၊ ရေအ ယဉ်မှ၊ အစဉ်ကူးမြောက်တော် မူပြီးသောဂုဏ်၊ အကုသိုလ်စု၊ ငြစ်ငြူးမှု ကို၊ ပြုတော်မမူသောဂုဏ်၊ မည်းညစ်ခြင်း၏ အကြောင်း၊ မကောင်း ယုတ်မာ၊ ကိလေသာ တရားတို့ကို၊ ပယ်ရှား လွန်မြောက်တော် မူပြီး သောဂုဏ်၊ နက္ခတ် တာရာ၊ကြယ်တကာ အပေါင်းတို့၊ ခ-ငြောင်း ဝန်းရံ အပ်သော (**သေဋ်တာ**) ယုန်- (**နန်း**)၊ (**လ**) (**စန်း**) သဘွယ်၊ တင့်တယ်တော်မူသော ဂုဏ်တို့နှင့်၊ ပြည့်စုံတော် မူသဖြင့်၊ သစ္စာ-လေး အင်၊ သိမြင် ထင်ရှား၊ မြတ်စွာဘုရားကို၊ အားထား ကော်ရော်၊ ပူဇော် ဖူးမြင်ကြပါအံ့–ဟု၊ နှလုံးသွင်း အောက်မေ့ကြလျက်၊ စကြာဝဠာ ပေါင်း၊ တသောင်းသော လောကဓာတ်မှ၊ နတ်အပေါင်း တို့သည်၊ သောင်းသောင်း အုတ်အာ၊ စည်းဝေးကာဖြင့်၊ လာရောက်-ဖူးမျှော်ကြ ကုန်၏-ဟု၊ မိန့်တော်မူ၏။

http://www.dhammadownload.com

ဤ အဓိပ္ပါယ်ကို ရည်၍၊ အောက်၌ပါသော ဒေသနာ အစဉ်ကို၊ (သင်္ဂါယနာ) တင်တော်မူကြကုန်၏။ ။

(၄၆) သင်္ခေ-တေ-ဒေဝ-နိကာယာ။ (လ)။
ယေ-စ-ညေ-သဒ္ဒါသာ-သဟာ။ ။

(၄၇) ပဝုတ္ထ-ဇာတိ-မဒိလံ။ (လ)။
စန္ဒံ-ဝ-အသိတာ-တိဂံ။ ။

---

(၄၈) ဗြဟ္မာမင်းကြီးတို့ လာရောက်ပုံ

(၄၈) နတ်တို့လာရောက်၊ ဖူးမျှော်ခြင်းမှ တပါး၊ ဗြဟ္မာတို့ လာရောက် ဖူးမျှော်ခြင်းကို ပြဆိုဦးအံ့။

(၁) သုဗြဟ္မာ,မည်သော ဗြဟ္မာ။

(၂) ပရမတ္ထ,မည်သော ဗြဟ္မာ၊ ထိုဗြဟ္မာကြီး ၂-ဦးတို့သည်။ အာဠိညာဉ် အမျိုးမျိုးတို့ပြင့်၊ တန်းမိုးကြီးမြဲတော်မူသော မြတ်စွာဘုရား၏ သာဒေတော်အစပ်၊ (**အရိယာ**) ဗြဟ္မာကြီးများဖြစ်ကြ၏။ ။ထိုဗြဟ္မာကြီး နှစ်ဦးတို့သည်၊အတူတကွ၊ သုံးလှုံ့လွှတ်တင်၊ မြတ်စွာဘုရားသျှင်နှင့် တကွ၊ ဂဟန္ဓာ ပုဂ္ဂိုလ် ငါးရာတို့အား၊ လာရောက် ဖူးမျှော်ကြကုန်၏။ ။

အဓိပ္ပါယ်ခက်-ကောက်နုတ်ချက်။

(၁) သုဗြဟ္မာ, မည်သော ဗြဟ္မာသည်။ ရှေးစဉ် အာဒါကာ၊ (**သုဗြဟ္မာ**) မည်သော နတ်သား ဖြစ်ဘူး၍၊ (**ဧသာတာပတ္တိ**) မဂ်စသော အောက်မဂ် သုံးပါးကိုရသောကြောင့်၊ (**အရိယာ**) ပုဂ္ဂိုလ် ဖြစ်ရကား။ ထို (**သုဗြဟ္မာ**) မည်သော ဗြဟ္မာမင်းကိုရည်၍၊ မြတ်စွာဘုရား၏ သာဒေတော်(**အရိယာ**)ပုဂ္ဂိုလ် ဟူ၍ဆို၏။ ။ထို (**သုဗြဟ္မာ**) မည်သောဗြဟ္မာမင်း၏-တည်နေရာဘုံသည်၊ (**သုဒ္ဓါဝါသ**) ဘုံ-မဟုတ် ပါ၍မှတ်။ ။ဗြဟ္မာလောက နိဗ္ဗတ္တိတွာ ဟေဋ္ဌိမေသု ပတိဋ္ဌိတာ အရိယဗြဟ္မာနော၊ နု သုဒ္ဓါဝါသဗြဟ္မာနော။ ။ဟူ၍၊ (**ဋီကာ၌**) လာ၏။

http://www.dhammadownload.com

အထူးမှတ်ချက်။

(ဂါထာအမှတ် ၄၀–ကြည့်၊)

သုဗြဟ္မာ နှုတ်သား အကြောင်း

၌ (ဗြဟ္မာ) တို့၏ လာရောက်ပုံ ပြခဏ်း၊ ဂါထာ အမှတ်၄၀-၌၊ (**သုဗြဟ္မာ**) ဟူသော အမည်ဖြင့်၊ (**ဗြဟ္မာ**) တဉ်း၏ အမည်သည် ထင်ရှားရှိ၏။

ထိုမှတပါး၊ သဂါထာဝဂ္ဂ(၂) ဒေဝပုတ္တ သံယုတ်၊ (၁၀) ဒုတိယ ဒုနာထ ဝိဂ္ဂဟိက ဝဂ်၊(၇) သတ္တမ သုတ်၌ (**သုဗြဟ္မာ ဒေဝပုတ္တော**) ဟူ၍၊ (**သုဗြဟ္မာ**) ဟူသော အမည်ဖြင့် နှုတ်သားတဉ်း ရှိပုံကို၊ (**ခမ္မ ပုဇ္ဇာ**) သဘော [illegible] ပြသိဉ်းဒဲ့။

တနေ့သ၌ (**သုဗြဟ္မာ**) နှုတ်သားသည်၊ မြတ်စွာဘုရား၏ အထံသို့၊ ချဉ်းကပ် ရောက်လာပြီးလျှင်၊ သင်္ဘင် လျောက်ပတ်သော အရပ်၌ တည်နေလျက်၊ အောက်၌ ပေါ်ပြအပ်သော ဂါထာကို၊ ရွတ်ဆို၍ လျောက်ကြားလေ၏။

(၁) နိစ္စံ ဥတြသ္ဆ-မိဒ စိတ္တံ၊
နိစ္စံ ဥဒ္ဓိဂ္ဂ မိဒ မနော။
အနုပဂ္ဂနေ့သု ကိစ္စေသု၊
အကော ဥပဂတိ တေသု။ ။

သစေ-အတ္ထိ-အနု-တြသ္ဆံ၊
တံ-မေ-အက္ခာဟိ-ပုစ္ဆိတော။

မြန်မာဘာသာပြန်

(၁) ဘုန်းတော်ကြီးပေးဒါန၊ အသျှင်မြတ်ဘုရား–
(က) မကြာမီပေါ်လာသော ကုန်သော အပျက်အစီး ပျံစေတိုင်းကြားဖွယ်ရှင်း။

http://www.dhammadownload.com

(ခ) ထိုမှတပါး၊ ဖြစ်ပေါ်လာပြီးကုန်သော အမှု.အလုပ် ကိစ္စတို့ကြောင့်ငုင်း။

အကျွန်ုပ်၏၊ဤစိတ်သည် အမြဲ တုန်လှုပ် ထိတ်လန့်လျက်နေပါ၏။

အကျွန်ုပ်၏ ဤစိတ်သည် အမြဲစိုးရိမ်လျက် နေပါ၏။
ဤသို့ဖြစ်၍၊မတုန်လှုပ် မထိတ်လန့် မစိုးရိမ်ရသော အကြင် အကြောင်းတရားသည်၊ အကယ်၍ ရှိသည်ဖြစ်အံ့။

ထို အကြောင်း အရာ တရားစကားကို၊ အကျွန်ုပ်အား ဟောကြားတော်မူပါဘုရား-ဟု၊လျှောက်ဆို၏။

(၂) မြတ်စွာဘုရားသျှင်၏ အဖြေဂါထာ

(၂) နာ-ညတြ ဗောဇ္ဈ—တပသာ၊
နာ-ည တြီ နွိုယ-သံဝရာ။
နာညတြ သဗ္ဗ-နိဿဂ္ဂါ၊
သောတ္ထိ ပဿာမိ ပါဏိနံ။ ။

(၂) မြန်မာဘာသာပြန်

(၂) အို…(သူငြိမ်ဟု)နတ်သား—

(က) ဗောဇ္ဈင် ၇-ပါး တရား၊ပွါးများခြင်းဟူသော တရားအကျင့်ကို၊ ကျင့်ခြင်းမှ ကြဉ်၍၊ သတ္တဝါအပေါင်းတို့၏၊ ချမ်းသာရာ၊ ချမ်းသာကြောင်း တရားကို၊ ငါဘုရားသျှင်သည်၊ မြင်တော်မမူချေ။

(ခ) စက္ခု၊,သောတ,အစရှိသော ငါးခန္ဓာခြောက်ပါးကို၊စောင့်ရှောက်ခြင်းဟူသော(**ဣန္ဒြိယ သံဝရ**)သီလကို လုံခြုံအောင်၊စောင့်ထိန်းခြင်းမှ ကြဉ်၍၊သတ္တဝါအပေါင်းတို့၏၊ ချမ်းသာရာ၊ ချမ်းသာကြောင်း တရားကို၊ ငါဘုရားသျှင်သည်၊ မြင်တော်မမူချေ။

http://www.dhammadownload.com

(ဂ) အလုံးစုံ ငြိတွယ်ခြင်းကင်းရာဖြစ်သော နိဗ္ဗာန်တရားမှာ၊ ကြဉ်၍ သတ္တဝါ အပေါင်းတို့၏၊ ချမ်းသာရာ၊ချမ်းသာကြောင်း တရား ကို၊ ငါဘုရားသျှင်သည်၊မြင်တော်မူ၍ချေ။ ။ဟူ၍ ဟောကြား ဖြေဆိုတော်မူ၏။

အကျဉ်းချုပ်အဓိပ္ပါယ်။

(က) ဇာန်ဗြိယ သံဝရ သီလကို၊ လုံခြုံစွာစောင့်ထိန်းခြင်း။

(ခ) ဗောဇ္ဈင် ၇-ပါး တရားတော်ကို၊ ပွါးများဆင်ခြင်၍ နေခြင်း တို့ဖြင့် နေထိုင်ခဲ့မူ၊ ဤပစ္စုပ္ပန် လောကအတွင်း၌၊ ဖြစ်ပျက် တွေ့ဆုံ ကြုံကြိုက်နေကြရသော စိုးရိမ်ခြင်း, ပူပန်ခြင်း, ထိတ် လန့်ခြင်း,စသော ဘေးတို့မှ ကင်းလွတ်မည်-ဟု၊ဘုံလို၏။

(ဂ) နိဗ္ဗာန်တရား၊ ထင်ရှားစွာအာရုံပြု၍ နေနိုင်မူကား၊အထူးဆို ဘွယ်ရာမရှိချေ။

ဤတွင် (သုဖြဟ္မာ) ဖြဟ္မာနှင့်၊ (သုဖြံဟ္မာ) နတ်သား၊ ခဲခြားပုံပြခဏ်းပြီး၏။

---

(၃) သနင်္ကုမာရ--ဖြဟ္မာမင်းအကြောင်းပြခဏ်း

(၃) **သနင်္ကုမာရ,** မည်သော ဖြဟ္မာ။

(၄) **တိဿ,** မည်သောဖြဟ္မာ။

ထိုဖြဟ္မာကြီး နှစ်ဦးတို့သည်လည်း၊ သုံးလူ့ထွတ်တင်၊ မြတ်စွာဘုရား သျှင်၏၊ ရှေ့ခွင် မျက်မှောက်၊ ထံတော်အောက်သို့၊ လာရောက် ဂုဏ်ပျော် ကြကုန်၏။ ။(**သနင်္ကုမာရ**) မည်သော ဖြဟ္မာ၏ အကြောင်းကို၊ (**သုတ်မဟာ ပါဠိတော်၊မဟာဂေါဝိန္ဒ**) သုတ်၌ အကျယ်ဟောဖို့၏။

ထိုစကားကို၊ အကျဉ်းအားဖြင့် ပြဆိုဦးအံ့။

အခါတပါးသော နေ့၌၊ (**မဟာဂေါဝိန္ဒ**) ပုဏ္ဏားအား၊ ဗာဒ္ဓိ သော ကျေးဇူးသတင်း၊ ကျော်စောခြင်းသည် ဖြစ်၏။ (**မဟာဂေါဝိန္ဒ**) ပုဏ္ဏားသည်၊ ဖြဟ္မာမင်းကို၊ ပျက်မှောက် ထင်ထင်၊ တွေ့မြင်ရ၏။ ။ ဖြဟ္မာမင်းနှင့် တွေ့ဆုံ၍၊ စကားဆွေးနွေးရ၏။ ။ပြောဆိုရ၏။ ။ဟိုင်

http://www.dhammadownload.com

ပင်ရ၏-ဟူသော ကျေးဇူးသတင်း ကျော်စောခြင်းသည်ဖြစ်၏။ ။ထိုအာဒါ၊ (**မဟာဇဝါဒိန္ဒ**) ပုဏ္ဏားသည်၊ ဤသို့အကြံဖြစ်၏။ ။ငါအားလည်း၊ဖြဟ္မာမင်းကို၊ မျက်မှောက် ကင်ထင်၊တွေ့မြင်ရ၏။ ။ဤသို့အစရှိသော ကျေးဇူးသတင်း၊ ကျော်စောခြင်းသည် ဖြစ်၏။ ထိုသို့ ကျေးဇူးသတင်း၊ ကျော်စောခြင်းဖြစ်သည့် အတိုင်း၊ငါ၌လည်း၊ မဟုတ်ခဲ့ချေ။ ။ကျေးဇူး သတင်း၊ ကျော်စောခြင်း၏ ဖြစ်ခြင်းသည် မခဲယဉ်းချေ။ ။ဖြစ်ပြီးသော ကျေးဇူးသတင်း၊ ကျော်စောခြင်းကို၊ စောင့်ရှောက် ခြင်းသည် သာလျှင် ခဲယဉ်း၏။ ။မကြီစည်၊ မတိုင်ပင်မူ၍ ပြုသော ငါ့အား၊ ဤသို့သော ကျေးဇူးသတင်း၊ ကျော်စောခြင်းသည်ဖြစ်၏။ ။ကြီစည်တိုင်ပင်၍ ပြုသော ငါ့အား၊ အတူးသဖြင့်၊ ပုံနှိုး ကျော်စောခြင်းသည် ဖြစ်လတ္တံ့—ဟု၊ ဖြဟ္မာမင်းကို မြင်ခြင်း၌ အကြောင်းကို၊ ကြီစည်ရှာမှီးသော်၊ ရှေး၌ကြားဘူးသော စကားကို၊ အောက်မေ့ ကြီစည်မိ၏။

အသက်အရွယ်အားဖြင့်၊ကြီးရင့်ကုန်သော ဆရာ့-ဆရာတို့၏ စကားအစဉ် အဆက်ကို၊ ပြောဆိုတတ်ကုန်သော သူတို့၏ အထံမှ၊ ဤသို့သော စကားမျိုးကို မူကား ကြားရဘူး၏။

အကြင်သူသည်၊လေးလပတ်လုံး၊တယောက်ထိုးတည်းနေ၍၊ (**က ရူ-ဏာ**) နှင့်ယှဉ်သော၊ဈာန်ရကြောင်း၊ကမ္မဋ္ဌာန်းတရားကို၊ စီးဖြန်း ပွါးများ အားထုတ်၍နေ၏။

[ကရုဏာ မုခေန''ပနေတ္ထ''အဝသေသာပိ တယော ဖြဟ္မ-ဝိဟာရာ ဂဟိတာ ဝ။ ။ဟူသော အဋ္ဌကထာ ပါဠိနှင့် အညီ။ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ, ဟူသော ဖြဟ္မဝိဟာရကမ္မဋ္ဌာန်းကို၊စီးဖြန်း ပွါးများအားထုတ်၍ နေ၏-ဟု ဆိုလို၏။]

ထိုသူသည်၊ ဖြဟ္မာမင်းကို၊ မျက်မှောက် ထင်ထင်၊ တွေ့မြင်ရ၏။ ။ဖြဟ္မာမင်းနှင့် တွေ့ဆုံရ၏။ ။စကားဆွေးနွေးရ၏။ ။ပြောဆိုရ၏။ ။တိုင်ပင်ရ၏-ဟု၊ ကြားဘူး၏။ ။ငါတုံ တမူလည်း၊ ဤကဲ့သို့၊ လေးလပတ်လုံး၊ တယောက်ထိုးတည်းနေ၍၊ (**က ရုဏာ**) နှင့် ယှဉ်သော ဈာန်ရကြောင်း၊ကမ္မဋ္ဌာန်းတရားကို၊စီးဖြန်း ပွါးများ ၍နေရပါမူကား၊ ကောင်းလေစွတကား—ဟု အကြံ ဖြစ်လတ်သတည်း။

http://www.dhammadownload.com

ထိုအကြောင်းအရာကို၊ (**ရေကု**) မင်းအား၊ ပြောကြားတိုင်ပင်ပြီးလျှင်၊ မိမိအထံသို့၊ ထမင်း ပို့ဆောင် ယူလာသော သူမှ တပါး၊ အခြားမည်သူနှင့်မှ၊ မဆက်ဆံဘဲ၊ လေးလ ပတ်လုံး၊ မိမိတယောက်ထိုး-တည်းနေ၍၊ (**ကရဏာ**) ကမ္မဋ္ဌာန်းကို၊ စိုးဖြန်း ပွါးများ၍နေ၏။ ။ထိုသို့နေရာ၊ လေးလ လွန်လတ်သော်၊ (**မဟာဓဝါဝိန္ဒ**) ပုဏ္ဏားအား၊ ဇါဒည်၊ ရှေးက တဆင့်စကား၊ ကြားသိရ-ဘူးသည့် အတိုင်း၊ လေးလ-ပတ်လုံး၊ (**ကရဏာ**) ကမ္မဋ္ဌာန်း၊ စိုးဖြန်း ပွါးများ၍ နေသော်လည်း၊ ဖြဟ္မာမင်းကို၊ မျက်မှောက် ထင်ထင်၊ မတွေ့မြင်ရချေ။ ဖြဟ္မာမင်းနှင့် တွေ့ဆုံ၍၊ စကားဆွေးနွေး ပြောသိုရခြင်း မပြုရချေ-တကား-ဟု၊ စိတ်၌ မမှေ့လျော့ခြင်းသည်ဖြစ်၏။ ။(နောက်ကအကြောင်း၊ အောက်မေ့မိ၏ဟူလို။)။ ။စိတ်၌ဖြဟ္မာမင်းအား၊ ဝတ္ထုဂုဏ်ဘို့ရန်၊ တောင့်တခြင်းသည်ဖြစ်၏။ ။ထိုအခြင်းအရာကို (**သနက်မာရ**) ဖြဟ္မာမင်းသိ၍၊ လျင်မြန်စွာ လာပြီးလျှင်၊ (**မဟာဓဝါဝိန္ဒ**)ပုဏ္ဏား၏ မျက်မှောက်၌ ရပ်တည်နေ၏။

ထိုအခါ၊ (**မဟာဓဝါဝိန္ဒ**) ပုဏ္ဏားသည်၊ လူ၏ အဖြစ်၌၊ မမြင်ရစဘူး၊ ထူးဆန်း အံ့သြဘွယ်သော အဆင်း အရောင်ဖြင့်၊ ဝင်းဝင်းပြောင်ပြောင်၊ တောက်လောင် တွန်းပစွာနှင့်၊ ထင်ရှား မျက်မှောက်၊ ရှေ့ရှုရောက်လာသော ဖြဟ္မာမင်းကိုဖြင့်၍၊ ကြောက်လန့်တကြား၊ အံ့အား-သင့်ချက်၊ ကြက်သီး-မွေးညှင်း ထ-ပြဲသည်ဖြစ်၏။

ထိုအခါ၊အောက်ပါသဝါထာကို၊ရွတ်ဆို၍ မေးမြန်းလေ၏။

(၁) ဝဏ္ဏဝါ-ယသဝါ-သိရိမာ၊
ကောနု-တွ-မသိ-မာရိသ။
အဇာနန္တာဝ-တ-ပုစ္ဆာမ၊
ကထံ-ဇာနေမု-တံ-မယံ။ ။

သုတ်မဟာဝါ မဟာ ဓေါဝိန္ဒသုတ်

(၁) မာရိသ၊ (ကျွန်ုပ်) ထံမှောက်၊ ရှေ့ရှု ရောက်လာ၊ဆင်း တန်းကာနှင့်၊ ရောင်ဝါ သန့်စင်၊ (အို)....အရှင်။

http://www.dhammadownload.com

တို့၊ အရှင်သည်။ ဝဏ္ဏော ဝါ၊ ရှုကြည့် စဉ့ငယ်၊ လွန် တင့်တယ်၍၊ စင်ကြယ် ပြောင်လင်းသော အရောင်အဆင်းရှိ၏။ ။ယသ ဝါ၊ အဆင်း တန်းဆာနှင့်လည်းပြည့်စုံ၊ပ၏။ ။သိရိမာ၊ ကြက်သရေ ဂုဏ်၊ တက်နေပုံသို့၊ ပြည့်စုံ ဖြိုးမြင့်၊ တန်းခိုးအားဖြင့်လည်း၊ တင့်တယ်ပေ၏။

မာရိသ၊အို....အရှင်။

တို့၊ အရှင်သည်။ ကော၊ အဘယ်, အမျိုး, အနွယ်, အမည်, ရှိသည်။ အသိနု၊ပြစ်ပါသနည်း။

မယံ၊ အကျွန်ုပ်တို့သည်။အဇာနန္တာ၊အရှင်၏အမျိုး,အနွယ်, အမည်ကို မသိကြကုန်သည်ဖြစ်၍။ တံ၊ အရှင်ကို။ ပုစ္ဆာမ၊ သိလို ရေးဖြင့်၊မေးမြန်း ပါကုန်၏။ ။ကထံ၊ အဘယ်သို့သော အမျိုး, အနွယ်, အမည်ဖြင့်။ မယံ၊ အကျွန်ုပ်တို့သည်။ တံ၊ အရှင်ကို။ ဇာနေမု၊ သိရုပါကုန်အံ့နည်း။

ထိုအခါ၊ (**သနက်ုမဟရ**) ဗြဟ္မာမင်းသည်၊ အောက်၌ ပါသော ဂါထာကို၊ရွတ်ဆို၍ဖြေကြား၏။

(၂) မံ-ဝေ-ကုမာရံ-ဇာနန္တိ၊
ဗြဟ္မလောကေ-သန-န္တိစ။
သဗ္ဗေ-ဇာနန္တိ-မံ-ဒေဝါ၊
ဧဝံ-ဂေါဒိန္ဒ-ဇာနာဟိ။ ။ ၎င်းသုတ်

(၂) ဂေါဒိန္ဒ၊(**မဟာဂေါဒိန္ဒ**)ပုဏ္ဏား။

ဗြဟ္မလောကေ၊ ဗြဟ္မာတွင်၊ဘုံအပြင်၌။ သဗ္ဗေ၊ခပ်သိမ်းကုန် သော။ဒေဝါ၊ဗြဟ္မာ တို့သည်။ဝေ၊စင်စစ်။ မံ၊ငါ့ကို။ ကုမာရန္တိစ၊ (**ကုမာရ**) ဟူ၍လည်း။ (ဝါ)အဆင်း အရောင်၊ ဝင်းပြောင် တင့်တယ်သော သတို့သား၊ငယ်-ဟူ၍လည်း။ဇာနန္တိ၊သိကြကုန်၏။

http://www.dhammadownload.com

သနန္တိစ၊ (**သန**) ဟူ၍လည်း။(ဝါ)ကာလ ရှည်ကြာ၊ ဖြဟ္မာရွာလျှင်၊ တည်ရာရှိသော သူ-ဟူ၍လည်း။ မံ၊ငါ့ကို။ ဇာနန္တိ၊သိကြကုန်၏။ ။ဝံ၊ ဤသို့။ တံ၊သင်သည်။ မံ၊ ငါ့ကို။ ဇာနာဟိ၊ သိပါလော့။

ဤသို့၊ အမျိုး, အနွယ်, အမည်,တို့ကိုမေး၍၊ (**မဟာဝဂ်၁၀၂နှစ်**) ပုဏ္ဏားသည်။ (**သနကုံမာရ**) ဖြဟ္မာမင်းနှင့်၊ အချင်းချင်း၊ အကျွမ်းတဝင်ဖြစ်ကြ၍၊ ထိုဖြဟ္မာမင်း၏ ခွင့်ပြုချက် စကားအရဖြင့်၊ နောင်သံသရာဘဝ အဆက်ဆက်တို့၌၊ အကျိုးစီးပွါး၊များရာ–များကြောင်း၊ ကောင်းမြတ်သော တရားစကားတို့ကို မေးမြန်း၏။

(**သနကုံမာရ**) ဖြဟ္မာမင်းသည်လည်း၊ မေးမြန်းသော အစဉ်အတိုင်း၊ ဖြေကြား၏။

ထိုသို့မေးမြန်းပုံ၊ ဖြေကြားပုံစကားတို့သည်၊ များပြားကျယ်ဝန်းလှရကား၊ဤနေရာ၌၊ အကျဉ်းချုံးအပ်သတည်း။

(၃) ထိုနောက်။ (**မဟာဝဂ်၁၀၂နှစ်**) ပုဏ္ဏားသည်၊ရဟန်းပြု၏။ ။ မင်းမျိုး၊ပုဏ္ဏားမျိုး၊သူကြွယ်မျိုးတို့သည်လည်း၊(**မဟာဝဂ်၁၀၂နှစ်**)ပုဏ္ဏားသို့၊အတုလိုက်၍၊ ရဟန်းပြုကြကုန်၏။ ။(**မဟာဝဂ်၁၀၂နှစ်**) ပုဏ္ဏားသည်၊ ဖြဟ္မာပြည်သို့ရောက်ကြောင်း၊ ကောင်းမြတ်သော အကျင့်ကိုသာဟော၏။ ။ထိုအဆုံးအမ၌တည်ကြကုန်သော သူတို့သည်၊ သေသည်၏အခြားမဲ့၌၊ ဖြဟ္မာပြည်သို့၊ လာရောက်ကြကုန်၏။ ။အချို့၊ (ပရနိမ္မိတဝသဝတ္တီ)ဘုံ၌ဖြစ်ကြကုန်၏။ ။အလုံးစုံသော သူတို့အောက်၊ အယုတ်ဆုံးဖြစ်သော သူသည်ပင်၊ တောင်စောင့်နတ်, အဖြစ်ကို ရကြသေး၏။

ဤသည်ကား၊ (**သနကုံမာရ**) ဖြဟ္မာမင်းနှင့် စပ်လျဉ်း၍ ကရဏာ,စသော ဖြဟ္မဝိဟာရ ကမ္မဋ္ဌာန်း၊ စီးဖြန်းပွါးများ၍ ဖြဟ္မာမင်းကို၊မျက်မှောက် ထင်ထင်၊ တွေ့မြင်ရခြင်း၊ သေသည်၏အခြားမဲ့၌လည်း၊ မိမိတို့သည်ပင်၊ ဖြဟ္မာပြည်သို့ လာရောက်ရခြင်းကိုပြသဖြင့်၊မိမိတို့သည်လည်း၊ (**မဟာဝဂ်၁၀၂နှစ်**) ပုဏ္ဏားကဲ့သို့၊ (**ကရဏာ**) စသော ဖြဟ္မဝိဟာရ ကမ္မဋ္ဌာန်း၊စီးပြန်း

http://www.dhammadownload.com

ပွါးများကြကုန်ရာ၏=ဟူသော နည်းဥပဒေသကို၊ ညွှန်ပြသော အားဖြင့်၊ (**သုတမယ**) ဉာဏ်၊ ထက်သန်ပွါးတိုး၍၊ အကျိုးများ စေရန်၊ထည့်သွင်း ဖေါ်ပြအပ်သော စကားစုတည်း။

(၄) (**တိဿ**) မည်သော ဗြဟ္မာကား၊(**အရိယာ**)ပုဂ္ဂိုလ်မဟုတ်၊ ပုထုဇဉ်ဗြဟ္မာပင်တည်း။ ။ထိုဗြဟ္မာသည်၊နောက်အဘို့၌၊လူ့ပြည်တွင်ဖြစ် ၍၊ (**မောဂ္ဂလိပုတ္တတိဿ**) ထေရ်ဖြစ်လာ၏-ဟူ၍ **ဋီကာ**၌ဆို၏။ ။ (တိဿမဟာဗြဟ္မာနော ပုထုဇ္ဇနော၊ သော အပရဘာဂေ မနုဿေသု နိဗ္ဗတ္တိတ္ဝာ မောဂ္ဂလိပုတ္တတိဿထေရော ဇာတော)။ ။ထို (**မောဂ္ဂလိ ပုတ္တတိဿ**) ထေရ်၏၊ အကြောင်းဝတ္ထုကို၊ အကျယ်သိလိုလျှင်၊ (**ပါရာဇိကဏ်**)အဋ္ဌကထာ၊ နိဒါန်း၌ကြည့်ရှုကြပါကုန်။

(၄၉) ဗြဟ္မာပြည်လျှင်၊ တည်နေရာ ရှိကုန်သော တထောင်မျသော (**မဟာဗြဟ္မာ**) မင်းကြီးတို့သည်လည်း၊ သုံးလူ့ထွတ်တင်၊ မြတ်စွာ ဘုရားသျှင်၏၊ ရှေ့ခွင် မျက်မှောက်၊ ထံတော်အောက်သို့၊ လာရောက် ဖူး မျှော်ကြကုန်ပြီ။

ဗြဟ္မာဘုံ၌ ဖြစ်၍ ကြီးမားသော ကိုယ်ရှိသော၊ ထွန်းပ တောက် ပြောင်၊ အရောင်အဝါရှိသော၊ ထိုတထောင်သော (**မဟာဗြဟ္မာ**) ကြီးတို့တွင်၊ တယောက် တယောက်သော (**မဟာဗြဟ္မာ**) ကြီးသည်၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ အခြံအရံများခြင်း,စသောဂုဏ်တို့ဖြင့်၊ အလုံးစုံသော (**မဟာဗြဟ္မာ**) တို့ကို၊ လွှမ်းမိုး၍ တည်နေ၏။

(၅၀) ဤတထောင်မျသော (**မဟာဗြဟ္မာ**)ကြီးတို့တွင်၊အသီး အသီး၊ ကြီးတိုင်းပြီး၍၊ အနိုး ထံပါး၊ ခစားလိုက်စေနိုင်သော အာဏာ စက်ဖြင့်၊ ယက်မြက် လွှမ်းမိုး၊ အစိုးရသော တကျိပ်သော (**မဟာဗြဟ္မာ**) ကြီးတို့သည်လည်း၊ သုံးလူ့ထွတ်တင်၊ မြတ်စွာဘုရားသျှင်၏၊ ရှေ့ခွင် မျက်မှောက်၊ ထံတော်အောက်သို့၊ လာရောက် ဖူးမျှော် ကြကုန်ပြီ။

ထို တထောင် မျသော (**မဟာဗြဟ္မာ**) ကြီးတို့သည်လည်း၊ အ လယ်တည့်တည့်၌၊ နောက်ပါ ထွေထွေ၊ ခြွေရွေ များစွာ၊ ဗြဟ္မာ တသိန်း၊

http://www.dhammadownload.com

အခြံ အရံရှိသော၊ (**ဟာရိတ**) မည်သော ဗြဟ္မာကြီးသည်လည်း၊ သုံးလူ့ထွတ်တင်၊ မြတ်စွာဘုရားသျှင်၏၊ ရှေ့မှောင် မျက်မှောက်၊ ထံတော် အောက်သို့၊ လာရောက် ဖူးမျှော်ကြပြီ-ဟူ၍၎်၊ ဘုန်းတန်ခိုးရှင်၊ မြတ်စွာဘုရားသခင်သည်၊ အာသဝေါ-ဟူ၊ ကင်းစင်ဖွံ့ဖြိုး၍၊ ပြုမှုန် မသန်း၊ ရဟန္တာပုဂ္ဂိုလ် ငါးရာတို့ကို၊ သာယာကြက်ဆူ၊ နှုတ်-ဝစီပြင့်၊ ဂျူးသီ-မိန့်ဟတော်မူလေပြီ။

ဤအဓိပ္ပါယ်ကို ရည်၍၊ အောက်၌ ပါသော ဒေသနာ အစဉ်ကို၊ (သင်္ဂါယနာ) တင်တော်မူကြကုန်၏။

(၄၈) သုဗြဟ္မာ-ပရမတ္ထော။ (လ)။
သော-ပါ-ဂါ-သမိတိ°-ဝနံ။ ။

(၄၉) သဟသိံ-ဗြဟ္မ-လောကာနံ။ (လ)။
ဘိသ္မာ-ကာယော-ယသသိ-သော။ ။

(၅၀) ဒသေ-ပ္ပဏ္ဍ-ဇုသရာ-အာဂုံ။ (လ)။
ဟာရိတော-ပရိ-ဝါရိတော။ ။

---

(၅၁) မာရ်နတ်သား-လာရောက်၍နှောက်ရှက်ပုံ

(၅၁) ဤသို့အားဖြင့်၊ ဘုန်းပြာဇာက်ပါးရှင်၊ မြတ်စွာဘုရား သခင်သည်၊ ဟန္တာ ပုဂ္ဂိုလ် ငါးရာတို့အား၊ ပိပိ၏မျက်မှောက်မှာက်၊ ရှေ့တော် အောက်သို့၊ လာရောက် ဖူးမျှော် ကြကုန်သော နတ်ပြဟ္မာတို့ဗျာ။ အမျိုး အမည်တို့ကို၊ ပေးကြားပြီး ပြီးလုံးသော အခါ၌၊ (**မာရ်**) နတ်သား သည်၊ ထိုနတ်မင်း၊ ပြုပြာပင်း၊ သိကြောင်းတို့ကို၊ အပျက်ပျိုး၊ အပေါင်ခွဲ အရှက်ပြု၍ ဖျက်ဆီးလေ၏။

ဤအရာ၌ (**မာရ်**) နတ်သားဆိုသည်၊ မြတ်စွာဘုရားရှင် မည်မျှ၊ အနှောင့် အရှက်ပြု၍ ဖျက်ဆီး သည်ကို၊ အစဉ်ပြုကြ ပြောဆိုကြဦး။

http://www.dhammadownload.com

မြတ်စွာ ဘုရားသျှင် အလောင်းတော်သည်၊ တောထွက်၍ လာပြီးလျှင်၊ (၆) နှစ်တိုင်တိုင်၊(**ဒုက္ကရစရိယာ**) ခဲယဉ်းစွာသော မြတ်စွာဘုရားဖြစ်မှုကို၊ ပြုကျင့်၍ နေတော်မူစဉ်က- စ၍၊ အကြင်အခါ၊ (**သိဒ္ဓတ်**) မင်းသား၊ ဘုရားသျှင် အလောင်းတော်၏၊ ကိုယ်သဏ္ဌာန်၌၊ ကိလေသာ စိတ်ဖြစ်ပေါ် လာ၏၊ ထိုအခါ၊ ဥုးခေါင်း ထိပ်ထက်ကို၊ တင်းပုတ်ဖြင့် ရိုက်နက် မည်=ဟူသောအကြံဖြင့်၊ အပြစ်ကောက်ရန်၊ ဘဝါးလှမ်း၍၊ (ကြွသွားတိုင်း=ကြွသွားကိုင်း) သော အရပ်သို့၊ နောက်ကော်က လိုက်ပါ၍နေလေ၏။ ။ထိုသို့လိုက်ပါ၍ နေသော်လည်း၊ အပြစ် ဟူ၍ မြဲမျှ—မမြင် မတွေ့ရချေဖြစ်၏။ ။ထိုနောက်၊ မြတ်စွာဘုရားဖြစ်မည်ဆဲဆဲ၊ (**ဓမ္မဒိပင်**) နှင့်၊ (**ပလ္လင်**) မြေသို့၊ ကပ်ရောက်တော် မူသောအခါ၌လည်း၊ ဘုရားမဖြစ်စေရန်၊ စိတ်အကြံဖြင့်၊ အမျိုးမျိုးသော လက်နက်တို့ဖြင့်၊ နှောင့်ရှက် ဖျက်ဆီးခြင်းကို ပြုပြန်၏။ ။ထိုအကြောင်းအရာကို၊ ကျေးဇူးတော်ရှင်၊အသျှင်စံကျောင်း ဆရာတော်ဘုရား၊ ရေးသားအပ်သော (အပြင်အောင်ခြင်း ဖွင့် လက်စွဲကျမ်း)၌၊ ကြည့်ရှုပါကုန်။ ။ထိုသို့ပြုသော်ငြားလည်း၊မိမိ၌သာ၊ဆုံးရှုံးပျက်စီးခြင်းဖြစ်၍၊ (**သိဒ္ဓတ်**) မင်းသား၊ ဘုရားသျှင်၏၊ အလောင်းတော်၌မူကား။ တစုံတရာ ပျက်စီး ဆုံးပါးခြင်း မရှိမူ၍၊ (**အာသဝက္ခယ**) ဉာဏ်ဖြင့်၊ ကိလေသာမာရ်၊ ကိုယ်တွင်းရန်ကို၊ တွန်းလှန်ဖြိုဖျက်၊ နှိပ်စက်အောင်ပြင်အပ် ပြီးသည်နှင့် တပြိုင်နက်၊ (**သမ္မညူတ**) ဉာဏ် (**ဆ အာသာဓာရဏ**) ဉာဏ်၊ (**စတုဝေသာရဇ္ဇ**) ဉာဏ်-စသော ထိုထိုသို့သော ဉာဏ်တော်တို့ကို ရတော်မူ၍၊ လူသုံးပါးတွင်၊ မြတ်စွာဘုရားသျှင်အဖြစ်သို့ ရောက်တော်မူ၏။

ထိုသို့ မြတ်စွာဘုရားသျှင်အဖြစ်သို့ ရောက်ပြီးသည့် နောက်၌လည်း၊ (**တန္ဟာ**) တိုင်တိုင်၊ အပြစ် ကောက်ရန်၊ စိတ်အကြံဖြင့်၊ နောက်တော်က၊ လိုက်ပါ၍ နေချေပြန်၏။ ။ထိုသို့လိုက်ပါ၍ နေသော်ငြားလည်း၊ပုထုဇဉ် လူသား အဖြစ်၌ပင်၊ အပြစ်ကိုမမြင်

http://www.dhammadownload.com

မတွေ့ဘဲရှိနေရာ၊ ဘုံ သုံးပါးဌာ၊ မြတ်စွာ ဘုရား သျှင် စင်စစ်၊ ဖြစ်တော် မူသောအခါဌာမူ၊ အဘယ်မှာလျှင်၊ အပြစ်ဟူ၍၊ မြဲမျှ တွေ့မြင်နိုင်အံ့နည်း။ ။ထိုသို့ဘုရားသျှင်မဖြစ်မီ၊ (၆)နှစ်၊ဘုရား သျှင်ဖြစ်ပြီးမှ၊ တနှစ်အားဖြင့်၊ ၇-နှစ်တိုင်တိုင်၊ တင်းပုတ်ကိုင်၍၊ ကြံခိုင် ကြီးမားသောစိတ်ဖြင့်၊ နောက်တော်က အမြဲလိုက်ပါ၍၊ အပြစ်ကောက်သော်လည်း၊ မြဲလောက်မျှ-အပြစ်ဟူ၍၊ မမြင် မတွေ့ရသဖြင့်၊ စိတ်မာန် လျော့၍၊ ကန်တော့ ရှိခိုး ပြီးလျှင်၊ ပြန်သွားရလေ၏။

ထို့ကြောင့်=သုတ္တာနိပါတ်ပါဠိတော် (**ပဓာန**) သုတ်၌၊အောက်၌ ပါသော ဂါထာကို၊ဟောကြားတော်မူအပ်၏။

(၁) သတ္တ-ဝဿာနိ-ဘဝန္တံ၊
အနုဗန္ဓိ※-ပဒါ-ပဒံ။
ဩတာရံ-နာ, ဓိ-ဂစ္ဆိသံ၊
သမ္မုဒ္ဓဿ-ဿတိမတော။ ။

အချို့စာမူ၌ ပရာပရံ,ဟူ၏ (အဆက်ဆက်) ဟူ၍အနက်ပေး၏။

(၁) ဂေါတမ၊ဂေါတမ-ဟု၊ သက္ယ, နွယ်ဘွား၊ လူသုံးပါးဌာ၊ ဘုရား သျှင်စင်စစ်၊ ဖြစ်ကြီးဖြစ်တော်မူသော အရှင်ဘုရား····ဂေါတမ။

ဘဝန္တံ၊ နှုန်းတူ မရ၊ သုံး လူ့ဘ-ဟု၊ လောက ထွတ်တင်၊ အသျှင် ဘုရားကို။ သတ္တဝဿာနိ၊ တော-ထွက်သည်မှ၊ စ၍တွက်စစ်၊(၇)နှစ်တို့ တိုင်တိုင်၊ ပဒါ-ပဒံ၊ဘဝါးလှမ်း၍၊ စခန်းကြွသွား တော်မူတိုင်း၊ (ကြွသွားတော်မူကိုင်း)။အနုဗန္ဓိ၊အပြစ်ကောက် ရန်၊စိတ် အကြံ့ိုင်၊အမှန်နောက်က၊ လိုက်ပါ၍ နေပါ၏-ဘုရား။

သတိမတော၊ သတိ-သမ္ပဇဉ်၊ ဉာဏ်နှင့်ယှဉ်၍၊ ဆင်ခြင် အောက်မေ့တတ်သော သတိရှိတော်မူသော။ သမ္မုဒ္ဓဿ၊ သစ္စာ လေးချက်၊ တရားနက်ကို၊ ကွယ်ဝှက် မထင်၊ သိမြင် တတ်ငြား၊ မြတ်စွာဘုရားသျှင်အား။ ဩတာရံ၊ ရှေးက အလို၊ စိတ်နေပျို့ လျက်၊ ထိုထိုယွင်းမှောက်၊ အတွင်း ကောက်၍၊ ဖေါက်ပြန် ချွတ်ယွင်းသောအရေး အခွင့်ကို။နာဓိဂစ္ဆိသံ၊(န-အဓိပစ္ဆိသံ)၊

http://www.dhammadownload.com

၇–နှစ်တိုင်တိုင်၊ တင်းပုတ်ကိုင်၍၊ ကြွေခိုင်စိတ်ထား၊ လိုက်ပါငြား လည်း၊သားမြီး-မြွေမျှ၊အတူပြဘို့၊မရ-မရှိပါဘုရား။

(၂) မဟာ-ဝိရ-မဟာ-ပုညာ၊
ဇုဋ္ဌိယာ-ယသသာ-ဇလ။
သဗ္ဗ-ဝေရ-ဘယာ-တီတ၊
ပါဒေ-ဝန္ဒာမိ-ဓဂါတမ။ ။

ထိုမှတပါး။ ။ဤ-ဂါထာသည်၊ သဂါထာဝဂ္ဂ(၄)မာရ-သံယုတ်၊ဂေါဓိက၊ဝတ္ထု၌၊ရှိခိုးသောဂါထာအနေဖြင့်ပါရှိသေး၏။

(၂) မဟာဝိရ၊ သမ္မ-ပ္ပဓာန၊ ဝီရိယ,ဓာတ်ဖြင့်၊ ကြီးမြတ် ကဲလွန်၊ သမ္ဘာ ချွန်လျက်၊ အမွှန် မြင့်မြတ်တော်မူပေသော မြတ်စွာဘုရား။

မဟာ ပုညာ၊ ဇုဿရိယ၊ ဓမ္မ-ယသ၊ စသည် ခြောက်မျိုး၊ ဘုန်း တန်းခိုး ကြီးမြတ်တော်မူပေသော မြတ်စွာဘုရား။

ဇုဋ္ဌိယာ၊(အဘိညာဉ်)မျိုး၊ တန်းခိုးတော်အားဖြင့်ရင်း၊–

ယသသာ၊ သီလ-သမာဓိ၊ ပညာ-ဝိမုတ္တိ၊စရှိ ထွေထူး၊ကျေးဇူး သတင်း၊ ကျော်စောခြင်းအားဖြင့် ဖြင့်ရင်း၊–

(တနည်းကား) ယသသာ၊လူ-နတ်-ဗြဟ္မာ၊ သတ္တဝါ ဝေနေ၊ ဗိုလ်ခြေများစွာ၊ နောက်ပါ ထွေထွေ၊ ခြွေရွေ့ အခြံအရံ အားဖြင့် ရင်း။ ။ဇလ၊(ဇလန္တဲ့)၊ လောက ဓာတ်တွင်း၊ မိုက်မှောင် ကင်း အောင်၊ ထွန်းလင်း တောက်ပတော် မူပေသော မြတ်စွာဘုရား။

သဗ္ဗ-ဝေရ-ဘယာ-တီတ၊တွင်း-ပြင်,နှစ်တန်၊ခပ်သိမ်းရန်ကို၊ တွန်းလှန် ပယ်ဖျက်၊ နှိပ်စက် လွန်မြောက်ပြီး ဖြစ်တော်မူပေ သော မြတ်စွာဘုရား။

ဂေါတမ၊ ဂေါတမ-ဟု၊ သက္ယ-နွယ်ရိုး၊ အမျိုး, အသ မ္ဘိန္နေ– ဖြစ်တော် မူပေသော မြတ်စွာဘုရား။

တေ၊ သုံးလူ့ ထွတ်တင်၊အရှင်မြတ် ဘုရား၏။ ပါဒေ၊ တရှ့– ရှစ်ကွက်၊ ဘုန်းရောင် ထွက်သည့်၊ စက်မြတ်တံဆိပ်၊ ခတ်နှိပ် ပြည့်

http://www.dhammadownload.com

စုံ၊ ကြာငုံ အလား၊ ပွင့်ပွင့် ကားသည့်၊ ခြေတော်ဖျား အစုံကို။ အဟံ၊ ဝသ ဝတ္တိ၊ ဘုဉာနိဉ်၊ စိုးမို နေငြား၊ (**မာရ်**) နတ်သား ဟု၊ ထင်ရှား သမုတ်၊အာကျွန်ပါသည်။ ဂန္ဒာမိ၊ လက်အုပ် အဉ္ဇလိ၊ တင်မြောက် ချီ၍၊ တလိ-ညွတ်ငဲ့၊ စိတ် မာန် ငဲ့၍၊ ကန်တော့ ဉုးညွတ်ပါ၏၊ မြတ်စွာဘုရား။

တနည်းအားဖြင့်၊ ဝိနည်း-မဟာဝါ-ပါဠိတော်(**မာရကထာ**)ဉဒ္ဒါ၊ (**မာရ်**) နတ်သား လာရောက် နှောင့်ရှက်ပုံပြဦးအံ့။ မြတ်စွာဘုရားသျှင်သည်၊ ဘုရားသျှင် အဖြစ်သို့၊ ရောက်ပြီး နောက်-

(က) ပဉ္စဝဂ္ဂီ-ငါးဦး-ဟူသော ရဟန္တာ ပုဂ္ဂိုလ်ငါးဦး။
(ခ) ယသ-သူဌေးသား-ဟူသော ရဟန္တာ ပုဂ္ဂိုလ်တပါး။
(ဂ) ယသ-သူဌေးသား၏၊အဖေ၌ မိဘဓဇ၊(စတုဒိဟိ သဟာယ-ကဲ့)ဖြစ်သော (၁) ဝိမလ-(၂) သုဗာဟု-(၃) ပုဏ္ဏဇိ (၄) ဂဝမ္ပတိ-ဟူသော ရဟန္တာ ပုဂ္ဂိုလ် လေးပါး။
(ဃ) ထိုနောက်-ဇနပုဒ်ဂို နေကြကုန်သော အဆက်ဆက်သော အမျိုးသား ငါးကျိပ်ဟူသော ရဟန္တာ ပုဂ္ဂိုလ် ငါးဆယ်၊ မြတ်စွာဘုရားသျှင်-ဟူသော မိမိကိုယ်ကို (ထည့်)၍ရတွက် ခြင်းအားဖြင့် (၆၁) ရှိသော်ကျိပ် တပါးသော ရဟန္တာ ပုဂ္ဂိုလ်တို့သည်၊ လောက အလယ်၌၊တင့်တယ်စွာ ဖြစ်ထွန်း ပေါ်လာတော်မူကုန်၏။

ထိုအခါ၊မြတ်စွာဘုရားသျှင်သည်၊ တပည့်သား ဖြစ်ကြကုန်သော ရဟန္တာ ပုဂ္ဂိုလ်တို့ကို၊မိန့်ခေါ်တော်မူ၏။

အာဘယသို့မိန့်ခေါ်တော်မူသနည်း။

အို....ချစ်သား ရဟန်းတို့-

နတ်တို့၏ ကာမဂုဏ်ငါးပါးတို့၌၊ တပ်နှစ်သက် တတ်ကုန်သော အကြင်လောဘ -တည်းဟူသော ကျော့ကွင်းတို့သည်၎င်း -ဟူတို့၏ ကာမဂုဏ်ငါးပါးတို့၌၊ တပ်နှစ်သက်တတ်ကုန်သော အကြင်လောဘ-တည်းဟူသော ကျော့ကွင်းတို့သည်၎င်း-ရှိကုန်၏။

http://www.dhammadownload.com

ထိုအလုံးစုံသော ကျော့ကွင်းတို့မှ (သင်)တို့၏ဆရာ၊ ငါဘုရားသျှင် သည်လွတ်မြောက်ပြီ။

အို....ချစ်သား ရဟန်းတို့—

(သင်) တို့သည်လည်း၊ နတ်တို့၏ ကာမဂုဏ်ငါးပါးတို့၌၊ တပ်-နှစ်သက်တတ်ကုန်သော+အကြင် လောဘ-တည်းဟူသော ကျော့ကွင်းတို့သည်ရင်း+လူတို့၏၊ ကာမဂုဏ် ငါးပါးတို့၌၊ တပ်-နှစ်သက်တတ်ကုန်သော+အကြင် လောဘ—တည်းဟူသော ကျော့ကွင်းတို့သည်ရင်း+ရှိကုန်၏။

ထိုအလုံးစုံသော ကျော့ကွင်းတို့မှ၊လွတ်မြောက်ကြကုန်ပြီ။ ။

အို....ချစ်သား ရဟန်းတို့—

များစွာကုန်သော + လူအပေါင်းတို့၏ ချမ်းသာကို ပြုခြင်းငှါ+လူအပေါင်းကို စောင့်ခြင်းငှါ+နတ်တို့၏ အကျိုးကိုပြုခြင်းငှါ+စီးပွါးကိုပြုခြင်းငှါ+ခရီး-ဒေသ—စာရီ၊ သွားကြကုန်လော။ ။(သင်)ချစ်သားတို့သည်၊ တကြောင်းတည်းသော ခရီးဖြင့်၊နှစ်ပါးကုန်သော ရဟန်းတို့သည် မသွားကြကုန်လင့်။

အို....ချစ်သား ရဟန်းတို့—

(၁) အာဒိ—ကလျာဏ=အစ၌ ကောင်းခြင်းရှိထသော+။
(၂) မဇ္ဈေ—ကလျာဏ=အလယ်၌ ကောင်းခြင်းရှိထသော+။
(၃) ပရိယောသာန— ကလျာဏ= အဆုံး၌ ကောင်း ခြင်း ရှိ ထသော+။
(၄) သာတ္ထ=အနက်နှင့်ပြည့်စုံထသော+။
(၅) သဗျဉ္ဇန=သဒ္ဒါနှင့်ပြည့်စုံထသော+။
(၆) ကေဝလ- ပရိပုဏ္ဏ = အလုံးစုံ ပြည့်စုံထသော+တရားကို ဟောကြကုန်လော+။
(၇) ပရိသုဒ္ဓ=ထက်ဝန်းကျင် စင်ကြယ်သော+။
(၈) ဗြဟ္မ-စရိယ=မြတ်သောအကျင့်ကို+ ပြကြကုန်လော။

ပညာမျက်စိ၌ ကိလေသာတည်းဟူသော မြူနည်းပါးသော သဘောရှိကုန်သော+လူ,နတ်,ဗြဟ္မာ, သတ္တဝါတို့သည်+ရှိကုန်၏+ထိုသတ္တဝါ

http://www.dhammadownload.com

ဟူသမျှတို့သည်၊ တရားတော်ကို မကြားနာရသဖြင့်သာ+ပျက်စီးဆုတ်ယုတ်ကြကုန်၏။ (တရားစကား၊ ကြားနာရကြမူကား၊) တရားတော်ကို သိမြင်,နားလည် လွယ်သော သူတို့သည်လည်း+ရှိပေသည်ဖြစ်ကုန်လတ္တံ့။

အို....ချစ်သား ရဟန်းတို့၊—

(သင်) တို့၏ဆရာ ငါဘုရားသျှင်သည်၊ အကြင်အရပ်၌ (**၉၆ ဝေလ**) ခေါ်သော တောအုပ်သည်ရှိ၏။ ။(**ဧသန**) အမည်ရှိသော နိဂုမ်းရွာငယ်သည်ရှိ၏။ ။ထိုနိဂုမ်း ရွာငယ်သို့၊တရားစကား ဟောကြားပြသခြင်းငှါ၊ ကြွသွားကပ်ရောက်ပေအံ့—ဟု၊မိန့်တော်မူ၏။

ထိုအခါ (**မာရ်**) နတ်သားသည်၊ အကြင်အရပ်၌၊ မြတ်စွာဘုရားသျှင်သည်ရှိ၏× ထိုအရပ်သို့ ချဉ်းကပ်ပြီးသျှင်၊ မြတ်စွာဘုရားသျှင်ကို ဤသို့ (**ပါဠိ-ဂါထာ**) ဖြင့်၊ရွတ်ဆိုလေ၏။

(က) ဗန္ဓော-သိ,သဗ္ဗ-ပါသေဟိ၊
ယေ ဒိဗ္ဗာ,ယေစ-မာနုသာ။
မဟာ-ဗန္ဓန-ဗန္ဓော-သိ၊
န-မေ-သမဏ-ဓမာက္ခသိ-တိ။ ။

မြန်မာဘာသာပြန်

(က) အို....**သမဏ** —မည်တွင်၊ရှင် ရဟန်းကြီး—

နတ်တို့၏ ကာမဂုဏ်ငါးပါးဌာ၊တပ်-နှစ်သက်တတ်ကုန်သော အကြင် လောဘ—တည်းဟူသော ကျော့ကွင်းတို့သည်ရှင်း+။

လူတို့၏ ကာမဂုဏ်ငါးပါးတို့၌၊ တပ်-နှစ်သက်တတ်ကုန်သော+အကြင်လောဘ-တည်းဟူသော ကျော့ကွင်းတို့သည်ရှင်း+ရှိ၏။ ။ထိုအလုံးစုံသော ကျော့ကွင်းတို့မှ၊ (အသင့်အား) မလှုပ်ဘဲအောင်၊ တုံ့ဖို့ချီနှောင်အပ်သည်ဖြစ်၏။ ။ကြီးစွာသော ကိလေသာ တည်းဟူသော နှောင်ဖွဲ့ခြင်းဖြင့်—နှောင်ဖွဲ့-တုပ်ချီ အပ်သည် ဖြစ်ပြီ။ ။

http://www.dhammadownload.com

အို....**သမဏာ**=မည်တွင်၊ ရှင်ရဟန်းကြီး။

သင်သည်၊ ငါလျှင် စိုးပိုင်၊ ငါလျှင် ဆိုင်သည့်၊ တေ-ဘူမက-ဟူသော တိုင်းနိုင်ငံ့ အတွင်းမှ၊ လွတ်မြောက်ခြင်းသည် မဖြစ်နိုင်ရာပေ-ဟူ၍ ဆိုလေ၏။

ထိုနောက် တဖန်၊မြတ်စွာဘုရားသျှင်သည်၊ဤသို့ (**ပါဠိဂါထာ**) ဖြင့် ရွတ်ဆိုပြန်၏။

(ခ) မုတ္တာ-ဟံ သဗ္ဗ-ပါသေဟိ၊
ယေ-ဒိဗ္ဗာ,ယေစ-မာနုသာ။
မဟာ—ဗန္ဓနာ-မုတ္တော-မှိ၊
နိဟတော-တ္မ-မသိ-အန္တကာ-တိ။ ။

မြန်မာဘာသာပြန်

(ခ) အန္တက=ဟယ်(**မာရ်**)နတ်။

ငါဘုရားသျှင်သည်၊ နတ်တို့၏ ကာမဂုဏ်ငါးပါးတို့၌၊ တပ်နှစ်သက် တတ်ကုန်သော + အကြင်လောဘ- တည်းဟူသော ကျော့ကွင်းတို့သည်ရှင်း+လူတို့၏ ကာမဂုဏ်ငါးပါးတို့၌၊ တပ်-နှစ်သက် တတ်ကုန်သော+အကြင်လောဘ—တည်းဟူသော ကျော့ကွင်းတို့သည်ရှင်း+ရှိကုန်၏။

ထိုအလုံးစုံသော ကျော့ကွင်းတို့မှ၊ လွတ်မြောက်ပြီး+ကြီးကျယ်လှစွာ၊ကိလေသာ ဟူသော မာရ်မင်း၏ အနှောင်အဖွဲ့မှလည်း၊ လွတ်မြောက်ခြင်းသည်ဖြစ်ပြီ။

အန္တက=ဟယ်(**မာရ်**)နတ်။

အသင် (**မာရ်**)နတ်သည်၊ (ငါဘုရားသျှင် အား) (**ရှုံး**)သည်၊ဖြစ်ပြီ=ဟူ၍၊မိန့်ဆိုလေ၏။

http://www.dhammadownload.com

ထိုနောက်တဖန်၊ မာရ်နတ်သည် ဤသို့ရွတ်ဆိုပြန်၏။

(၈) အန္တလိက္ခ စရော-ပါသော၊
ယွာ-ယံ,စရတိ,မာနသော။
တေန-တံ ဗာဓယိဿာမိ၊
နမေ-သမဏာ-မောက္ခသိ-တိ။ ။

မြန်မာ ဘာသာပြန်

(၈) အို····**သမဏာ**=မည်တွင်၊ရှင် ရဟန်းကြီး။

ကောင်းကင်၌ သွားသောသူကို မျှ၊ မလွတ်အောင် ဖွဲ့တတ်သော+စိတ်နှလုံး၌ဖြစ်သော အကြင်ကိလေသာ ဟူသော ကျော့ကွင်းသည်+သွား၏။ ။

ထိုကျော့ကွင်းဖြင့်(**ဘသင်**)ရဟန်းကြီးကို၊ ညှဉ်းဆဲပေအံ့။

အို····**သမဏာ**=မည်တွင်၊ရှင် ရဟန်းကြီး။

(**ဘသင်**) ရဟန်းကြီးသည်ကား၊ငါလျှင် စိုးပိုင်၊ငါလျှင် ဆိုင်သည့်၊ တေ-ဘူမက— ဟူသော တိုင်းနိုင်ငံအတွင်းမှ၊ လွတ်မြောက်ခြင်းသည်၊ မဖြစ်နိုင်=ဟူ၍၊ဆိုလေ၏။

ထိုနောက်တဖန်၊ မြတ်စွာဘုရားသျှင်သည်၊ဤသို့ (**ပါဠိဂါထာ**) ဖြင့် ရွတ်ဆိုပြန်၏။

(၈) ရူပါ,သဒ္ဒါ,ရသာ,ဂန္ဓာ၊
ဖေါဋ္ဌဗ္ဗာ စ,မနောရမာ။
ဣဿ မေ ဝိဂတော ဆ နွေ၊
နိဟတော-တ္ထ-မသိ,အန္တကာ-တိ။ ။

http://www.dhammadownload.com

မြန်မာ ဘာသာပြန်

(ဃ) အန္တကဝဟယ်(**မာရ်**)နတ်။
ပုထုဇဉ်တို့အား၊နှလုံးမွေ့လျော်ဘွယ် ရှိကုန်သော၊
(၁) ရူပါရုံဟူသော–ကာမဂုဏ်တို့သည်၎င်း+
(၂) သဒ္ဒါရုံဟူသော–ကာမဂုဏ်တို့သည်၎င်း+
(၃) ရသာရုံဟူသော–ကာမဂုဏ်တို့သည်၎င်း+
(၄) ဂန္ဓာရုံဟူသော–ကာမဂုဏ်တို့သည်၎င်း+
(၅) ဖောဋ္ဌဗ္ဗာရုံဟူသော–ကာမဂုဏ်တို့သည်၎င်း+
ရှိကုန်၏။

ထိုကာမဂုဏ် ငါးပါး၊အာရုံတရားတို့၌၊ ငါဘုရားသျှင်၏ တပ် နှစ်သက်ခြင်း-ရာဂသည်၊ကင်းပြတ်ပြီ။

အန္တကဝဟယ်(**မာရ်**)နတ်၊
အသင်သည်ကား၊(ရှုံး)သည်ဖြစ်၏=ဟူ၍၊ မိန့်တော်မူ၏။

(ဂ) အထဓေါ မာရော ပါပိမာ၊
"ဇာနာတိ မံ ဘဂဝါ"
"ဇာနာတိ မံ သုဂတော" တိ။
ဒုက္ခီ,ဒုမ္မနော, တတ္ထေ-ဝ-န္တရဓာယီ+တိ၊
(မာရကထာ ကောဒသမီ)

မြန်မာ ဘာသာပြန်

(ဂ) ထိုအာဂါယုတ်ညံ့သော စိတ်ရှိသော မာရ်နတ်သည်၊ဤသို့ဆို၏။
(၁) ဘုန်းတော်ကြီးမား၊ ဘုရားသျှင်သည်၊ငါ့ကို သိပြီ။
(၂) ကောင်းရာ အမွန်၊စကားမှန်ကို၊ ညွှန်ကြားတော် မူတတ်သော ဘုရားရှင်သည်၊ ငါ့ကိုသိပြီ=ဟု၊သိ၍၊ စိတ်နှလုံးဆင်းရဲသည်ဖြစ်၍၊စိတ်နှလုံး မသာယာသည်ဖြစ်၍၊ ထိုနေရာ၌ပင်လျှင်၊ ကွယ်ပျောက်၍ သွားလေ၏။

ဤတွင်၊ မာရ်နတ်သား ဆိုသောစကားသည်၊
တဆဲ့တခုမြောက်သော အခန်းပြီး၏။

http://www.dhammadownload.com

ထိုနောက်တဖန်၊ မြတ်စွာဘုရားသျှင်သည်၊ ဤသို့ဟောတော်မူပြန်၏။

(စ) အထခေါ ဘဂဝါ ဝဿံ ဝုတ္ထာ ဘိက္ခူ။ အာမန္တေသိ။

မယှံ ခေါ ဘိက္ခဝေ ယောနိသော မနသိ ကာရာ,,ယောနိသော သမ္မပဓာနာ,,အနုတ္တရာ ဝိ-မုတ္တိ,အနု-ပ္ပတ္တာ,,အ-နုတ္တရာဝိမုတ္တိ, သစ္ဆိ-ကတာ,,။

တုမှေပိ ဘိက္ခဝေ ယောနိသော မနသိကာရာ,, ယောနိသော သမ္မပဓာနာ,,အ နုတ္တရံ ဝိ-မုတ္တိံ အနု-ပါပုဏာထ,, အနုတ္တရာ ဝိ-မုတ္တိံ သစ္ဆိ-ကရောထာ တိ။

မြန်မာဘာသာပြန်

(စ) ထိုအခါ၊ မြတ်စွာဘုရားသျှင်သည်၊(ဝါ)ကျတ်ကုန်သော(ဝံါ-လကျတ်၍ မိမိ၏ အထံမှောက်သို့ ရောက်လာကုန်သော) ရဟန်းတို့ကို၊ ဤသို့ မိန့်တော်မူ၏။

အဘယ်သို့ မိန့်တော်မူသနည်း။

အို....ချစ်သား ရဟန်းတို့-

(သင်) တို့၏ဆရာ၊ဝါဘုရားသျှင်၏၊ အသင့်အားဖြင့်၊ နှလုံးသွင်းခြင်းကြောင့်+အသင့်အားဖြင့် ကောင်းစွာ အားထုတ်ခြင်းကြောင့်+အလွန်အကဲ ထူးမြတ်သော တရား-မရှိသော အရဟတ္တဖိုလ်သို့ ရောက်ပြီ။ ။ အလွန် အကဲ ထူးမြတ်သော တရား- မရှိသော အရဟတ္တဖိုလ်ကို မျက်မှောက် ပြုအပ်ပြီ။

အို....ချစ်သား ရဟန်းတို့-

သင်ချစ်သားတို့သည်လည်း၊အသင့်အားဖြင့် နှလုံးသွင်းခြင်းကြောင့်+အသင့်အားဖြင့် အားထုတ်ခြင်းကြောင့်+အလွန်အကဲ ထူးမြတ်သော တရားမရှိသော, အရဟတ္တဖိုလ်သို့၊ ရောက်စေကုန်လော့=အလွန် အကဲ ထူးမြတ်သော တရားမရှိသော, အရဟတ္တဖိုလ်ကို၊ မျက်မှောက် ပြုကြကုန်လော့=ဟူ၍၊မိန့်တော်မူ၏။

http://www.dhammadownload.com

ထို နောက်တဖန်၊ မာရ်နတ်မင်း၊ရောက်လာပြန်ပုံ။

ထိုအခါ၊မာရ်နတ်သည်၊အကြင်အရပ်၌ မြတ်စွာဘုရားသျှင်+ရှိတော်မူ၏။ ။ထိုဘုရားသျှင် ရှိတော်မူရာအရပ်သို့+ချဉ်းကပ်ပြီးလျှင်၊ မြတ်စွာဘုရားကို၊ ရည်ညွှန်း၍၊ ဤသို့ ရွတ်ဆိုပြန်၏။

(ဆ) ဗန္ဓော-သိ,မာရ-ပါသေန။
ယေဒိဗ္ဗာ,ယေစ မာနုသာ၊
မဟာ ဗန္ဓန-ဗန္ဓော-သိ၊
နမေ-သမဏ-မောက္ခသိ-တိ။ ။

မြန်မာဘာသာပြန်

(ဆ) မာရ် တည်းဟူသော ကျော့ကွင်းဖြင့်+ဖွဲ့အပ်သည်ဖြစ်၏။ ။ဤမျှထူး၏။ အကြွင်းအနက်၊ ရှေးနှင့်တူ၏။

ထိုနောက် တဖန်၊ မြတ်စွာဘုရားသျှင်သည်၊ ဤသို့ရွတ်ဆို၏။

(ဇ) မုတ္တာ,ဟံ-မာရပါသေန၊
ယေ ဒိဗ္ဗာ,ယေစ,မာနုသာ။
မဟာ ဗန္ဓန မုတ္တော-မှိ၊
နိဟတော, တွ-မသိ, အန္တကာ-တိ။

မြန်မာဘာသာပြန်

(ဇ) အန္တက=ဟယ် မာရ်နတ်၊ ငါဘုရားသျှင်သည်၊မာရ်တည်းဟူသော ကျော့ကွင်းမှ၊လွတ်မြောက်ပြီ။ ။ဤမျှထူး၏။အကြွင်း၊နောက်နှင့်တူ၏။ ။ရှေးနည်းအတူ၊ မာရ်နတ်သားသည်၊ ကွယ်ပျောက်၍ သွားလေ၏။

ဤတွင် မာရ်နတ်သား-နောက်ရှက်ပုံ
ပြခဏ်း အကျဉ်းချုပ်ပြီး၏။

http://www.dhammadownload.com

ဤသို့ အားဖြင့်၊ ရှေးရှေးအခါကပင်၊ အကြိမ်ကြိမ်၊ အနှောင့် အရှက် ပြု၍၊ ဖျက်ဆီး လာခဲ့လေရာ၊ ဤယခု အခါ၊ (**မဟာဝုန်**) တောင်၌၊ ဤ (**မဟာသမယ**) သုတ္တန် တရားတော် မြတ်ကို၊ ဟောကြားတော် မူသော အခါ၌လည်း၊ မြတ်စွာဘုရား၏ အထံတော်သို့၊ လာရောက် ဖူးမျော်ကြကုန်သော နတ်မင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းတို့ကို၊ (**မာရ်**) နတ်မင်းသည်၊ မိမိ၏ ထံရင်း ခြွေရုံ၊ အဇစခံ ဖြစ်သော၊ နတ်စစ်သည် ရဲမက်သားတို့ကို၊ စေခိုင်း၍ ကြောက်ရွံ့ ထိတ်လန့်ဘွယ်သော အရုပ်, အဆင်း အမျိုးမျိုးတို့ဖြင့်၊ ပြသ–ခြောက်လှန့်သည်တို့ကို၊ မြတ်စွာဘုရား သခင်သည်၊ မြင်သိတော်မူပြန်၏။

ထိုသို့ မြင်သိတော် မူသော်လည်း၊ အကြင် အစည်းအဝေးပွဲ၌၊ တရား နာသူ၊ နတ် လူ ဗြဟ္မာ၊ သတ္တဝါတို့သည်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ကို၊ မရကြကုန်လတ္တံ့။ ။ကို အစည်း အဝေး ပွဲ၌၊ (**မာရ်**) နတ်မင်းသည်၊ ပြသအပ်သော ကြောက်ရွံ့ ထိတ်လန့် ဘွယ်သော အရုပ်,အဆင်း စသောအာရုံ အမျိုးမျိုးတို့ကို၊ မပြင် စေရန်၊တားမြစ်တော်မူခဲ့၏။

အကြင် အစည်းအဝေးပွဲ၌၊ တရားနာသူ၊ နတ် လူ ဗြဟ္မာ၊ သတ္တဝါတို့သည်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရကြကုန်လတ္တံ့။ ။ကိုအစည်းအဝေးပွဲ၌၊ (**မာရ်**) နတ်မင်းသည်၊ ပြသအပ်သော ကြောက်ရွံ့ ထိတ်လန့်ဘွယ်သော အရုပ်,အဆင်းစသောအာရုံ အမျိုးမျိုးတို့ကို၊ တရား နာသူ၊ လူ နတ် ဗြဟ္မာ၊ သတ္တဝါ ဟူသမျှတို့သည်၊ မြင်စေသတည်း–မကြားစေသတည်း–ဟု၊ တန်ဖိုးတော် အားဖြင့်၊ အဂိုဒ္ဓာန်ပြု၍ တားမြစ်တော်မူခဲ့၏။

ဤသို့ဖြစ်၍၊ ဤယခုအခါ၊ (**မဟာဝုန်**) တောင်၌၊ ဤ (**မဟာသမယ**) သုတ္တန်ကို၊ ဟောတော် မူခိုက်၌၊ သောင်းတိုက် ဓနကြာဝဠာ၊ ရပ်မျက်နှာမှ၊ လာရောက်ကြကုန်သော နတ် ဗြဟ္မာတို့၏ အစည်းအဝေး ပွဲကြီး၌လည်း၊ ထို တရားနာ လာရောက် ကြကုန်သော နတ်, ဗြဟ္မာတို့၏၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို၊

http://www.dhammadownload.com

ရလတ္တံ့သောအကြောင်းကို မြင်တော်မူ၍၊ (**မာရ်**) နတ်မင်းသည်၊ပြဿအပ်သောကြောက်ရွံ့ ထိတ်လန့်ဘွယ်သောအရုပ်, အဆင်းစသော အာရုံအမျိုးမျိုးတို့ကို၊နတ်,ဗြဟ္မာအပေါင်းတို့သည်၊ မမြင် စေသတည်း= မကြား စေသတည်း–ဟု၊ တန်းခိုးတော်အားဖြင့်၊ အဓိဋ္ဌာန်ပြု၍၊ တားမြစ်တော်မူ၏။

---

(၅၁) ထိုနောက်၊ရဟန္တာ ပုဂ္ဂိုလ် ငါးရာတို့ကို၊မိန့်ခေါ်တော်မူပြီးလျှင်၊ ဤသို့မိန့်တော်မူ၏။

(၅၁) အို....ငါ၏ချစ်သား၊ ရဟန်းများတို့–

သိကြားမင်းနှင့် တကွ ဖြစ်ကုန်သော၊ အလုံးစုံ ကုန်သော နတ်အပေါင်းတို့သည်ၛင်း။ ။(**ဟာရိတ**)ဗြဟ္မာမင်းနှင့်တကွ အလုံးစုံသော ဗြဟ္မာမင်း တို့သည်ၛင်း။ ။မြတ်စွာ ဘုရားသျှင်၏၊ ထံပါးမျက်မှောက်၊ ရှေတော်အောက်သို့၊ ရောက်လာသော အချိန်၌ပင်၊ (**မာရ်**) နတ်မင်းသည်လည်း၊ ရောက်လာ၏။

အို....ငါ၏ချစ်သား၊ ရဟန်းများတို့–

(**မာရ်**) နတ်မင်း၏၊ ယုတ်မာကြမ်းတမ်း၊ ဒေါသစွမ်းဖြင့်၊လွှမ်းမိုးနှောင့်ရှက်၊ နှိပ်စက် ဖျက်ဆီးအပ်သည်ကို၊ (သင်) ချစ်သားတို့သည်၊ မျက်ဝါး ထင်ထင်၊မြင်အောင်ကြည့်ကြကုန်လော့=

[မာရ်နတ်သား၏ ဆိုးဝါး ကြမ်းတမ်း၊ ရမ်းကားသမှု၊ပြုရက်သည်ကိုလည်း၊ (သင်)ချစ်သားတို့သည်၊ မျက်မှောက် ထင်ထင်၊ မြင်အောင် ကြည့်ကြ ကုန်လော့–ဟု၊ ဆိုလို၏။]

---

(၅၂) ဇေ–ဂဏ္ဍေ–ဗန္ဓေ၊ အစချီသော ဂါထာ၏ အဓိပ္ပါယ်အရ၊ မာရ်နတ်မင်း၏နှောင့်ရှက်ပုံ အခြင်းအရာပြစကား

(၅၂) (**မာရ်**)နတ်သားသည်လည်း၊ မိမိ၏ နတ်စစ်သည်တို့ကို ခေါ်၍၊(အို)ငါ၏ထံရင်း၊ ခ-ဝ-စင်းသည့်၊ အချင်းနတ်စစ်သည် အပေါင်းတို့–

http://www.dhammadownload.com

(က) **ဧထ**=ဟူသော ပါဠိဖြင့်၊ (သင်)နတ်စစ်သည် တို့သည်၊ လျင်စွာအသွေ့၊လာရောက်ကြ ကုန်လော့။

(ခ) **ဂဏ္ဍထ**=ဟူသော ပါဠိဖြင့်၊(အသင်)နတ်စစ်သည်တို့သည်၊ ဌါနတ်,ဗြဟ္မာ အပေါင်းတို့ကို၊လက်ရ-လှမ်း၍၊ဖမ်းယူကြကုန် လော့။

(ဂ) **ဗန္ဓထ**=ဟူသော ပါဠိဖြင့်၊ (အသင်)နတ်စစ်သည် တို့သည်၊ ဌါနတ်,ဗြဟ္မာအပေါင်းတို့ကို၊ မလှုပ်တည့်အောင်၊ တုပ်ဖွဲချည် နှောင်ကြကုန်လော့။

(ဃ) **ရာဂေနမန္ဓ-မထ္ထ၊ ဓေါ**=ဟူသော ပါဠိဖြင့်၊ (အသင်) နတ်စစ်သည်တို့သည်၊ ဌါနတ်,ဗြဟ္မာအပေါင်းတို့ကို၊ စွဲလမ်း နှစ်သက်၊တပ်မက် နှောင်ပိုး၊ ရာဂ-တည်းဟူသော ကြိုးဖြင့်၊ အမျိုးမျိုးရစ်ပတ်၍၊တင်းတင်း ကြပ်ကြပ်၊သံခြချင်းခတ်သကဲ့ သို့၊စွဲကပ် တည်အောင်၊ ချည်နှောင် တုပ်ဖွဲကြကုန်လော့။

(င) **သမန္တာ ပရိဝါရေထ**=ဟူသော ပါဠိဖြင့်၊ (အသင်) နတ်စစ်သည် တို့သည်၊ဌါနတ် ဗြဟ္မာ အပေါင်းတို့ကို၊အရှေ့ အနောက်၊ တောင်-မြောက်တခွင်၊ ယက်ဝန်း ဂျင်းသော အရပ်မှ၊ အညီ-အညာ၊ စီကာ-စီကာ-တန်း၍၊ ဝိုင်းဝန်း ကြကုန်လော့။

(စ) **မာဓေါမုဠ္ဍိထ္ထ ကောစိနံ**=ဟူသောပါဠိဖြင့်၊(အသင်) နတ်စစ်သည် အပေါင်းတို့ကွင်၊ (အယုတ်ဆုံး) အားဖြင့်၊ တယောက်တယောက်သော နတ်စစ်သည်-ရဲမက်သားသည်၊ (အယုတ်ဆုံး)အားဖြင့်၊တယောက်တယောက်သော ဌါနတ်, ဗြဟ္မာမျှကိုပင် သော်လည်း၊ လက်ရ-ပြန်း၍၊ ဖမ်းယူနိုင်ကြရ မည်၊(မလွတ်ကြစေနှင့်ဟု—ဒေါသ-မာန်ပြင်း၊ပဲ့ရင်း-ထွဲရံ၊ ဒေစေခံ-ရဲမက်သား အပေါင်းတို့ကို၊မိမိ၏ အမိန့် အာဏာ-ဖြင့်၊ဝိုင်းဝေလေ၏။

[ဤသည်ကား အနှောင့်အရှက်ပြုပုံအခြင်းအရာပြစကားဟုဆိုသည်။]

http://www.dhammadownload.com

နတ်,ဗြဟ္မာ အပေါင်းတို့နှင့်၊ ရဟန္တာပုဂ္ဂိုလ်တို့ အခြင်းအရာပြစကား

ထိုအခါ နတ်,ဗြဟ္မာတို့သည်၊မြတ်စွာဘုရား၏ တန်းခိုးတော်အားဖြင့်၊ ကာကွယ်၍ ထားသဖြင့်၊ ကိုမာရ်နတ်သား၏၊ နတ်စစ်သည်၊ တပ်သားတို့ကို၊မမြင်ရ မတွေ့ရ၍ ကြောက်ရွံထိတ်လန့်ခြင်း မဖြစ်ကြကုန်။

(၅၃-၅၄) ဂါထာအာမတ်..

မာရ်နတ်မင်း၏ ကိုယ်တိုင်-ဖြစ်ပုံအခြင်းအရာပြ (ပါဠို-ဂါထာ) အဓိပ္ပါယ်။

(၅၃-၅၄) ထိုအခါ၊ မာရ်နတ်သားသည်၊ပြင်းစွာ အမျက်၊ခြောင်းခြောင်း ထွက်၍၊ စိတ်စက် မရှင်၊ ငြိုငြင် ပင်ပန်းလျက်၊ လျှပ်ပန်း၊ လျှပ်စစ်နွယ်နှင့် တကွဖြစ်သော မိုဃ်းသား, တိမ်တောင်၊တိမ်လိပ် တို့သည်၊ ကောင်းကင် ပိတ်မျှ၊ ပြည့်သိပ် လွှမ်းမိုး၍၊ ဂျိုးဂျိုး ဂျိမ်းဂျိမ်း၊ ထစ်ခြိမ်းမြည်ဟီးလျက်၊ မိုဃ်းကြိုး-သည်းထန်စွာ၊ ရွာသွန်းသော အသံကဲ့သို့၊ ကြောက်ရွံ ထိတ်လန့်ဘွယ်သော အသံကိုပြု၍ မြေ အပြင်ကို၊ (လက်-ဖဝါး) ဖြင့်၊ ပုတ်ခတ်၊ ထုနှက်၍၊ အမျက်မပြေ၊ စိတ်မကြေဘဲ၊ (နေ-နှင့်တော့၊ ဥုး-လား-) ဆိုသော စကားကဲ့သို့၊ ကြိမ်းဝါး ခြိမ်းခြောက်ပြီးလျှင်၊ မိမိ၏ နတ် (စစ်သည်) တပ်သားတို့ကို၊ နှုတ်၍- နောက်ဆုတ်ပြန်သွားရလေသတည်း၊

[ဤသည်ကား၊ (၅၃)အမှတ် ဂါထာမှ၊-
"ပါဏိနာ တလ မာဟစ္စ။ (လ)
သရံ ကတ္တာန ဘေရဝံ"။ ။ဟူသော တတိယ ပါဒ၊စတုတ္ထ ပါဒ-နှင့်၊-

(၅၄) ဂါထာ အမှတ်၊-

"ယထာ ပါဝုသကော မေဃော။ (လ)
သံကုဒ္ဓေါ အ-သယံ, ဝသေ"။ ဟူသော ဂါထာ တို့မှ၊ ရအာပ်သော မြန်မာဘာသာပြန် အဓိပ္ပါယ်တည်း။]

http://www.dhammadownload.com

(၅၅-၅၆-၅၇) မြတ်စွာ ဘုရားသျှင်သည်၊ ရဟန္တာဝပုဂ္ဂိုလ် တို့အား၊ မိန့်တော်မူ၍၊ အမိန့်ပေးတော်မူပုံ၊ ပြခဏ်း၌၊—

၅၅-၅၆·ဂါထာ၂-ပုဒ်၏၊ အဓိပ္ပါယ်အရပြပုံ၊

(၅၅) စက္ခု ငါးအင်၊ ကောင်စွာထင်သည့်၊ ဉာဏ်အမြင် ရှိတော်မူသော မြတ်စွာဘုရားသျှင်သည်၊ အလုံးစုံသော မာရ်နတ်မင်း၏၊ အမူအရာကို၊ သိတော်မူ၍၊ ပိုင်းခြားတော် မူ၍၊ [ဤသို့ ဆုတ်ခွါ၍ သွားသော်လည်း၊ နောက်ထပ်တဖန်၊ အတန်ငယ် အချိန်ကြာလတ်သောအခါ၊ အကြား-အကြား၌၊ မာရ် (စစ်သည်) တို့ကို၊ စေလွှတ်၍၊ ဖြိမ်းခြောက်ခြင်းပြုသည်ကို သိ၍ ဟူလို] ထို့သို့ သိမြင်တော်မူသောကြောင့်၊ မိမိ၏ သာသနာတော်၌၊ ကောင်းစွာနှစ်ခြိုက်၊ ပျော်ပိုက် မွေ့လျော်ကုန်သော ရဟန်းတို့ကို၊ မိန့်ခေါ်၍၊ သိစေတော်မူ၏-ဟူလို။

(၅၆) အို….ငါ၏ ချစ်သား၊ ရဟန်းများတို့—

မာရ်နတ် စစ်သည်တို့သည်၊ နောက်ဆုတ် တပ်လန့်၍၊ ပြန်သွားကြကုန်ပြီ။ ။(သို့ရာတွင်၊ နောက်ထပ် တဖန်၊ပြန်လည်၍ လာတတ်သောသဘောရှိ၏။ ။) ထို မာရ်နတ်၏ စစ်သည်တို့ကို၊ (သင်) ချစ်သားတို့သည်၊ မိမိတို့၌၊ ရအပ်သော (**ဘာဝိညာဉ်**) အသိဉာဏ် အားလျော်စွာ၊ သိကြကုန်လော။ ။(**ဖလသမာပတ်**) ချမ်းသာမြတ်ကို၊ မပြတ်ဝင်စားလျက်နေခြင်းငှါ၊ ဝိရိယကို၊ အားထုတ် ကြကုန်လော=ဟူ၊ တိုက်တွန်းတော်မူသဖြင့်၊ ထိုဆုံးမချက်စကားကို၊ မှတ်သား နာယူကြကုန်၏။

(၁) မာရ်နတ်မင်းသည်၎င်း၊

(၂) မာရ်နတ်မင်း၏၊နတ်စစ်သည်တို့သည်၎င်း၊ရဟန္တာဝပုဂ္ဂိုလ် ငါးရာတို့မှ၊ ဝေးစွာ ဖဲခွါ သွားကြလေကုန်ပြီ။ ။

(၁) မာရ်နတ်မင်းသည်၎င်း၊

(၂) မာရ်နတ်မင်း၏ နတ်စစ်သည်တို့သည်၎င်း၊ ထိုရဟန္တာ ပုဂ္ဂိုလ် ငါးရာတို့၏ ကိုယ်ခြံ၊ မပြော ပ-ဘွယ်၊ နုနယ် သေးကွေး၊ ဖွံ့ဖြိုးတင်း တမျှင်၊ တပင်, မျက်ိုသော်လည်း၊ တောင်- ဖြောက်- ယိမ်းခွဲ၊ တိမ်းငဲ့,လှုပ် ချောက်ချားစေခြင်းငှါ၊ မစွမ်းနိုင်ကုန်သည်ဖြစ်၏။

http://www.dhammadownload.com

(၅၇) ဤသို့ ရဟန်းတို့၏၊ ကြောက်ရွံ့ ထိတ်လန့်ခြင်း မရှိသည်ကို သိ၍၊မာရ်နတ်သားသည်၊ အောက်၌ ဖေါ်ပြအပ်သော ဂါထာကို–ရွတ် ဆိုလေ၏။ ။

(၅၇) သမ္မေ-ဝိဇိတ- သင်္ဂါမာ။ (လ)။
သာဝကာ-တေ-ဇနေ-သုတာ။ ။

အထ မာရော ဘိက္ခူ သံယံ၊အာရဗ္ဘ ဣမံ ဂါထံ အဘာသိ။ ။
(အဋ္ဌကထာဖွင့်။)

(၅၇) ထိုအခါ၊ ကိလေသာမာရ်၊ ကိုယ်တွင်းရန်ကို၊ တွန်းလှန်ဖြိုဖျက်၊ နိဗ္ဗာန်အောင်မြင်အပ်ပြီးသော စစ်မြေပြင်ရှိသဖြင့်+၊ တုန်လှုပ်ချောက်ချား၊ကြောက်ရွံ့ခြင်းများကို၊ ဖြစ်ပွါးစေတတ်သော ထိုထိုသို့သော စိတ်ဓာတ်မှကင်းပြတ် လွန်မြောက် ကြကုန်သည်ဖြစ်၍+၊ လောကဓာတ်ပေါ်၊ တဖြေးဖြေး၌၊ ခြွေရွေ့-ပြန့်သင်း၊ ဂုဏ်သတင်းဖြင့်၊ထင်လင်းကျော်စောခြင်းရှိကုန်သော+၊ ထိုရဟန္တာ ပုဂ္ဂိုလ်ငါးရာတို့နှင့်တကွ၊ အလုံးစုံသောနတ်, ဗြဟ္မာတို့သည်၊ အားတက် ရွှင်မြူး၊ စိတ်ကြည်နူး၍၊ အထူးဝမ်းမြောက်ဝမ်းသာ၊ **သဒ္ဓါ–သတိ** အစရှိသည်တို့ဖြင့်၊ ဖရဏာ-ပီတိ၊ ဥမ်း ဆီ ထိသို့၊ တအိုအိ- ရွှန်းစိုလျက်၊ ထိုထိုမိမိတို့နှင့်–ထိုက်တန်သော မဂ်ဉာဏ်–ဖိုလ်ဉာဏ် တို့ကို၊ရကြလေကုန်၏။

[ဤသည်ကား (၅၇) အမှတ်ဂါထာမှ၊ ရအပ်သော မြန်မာဘာသာပြန် အဓိပ္ပါယ်တည်း။]

ဤအဓိပ္ပါယ်ကိုရည်၍၊ အောက်၌ပါသော ဒေသနာ အစဉ်ကို၊ (သင်္ဂါယနာ)တင်တော်မူကြကုန်၏။

(၅၁) ဟေစ-သမ္ဗေ-အဘိက္ကန္တေ။ (လ)။
ပသ-ကက္ခသ-မန္ဒိယံ။ ။

(၅၂) ဇေ-ဂက္ခထ-ဗန္ဓထ။ (လ)။
မာ-ဓေါ-မုဉ္စိတ္ထ-ကောစိ နံ။ ။

http://www.dhammadownload.com

(၅၃) ဇုတိ-တတ္ထ-မဟာ-သေနော။ (လ)။
သရံ-ကတ္ဝာန-ဘေရဝံ။ ။

(၅၄) ယထာ-ပါဝုသကော-မေဃော။ (လ)။
သံကုဇ္ဈေ-အ-သယံ-ဝသေ။ ။

(၅၅) တဇ္ဇ-သဗ္ဗံ-အဘိညာယ။ (လ)။
သာဝကေ-သာသနေ-ရတေ။ ။

(၅၆) မာရ-သေနာ-အဘိက္ကန္တာ။ (လ)။
နေသံ·လောမာဝိ-ဇုဇ္ဈယုံ။ ။

(၅၇) သဗ္ဗေ-ဝိဇိတ-သင်္ဂါမာ။ (လ)။
သာဝကာ·တေ-ဇနေ-သုတာ။ ။

ဤမျှအတိုင်း အရှည်ရှိသော စကားအစဉ်ဖြင့်၊ ဤ(**မဟာ-သမယ**)သုတ္တန်ပါဠိတော်၌၊ ရအပ်သော အဓိပ္ပါယ်ကို၊ ဝတ္ထု၊ သက်သေ အစုံအလင်နှင့်တကွ၊ အနက်မြန်မာဘာသာပြန်ဆို ဖွင့်ပြပြီးပြီ။ ။

ဤယခုအခါ၌၊ ဤ(**မဟာသမယ**)သုတ္တန်၏ ဂုဏ်အထူးနှင့်တကွ၊ ထိုသုတ္တန်ကို၊ ရွတ်ဖတ်ပြန်ဆို၊ သရဇ္ဈာယ်ကြသော ပုဂ္ဂိုလ်တို့၌၊ ရရှိခံစားအပ်သော အကျိုးကျေးဇူးတို့ကို ပြအပ်ပြီး၏။

ဤ (**မဟာသမယ**)သုတ္တန်ကို၊ (**ကပိလဝတ်**)ပြည်၏ အနီး၊ (**မဟာဝုန်**)တောအုပ်ကြီး၌၊ အာသဝေါကုန်ခန်းသည့်၊ ရဟန္တာပုဂ္ဂိုလ် ငါးရာ အပေါင်း၊ ခ ငြောင်း ဝန်းရံလျက်၊ ဟသောင်းသော ဧလောက ဓာတ် တိုက်အတွင်းမှ၊ လာရောက်ကြကုန်သော ဂရုဠ-နဂါး၊ သိကြား-အသုရာ၊နတ်,ဗြဟ္မာ အပေါင်းတို့အား၊ မြတ်စွာဘုရားသျှင် ကိုယ်တော်တိုင်၊ဟောကြားတော်မူအပ်၏။

http://www.dhammadownload.com

ထိုသို့ဟောတော် မူပြီးသည်၏ အဆုံး၌၊ကုဋေတသိန်းမျဲသော နတ်, ဗြဟ္မာ အပေါင်းတို့သည်၊ အာသဝေါ ကုန်ခမ်းသည့် ရဟန္တာပုဂ္ဂိုလ်ဖြစ်ကြ၍၊သောတာပန် ပုဂ္ဂိုလ်၊သကဒါဂါမ်ပုဂ္ဂိုလ်၊အနာဂါမ်ပုဂ္ဂိုလ်ဖြစ်ကြကုန်သော နတ်,ဗြဟ္မာတို့သည်ကား။ မရေတွက်နိုင်အောင်ပင်၊ များပြားကုန်၏။

ထို(**မဟာသမယ**) သုတ္တန်ကို၊ နတ်,ဗြဟ္မာတို့သည်၊ ကြည်ညိုလေးမြတ်၊ နှစ်သက် မြတ်နိုးစွာ နာယူအပ်ကုန်၏။ ။ထို နတ်,ဗြဟ္မာအပေါင်းတို့သည်။ ၌(**မဟာသမယ**) သုတ္တန် တရားတော် မြတ်ကို၊ အာဘယ်အခါ၌၊ ကြားနာရပါအံ့နည်း=ဟု၊ ကြိုးစွာသော အာသာ ဆန္ဒဖြင့်၊ နား တစွင့်စွင့်၊ ထောင်လင့် ငံ့စားလျက်။ ၌(**မဟာသမယ**) သုတ္တန်တရားကို၊ ဟောကြား ရွတ်ဆိုသော ပုဂ္ဂိုလ်ကို၊ အာဘယ်အခါ၌ တွေ့ရှိ၊ ဘူးမြင်ခွင့်၊ ရပါအံ့နည်း=ဟု၊ထိုမှ-၌မှ၊ လွည့်လည်၊ စုံစမ်းမေးမြန်းလျက်သာ နေကြကုန်၏။ ။ဟူ၍(**မဟာသမယ**)သုတ် အဖွင့်အဋ္ဌကထာ၌၊ မိန့်ဆို၏။

၌(**မဟာသမယ**) သုတ္တန်ကို၊ နတ်,ဗြဟ္မာတို့၊ ကြည်ညိုလေးမြတ်၊ နှစ်သက်အပ်သည်၏ အဖြစ်၌၊ ၌ယခုပြဆိုလတ္တံ့သော၀တ္ထု၊သက်သေကိုထောက်ဆ၍ သိအပ်၏။

သီဟိုဠ်ကျွန်း၌၊(**ဇေတဝနပဗ္ဗတ**)မည်သော ကျောင်းအရာမ်တွင်း၌၊ (**နာဂရုက္ခ**)မည်သော လိုဏ်ဂူ၀ယ်၌၊ (ကံ့ကော်) ပင်တပင်သည်ရှိ၏။ ထို (ကံ့ကော်)ပင်၌လည်း၊ စောင့်ကြပ်၍ နေသော နတ်သို့မဟုတ်သည်ရှိ၏။ ။တနေ့သ၌၊ ရဟန်းငယ်တပါး သည်လည်း၊ ထို(**နာဂရုက္ခ**)မည်သော လိုဏ်ဂူတွင်းသို့၀င်၍၊ ၌(**မဟာသမယ**)သုတ္တန်ကို၊ ပြန်ဆို သရဇ္ဈာယ်၍နေ၏။

ထိုအခါ၊(ဂန္ဓကော်) ပင်စောင့် နတ်သို့မဟုတ်သည်၊ ထိုရဟန်းငယ် ပြန်ဆိုသရဇ္ဈာယ်အပ်သော (**မဟာသမယ**) သုတ္တန်တရားကို၊ ကြားနာ၍နေရာ၊ တရားတော်အဆုံး၌၊ [သာဓု၊ သာဓု၊ သာဓု၊] ဟူ၍၊ သုံးကြိမ်တိုင်တိုင်၊ ကောင်းချီး နုမော်၊ သာဓုခေါ်လေ၏။ ။ထိုအသံကို၊ ရဟန်းငယ်ကြား၍၊ (အသင်) သည်၊ အာဘယ်သူနည်း=ဟု၊ မေးမြန်းလတ်သော်

http://www.dhammadownload.com

(အသျင်ဘုရား)တပည့်တော်သည်၊ နတ်သွီးဖြစ်ပါသည်=ဟု၊ လျှောက်ဆို၏။

အသင် နတ်သွီးဖြစ်လျှင်၊ အဘယ့်ကြောင့်၊ ကောင်းချီး နုမော်၊ (**သာဓု**) ခေါ်သနည်း=ဟု၊ မေးမြန်းပြန်လတ်သော်၊ (အသျင်ဘုရား) အကျွန်ုပ်သည်၊မြတ်စွာဘုရားသခင်သည်၊ (**ကဝိလဝတ်**) ပြည်၏အနီး၊ (**မဟာဝုန်**) တောအုပ်ကြီးဌ၌၊သီတင်းသုံးနေတော်မူခိုက်၊ တရားဟောသော နေ့၌၊ ၎င် (**မဟာသမယ**) သုတ္တန်တရားကို၊ ကြားနာရပြီးနောက်၊ (**ကာလအတော်ကြာပင်**) မကြားနာရဘဲနေရပါသည်။ ။ ၎င်ယခုမှ,တဖန်၊ အရှင်ဘုရား အထံ၌၊ ရွတ်ဆိုသံကို ကြားနာရပါသည်။ ထိုစဉ်အခါက၊ မြတ်စွာဘုရားသခင် ဟောတော်မူသည့်နည်းနှင့်၊(အသျင်ဘုရား) ယခု ရွတ်ဆိုအပ်သော တရားတော်သည်၊ အနည်းငယ်မျှ မတိမ်းယိမ်း၊ မဋ္ဌတ်ယွင်းစေဘဲ၊အသျင်ဘုရားတို့သည်၊ ၎င် (**မဟာသမယ**) သုတ္တန်ကို၊ ကောင်းမွန် မှန်ကန်စွာ၊ သင်ကြား—လေ့လာရခဲ့ပေ၏—ဟု၊ ချီးကျူး စကား၊ လျှောက်ကြားလေ၏။

ထိုအခါ၊ မြတ်စွာဘုရား တရားဟောတော် မူစဉ်အခါက (အသင်) နတ်သွီးသည်၊ ကြားနာ ခဲ့ရဘူး သလောဟု-မေးမြန်း ပြန်လတ်သော်၊ (အသျင်ဘုရား)ကြားနာခဲ့ရ-ဘူးပါ၏၊ ဟု—လျှောက်၏။

ထိုအခါ၊ နတ်,ဗြဟ္မာ အပေါင်းတို့သည်။ သောင်းသောင်း အုတ်အာ၊ များစွာ စည်းဝေးကြသည်ဖြစ်၍၊ (အသင်) နတ်သွီးသည်၊ အဘယ်အရပ်က နေ၍ကြားနာရသနည်း၊ဟု-မေးမြန်းလတ်သော်၊(အသျင်ဘုရား) အကျွန်ုပ်သည်၊ (**ကဝိလဝတ်**) ပြည်၏အနီး၊ (**မဟာဝုန်**) တောအုပ်ကြီးဌ၊ကြီးပွါးရသော (နတ်သွီး) အစစ်ဖြစ်ပါသည်။ ။(အကျွန်ုပ်) ထက်၊ ဘုန်းတန်းခိုးကြီးမားသော နတ်,ဗြဟ္မာတို့ ရောက်လာကြသည် ရှိသော်၊ (**ဇမ္ဗူဒိပ်**) ကျွန်း၌၊နေရာကို မရသည်ဖြစ်၍၊သီဟိုဠ်ကျွန်းသို့လာပြီးလျှင်၊ (**ဇမ္ဗုကောလ**) မည်သောသင်္ဘောဆိပ်ကမ်း၌နေ၍ကြားနာရပါသည်၊ ထိုဆိပ်ကမ်း၌လည်း၊ ရှေးနည်းအတူ၊ တန်းခိုး ကြီးမားသော နတ်,ဗြဟ္မာတို့၊ လာရောက်ပြန်သော်၊ အစဉ်သဖြင့်၊ နောက်သို့ ဆုတ်၍

http://www.dhammadownload.com

ဆုတ်၍ လာခဲ့ရာ၊ (**ရာဟဏ**) ဇနပုဒ်၌၊ (**လည်ပင်း**) ပမာဏ-မျှ မြုပ်အောင်၊ နှက်သော ရေထဲသို့၊ ဆင်း၍ ထိုအရပ်၌ နေပြီးလျှင်၊ ကြား နာရပါသည်-ဘုရား-ဟု၊ လျှောက်ဆိုပြန်၏။

အို....နတ်သို့း—

ယခု (အသင်) ပြောဆိုအပ်သည့် စကားအရ၊ (အသင်) နတ်သို့း နေသော အရပ်မှသည်၊ မြတ်စွာဘုရားသခင်၊ တရားဟောတော်မူသော (**ကပိလဝတ်**) ပြည်၏အနီး၊ (**မဟာဝုန်**) တောအုပ်ကြီးသည်၊ ခရီး အလွန် ဝေးကွာလှမ်းလှ ချေ၏ တကား။ ။(အသင်) နတ်သို့း၏ စကား၌၊ ယုံမှားဘွယ်ရာရှိ၏။ ။(အသင်) နတ်သို့းသည်၊ မြတ်စွာ ဘုရား၏ မျက်နှာတော်ကို၊ ဖူးမြင်ရပါ၏လော=ဟု၊ မေးမြန်းပြန် လတ်သော်၊(အသျှင်ဘုရား) အဘယ်သို့ စကား၊ မိန့်ကြားတော်မူပါသ နည်း။ ထို (**မဟာဝုန်**) တောအုပ်ကြီး၌ နေ၍၊ ဤ (**မဟာသမယ**) သုတ္တန်ကို၊ ဟောကြားတော်မူသော မြတ်စွာဘုရားသည်၊အကျွန်ုပ်ကိုသာ ရည်မှတ်၍၊မပြတ်မပြတ် ကြည့်ရှုလျက် ဟောတော်မူသည်-ဟု၊ မှတ်ထင် ၍ ရေလှိုင်း-တံပိုးတို့၏ အကြား၌၊ ပုန်းကွယ်၍ပင် နေရပါသည်=ဟု၊ လျှောက်ဆို၏။

(အသင်)နတ်သို့းသည်၊ယင်းကဲ့သို့ ဖြစ်ခဲ့လျှင်၊ဤ (**မဟာသမယ**) သုတ္တန်ကို၊ ဟောတော်မူသော နေ့၌၊ကုန်ရှေ့တသိန်းခန့်မျှ၊ အရေအတွက် ရှိသော နတ်,ဗြဟ္မာတို့သည်၊ (**အရဟန္တ**) ဖိုလ်သို့ ရောက်ကြကုန်၏။ (အသင်) နတ်သို့းဘည့်လည်း၊ ထိုအစဉ်အခါက၊ (**အရဟန္တ**) ဖိုလ်-တရားထူးကို၊ ဆွတ်မူးပန်ဆင်ရောက်ရှုပါနှင့်ရှိ၏-ဟု၊ ဆိုပြန်လတ်သော်၊ မရောက်ရပါဘုရား-ဟု၊ လျှောက်ကြား၏။

(**အနာဂါမိ**) ဖိုလ်သို့ ရောက်ရ-ဟန်-ရှိ၏ဟု—ဆိုပြန် လတ်သော်လည်း၊ မရောက်ရပါဘုရား—ဟု၊ လျှောက်ကြားပြန်၏။

(**သကဒါဂါမိ**) ဖိုလ်သို့ ရောက်ရ—ဟန်ရှိ၏—ဟု၊ ဆိုပြန် လတ်သော်လည်း၊မရောက်ရပါ-ဘုရား—ဟု၊ လျှောက်ကြားပြန်၏။

http://www.dhammadownload.com

သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊အနာဂါမိမဂ်-ဟူသောအောက်မဂ်သုံးပါးကိုရကြကုန်သောနတ်,ဗြဟ္မာတို့သည်၊မရေတွက်နိုင်အောင်ပင်များပြား ကုန်၏။ (အသင်)နတ်သွေးသည် (**သောတာပတ္တိ**) ဖိုလ်သို့ရောက်ရ-ဟန်ရှိ၏၊ဟုဆိုပြန်လတ်သော်၊ထိုနတ်သွေးသည်၊၌ (**မဟာသမယ**) သုတ္တန်ကို ဟောတော်မူသောနှင့်၌၊ (အောက်တမ်း) မျှသော (**သောတာပတ္တိ**) ဖိုလ်သို့သာ ရောက်ရသောကြောင့်၊ ရှက်နိုးသည်ဖြစ်၍(အသျင်ဘုရား)သည်၊မမေးမြန်းသင့်သောအရာကို၊မေးမြန်းတော်မူဘိ၏-ဟု၊ လျောက်ဆို၏။

ထိုနောက်မှ၊ ထိုနတ်သွေးကို၊ ရဟန်းငယ်သည်၊ ၌သို့ဆို၏။ (အို)…အချင်းနတ်သွေး၊(အသင်)နတ်သွေး၏ကိုယ်ကို၊ငါတို့အား၊ထင်ရှားပြခြင်းငှါ၊စွမ်းနိုင်ပါ၏လော-ဟု၊ဆိုပြန်လတ်သော်၊(အသျင်ဘုရား)ကိုယ်လုံးကို ပြခြင်းငှါ၊ မတတ်ကောင်းပါ၊ လက်ချောင်းတခု၌၊ လက်တဆစ်မျှသာ-ပြပါအံ့-ဟုဆို၍၊ တံခါးဖွင့်သော (သံကောက်) ပေါက်ဖြင့်၊ လက်တချောင်းကိုသွင်း၍၊လက်တဆစ်မျှ၊လိုက်ဂ္ဂ-တွင်းသို့ရှေ့ရှုပြလေ၏။

ထိုအခါ၊ (**လ**) ဝန်း (**ဧန**) ဝန်းအပေထောင်တို့ဖြင့်၊ တောက်ပြောင်ထွန်းလင်းသကဲ့သို့၊ ဝင်းဝင်း စက်စက်၊ထွန်းတက်တောက်ပလေ၏။

၌အရာ၌၊ နတ်သွေးသည်၊ မိမိကိုယ်ကို၊ တကိုယ်လုံး၊ ရဟန်းငယ်အားပြခြင်းငှါ၊ မစွမ်းနိုင်ပါ-ဟု၊ ဆိုခြင်းသည်၊ ပြစွမ်းနိုင်သော တန်းခိုး အစွမ်းမရှိ၍-မဟုတ်ချေ။ ။စင်စစ်အားဖြင့်၊ နတ်သွေး၏ အဆင်းသဏ္ဌာန်၊ ပုံဟန် လက်ခြေ၊ အင်္ဂနအထားကိုမြင်ရလျှင်၊ရဟန်းငယ်၏ သန္တာန်၌၊ စိတ်ဖေါက်ပြန်ခြင်းဟူသော အန္တရာယ်ဖြစ်မည်ကို၊ တားမြစ်ပယ်ဖျောက်လို၍သာ၊ မိမိကိုယ်၊ တကိုယ်လုံးကို၊ မပြနိုင်ပါဟု-လျောက်ဆိုခြင်းမျှ ဖြစ်သည်-ဟု၊ (သုတ်မဟာဝါ-**မဟာသမယ**သုတ်အဖွင့်**ဋီကာ**)၌ဖွင့်ဆို၏။

[ဒဟရဿ အန္တရာယံ ပရိဟရန္တီ နသက္ကာ ဘန္တေ သကလံ ကာယံ ဒဿေတုန္တိ အဝေါစ။ ။ဣသည်ကား။ ။ဋီကာအရ၊ အမှာစကားတည်း။]

http://www.dhammadownload.com

ထိုနောက်မှ၊ နတ်သွီးသည်လည်း၊ အသျင်ဘုရား= သတိပေါ့၍၊ မေ့လျော့တော်မမူပါလင့်-ဘုရား=ဟု၊လျှောက်ကြား၍ ရဟန်းငယ်အား ရှိခိုးပြီးလျင်၊ ဖဲခွါ၍သွားလေ၏။

ဒေဝတာ အပ္ပမတ္တာ ဘန္တေ ဟောထာ-တိ၊ ဒဟရံ ဘိက္ခုံ ဝန္ဒိတွာ အဂမာသိ။ ။ဒေဝတာ၊ နတ်သွီးသည်။ ဘန္တေ၊အသျင်ဘုရား။ အပ္ပမတ္တာ၊ သတိမပေါ့၊ မမေ့မလျော့ ကုန်သည်။ ဟောထ၊ဖြစ်တော်မူပါကုန်လော့။ ဇုတိ၊ဤသို့-သတိပေးစကား၊ လျှောက်ကြားပြီး၍။ ဒဟရံဘိက္ခုံ၊ ပဉ္စင်းငယ်ကို။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။အဂမာသိ၊ဖဲသွားလေ၏။ ။အဋ္ဌကထာပါဠိအနက်။

ဤသို့အားဖြင့်၊ ဤ(**မဟာသမယ**)သုတ္တန်ကို၊ နတ်တို့သည်၊ ကြည်ညိုလေးမြတ်အပ်၏။ ဤသုတ္တန်ကို၊ ပြန်ဆိုသရဇ္ဈာယ်၍ နေသော ပုဂ္ဂိုလ် တို့ကိုလည်း၊ နတ်,တို့သည် လွန်စွာချစ်ခင် ကြည်ညို မြတ်နိုးကုန်၏။

ထိုမှ-တပါး၊ လောကီ လောကုတ္တရာ၊ချမ်းသာ ကောင်းကျိုး၊အမျိုးမျိုးတို့၊ ပွါးတိုး စေကြောင်း၊ ကောင်းမြတ်သော (**မဂ်လာ**) အမှုနှင့် စပ်လျဉ်း၍၊ တရား ဓမ္မ၊ ဟောပြ ဆုံးမလိုသော ရဟန်း ရှင်လူ၊ သူတော်ကောင်း အပေါင်းတို့သည်၊ မိမိတို့၏ မြို့သစ် ရွာသစ် အိမ်သစ် ကျောင်းသစ် ဇရပ်သစ် နေရာသစ်ဖြစ်သော အရပ်ဌာနတို့၌၊ (**မဂ်လာ**) အကျိုး၊ ပွါးတိုး စေခြင်းငှါငုင်း။ ။ကုန်းလမ်း ရေလမ်း၊ ဖြတ်သန်း သွားလာသော အခါတို့၌၊ ဘေး–ဘျမ်း–အန္တရာယ်၊ ရန်စွယ် မထိမရောက်စေခြင်းငှါငုင်း။ ။ဤ(**မဟာသမယ**)သုတ္တန်ကိုသာလျှင် ရွတ်ဆိုအပ်၏။ နတ်,ဗြဟ္မာအပေါင်းတို့သည်၊ဤ(**မဟာသမယ**)သုတ္တန်ကို အဘယ်အခါ၌ ကြားနာကုန်အံ့နည်းဟု၊ ပြင်းစွာသော အာသာဆန္ဒဖြင့်၊ နားတစွင့်စွင့်ထောင်လင့်ငံ့စားကုန်လျက်၊ (**မဟာသမယ**) သုတ္တန်တရားကို၊ ဟောကြားရွတ်ဆိုသော ပုဂ္ဂိုလ်ကို၊အဘယ်အခါ၌ တွေ့ရှိဖူးမြင်ခွင့် ရပါကုန်အံ့နည်းဟု၊ ထိုမှ-ဤမှ၊လှည့်လည် စုံစမ်း၊မေးမြန်းလျက်သာ နေကြကုန်သတတ်–

ဟူ၍-အဋ္ဌကထာ၌ ဖွင့်ပြ၏။ ။

http://www.dhammadownload.com

မိမိတို့ကိုယ်တိုင်လည်း၊ အာဂုမ်-နှုတ်ထက်၊ ရွှရွှတက်အောင်၊ ကျက်မှတ် ဆောင်ယူ၍ ရွတ်ဆိုအပ်၏။

ဣဒံ ပန မဟာ သမယ-သုတ္တံ နာမ၊ ဒေဝကာနံ ပိယံ၊ မနာပံ၊ တသ္မာ မင်္ဂလံ ဝဒန္တေန အဘိ နဝ ဌာနေသု ဣဒမေဝ သုတ္တံ ဝတ္တဗ္ဗံ။ဒေဝတာ "ကိရ" ဣမံ သုတ္တံ သုဏိ ဿာမာ-တိ၊ ဩဟိတ-သောတာ ဝိစရန္တိ။ ။ (အဋ္ဌကထာ)

၍ (**မဟာသမယ**) သုတ္တန်ကို ရွတ်ဆိုသော အရပ်ဌာနသို့၊ နတ်တို့၏အမျိုး၊ဘုန်းတန်းခိုးအာနုဘော် ကြီးမားသော၊(**သမ္မာဒေဝ**) နတ်တို့သည်၊ အစဉ်မပြတ် ရောက်လာကြကုန်၏။

ထိုစကားသည် မှန်၏။

အကြင်သူသည်၊ရှေးဦးစွာ မိမိက၊ (**သမ္မာဒေဝ**) နတ်တို့ကို၊မေတ္တာပို့သခြင်း၊ ကုသိုလ်အမှု၊ ပြု၍ အမျှပေးဝေခြင်းဖြင့်၊ မြတ်နိုး ပူဇော်ခြင်းကိုပြု၏။ ။ထိုသူအား၊တဖန်၊ (**သမ္မာဒေဝ**) နတ်တို့က၊ (**မေတ္တာ**) ဖြင့်၊ချစ်ခင်မြတ်နိုး စောင်မမြဲဖြစ်၏။ ။ထိုသို့ (**သမ္မာဒေဝ**) နတ်တို့က၊ ချစ်ခင်မြတ်နိုး၊ စောင်မကြည့်ရှုခဲ့လျှင်၊ (**အမိ**) ရင်ခွင်ထက်၌၊ အိပ်စက်တည်နေရသော၊ (**သား**) သူငယ်ကဲ့သို့၊ မျမ်းသာခြင်းနှင့် ပြည့်စုံ၍၊ လောကီ လောကုတ္တရာ၊ အရာရာ တိုင်းတို့၌၊ ကြံစည် အောက်မေ့တိုင်း၊ ပြီးစီး အောင်မြင်နိုင်၏။

၎င်းအဓိပ္ပါယ်ကို ရည်၍၊ အောက်၌ ပါသော ဂါထာကို၊ ဟောကြားတော်မူအပ်၏။ ။

(၁) ယသ္မိ-ပဒေသေ-ကပ္ပေတိ၊
ဝါသံ-ပဏ္ဍိတ-ဇာတိယော။
သီလဝန္တေ-ထ-ဘောဇေတွာ၊
သညတေ-ဗြဟ္မ-စရိယေ။ ။

(၂) ယာ-ဟတ္ထ-ဒေဝတာ-အာသုံ၊
တာသံ-ဒက္ခိဏာ-မာဒိသေ။
ပူဇိတာ-ပူဇယန္တိ-နံ၊
မာနိတာ-မာနယန္တိ-နံ။ ။

သုတ်မဟာဝါ ပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်

http://www.dhammadownload.com

(၃) တတော-နံ-အနုကမ္မေန္တိ၊
မာတာ-ပုတ္တံ-ဝ-ဩရသံ။
ဒေဝတာ-နု-ကမ္မိတော-ပေါသော၊
သဒါ-ဘဒြာနိ-ပသတိ။ ။

သုတ်မဟာဝါ ပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်

(၁) ပဏ္ဍိတ ဇာတိယော၊ လောက-ဓမ္မ၊ နှစ်ဝ-ရေးရာ၊ လိမ္မာ-တတ်သိ၊ ပညာရှိသော အမျိုးကောင်းသားသည်။ ယသ္မိံ ပဒေသေ၊ အကြင် အရပ်၌။ ဝါသံ၊ တည်းခို နေထိုင်ခြင်းကို။ ကပ္ပေတိ၊ ပြု၏။ ။ထို့ကြောင့်၊ ဤ တည်းခို နေထိုင်ရာအရပ်၌။ သညတော၊ ကိုယ်နှုတ်-နှလုံး၊ သုံးပါးလုံးကို၊ စောင့်သုံး သိမ်းဆည်းကြကုန်သော။ ဖြဟ္မ-စရိယေ၊ (**အရိယာ**) ဇာတ်၊စိတ်ရည် မှတ်၍၊မြတ်သော အကျင့်ကို ကျင့်တတ်ကုန်သော။ သီလ ဝန္တော၊ မြဲညစ် မတင်၊ ဖြူစင် မြင့်မြတ်သော သီလ ရှိကုန်သော သူတော် ကောင်းတို့ကို။ ဘောဇေတွာ၊ ပင့်ဖိတ် ကျွေးမွေးပြီး၍။

(၂) တတ္ထ၊ ထိုအရပ်၌၊ ယာ-ဒေဝတာ၊ အကြင် နတ်တို့သည်။ အာသုံ၊ မိဒိုခို-ကပ်တုံ၊ တည်ရာ ဘုံဟု၊ ခိုလှုံ နေထိုင်ကြကုန်၏။ တာသံ၊ ထို နတ်တို့အား။ ဒက္ခိဏံ၊ ရေစက် သွန်းလောင်း၊ဆုပန် တောင်း၍၊ ကောင်းမှု အဘို့ကို။ အာဒိသေ၊ ကိုယ်နှင့် ထပ်တူ၊ ရစေ ဟူ၍၊ ကြည်ဖြူ မြတ်လေး၊ ပေးဝေရာ၏။ ။ပုဇိတာ၊ ကုသိုလ် ပြု၍၊ ကောင်းမှု ကော်ရော်၊ ပူဇော် အပ်ကုန်သော သူတို့သည်။ နံ(ပုဂ္ဂလံ)၊ကုသိုလ်ပြု၍၊ကောင်းမှုအမျှ၊ပေးဝေငှသော ထိုပုဂ္ဂိုလ်ကို။ ပူဇယန္တိ၊ ဘေးရန် ကင်းမှု၊ စီရင် ပြု၍၊ ကြည့်ရှု ကော်ရော်၊ ပူဇော်ကြကုန်၏။ ။မာနိတာ၊ အခါအခွင့်၊ မျော် ထောက်ချင့်၍၊ (**လ**)ဖြင့် ပိုင်းခြား၊အစာ အာဖြင့်၊မြောက်စား မပြတ်၊ မြတ်နိုး အပ်ကုန်သော နတ်တို့သည်။နံ(ပုဂ္ဂလံ)၊ထိုသို့မသွေ၊မြောက်စား လေ၍၊ စိတ်နေ ညွှတ်လတ်၊ မြတ်နိုးတတ်သော ထိုပုဂ္ဂိုလ်ကို။ မာနယန္တိ၊ဘေးရန်ကင်းမှု၊စီရင်ပြု၍၊ကြည့်ရှုမြတ်နိုးကြကုန်၏။

(၃) တတော၊ထိုသို့ ပူဇော် မြတ်နိုး၊ကောင်းမှု မျိုးကြောင့်။ ဒေဝတာ၊ ပူဇော်မြတ်နိုး၊ ကောင်းမှု မျိုးကို၊အားကိုး ခံလာ၊ နတ်,တကာတို့

http://www.dhammadownload.com

သံ်ည်။နံ(ပုဂ္ဂလံ)၊ထိုသို့ပူဇော်မြတ်နိုး၊ ကောင်းမှုမျိုးကို၊ ကြိုးပမ်း တကုတ်၊ အားထုတ်ပြုလုပ်သောထိုပုဂ္ဂိုလ်ကို။အနုကမ္ပာ်၊ဘေး ရန် မဖြစ်၊ သား-ရင်း စစ်သို့၊တားမြစ်စောင့်ရှောက်ကြကုန်၏။။

(ကိမိဝ၊အဘယ်ကဲ့သို့နည်း။)

မာတာ၊ မွေးသည့် မိခင်၊ ကျေးဇူးရှင်သည်။ သြရသံ၊ မိမိရင်မှမွေးဘွားသော။ ပုတ္တံ၊ ရင်ဝယ်ပွါးစီး၊ သားသို့မိုးကို။ အနုကမ္ပတိ (ဇ္ဈဝ)၊ဘေးရန်မဖြစ်၊တားမြစ်စောင့်ရှောက်၏ကဲ့သို့ ပေတည်း။

ဒေဝတာ–နုကမ္ပိတော၊ နတ်အများတို့၊ သနား ချစ်ခင်၊ ကြင်နာစောင့်ရှောက်အပ်သော။ ပေါသော၊ သတ္တဝါဟူသမျှ သည်။ သဒါ၊ နေ့ရောညဉ့်ပါ၊အခါခပ်သိမ်း။ ဘဒြာနိ၊ စိတ်ဥ မွန်းပျံ၊ ဂုဏ်ရှိဟု၊ ခုံမင်နှစ်သက်အပ်သော အရာတို့ကို။ ပဿတိ၊ မျက်မှောက်ထင်ထင်၊ ပဋ္ဌမြင်ရရှိကြလေ၏။

(၁) အရဟံဂုဏ်တော်

ဤသို့လျှင် ဥ၌(**မဟာသမယ**)သုတ္တန်ကို(**သမ္မာဒေဝ**)နှက်တို့ သည်၊အမြဲမပြတ်၊ မှတ်သားကြားနာလိုကြင်း၊ ဤသုတ္တန်ကို ရွတ်ဖတ်ပြုန် ခဲ့ သရဇ္ဈာယ်ရှိုင်းသော ပုဂ္ဂိုလ်တို့အားလည်း။(**သမ္မာဒေဝ**)နတ်တို့ သည်၊ ဂူးမြင်လိုကြကြင်းစသော (**ဒေဝေဟဗ္ဗ**)ဝမ္ဘ၏ဂုဏ်ကို၊ ပြဆိုကာ မျှဝေကြင်း၊(**ဝမ္မဒေသက**)ရှစ်သော သုံးလူ့ပွတ်တင်း၊မြတ်စွာဘုရားသျှင်၏၊ ဂုဏ်တော် ကျေးဇူးတော်တို့ကို၊ ကြိုးကျယ် ပြင့်ပြတ် လှပေ၏။ဟူ၍၊ ချီးကျူးကြင်းငှာ၊ ပထိုက်ချေသေး။ ။စင်စစ်အားဖြင့်မူ၊(၁)ဤ(**မဟာ-သမယ**)သုတ္တန်ကို၊ဟောကြားတော်မူရာဌာနဖြစ်သော၊(**မဟာဝုန်**) တောအုပ်ကြီးသို့၊တသောင်းသောလောကဓာတ်မှ၊ နတ်,ဗြဟ္မာအပေါင်း တို့သည်၊ သောင်းသောင်းအုတ်အာ၊ စည်းဝေးကာဖြင့်၊ ညီညာဖြုံဖြုံ၊လာ ရောက် ဆည်းကပ်ပူဇော်ကြင်းကိုပြုသဖြင့်၊ထို(**ဝမ္မဒေသက**)ရှစ်သော သုံးလူ့တွတ်တင်၊ မြတ်စွာဘုရားသျှင်သည်၊ ကိုးပါးသော ဂုဏ်တော် အပေါင်းတို့တွင်၊မိမိကိုယ်တိုင်၊လူနတ် ဗြဟ္မာသတ္တဝါကျေးဇူးပြုတော်မူ၏၊

http://www.dhammadownload.com

ကြည်ဖြူကော်ရော်၊ပူဇော်ရာအထူးကို၊ ရွှင်မြူးသိမ်းပိုက်၊ ခံယူထိုက်တော်မူ၏—ဟူသော (**သေဘဂဝါဇ္ဇတိဝိအရဟံ**) ဂုဏ်တော်နှင့် ပြည့်စုံတော်မူသည့်အဖြစ်ကို ထင်စွာပြသဖြင့်ဂုဏ်း။

(၂) သမ္မာသမ္ဗုဒ္ဓဂုဏ်တော်

(၂) ထိုနည်းတူစွာ (**ကဝိလဝတ်**) ပြည် (**ကောလိယ**) ပြည် ဟူသော နှစ်ပြည်ထောင်သား၊ မင်းသားငယ် ငါးရာ တို့နှင့်တကွ၊ ဝသောင်းသော လောကဓာတ်မှ၊ ညီညာ ဖြဖြ၊ စည်းဝေး လာရောက်၊ ဆည်းကပ် ပူဇော် ကြကုန်သော၊နတ်,ဗြဟ္မာ အပေါင်းတို့အား၊ သစ္စာလေးပါး၊ တရားအမြိုက်ကို၊ တိုက်ကျွေးတော်မူရာ၊ ကုဋေတသိန်းမျှသော နတ်,ဗြဟ္မာတို့သည်၊ အာသဝေါ ကုန်ခန်း၍၊ ရဟန္တာ ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ကြ၍၊ (**သောတာပန်**) ပုဂ္ဂိုလ်၊ (**သကဒါဂါမ်**) ပုဂ္ဂိုလ် (**အနာဂါမ်**) ပုဂ္ဂိုလ်၊ အဖြစ်သို့ ရောက်ကြသော နတ်,ဗြဟ္မာတို့၏ အရေအတွက်သည်၊ မရေမတွက်နိုင်အောင် များပြားစွာ ဖြစ်ရသဖြင့်၊ ထို(**ဓမ္မဒေသက**)ဖြစ်သော သုံးလူ့ထွတ်တင်၊မြတ်စွာဘုရားသျှင်သည်၊ ကိုးပါးသော ဂုဏ်တော်အပေါင်းတို့တွင်၊ မိမိကိုယ်တိုင်၊ သစ္စာလေးပါး၊ တရားအစဉ်ကို၊ သိမြင်တော်မူ၏—ဟူသော (**သေဘဂဝါဇ္ဇတိဝိ သမ္မာသမ္ဗုဒ္ဓါ**) ဂုဏ်တော်နှင့် ပြည့်စုံတော်မူသည့်အဖြစ်ကို ထင်စွာပြသဖြင့်ဂုဏ်း။

(၃) ဝိဇ္ဇာစရဏဂုဏ်တော်

(၃) ထိုနည်းတူစွာ (**ကဝိလဝတ်**) ပြည် (**ကောလိယ**) ပြည် ဟူသော နှစ်ပြည်ထောင်သား၊ မင်းသားငယ် ငါးရာတို့နှင့် တကွ၊ တသောင်းသော လောကဓာတ်မှ၊ ညီညာ ဖြဖြ၊ စည်းဝေး လာရောက်၊ ဆည်းကပ် ပူဇော်ကြကုန်သော၊နတ်,ဗြဟ္မာ အပေါင်းတို့အား၊ ထိုက်တန်သော အသိ-ဉာဏ်ဟူသော(**ဝိဇ္ဇာ**)တရား၊ အကျင့်ဟူသော (**စရဏ**) တရားတို့နှင့်၊ပြည့်စုံစေခြင်းကို ပြသခြင်း၊ ဝါ(**ဓမ္မဒေသက**)ဖြစ်သော သုံးလူ့ထွတ်တင်၊ မြတ်စွာဘုရားသျှင်သည်၊ ကိုးပါးသော ဂုဏ်တော်

http://www.dhammadownload.com

အပေါ်ဝဲးတို့တွင်၊ မိမိကိုယ်တိုင်အသိ-ဉာဏ်ဟူသော (**ဝိဇ္ဇာ**) တရား၊ အကျင့်ဟူသော (**စရဏ**) တရားတို့နှင့်၊ ပြည့်စုံတော် မူ၏— ဟူသော (**သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော**) ဂုဏ်တော်နှင့် ပြည့်စုံတော် မူသည် အဖြစ်ကို ထင်စွာပြသဖြင့်ဂုဏ်း။

(၄) သုဂတ-ဂုဏ်တော်

(၄) ထိုနည်းတူစွာ (**ကဝိလဝတ်**) ပြည်၊ (**ကောလိယ**) ပြည်ဟူသောနှစ်ပြည်ထောင်သား၊ မင်းသားငယ် ငါးရာတို့နှင့် တကွ၊ တသောင်းသော လောကဓာတ်မှ၊ ညီညာ ဖြဖြာစည်းဝေး လာရောက် ဆည်းကပ်ပူဇော်ကြကုန်သောနတ်, ဗြဟ္မာအပေါင်းတို့အား၊အကြောင်း, အကျိုးအားဖြင့်၊ ဟုတ်မှန်၍၊ အကျိုးရှိသော စကားကောင်း, စကားမှန်တို့ကိုသာ၊ ညွှန်ကြား ပြောဆို စေခြင်းကို ပြသဖြင့်၊ ထို (**ဓမ္မဒေသက**) ဖြစ်သော သုံးလှုံ့ထွတ်တင်၊ မြတ်စွာဘုရားသျှင်သည်၊ ကိုးပါးသော ဂုဏ်တော် အပေါင်းတို့တွင်၊ အပေါ်ဆုံးသော သုဂတ-ဂုဏ်တော်ကို ပြသဖြင့်ဂုဏ်း။

(၅) လောက-ဝိဒူ-ဂုဏ်တော်

(၅) ထိုနည်းတူစွာ (**ကဝိလဝတ်**) ပြည်၊ (**ကောလိယ**) ပြည်ဟူသောနှစ်ပြည်ထောင်သား၊ မင်းသားငယ်တို့နှင့် တကွ၊ တသောင်းသော လောကဓာတ်မှ၊ ညီညာ ဖြဖြာစည်းဝေး လာရောက် ဆည်းကပ်ပူဇော်ကြကုန်သော နတ်, ဗြဟ္မာတို့၏ အမျိုး, အမည်, အနွယ်, ဟူသော (**သတ္တလောက**) တည်နေရာ ဘုံ-ဟူသော (**ဩကာသလောက**) ခန္ဓာ, အာယတန, ဓာတ်စသော ပြုပြင်ပူဟူသော (**သင်္ခါရလောက**) တို့ကို၊ အသီးအသီး၊ ပိုင်းခြားဝေဖျန်ပြစေခြင်းကို ပြသဖြင့်၊ ထို (**ဓမ္မဒေသက**) ဖြစ်သော သုံးလှုံ့ထွတ်တင်၊ မြတ်စွာဘုရားသျှင်သည်၊ ကိုးပါးသော ဂုဏ်တော် အပေါင်းတို့တွင်၊

http://www.dhammadownload.com

မိမိကိုယ်တိုင်၊ လောက သုံးပါးတို့၏ ဖြစ်ပုံ၊ ပျက်ပုံ၊ ပရမတ်နှင့်၊ ပညတ် အစုံကို အံကုန်အစင်၊ သိမြင်၏=ဟူသော (**သဗ္ဗဂဝါဇ္ဈတိဝိ လောကဝိဒူ**) ဂုဏ်တော်နှင့် ပြည့်စုံတော်မူသည် အဖြစ်ကို ထင်စွာ ပြသဖြင့်၎င်း။ ။

(၆) အနုတ္တရောပုရိသ-ဒမ္မသာရထိ-ဂုဏ်တော်

(၆) ထိုနည်းတူစွာ၊ ဤ (**မဟာသမယ**) သုတ္တန်ကို၊ ထုတ်ဖော်ပိုင်းခြား၊ဟောကြားရာ ဌာန၏ အကြောင်း နိဒါန်း၌၊ ထို (**ကဝိလဝတ်**) ပြည်၊ (**ကောလိယ**) ပြည် ဟူသော နှစ်ပြည် ထောင်သော မင်းတို့သည်၊ အချင်းချင်း ခိုက်ရန် ဖြစ်ကြရာ၌၊ တရားသဖြင့်၊ သင့်တင့် ညီညွတ်၊ယဉ်ကျေးစေကြောင်း၊ နည်းကောင်း,နည်းမွန်,ဥပဒေသ-ကို ညွှန်ပြလျက်၊ ယဉ်ကျေး နူးညံ့၊ သိမ်မွေ့စေခြင်းကို ပြသဖြင့်၊ ထို (**ဓမ္မဒေသက**) ဖြစ်သော သုံးလှုံ့ထွတ်တင်၊ မြတ်စွာဘုရားသျှင်သည်၊ ကိုးပါးသော ဂုဏ်တော် အပေါင်းတို့တွင်၊ မိမိကိုယ်တိုင် ကိုယ်,နှုတ်, နှလုံး၊ သုံးပါးလုံးကို၊ စောင့်သုံး ယဉ်ကျေးအောင် ဆုံးမတော်မူ၏=ဟူသော (**သဗ္ဗဂဝါဇ္ဈတိဝိ အနုတ္တရောပုရိသ ဒမ္မသာရထိ**) ဂုဏ်တော်နှင့် ပြည့်စုံတော်မူသည်အဖြစ်ကို ထင်စွာပြသဖြင့်၎င်း။ ။

(၇) သတ္ထာဒေဝမနုဿာနံ-ဂုဏ်တော်

(၇) ထိုနည်းတူစွာ၊ (**ကဝိလဝတ်**) ပြည်၊ (**ကောလိယ**) ပြည် ဟူသော နှစ်ပြည်ထောင်သား၊ မင်းသားငယ် ငါးရာတို့နှင့်တကွ၊ တသောင်းသော လောကဓာတ်မှ၊ ညီညာ ဖြဖြ၊ စည်းဝေး လာရောက်၊ ဆည်းကပ် ပူဇော်ကြကုန်သော နတ်,ဗြဟ္မာ အပေါင်းတို့အား၊ အသီးအသီး အားဖြင့်၊ မကောင်းမြစ်တား၊ ကောင်းရာ တိုက်တွန်း၊ ပြည့်ဆုန်းဆုံးမစေခြင်းကို ပြသဖြင့်၊ ထို (**ဓမ္မဒေသက**) ဖြစ်သော. သုံးလှုံ့ထွတ်တင်၊ မြတ်စွာဘုရားသျှင်သည်၊ ကိုးပါးသော ဂုဏ်တော်အပေါင်းတို့တွင်၊ မိမိကိုယ်တိုင်၊လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့အား၊ မကောင်းမြစ်တား၊ကောင်းရာတိုက်တွန်း၊ပြည့်ဆုန် ဆုံးမတော်မူတတ်၏=

http://www.dhammadownload.com

ဟူသော (သောဘဂဝါ ဣတိဝိ သဇ္ဈာဒေဝမနုဿာနံ) ဂုဏ်တော်နှင့် ပြည့်စုံတော်မူသည်အဖြစ်ကို ထင်စွာပြသဖြင့်ဂုဏ်း။ ။

(ဂ) ဗုဒ္ဓ-ဂုဏ်တော်

(ဂ) ထိုနည်းတူစွာ (**ကဒိလဝတ်**) ပြည် (**ဓကာလိယ**) ပြည် ဟူသော နှစ်ပြည် ထောင်သား၊ မင်းသားငယ် ငါးရာ တို့နှင့်တကွ၊ တသောင်းသော လောကဓာတ်မှ၊ ညီညာဖြဖြ၊ စည်းဝေးလာရောက် ဆည်းကပ်ပူဇော် ကြကုန်သော နတ်, ဗြဟ္မာအပေါင်းတို့အား၊ သစ္စာလေးပါး၊ တရားအနက်ကို၊ တိုက်ကျွေးတော်မူရာ၊ အသီးအသီးအားဖြင့်၊ သစ္စာလေးပါး၊ တရားအစဉ်ကို၊ သိမြင်တော်မူခြင်းဖြင့်၊ ထို (**ဓမ္မဒေဿက**) ဖြစ်သော သုံးလှုံ့ထွတ်တင်၊ မြတ်စွာဘုရားသျှင်သည်၊ ကိုးပါးသောဂုဏ်တော် အပေါင်းတို့တွင်၊ မိမိကိုယ်တိုင်၊ သစ္စာလေးပါး တရားအစဉ်ကို၊ သိမြင်တော်မူ၏==ဟူသော(**သောဘဂဝါဣတိဝိဗုဒ္ဓေါ**) ဂုဏ်တော်နှင့် ပြည့်စုံတော်မူသည် အဖြစ်ကို ထင်စွာပြသဖြင့်ဂုဏ်း။

(ဃ) ဘဂဝါ-ဂုဏ်တော်

(ဃ) ထိုနည်းတူစွာ (**ကဒိလဝတ်**) ပြည်၊ (**ဓကာလိယ**) ပြည် ဟူသော နှစ်ပြည်ထောင်သား မင်းသားငယ် ငါးရာတို့နှင့် တကွ၊ တသောင်းသော လောကဓာတ်မှ၊ ညီညာဖြဖြ၊ စည်းဝေး လာရောက် ဆည်းကပ်ပူဇော်ကြကုန်သော နတ်,ဗြဟ္မာ အပေါင်းတို့အား၊ ထိုက်တန်သော ဘုန်းတော်ဂုဏ်တို့နှင့် ပြည့်စုံစေခြင်းကို ပြသဖြင့်၊ ထို (**ဓမ္မဒေဿက**)ဖြစ်သော သုံးလှုံ့ထွတ်တင်၊ မြတ်စွာဘုရားသျှင်သည်၊ ကိုးပါးသော ဂုဏ်တော် အပေါင်းတို့တွင်၊ မိမိကိုယ်တိုင် (**ဣသရိယ,ဓမ္မ, ယသ,သိရိ,ကာမ,ပယတ္တ,**) ဟူသော ဘုန်းတော် ငြာဂ်ပါးနှင့် ပြည့်စုံတော်မူ၏==ဟူသော(**သောဘဂဝါဣတိဝိဘဂဝါ**) ဂုဏ်တော်နှင့် ပြည့်စုံတော်မူသည့် အဖြစ်ကို ထင်စွာပြသဖြင့် - ၌ (**မဟာသမယ**)သုတ္တန်ဟူသောတရားအတူးကို၊ ကျူးရင့်တော်မူသော

http://www.dhammadownload.com

မြတ်စွာဘုရားသျှင်၏ဂုဏ်ကို၊အာရုံ စွဲ၍၊ မြစွာ မမေ့၊ လေ့လာ ပွါးများ ကြကုန်ရာ၏။ဟူသော နည်းဥပဒေသကို၊ ညွှန်ပြတော်မူ၏။

ဤသို့အားဖြင့်၊ သုံးလူ့ထွတ်တင်၊ မြတ်စွာဘုရားသျှင်၏ ဂုဏ်ကို အာရုံပြု၍ (**ဗုဒ္ဓါနုဿတိ**) ကမ္မဋ္ဌာန်း၊ စီးဖြန်းပွါးများ ရခြင်းကြောင့် သံသရာ ခွင်၌၊ ကျင်လည်သမျှ ကာလ ပတ်လုံး၊ ပုထုဇဉ် ပုဂ္ဂိုလ်တို့၏ သဘောအလိုဖြင့်၊ လောကီရိပ်ငြိမ်၊ စည်းစိမ်ဥစ္စာ၊ အဖြာဖြာတို့နှင့် ပြည့်စုံခြင်း=ဟူသော (**ဘောဂသမ္ပတ္တိ**။)

လူမင်း,နတ်မင်း,ဗြဟ္မာမင်းတို့၏အဖြစ်ဟူသော(**ဘဝသမ္ပတ္တိ**)ဂုဏ် တို့နှင့်၊မချို့ကုံလုံ၊ ပြည့်စုံ၍ အဆုံးစွန်သောဘဝ၌၊ အာသဝေါကုန်ခန်း၍၊ ရဟန္တာ ပုဂ္ဂိုလ်ဖြစ်ရသော (**သုဘူတိ**) ထေရ်၏အလောင်း၊ (**နန္ဒ**) ရသွေ့၏ ထုံးကိုလည်း၊ နှလုံးသွင်းနည်းယူအပ်သင့်လှပေ၏။

ဤအရာ၌၊ (**ဗုဒ္ဓါနုဿတိ**)ကမ္မဋ္ဌာန်း၊ စီးဖြန်းပုံနည်းနှင့် တကွ၊ ထိုသို့စီးဖြန်းပွါးများ၍ ရဟန္တာပုဂ္ဂိုလ်ဖြစ်ရသော (**သုဘူတိ**) ထေရ်၏ အကြောင်းအဋ္ဌုပ္ပတ္တိအကျယ်ကို၊ ဝတ္ထုသက်သေ အစုံအလင်နှင့်တကွ၊ ရွတ်ဖတ်သိဆို၍၊ကြည်ညိုခြင်း သဒ္ဓါတရား တည်းဟူသောပန်းကို၊လန်း လန်းစွင့်စွင့်၊ ပွင့်စေနိုင်သော (**ပါဋိ-ဂါထာ**)တို့ကို၊(**အပဒါန်**) ပါဠိတော်မြတ်မှထုတ်နုတ်၍၊စီစဉ်ရေးသား ဖွင့်ဆိုအပ်သော(**သုဘူတိ**) ဘာဝနာဖွင့် အကျယ်လက်စွဲကျမ်းသည်၊ပုံနှိပ်ပြီးအသင့်ပင်ရှိနေပြီးဖြစ်၍ ကြည့်ရှုကြပါကုန်။

ဤသို့စသောအားဖြင့်၊ဝိုင်းကြားခွဲဝေ၊ရတွက်ခဲ့လျှင်၊သုံးလူ့ထွတ်တင်၊ မြတ်စွာဘုရားသျှင်သည်၊ ဤ(**မဟာသမယ**)သုတ္တန်ကို၊ ဖွင့်ထုတ်၍ ဟောတော်မူခြင်းဖြင့်ပင်၊ ကိုးပါးသော ဂုဏ်တော်နှင့်ပြည့်စုံတော်မူသည်၏ အဖြစ်ကိုထင်း–

ဤ(**မဟာသမယ**)သုတ္တန်တရားတော်မြတ်၏(**သွာက္ခာတတာ**) စသော ခြောက်ပါးသော ဂုဏ်တော်နှင့် ပြည့်စုံတော်မူသည်၏အဖြစ် ကိုထင်း၊–ထို (**မဟာသမယ**)သုတ္တန်ကို၊ ဟောတော် မူရခြင်း၏

http://www.dhammadownload.com

အကြောင်းရင်း နိဒါန်း၌ ပါသော ရဟန္တာ ပုဂ္ဂိုလ် ငါးရာ တို့၏ (**သုပ္ပဋိပုန္နတာ**) စသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသည်၏ အဖြစ်ကိုဂုဏ်း- စီစစ်ဖော်ပြတော်မူပြီး ဖြစ်၍၊ ဤ (**မဟာ-သမယ**)သုတ္တန်ကို၊ ရွတ်ဘတ်ပြန်ဆိုသရဇ္ဈာယ်၍နေခြင်းဖြင့်ပင်၊ထိုဘုရား ဂုဏ်, တရားဂုဏ်, သံဃာတော်တို့၏ ဂုဏ်,ကို၊တသုံလဲလဲ၊ ထပ်ခွဲမမေ့၊ လေ့လာပွါးများသည်မည်၏=ဟူသောအဓိပ္ပါယ်ကို၊ (**အဂ္ဂညသိဒ္ဓိ**) နည်းဖြင့် ပြဆိုပြီးဖြစ်ရကား=ဤပစ္စက္ခဘဝ-ကစ၍၊ နိဗ္ဗာန်တိုင်ရောက်၊ မျက်မှောက်ပြုသည့် အခါတိုင်အောင်၊ချမ်းသာ ကောင်းကျိုး၊ အမျိုးမျိုး တို့ကို၊ ပွါးတိုးဖြစ်ထွန်းစေနိုင်သော၊ဤ (**မဟာသမယ**) သုတ္တန်, ဟူသော တရားအထူးကို၊ ကြည်နူး ဆွတ်ဆွတ်၊ အာရုံညွတ်၍၊ ရွတ်ဘတ် သရဇ္ဈာယ်နိုင်ကြပါစေကုန်သော်။

ဤအဓိပ္ပါယ်ကိုရည်၍၊ အောက်၌ ပါသော ဂါထာကို၊ ဟောကြားတော်မူအပ်၏။ ။

(၁) သုပ္ပဟုဒ္ဓံ-ပဟုဏ္ဍေန်၊
သဒါ-ဂေါတမ-သာဝကာ။
ယေသံ-ဒိဝါစ-ရတ္တောစ။
နိစ္စံ-ဟုဒ္ဓဂတာ-သတိ။ ။

ခမ္မပဒ ပါဠိတော် ပကိဏ္ဏက ဝဂ်၊

(၁) ယေသံ၊ အကြင်သူတို့အား။ ဒိဝါစ၊ နေ့အခါ၌ဌင်း။ ရတ္တောစ၊ ညဉ့်အခါ၌ဌင်း။ နိစ္စံ၊အမြဲမပြတ်။ ဟုဒ္ဓဂတာ၊ (**ဘုရား**) ဂုဏ်ကိုအာရုံပြု၍ဖြစ်သော။ သတိ၊ အောက်မေ့ခြင်းသတိသည်။ အတ္ထိ၊ ထင်ရှားပကတိ၊ ဖြစ်ပေါ်လျက်ရှိ၏။ ဂေါတမ သာဝကာ၊ (**ဂေါတမ**) ဟူ၊ သကျ-နွယ်ဘွား၊ မြတ်စွာဘုရား၏၊ တပည့်သား ဖြစ်ကြကုန်သော။ တေ၊ ထိုသူတို့သည်။ သဒါ၊ အခါခပ်သိမ်း။ သုပ္ပဟုဒ္ဓံ၊ အိပ်ပျော်ရာမှ၊ ကောင်းစွာနိုးလာခြင်းကို။ ပဟုဏ္ဍန်၊ နတ်တို့- ဆော်နှိုး၊ ကောင်းမှုကျိုးဖြင့်၊ နိုးကြား ကြကုန်၏။

http://www.dhammadownload.com

(၂) သုပ္ပဗုဒ္ဓံ--ပဗုဒ္ဓါန်၊
သဒါ-ဂေါတမ-သာဝကာ။
ယေသံ-ဒိဝါစ-ရတ္တောစ၊
နိစ္စံ-ဓမ္မဂတာ-သတိ။ ။ } ဓမ္မပဒ ပါဠိတော် ပကိဏ္ဏက ဝဂ်

(၂) ယေသံ၊ အကြင်သူတို့အား။ ဒိဝါစ၊ နေ့အခါ၌ဉဇင်း။ ရတ္တောစ၊ ညဉ့်အခါ၌ဉဇင်း။ နိစ္စံ၊ အမြဲမပြတ်။ ဓမ္မဂတာ၊ (**တရား**) တော်ဂုဏ်ကို အာရုံပြု၍ဖြစ်သော။ သတိ၊ အောက်မေ့ခြင်း သတိသည်။ အတ္ထိ၊ထင်ရှား ပကတိ၊ ဖြစ်ပေါ်လျက်ရှိ၏။ ဂေါတမ–သာဝကာ၊ (**ဂေါတမ**) ဟု၊ သက္ယ–နွယ်ဘွား၊ မြတ်စွာဘုရား၏၊ တပည့် သားဖြစ်ကုန်သော။ တေ၊ ထိုသူတို့သည်။ သဒါ၊ အခါခပ်သိမ်း။ သုပ္ပဗုဒ္ဓံ၊ အိပ်ပျော်ရာမှ၊ ကောင်းစွာ နိုးလာခြင်းကို။ ပဗုဒ္ဓါန်၊ နတ်တို့-ဆော်နိုး၊ ကောင်းမှု ကျိုးဖြင့်၊ နိုးကြားကြကုန်၏။

(၃) သုပ္ပဗုဒ္ဓံ-ပဗုဒ္ဓါန်၊
သဒါ-ဂေါတမ-သာဝကာ။
ယေသံ-ဒိဝါစ-ရတ္တောစ၊
နိစ္စံ-သံဃဂတာ-သတိ။ ။ } ဓမ္မပဒ ပါဠိတော် ပကိဏ္ဏက ဝဂ်၊

(၃) ယေသံ၊အကြင်သူတို့အား။ ဒိဝါစ၊ နေ့အခါ၌ဉဇင်း။ ရတ္တောစ၊ ညဉ့်အခါ၌ဉဇင်း။နိစ္စံ၊ အမြဲမပြတ်။ သံဃဂတာ၊ (**သံဃာ**) တော်ဂုဏ်ကို အာရုံပြု၍ဖြစ်သော။ သတိ၊ အောက်မေ့ခြင်းသတိသည်။ အတ္ထိ၊ ထင်ရှားပကတိ၊ ဖြစ်ပေါ်လျက်ရှိ၏။ ဂေါတမ သာဝကာ၊ (**ဂေါတမ**) ဟု၊ သက္ယ–နွယ်ဘွား၊ မြတ်စွာဘုရား၏၊ တပည့်သား ဖြစ်ကြကုန်သော။ တေ၊ ထိုသူတို့သည်။ သဒါ၊ အခါခပ်သိမ်း။ သုပ္ပဗုဒ္ဓံ၊ အိပ်ပျော်ရာမှ၊ ကောင်းစွာ နိုးလာခြင်းကို။ ပဗုဒ္ဓါန်၊ နတ်တို့-ဆော်နိုး၊ ကောင်းမှု ကျိုးဖြင့်၊နိုးကြားကြကုန်၏။

၍ ၃-ဂါထာတို့ဖြင့်၊ **ဘုရား**ဂုဏ်, **တရား**ဂုဏ်, **သံဃာ**ဂုဏ်ကို၊ အာရုံပြုရာ၌၊ အိပ်ပျော်ရာမှ၊ ကောင်းစွာ နိုးလာခြင်း တပါးကိုသာ အရာအားလျော်စွာ၊ဟောတော်မူ၏။

http://www.dhammadownload.com

စင်စစ်အားဖြင့်၊ ထိုဂုဏ်တော်တို့ကို၊ ပွါးများအားထုတ်၍ နေခဲ့မူ၊ **သတိ**တရား, **ပညာ**တရားတို့ကို၊ ဖုံးလွှမ်း ကာကွယ်၍ ထားသော (**ကာမစ္ဆန္ဒ**) အစရှိသော နိဝရဏတရားတို့မှ၊ ကင်းဆိတ်၍၊ အသို **ဉာဏ်**တရား,**သတိ**ကရား,**ဝီရိယ**တရားတို့၊တိုးပွါး ဖြစ်ပေါ်လာကုန်၏=ဟူ၍လည်း၊(**ဓမ္မန္ဒယ**)အားဖြင့်၊ အဓိပ္ပါယ်ကောက်ယူအပ်၏။

(၄) သုပ္ပဗုဒ္ဓံ-ပဗုဒ္ဓါနိ၊
သဒါ-ဂေါတမ-သာဝကာ။
ယေသံ-ဒိဝါစ-ရတ္တောစ၊
ဘာဝနာယ-ရတော-မနောဿ။ ॥ } ဓမ္မပဒ ပါဠိတော် ပကိဏ္ဏက ဝဂ်

(၄) ယေသံ၊ အကြင်သူတို့အား။ဒိဝါစ၊ နေ့အခါ၌ဌင်း။ ရတ္တောစ၊ ည၌အခါ၌ဌင်း။ နိစ္စံ၊အမြဲမပြတ်။ ဘာဝနာယ၊(**ဗေတ္တာ**)ကမ္မဋ္ဌာန်း၊ စီးဖြန်းပွါးများခြင်း၌။ ရတော၊ ကောင်းစွာနှစ်ပြိုက်၊ လုံ့လစိုက်၍၊ပျော်ပိုက်မွေ့လျော်သော။မနော၊စိတ်သည်။ အတ္ထိ၊ထင်ရှားပကတိ၊ ဖြစ်ပေါ်လာကုန်၏=ဟူ၍လည်း၊(**ဂေါတမ**)ဟု၊သက္ယ-နွယ်ဘွား၊မြတ်စွာဘုရား၏၊ တပည့်သားဖြစ်ကြကုန်သော။ တော၊ ထိုသူကိုသည်။ သဒါ၊ အခါခပ်သိမ်း။ သုပ္ပဗုဒ္ဓံ၊ အိပ်ပျော်ရာမှ၊ ကောင်းစွာ နိုးလာခြင်းကို။ ပဗုဒ္ဓါနိ၊နတ်တို့-ဆော်နိုး၊ကောင်းမှုကျိုးဖြင့်၊ နိုးကြားကြကုန်၏။

ဤဂါထာ၌၊(**ဗေတ္တာ**)ဘာဝနာ၏ အကျိုးပြုရာ၌၊ အိပ်ပျော်ရာမှ၊ ကောင်းစွာနိုးလာခြင်းတပါးကိုသာ၊ အရာအားလျော်စွာ၊ဟောတော်မူအပ်၏။ ॥(**အပြင်ဘောင်ခြင်းမှင့်**) **နာဠန္ဒာဝိရိ**ဆင် ဝတ္ထုံ၌ အကျယ်-ကြည့်ရှုကြပါကုန်။

ဤသို့အားဖြင့်၊ (**မဟာသမယ**) သုတ်တရားတော်၏၊ ဂုဏ်တော်နှင့်တကွ၊ ထိုတရားတော်ကို ယုံကြည်စွာ-သင်ကြားလေ့ကျက် ဆောင်ယူသော ပုဂ္ဂိုလ်တို့၌၊ ရအပ်သော လောကီအကျိုး၊ လောကုတ္တရာအကျိုးပြ-စကားအကျဉ်းချုပ်သည်၊ဤတွင်အဆုံးသတ်လေ၏။

http://www.dhammadownload.com

ဤသို့လျှင်၊ရန်ကုန်မြို့၊ ကျောင်းတော်ရာ၊ ရွှေကျင်တိုက်၌၊ယာပိုထိမျှ တင်း၊ သီတင်းသုံးနေထိုင်တော်မူသော၊ သာသနာတော်တွင်၊ (၈နှ)၊ (လ)အာသွင်၊ အလွန်ပင် ထင်ရှားး၍၊ ကြီးမားသော ဘုန်းကြွက်သရေ၊ မဂ်လာဂုဏ်တို့နှင့်၊ ပြည့်စုံတော်မူသောသက်တော် (၈၃) နှစ်၊ ရဟန်း သိက္ခာ(၆၄)ဝါရ၊ ကျေးဇူးရှင် ကျောင်းတော်ရာ၊ ရွှေကျင်ဆရာတော် ဘုရားကြီးအထံ၌၊ ရှင်သာမဏေ အဖြစ်က-စ၍၊ယခုတိုင် ပရိယတ်,ပဋိ ပတ်၊ကျင့်ဝတ်တရားတို့ကို၊နည်းခံသင်ကြား၍၊ ကြီးပွါးခြင်းသို့ရောက်လာ သော၊ ဖွားရာချက်ကြွေ၊ ဇာတိမြေအား၊ဖြင့်၊ မြန်မာပြည်အောက်ပိုင်း၊ လေးမျက်နှာမြို့၊ ငါးသိုင်းချောင်းမြို့၊ ယင်း၂-မြို့တို့၏ အလယ်စပ်ကြား၊ (မဓလိ)ရွာဟု၊ ခေါ်အပ်သော တောနယ်ရွာလျှင်၊ ဖွားရာ ဇာတိရှိ၍၊ (ပဝတ္တိ) ဤယခု (၁၃၁၆)ခုနှစ်၌၊ရန်ကုန်မြို့၊ကျောင်းတော်ရာ၊ (မဟာဓမ္မ-ဒီပိကာရာမ) ရွှေကျင်တိုက်၊ မန်းဥုးကျောင်း၌သီတင်း သုံးနေသော ကျောင်းတော်ရာ ရွှေကျင်တိုက်၊အုပ်ချုပ်ရေးအဖွဲ့၊ ပဌမ နာယက-ဓမ္မဝါစက (**အဂ္ဂ မဟာ ပဏ္ဍိတ**) ဘဒ္ဒန္တဇောတထေရ် အသျှင်မြတ်သည်၊(**မဟာသမယ**)သာသနာ ပြန့်ပွါးရေးအဖွဲ့ဝင်၊ သူ တော်စင်အပေါင်းတို့အား၊ ကောင်းကျိုးချမ်းသာ၊မဂ်လာ ကြွက်သရေ၊ တက်သစ်နေသို့၊ထွေထွေတင့်လတ်၊မြင့်မြတ်ကြီးပွါးစေခြင်း အကျိုးငှာ၊

(၁၂၀၆)ခုနှစ်၊ ဝါဆိုလအတွင်း၊အသစ်တည်တွင်၊စီရင်ရေးသား ဖွင့်ဆိုအပ်သော၊ဤ(**မဟာသမယ**)ဖွင့် အာကျယ် လက်စွဲကျမ်းသည်၊ တပေါင်းလဆန်း ၁၂-ရက်၊ ကြာသပတေးနေ့တွင်၊ အောင်မြင် ပြီးစီး လတ်သတည်း။

၁၂၀၇-ခုနှစ်၊ ဝါခေါင်လဆန်း ၄-ရက်၊ ကြာသပတေး,နေ့တွင်၊ ပဌမ အကြိမ်ပုံနှိပ်ရာ၊ပြီးစီးအောင်မြင်လတ်သတည်း။

မဟာသမယဖွင့်အာကျယ်
လက်စွဲကျမ်း
ပြီးပြီ။

[၁၃၁၆-ခုနှစ်၊တောကူးလ၊ ဒုတိယနှိပ်ခြင်း။]